သမထ ဦးအောင်မြတ်

# သမထလယ်းနှင့်အာဝိဋ္ဌါနစခန်း



၁၂၆၅၀

[သမထ] ဦးအောင်မြတ်

# သ
# မ
# ထ
# လမ်း
# နှင့်
# အဓိဋ္ဌာန်စခန်း

# ၁၂၈၂၆ ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း ပထမအကြိမ်

ထုတ်ဝေသည့်ကာလ ဇွန်လ၊ ၁၉၇၈ ခု။

အုပ်ရေ ၁၅၀၀

တန်ဘိုး ၁၂-ကျပ်

အဖုံးပန်းချီ မောင်မောင်သိုက်

အဖုံးရိုက် - သိဒ္ဓိဗလ

စာအုပ်ချုပ် - အောင်ဘောဂ

အတွင်းသားရိုက် - ဦးမောင်မောင်လွင်(၀၂၃၅၀)
ကဒိရတနာပုံနှိပ်တိုက်၊ ၂၀၄၊လမ်း ၃၀
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးအုန်းညွန့်(ဗဟိုအုန်းညွန့်) (၀၁၃၇၅)
မြတ်စာပေ ၁၄-၉၄ လမ်း၊ ကန်တော်
ကလေး၊ ရန်ကုန်မြို့က မျက်နှာဖုံးခွင့်ပြု
ချက် (၂၂၇)နှင့်ဘာသာရေးခွင့်ပြုချက်
(၁၀၀၇၁)အရထုတ်ဝေပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပဏာမနှင့်ပဋိညာဉ်

လောကသုံးပါး၌ ဗြဟ္မာနတ်လူတို့တွင် တူသောဟူ၍ မရှိစကောင်း။ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ဦးခေါင်းညွတ်လျှိုးကိုးကွယ်ဆည်းကပ်ရာ၊ မြတ်စွာဘုရား အချင်းချင်းသာလျှင် (အသက်တမ်းပမာဏ၊လုံးရပ်ပမာဏ၊အမျိုးအနွယ် ဒုက္ကရစရိယာကျင့်ရာကာလ၊ ရောင်ခြည်တော်၊ တောထွက်သောအခါ စီးနင်းသည့်"ယာဉ်"ဗောဓိပင်၊ပလ္လင်တော်ပမာဏ၊ဤရှစ်မျိုးမှတပါး) အလုံးစုံသော ဘုန်းတန်ခိုးအာနုဘော်တော် ကျေးဇူးတော်ဂုဏ်တော်တို့မှာ တစုံတရာထူးထွေခြင်းမရှိ ပကတိမခြား ရှေးရှေးသောတရားရှင်တို့၏၊အလားအလာအတိုင်း အလွန်တရာပွင့်ခဲ့စွာဖြင့်ဖြစ်ပွားတော်မူလာသော မြတ်စွာဘုရားကိုရင်း၊ ထိုမြတ်စွာဘုရားသည်ပင် ကြည်လင်လှစွာသော သဗ္ဗညုတဉာဏ် ထက်သန်လှစွာသောမဟာဂရုဏာတို့ဖြင့် သတ္တဝါအဖို့လည်း ကောင်းစွာဟောကြားတော်မူသည့် ကိုယ်တော်ကိုရင်း၊ ထိုတရားတော်မြတ်ပဋိပတ်ကျင့်စဉ်အတိုင်း ကောင်းမွန်ဖြောင့်မတ်စွာ ကျင့်သဖြင့်ဘုရားသားတော် စင်စစ်ဖြစ်တော်မူကြသော အရိယာသံဃာတော်မြတ်ကိုရင်း၊ ရိုသေမြတ်နိုးရှိခိုးပါ၏။

....o....

# ပုပ္ပါး-ပုဂံ သာသနာပြုဆရာတော်
# ဦးပရမဝဏ္ဏသိဒ္ဓိ၏အမှာ

မမြင်ဘူးခင်ကသိခဲ့ပါသည်၊ လူကိုတော့မဟုတ်ပါ၊ စာရေးဆရာ(သမထ)ဦးအောင်မြတ်ရေးသော စာအုပ်အချို့ကိုဖတ်ဘူးကြောင်းဖြစ်ပါသည်။ခုတော့ ဆရာတော်အနေဖြင့် လူကိုယ်တိုင်အနေနှင့် တွေ့ကြ၊ ခင်ကြ ဖြစ်လာပါသည်၊ အကြောင်းကမူ ဦးအောင်မြတ်ရေးသားသော"သမထလမ်းနှင့် အဓိဋ္ဌာန်စခန်း" စာအုပ်ကိုအမှာရေးပေးပါရန်ဆရာတော်အားလျှောက်ထားခြင်းကြောင့်ဖြစ်ပါသည်။

၎င်းစာအုပ်သည် ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် မှတ်ပုံတင်အမှတ်(၁၀၀၇၁)အရ ခွင့်ပြုချက် ရထားပြီးဖြစ်၍ ဆရာတော်အနေဖြင့် ဘာသာရေးအကြောင်းနှင့် ပတ်သက်ခြင်းကိုဝေဖန်ရေးသားရန်မလိုပါ။

ဦးအောင်မြတ်ရေးသားသော စာအုပ်ကိုစစ်ဆေးသည့်ပုဂ္ဂိုလ်များကမူ ဘာသာရေးအကြောင်းနှင့်ပတ်သက်၍ အတော်နှံ့စပ်သိမြင်ကြသော ပညာရှိပုဂ္ဂိုလ်များဖြစ်ကြခြင်းပင် ဖြစ်ပါသည်။

သို့သော် ဦးအောင်မြတ် ရေးသားသော "သမထလမ်းနှင့် အဓိဋ္ဌာန်စခန်း" စာမူကိုဖတ်လိုသောစိတ်ဆန္ဒ ဖြစ်ပေါ်၍ဖတ်ရှုရန် ၂ ရက်မျှ တောင်းယူဖတ်ရှုခဲ့ပါသည်။

အရေးအသား ကောင်းခြင်းထက် ဖြစ်ရပ်အမှန်ကို အမှန်အတိုင်း မတိမ်မဝှက် ရှင်းရှင်းလင်းလင်း ရေးသားထားသော တောတောင်ထဲ၌အစိဋ္ဌာန်ယူရပုံကိုဖတ်ရှုမိသည့်အခါ ဆရာတော်တို့တောတောင်ထဲ၌ ကျင့်ကြံအားထုတ် အဓိဋ္ဌာန်ယူသောအခါတွင် ဦးအောင်မြတ်ရေးထားသည့် အချက်အလက်အကြောင်းပြချက်များနှင့်တူညီနေသဖြင့် များစွာဝမ်းသာမိပါသည်။

ယခုကဲ့သို့ အကျင့်ပိုင်းကိုပိုင်ပိုင်နိုင်နိုင်တင်ပြပုံကိုတော့ ဆရာတော်အနေဖြင့် ထောက်ခံပါသည်၊ မှန်လည်းမှန်ကန်ပါသည်၊ နောက်စာအုပ်များ ရေးသားရာတွင်လည်း အမှန်အတိုင်း တိုင်းပြည်သို့ တင်ပြနိုင်သော ကိုယ်တွေ့အတွေ့အကြုံများကို အဆက်မပြတ်ရေးသားနိုင်ပါစေလို့ ဆရာတော် ဆန္ဒပြုမိပါသည်။

ဦးပရမဝဏ္ဏာသိဒ္ဓိ၊
ပုပ္ပါး-ပုဂံ သာသနာပြု။

# "စာရေးသူ၏အမှာ"

စာရှုသူ သူတော်ကောင်းအပေါင်းတို့၊ စာရေးသူသည် ဗုဒ္ဓဘာသာဝင်တဦးဖြစ်သည့်အလျောက် ဗုဒ္ဓ၏ တရားဓမ္မအပေါင်းကို စာရေးသူ သည်းပွတ်နှလုံးထဲ၌ နေ့စဉ်မပြတ်၊ ဓမ္မစေတီတော်တည်ရန်အလို့ငှါ ရွှတ်ဖတ်သရဇ္ဈာယ်ကိုးကွယ် စောင့်တည်လေ့ရှိပါသည်။

စာရေးသူသည် ဤလောက၌ ဘုရားမှတပါး ကိုးကွယ်ရာမရှိ၊တရားမှတပါး ကိုးကွယ်ရာမရှိ၊ သံဃာအရှင်မြတ်တို့မှတပါး ကိုးကွယ်ရာမရှိ၊ သူတော်ကောင်းတို့၏ ဆုံးမဩဝါဒ အပေါင်းမှတပါး ကိုးကွယ်ရာမရှိ။

ယခုရေးသားဖေါ်ပြမည့်၊အချက်အလက်တို့မှာလည်း သမထလမ်းဖြင့် အားထုတ်ရမည့် အကြောင်းအကျိုးအပေါင်းနှင့် ကိုယ်တိုင် အားထုတ်ခဲ့ရသော တောတောင်အထပ်ထပ်၊ ရှုမြောင်စိမ့်စမ်း ရေတံခွန် အသွယ်သွယ်တို့ကို အဆင်းရဲ အပင်ပမ်းခံကာ သောက်ရှုးကြယ်ကဲ့သို့ လမ်းဖြောင့်သဖွယ် ဖြစ်တော်မူသည့် သစ္စာ၊ အမိဋ္ဌာန်အပေါင်းဖြင့်ပညာ ရှာခဲ့သော အချိန်သမယတွင်၊ကိုယ်ကျိုးစွန့်ပြီး အမှန်တရားကိုရှာဖွေချိန်၌တွေ့ကြုံခဲ့ရသော ကြောက်မက်ဘွယ်၊ အံ့ဩဘွယ် စသည်တို့ဖြင့် ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်များကို တွေ့ကြုံသော်လည်း ပါရမီရှင်တို့၏ထုံးနှလုံးမူကာ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အားထုတ်ရပုံကိုပါ

သမထအစိဋ္ဌာန်ပါရမီလမ်းဖြင့် မိမိတို့ဘဝ အထိုထိုက ဆုတောင်းခဲ့ရသော ပါရမီအပေါင်းကို မည်သို့ဖြည့်ကျင့်ရကြောင်း စာပန်းချီရေးချယ်ကာစာရှုသူ သူတော်ကောင်းအပေါင်းတို့သဘောပေါက်နားလည်စေရန် မေတ္တာရှေ့ထားပြီး ရေးသားခြင်းဖြစ်ပါသည်။

စာရေးသူသည်၊သိသည်၊နားလည်သည်၊ တတ်သည်ဟူသော မာနတံခွန်လွှင့်ထူကာ ဤစာအုပ်ကို ရေးသားခြင်းမျိုးမဟုတ်ပေ၊ "အတ္တ"အကျိုးကိုစွန့်ပြီး"ပရ" အကျိုးဆောင်နိုင်ရန် ရည်ရွယ်ချက်အပြည့်ဖြင့် သူတော်ကောင်းအပေါင်းတို့ လိုအပ်ချက်နှင့်အညီ ကိုက်ညီနိုင်မည့်အချက်ကိုသာ ရွေးရှု ရေးသားခြင်းဖြစ်ကြောင်း အစီရင်ခံ၍ အမှာစာကို နိဂုံးချုပ်ခွင့်ပြုပါရန်။

(သမထ)ဦးအောင်မြတ်။

## ၃၁-ဘုံမေတ္တာခြုံ၍လွှမ်းစေသော်

၃၁-ဘုံလွှမ်းခြုံအာကာ၊ကမ္ဘာမြေမိုး၊ ဖျန်းဖျန်းကျိုးမျှ၊ ရှိခိုးကော်ရော်၊ပူဇော်ညွတ်တွား၊တရားမင်းကရောင်၊ ဇမ္ဗူနှစ်သရဖူ၊ ၁အောင်သူတို့၏ ဓိပတိသောင်းသိကျေညာ၊ ခြောက်ဖြာဘုန်းရှင်၊ ငါးအင်မာရ်အောင်၊ ထွန်းပြောင်ပါရမီ၊ ဆယ်လီဗလ၊ရောင်ခြောက်ခသည်၊ အနန္တဉာဏ်တော်၊ ကျေးဇူးတော်တို့ဖြင့် ပူဇော်ထိုက်တော်မူအပ်သည့်၉၉-ကုဋေသော၊သဗ္ဗညုတမြတ်စွာဘုရားသခင် အပေါင်းတို့သည်၊ ရောဂါဘေးဒါဏ်၊ ရန်မာန်အန္တရာယ်၊ မဖွယ်ဥပါဒ်၊ စန်းပြတ်ကြမ္မာ၊ သုံးဖြာကပ်ရင်း၊ မြူမသန်းရအောင်၊ကြွမြန်းချိကာ၊ဘုရားတပည့်တော်၏၊ ကိုယ်၏အထွတ်တမွတ်ဗွေချာ၊ဦးခေါင်းရတနာထက်တွင်၊ သီတင်းသုံးတော် တည်နေတော်မူကြပါစေကုန်သတည်း။

ဂုဏ်တော်ကိုးသွယ်၊ပညာကြွယ်ထက်၊ တေဒဂ်ရှင်၊ ပေါ်လွင်ညာဏ်ကြီး၊မြတ်ဂုဏ်ဟီးသည်၊ သားကြီးမထေရ်သခင်၊ရှင်သာရိပုတ္တရာ အရှင် ကိုယ်တော်မြတ်ကြီးသည်၊ ရောဂါ ဘေးရန်အန္တရာယ်ဟူသမျှ မြူမခရအောင်၊ ဒက္ခိဏလကျ်ာဖုံးလွှမ်း၊ ပုခုံးစွန်း၌၊ကြွမြန်းစံခါ သီတင်းသုံးတည်နေတော်မူစေသတည်း။

လက်ဝဲတော်ရံ တန်ခိုးလျှံ၍၊ရန်ဟူသမျှ၊ဦးနှိမ်ချရသည်၊ နေလဓာတ်မှန်၊ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသည်၊ ရောဂါဘေးရန် အန္တရာယ်ဟူသမျှ၊မြူမခရအောင်၊လက်ဝဲဖုံးလွှမ်း ပုခုံးစွန်း၌၊ကြွမြန်းစံခါ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

မြင်မြင်သမျှ ချစ်ကြကြည်စွာ၊ သဒ္ဓါဖြိုးထက်၊ တေဒဂ်ရှင်၊ သုံးခွင်လူနတ်၊ ပူဇော်ထပ်၍၊ လာဘ်လာဘသခင်၊ ရှင်သီဝလိဟု၊ နှံ့သိကျော်စွာ၊ ရဟန္တာအရှင် ကိုယ်တော်မြတ်ကြီးသည်၊ ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ လှမ်းကြွခြေနင်း၊ ယာမောင်းရင်းတွင်၊ ကြွမြန်းစံခါ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

မိုးသက်လေဆင်၊ လျှပ်ပျဉ်ပြိုးလျက်၊ တန်ခိုးစွက်၍၊ နှောင့်ယှက်ကြီးမာရ်၊ မာရ်နတ်ရန်ကို၊ တွန်းလှန်ဖြိုခွင်း၊ အနိုင်ရှင်းသဖြင့်၊ မာရ်နတ်မင်းယုတ်၊ ဒူးတုတ်တောင်းပန်၊ ဝန်ခံညွတ်တွား၊ တရားအောင်စည် တီးသံမြည်သည်၊ ရေကြည်လှိုင်းပုတ် ဘောင်သမုဒ်တွင်၊ ကြေးဆင်ပြသာဒ်၊ ကိန်းဝပ်စံနေ၊ ရှင်ဥပဂုတ်ရဟန္တာမထေရ်မြတ်သည်၊ ရောဂါဘေးရန် အန္တရာယ်ဟူသမျှ၊ မြူမခရအောင်၊ လှမ်းကြွခြေနင်း၊ ဝဲမောင်းရင်းတွင် ကြွမြန်းစံခါ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

ခြောက်ဖြာဘုန်းလျှံ၊ သုတ္တန်ဝိနယာ၊ ဘိဓမ္မာဟု၊ သုံးဖြာစုံညီ၊ ဓမ္မစေတီအပေါင်းသည်၊ ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ အရှေ့ဝူးဝူး၊ မျက်နှာဦး၌၊ ပုရတော်၊ နဖူးဆံစ၊ မုခရာနာ၊ မြတ်အင်္ဂါတို့၌၊ ကြွမြန်းစံခါ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

အာနန္ဒာစ၊ ကျော်ဟိုးတေဒဂ်၊ မှန်ငါးချက်ဖြင့်၊ ဟောမြွက်ဒေသနာ၊ မြတ်ဓမ္မာတို့ကို၊ ပြန်ကာပြောကြား၊ ဘုရားညီဘွား၊ တရား

ဘဏ္ဍာစိုး၊ပွင့်ဖြိုးတေဇာ၊ ရှင်အာနန္ဒာ၊ ရဟန္တာကိုယ်တော်မြတ်သည်၊ရောဂါဘေးရန်၊အန္တရာယ်ဟူသမျှ၊မြူမခရအောင်၊ တပည့်တော်၏၊အနောက်ဆုံးဖက်၊ အားမာန်ထွက်သည့်၊ ချောသက်ညီညာ၊ကျောက်ကုန်သာတွင်၊လှမ်းကြည်သာ၊ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ များစွာသံဃာ၊အရိယာသခင်၊ဈာန်ယာဉ်စိုးမိုး၊ကျော်ဟိုးဘဝဂ်၊တန်ခိုးထက်၍၊ဘဝစက်သံသရာ၊ ကျော်ကာဖြတ်ပြီး၊ ရဟန္တာရှင် ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည်၊ ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊လေးမျက်နှာ၊လေးဒိသာမှ၊စီးထွေဈာန်ယာဉ်၊တန်ခိုးလျှင်၍၊မေတ္တာတန်ခိုးလျှင်၊လွှမ်းမိုးခြုံကာ၊ သီတင်းသုံးတည်နေတော်မူပါစေသတည်း။

လက်ညှိုးထောင်လျှင်၊ လင်းရောင်ရှိန်ဝါ တန်ခိုးသာသည်၊ ဗြဟ္မာနှစ်ဆယ်၊ ဈာန်ဝယ်ကြွယ်ခြင်း၊ ဗြဟ္မာမင်းအပေါင်းတို့နှင့်တကွ၊ဂေါတမသခင်၊အပ်နှင်းအာဏာ သာသနာစောင့် တာဝန်ခံ၊ ဝတိံစံဝါသဝ၊ သိကြားမင်းနှင့်တကွ၊ ဒိသာလေးရပ်၊ စောင့်ကြပ်ကာဆီး၊ နတ်မင်းကြီးလေးယောက် ဖြစ်ကြသော၊ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ကုဝေရတွင်လာ နတ်ရာဇာ စစ်သူကြီးတို့နှင့်တကွ၊မဟာသိဝ၊မဟာဗိဿနိုး၊ ပရမသွာရာ နတ်ဝိဇ္ဇာကြီးတို့သည်၎င်း၊ နေနတ်၊ လနတ်၊ မိုးနတ်၊ ပညတ်ခေါ်သာ၊ နတ်ရာဇာတို့သည်၎င်း၊ ဗေဒင်လေးပုံ၊ လွှမ်းခြုံစောဇော၊ ရှစ်ဖြာသော ဂြိုလ်စောင့်နတ်မင်းကြီးအပေါင်းတို့သည်၎င်း၊လောကပါ

လစသုန္ဒြေ၊သက်သေထင်ရှား၊ နတ်အများနှင့် သိကြားကျွန်ယုံ၊ ဝိသုကြုံမာတလိ၊ စောင့်သိတေဇော၊ လူ့ရွာစောင့်နေ ဆူးလေ ရွှေတိဂုံ၊ဗိုလ်တထောင်၊ မှော်ဘီနတ်ကြီးနှင့်၊သူရဿတီ၊ ပိဋ္ဋကတ် မယ်တော်၊ထီးချက်စောင့်မယ်တော်၊အကျော်ထင်ရှား သာသနာ စောင့်၊ သမ္မာဒေဝ၊ နတ်အပေါင်းတို့သည်၊ ရောဂါဘေးရန် အန္တရာယ်ဟူသမျှ၊မြူမခရအောင်၊ဆယ်မျက်နှာတို့မှ မကွာထက် ချပ်၊စောင့်ကြပ်မနေး၊ ဘေးရန်ဝေးအောင် စောင့်ကြပ်နိုင်ကြ ပါစေကုန်သတည်း။

သစ္စာမှာပါရမီမလိုဘူး၊ ဉာဏ်လိုတယ်၊
ပါရမီဆိုတာက ဘုရားမှာပါရမီလိုတယ်၊
လက်ဝဲရံ လက်ျာရံမှာ ပါရမီလိုတယ်၊
အသိတိရှစ်ကျိပ်မှာပါရမီလိုတယ်။

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်။

အလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ၊
အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ။

# သမထလမ်းနှင့် အမိဋ္ဌာန်စခန်း

# [ ၁ ]

ဝသန်ရာသီ၏နောက်ဆုံးနေ့ဟု သတ်မှတ်ရမည်လားမသိချေ၊ ကောင်းကင်တပြင်လုံးသည် နေရောင်ထွန်းပနေရာမှ ရုတ်ချည်း မိုးသားတိမ်လိပ်တို့ စိုးမိုးလိုက်သဖြင့် သဘာဝအလှများသည် ပျောက်ကွယ်ကာ အကျည်းတန်အရုပ်ဆိုးနေသည်ဟု မြင်တွေ့သူ တွေ့ရင်၌ ခံစားကြရလေသည်။

မိုးနှောင်း၏နောက်ဆုံးနေ့။

မှန်ပါသည်။

တခြားနေ့များနှင့် မတူ၊ တမူထူးခြား ဟန်ရှိနေပါသည်။ ကောင်းကင်တပြင်လုံးလျှပ်ပန်းလျှပ်နွယ်တို့သည်ထူးထူးခြားခြား ပွင့်လင်းတောက်ပကာ ပျောက်တချည် ပေါ်တလှည့်ဖြင့်ရှိ၏။

မိုးအားကောင်းသကဲ့သို့ လေအားလည်းကောင်းသည်၊အား မာန်တင်း၍ ရှိသမျှအင်အားကို ပျစ်ညစ်ကာ မိုးသီးမိုးပေါက်တို့ ကိုရွာသွန်းချလိုက်လေသည်။

မိုးသီးမိုးပေါက်များကြားမှ ဖြတ်သန်းခုတ်မောင်းနေသော ရန်ကုန် မော်လမြိုင်အမြန်ရထားကြီးသည် တဂျုံးဂျုံးဖြင့် မိမိ၏ ဝတ္တရားမပျက် ရှေ့သို့သာအားခွန်စိုက်၍ မောင်းလျက်။

တဂျုံးဂျုံးတလှုပ်လှုပ်ဖြင့် ခုတ်မောင်းနေသော ရထားကြီး ပေါ်တွင်လိုက်ပါလာကြသောခရီးသည်များသည် တဦးနှင့်တဦး ဆန္ဒချင်းတူညီသော သူများရှိသကဲ့သို့ မတူညီသောသူများလည်း ရှိ၏။

အမြန်ရထားမို့လားမသိ၊ စည်းကမ်းဘောင်ရှိသည်၊ အခြား ရထားနှင့်မတူပေ၊ ထိုင်ခုံများတွင်လူပြည့်လျက်၊ သို့သော် စင်္ကြန် လမ်းပေါ်တွင် တိုးဝှေ့ထိုင်နေသူများတော့ မရှိချေ။

သည်တော့ ခရီးသွားလာသူတိုင်းအဖို့ သက်တောင့်သက်သာ တော့ရှိ၏။လွတ်လပ်ခြင်းအရသာကို ထိတွေ့ကြရသဖြင့် ၊စာဖတ် သူတွေ စကားပြောသူတွေ၊ ဝန်းကျင်၏သဘာဝအားခင်းမောသူ တွေနှင့်ငိုက်မြည်းနေသူတွေလည်းရှိ၏။ အချို့မှာလည်း ရထား၏ လှုပ်ရမ်းနေသောကြောင့် သူတို့၏ ကိုယ်ခန္ဓာတွေမှာလည်း လှုပ် ရမ်းလိုက်ပါနေကြ၏။

အမြန်ရထားကြီး၏ ထောင့်စွန်းတနေရာရှိ နှစ်ယောက်ထိုင်ခုံ ၏ညာဘက်တွင် မလှုပ်မယှက် စိတ်တည်ငြိမ်စွာ ကျောပြင်ကို ခုံ၏နောက်မှီဖြင့်ကပ်၍လိုက်ပါလာသူကျကျနော်။

ကျနော်ကတော့ တခြားလူများနှင့်မတူချေ၊ တမူထူးခြားနေ ၏။ ခရီးသည်အပေါင်းကိုခြုံ၍ ပြောမည်ဆိုပါက၊ ကိုယ့်ရပ် ရွာနေသို့ပြန်ကြသူတွေ ရှိသကဲ့သို့၊ တရပ်တကျေးကို အလုပ်ကိစ္စ ဖြင့်သွားကြသူတွေမှာလည်း ဒုနှင့်ဒေး။

အပူထုပ်ကိုရင်ဝယ်ပိုက်ကာ၊ လောဘကိုရှေ့ဆောင်ကြသော ခရီးသည်တွေမှာလည်း မနည်းပေ။ ခရီးသည်ချင်း တူပေမင့် ကျနော်က ဤသို့မဟုတ်ပေ၊ သံယောဇဉ်ကြိုး ခေတ္တဖြတ်ပြီး၊ ကာမ(၁၁)မီးကိုဖြတ်တောက်လျက် ငြိမ်းသတ်ရင်းနှင့် အဓိဋ္ဌာန် ပါရမီစခန်းသို့ သွားရောက်နေသူပင်။

ကျနော်၏ရင်ပြင်၌အပူမှန်သမျှ အေးငြိမ်းနေ၏။ မီးဆိုသည့် အရာသည် အပူတို့၏စုဝေးရာဖြစ်၏။ မီးမရှိသဖြင့် အပူတို့သည် လည်းချုပ်ငြိမ်းခဲ့၏။ စိတ်၏ပူပင်ခြင်းသည် အာရုံကြောင့်ဖြစ်၏။ အာရုံကြောင့်တဏှာဖြစ်၏။ တဏှာကြောင့် သံယောဇဉ်ဖြစ်၏။ ဤသို့သဘောများသည် တခုနှင့်တခု ဆက်သွယ်ချင်းရှိလျက်ပင်။

ဘုရားရှာစိတ်မှာရှိသည် တရားရှာကိုယ်မှာ ရှိသည်။

ဤသဘောကို နားလည်ထားသူအဘို့ မကောင်းသော အကုသိုလ်တရား အပေါင်းတို့ကို စိတ်၌ရစ်သန်းမှုမဖြစ်စေရန်၊ ဖြူစင်နေရန် အလို့ငှါ အနုဿတိဆယ်ပါးကိုတပါးပါးစိတ်ဝယ် အစဉ်ပွားများနေသောကြောင့် ကျနော့စိတ်သည် အစဉ်အေး ငြိမ်းမှုရှိ၏။ တခုတည်းသော အာရုံကြောင့် တည်ကြည်ငြိမ်းချမ်း နေပါသည်။

နာမ်လိမ္မာမှ ရုပ်သက်သာသည့်သဘောရှိသည်။

ကျနော့်စိတ်သည် တည်ငြိမ်ခြင်းကြောင့် ရုပ်သည်မလှုပ်မယှက်ပကတိ တည်ငြိမ်လျက် ရှိနေသည်။ ဤအသွင်ကြောင့် ကျနော်အား ရှေ့ထိုင်ခုံ၌ ထိုင်လျက်ရှိသည့် ခရီးသည်လင်မယား နှစ်ဦးက စူးရှသောမျက်လုံးနှင့် မကြာခဏလှမ်း၍ ကြည့်လေ့ရှိ သည်။

ကျနော်ကလည်း ထိုလင်မယားကို အကဲခတ်ကြည့်မိသည်၊ ယောကျ်ားလုပ်သူ၏ ရုပ်လက္ခဏာကို လေ့လာကြည့်ပါက၊ အသားအရည်မှာဖြူဝင်းပြီး၊ လေးဒေါင့်ကျကျမျက်နှာမျိုး၊ နှာတံပြားပြားမျက်ပေါက်ကျယ်သည်။ အသက်မှာ(၆၀)ခန့်။ ထို့ယောကျ်ားဖြစ်သူသည် မြန်မာလူမျိုးစစ်စစ် မဟုတ်ကြောင်းအကဲခတ်မိသည်။ မိန်းမ၏အသားအရောင်မှာ မဖြူမညို၊ သို့သော်မြန်မာဆန်၏။ အသက်အားဖြင့် ယောကျ်ားထက် ငယ်ပုံရလေသည်။

ယင်းလင်မယားနှစ်ဦး၏ ပြောလိုက်သော စကားကြောင့် ပတ်ဝန်းကျင်သို့ လှမ်းကြည့်လိုက်ပါသည်။ ဆန်စက်များနှင့်သစ်စက်အချို့ကိုတွေ့လိုက်ရသည်။ ဤသို့ကြည့်နေရာမှ အမှတ်မထင်ရွှေရောင်တဝင်းဝင်းရှိသော ပဲခူးရွှေမော်ဓောဘုရားအား ဖူးတွေ့လိုက်ရပါသည်။

"ပဲခူးမြို့တောင်ရောက်ဘော့မှာဘဲ"

ယောကျ်ားဖြစ်သူသည် ဤသို့ပြောလိုက်ပြီးနောက်။ ပဲခူးမြို့အကြောင်းကို သူ့ဇနီးအားပြောလာနေသည်။ပဲခူးမြို့ဝန်းကျင်၌သစ်စက်၊ ဆန်စက်များရှိသည်၊ ပဲခူးရိုးမတောင်ခြေမှ ယူဆောင်လာသော ကျွန်း၊ ပျဉ်းကတိုး စသောသစ်များကို ဖေါင်ဖွဲ့၍စစ်တောင်း ပဲခူးချောင်းမှ ပဲခူးမြို့သို့မျှောချသည်။ ၎င်းသစ်များကို သစ်စက်များက ဖြတ်တောက်ကြလေသည်။

၁၉၃၀-ခုနှစ်တွင် ငလျင်ဘေးကြောင့် ၎င်းစေတီတော်ကြီးပြိုခဲ့သည်၊ ၁၉၅၂-ခု တန်ခူးလဆန်း ၁၄ ရက်နေ့တွင် စေတီတော်ကိုပြန်လည် တည်ဆောက်ပြီး၊ ၁၉၅၄-ခု ဧပြီလ၌ ထီး

တင်နိုင်ခဲ့သည်။ ရွှေသာလျောင်းရုပ်ပွားတော်ကြီးမှာ ပေ(၁၈၀) မျှရှိသည်။ ဓမ္မစေတီမင်းတည်ခဲ့သော ကလျာဏီသိမ်၊ ရွှေဂူလေးနှင့်မဟာစေတီတော် အကြောင်းပါ။

ရထားအရှိန်သည်ဘ ဖြည်းဖြေးလျော့စပြုလာသည်။

အချိန်အနည်းငယ်တွင် ရထားကြီး လုံးလုံးလျားလျား ရပ်သွားပါတော့သည်။

ပဲခူးဘူတာရုံအတွင်းနှင့် စင်္ကြံနံတလျှောက်တွင်လည်း ခရီးသွားခရီးလာများ၊ လိုက်လံပို့ဆောင်သူများ ဈေးသည်များ၊ အလုပ်သမားများ၏ လှုပ်လှုပ်ရွရွ ဟစ်အော်ရောင်းချသောအသံဗလံတွေကြောင့် ရထားပေါ်၌ငိုက်မြည်းပါလာသော ခရီးသည်အချို့မှာ မျက်လုံးများ ပြူးကျယ်လာတော့သည်။

စင်္ကြံပေါ်၌ ပြေးလွှားရောင်းချနေသော ဈေးသည်အချို့ခေါ်ယူ စားသောက်ဖွယ်ရာများ ဝယ်ယူကြသည့် အချိန်မှစ၍ ကျနော်၏ရှေ့တွင်ထိုင်နေကြသော လင်မယားနှစ်ဦးနှင့် သိခွင့်ရလိုက်ပါတော့သည်။

ပဲခူးဘူတာမှ စတင်ရထားထွက်လာပြီးနောက် ဝေါဘူတာကို ကျော်လွန်သည့်အချိန်တွင်-

"မောင်ရင်ကြည့်ရတာ တယောက်ထဲပဲနော်"

ယောကျ်ားဖြစ်သူ၏အမေးကြောင့်....။

"ဟုတ်ကဲ့ ဦး"

ကျနော်ကဤသို့အဖြေပေးလိုက်ပါသည်။

"ဘယ်သွားမလို့လဲ"

"ကျိုက်ထိုပါပဲ"

"မြို့ပေါ်ကဘယ်သူ့အိမ်လဲ"

"မြို့ပေါ်တော့ မဟုတ်ပါဘူး၊ ကျနော်သွားမဲ့နေရာက တိုက်တောင်ကျောင်းပါ။

"အော်"

ယောကျ်ားဖြစ်သူ၏ စကားဆုံးသည်နှင့်တပြိုင်နက် မျက်နှာအမူအရာလည်းပြောင်းလွဲသွားကြောင်း အကဲခတ်မိလိုက်ပါသည်။

"ဦးတို့ကကျိုက်ထိုဇာတိပါ"

"ဟုတ်ကဲ့"

ကျနော်ဤသို့ အဖြေပေးပြီးနောက် ကျနော်သွားမည့် တိုက်တောင်ကျောင်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို စကားမဆက်ရေငုံနှုတ်ဆိတ်နေလိုက်ရာမှ-

"မောင်ရင် တိုက်တောင်ကျောင်းကိုရောက်ဘူးသလား"

ဤအမေးနှင့်ပတ်သက်ခြင်းကို ကျနော် အဖြေမပေးနိုင်သေးပဲအနည်းငယ်ငိုင်၍တွေးတောနေမိသည်။

ဘုန်းတော်ကြီးကျောင်းနှင့် ပတ်သက်ခြင်းကို မေးလာစပြုသည့်အခါ ကျနော်အဖြေပေးရန် ခက်ခက်ခဲခဲ ရှိနေပါသည်၊ အကြောင်းမူ ရင်းကျောင်း၌ သီတင်းသုံးတော်မူသည့် ဦးပဥ္စင်းတပါးကို အကြောင်းပြု၍ ဤသို့ခရီးထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမှတဆင့် အဓိဋ္ဌာန်စခန်းကို ကေလာသဖ၊ ကေလာသ၊ မြစိမ်းတောင်သို့အဓိဋ္ဌာန်ဝင်ရန်ဖြစ်ပါသည်။

ကျနော်၏အတွေးက အမျှင်မပြတ်သေးချေ၊ အကြောင်းတိုက်ဆိုင်လာသောအခါတွင်နောက်ဆက်တွဲ အကြောင်းများက

ထပ်ပေါ်လာပြန်သည်၊ အမှန်တော့ ကျနော် တိုက်တောင်ကျောင်းနှင့်ပတ်သက်၍ ဘာတခုမှမသိသည်ကို ဝန်ခံရပါမည်။

"တိုက်တောင်ကျောင်းဘယ်သူ့ဆီသွားမလို့လဲ"

"ဟုတ်ကဲ့....ကျနော်တိုက်တောင်ကျောင်းကို ခုဆိုပထမဆုံးအကြိမ်ပဲ ရှိပါတယ်"

ကျနော်၏အဖြေကို တိုတိုတုတ်တုတ်နှင့် လိုရင်းကိုပြောလိုက်ပါသည်။

"အော်"ဟူသော အာမေဋိတ်သံကြောင့် ကျနော်သည် ထိုသူ၏မျက်နှာကို အကဲခတ်ကြည့်လိုက်ပြန်သည်၊ထိုကျောင်းနှင့်ပတ်သက်သောအကြောင်းအရာများသည် ထိတ်လန့်ကြောက်ရွံ့ဘွယ်အချက်အလက်ရှိနေပေလိမ့်မည်၊ ထို့ကြောင့် သူ၏မျက်နှာသည် အနည်းငယ်ပြောင်းလဲသွားကာ စိုးရွံ့သော အသွင်ကိုမြင်လိုက်ပါသည်၊ဤအကြောင်းနှင့်ပတ်သက်၍ သူ့အဘွက်စိတ်ဝင်စားစရာအချက်အလက်တွေ ပြည့်ပြည့်စုံစုံရှိထားဟန်တူပါသည်၊ သူကြားခဲ့သမျှကို ကျနော်အား လေးလေးနက်နက် ပြောပြရန်ဟန်ပြင်လိုက်ပါသည်။

"သည်လိုပါ ဂါ့တူရယ်ဦးတို့က ကျိုက်ထိုမြို့မှာ ငယ်ရာကကြီးလာကြတော့ တိုက်တောင်ကျောင်းရဲ့ အဖြစ်သနစ် သတင်းတွေကိုသိသင့်သလောက်သိထားပါတယ်၊ အခြားမသိရသောကိစ္စဆိုရင်လဲ ပန်းသတင်းလေညှင်းဆောင်၊လူသတင်းလူချင်းဆောင်သလိုပေါ့"

၁၂၄၂၀

သူ၏ပဟေဠိဆန်ဆန်စကားများသည် ကျနော်အတွက်အထူးအဆန်းဖြစ်နေသည့်အလား ရှိသွားပါသည်၊ ရှေ့ဆက်ပြောမည့်စကားကို ကျနော်နားထောင်ချင်သေးသည်။

“ရှင်ကလဲ ဆရာလုပ်လိုက်တာ၊ သူ့ကိစ္စနဲ့သူသွားတာပဲ ဘာကြောင့်အိုးကမပူ စလောင်းကပူရဒါလဲ”

ယောကျ်ားလုပ်သူအား ကြားဝင် ဟန့်တားလိုက်သော ဇနီးဖြစ်သူ၏စကားကြောင့်။

“ဒေါ်ဒေါ်ရယ် သက်ကြီးစကားသက်ငယ်ကြားဆိုသလို ပေါ့၊ ဦးပြောဒါကို ကျနော် နားထောင်ခွင့်ပြုပါအုံး တိုက်တောင်ကျောင်းနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ပြောပြစေလို ပါတယ်ဦး”

ကျနော်၏သိလိုသောဆန္ဒကို ဖေါ်ထုတ်လိုက်ပါသည်။

“တိုက်တောင် ကျောင်းဟာ ကျိုက်ထိုမြို့မှာ အလွန်နာမည်ကြီးပါတယ်၊ သံဃာတော်များရဲ့ စာသင်ကျောင်းကြီးပေါ့၊စာသင်သားပေါင်း တရာ့ငါးဆယ်ရှိပြီး။ နှစ်စဉ်ပညာထူးချွန်တဲ့ရဟန်းအာဇာနည်တွေ ထွန်းပေါ်ခဲ့တယ်။

ကျောင်းထိုင်ဆရာတော်ဟာ လောကီ လောကုတ္တရာနှစ်ပြာသောလမ်းစဉ်ကို အားထုတ်တယ်၊ ကျောင်းတိုက် တွေဟာသုံးလေးထပ်တိုက်ကျောင်းတွေလဲရှိတယ်၊ဆွမ်းစားကျောင်းဟာ သံဃာတော်အတွက် အထူးဆောက်လုပ် လှူဒါန်းထားတယ်၊ စမ္ဗာရုံကြီးဆိုလဲ မြန်မာ့ယဉ်ကျေးမှုမပျက် ခြူးပန်း၊ ခြူးနွယ်၊ အုတ်ရိုး၊ပြဿဒ်ဘုံဆင့်တွေနဲ့ ဆောက်လုပ်ထားတယ်။

ကျိုက်ထိုမြို့ရှိဒါယကာ ဒါယိကာမတွေဟာဥပုသ်နေ့တိုင်း ကျောင်းကိုသွားပြီး သီလယူကြတယ်၊ပွဲတော်ရက်တွေဆို ခြိမ့်ခြိမ့် သဲသဲကြက်ပျံမကျစည်ကားခဲ့တယ်။

ခုတော့ ဆရာတော်ကြီး ပျံလွန်ပြီးနောက်ဝါးစည်းပြေ သွားသလို စာသင်ကြတဲ့ရဟန်းတွေဟာ မိမိတို့နယ်ကိုပြန်ကြကုန် တော့ ဒုတိယကျောင်းအုပ်ဆရာတော်လဲ မြို့ကျောင်းမှာလာပြီး သီတင်းသုံးပြန်တယ်၊ တောင်မှာရှိတဲ့ တိုက်ကျောင်း တွေဟာ ရဟန်းသံဃာမျှားနည်းပါးစပြုလာတယ်။

အချို့သီတင်းသုံးနေကြသောရဟန်းတွေ တောင်ပေါ် ကျောင်းမှာ ကြာကြာမနေရဲကြတော့ တဖြေးဖြေး သတင်းအမျိုးမျိုး ပေါ်ထွက်လာဒါပေါ့၊ အချို့ကလဲ ဥစ္စာစောင့်တွေရှိတယ်၊တောတိရိစ္ဆာန်တွေဟာ ကျောင်း နားကို ခိုကပ်လာတယ်၊ ညဘက်ဆို လူမနေအောင် ခြောက်လန့်တယ်၊ စတဲ့သတင်းဟာ မြို့ပေါ်နေလူတွေရဲ့ နားထဲမှာ အမျိုးမျိုး ကြားနေကြရတယ်—

အဲသည့်သတင်းမျိုးကြားပြန်တော့ မြို့ပေါ်ရှိ လူသူ လေးပါးစလုံး တိုက်တောင်ကျောင်းကို သွားလာမှုနည်း သွားပြန်တယ်။ အာဂန္တုရဟန်းအချို့ဟာ ကျောင်း ပေါ်မှာ သီတင်းသုံးမည့် လုပ်ပြီးနောက် နေ့မကူးပဲ ပြန် ကြွလေ့ရှိပြန်တယ်၊ တိုက်တောင်ကျောင်းမှာ ကြာကြာ သီတင်းမသုံးနိုင်သည့် အကြောင်းနဲ့ ပတ်သက်ပီးတော့ လူအချို့ဟာ ပိုပြီး သို့လောသို့လော တွေးတောကုန်ကြ တာပေါ့-

ခုမင်းသွားတွေမဲ့ ရဟန်းတပါးသာ သည်ကျောင်းမှာ အနေကြာခဲ့တယ်၊ အဲသည့်ရဟန်းကတော့ ပရောဂလဲကုတယ်၊ (၉၆) ပါး ရောဂါလဲကုတယ်လို့ ကြားဒါပဲ၊ ဦးတို့လည်း အခြားသူတွေပြောသံ ဆိုသံတွေ ကြားရတာကြောင့် အဲသည့်တိုက်တောင်ကျောင်းနဲ့ အနေဝေးခဲ့ရတာပေါ့-

ကျနော် သည်လိုစကားကို ကြားရသဖြင့် အနည်းငယ်သံသယစိတ်များ ဝင်လာပါသည်။ ကျနော်၏ ခရီးအစတွင်ဤကဲ့သို့ စိတ်ပျက်စရာအကြောင်းတွေကို ကြားမိသည်။သို့သော်ဤကိစ္စနှင့်ပတ်သက်ခြင်း၏ သံသယဖြစ်မှုသည် မြစ်ဖျားခံလာပုံကို ထောက်ရှုရသည်မှာ လူတွေ အနေဝေးသောကြောင့်ရင်း၊ သီတင်းသုံးမည့်ရဟန်းများ မရှိသောကြောင့်ရင်း၊လူတွေသင်မြင်ယူဆချက်များသည် သို့လောသို့လောဖြစ်လာလေသည်။

အမြန်ရထားကြီး ခုတ်မောင်းနေသော အသံများသည်ခရီးကြာမြင့်စွာ နှင်ခဲ့ရသဖြင့် နွားယဉ်လှသော်လည်း အမှတ်တမဲ့ မြည်ဟီးပေါ်ထွက်လာသော ပဲ့တင်သံမှာ တဝုန်းဝုန်းတဂျုံးဂျုံးဖြင့် ကျနော်၏နားထဲသို့ တိုးဝင်လာပါသည်။တံဘားဦး၏ သံဘောင်အစွန်းကို တွေ့မြင်ရသောအခါ တိုက်ဘောင်အကြောင်းနှင့်ပတ်သက်၍ ပြောနေသောလူကြီး၏နှုတ်မှ “စစ်တောင်းတံဘား”ဟု ပြောလိုက်သောကြောင့် ကျနော်သည်ပြူတင်းပေါက်မှ ကျော်ဖြတ်ကာ စစ်တောင်းမြစ်ရေပြင်အားကြည့်လိုက်ပါသည်။

မြစ်ရေပြင်သည် နေရောင်ကြောင့် ရွှေရောင် ဝင်းနေသည်။ မြစ်ရေသည် ကြည်လင်သန့်စင်မှုမရှိ၊ နောက်ကျိနေ၏။ ရေပြင်ပေါ်၌ခုတ်မောင်းနေသော မော်တော်များ၊ သစ်ဖေါင်များ၊ သမ္ဗာန်များ လှုပ်ရှားနေကြလေသည်။

ကျယ်လောင်သော အသံများ ပျောက်ကွယ်သွားသည့်အချိန်တွင် ရထားကြီးသည် တံတားအတွင်းမှ ထွက်လိုက်ခြင်းပင် ဖြစ်ပါသည်။

ကျနော်၏ မျက်လုံးအစုံသည် မြစ်ကျောတလျှောက်လုံး လှမ်းကြည့်ဆဲပင်၊ သို့သော် ဝေး၍ဝေး၍သွားသဖြင့် စဂ်တောင်းမြစ်၏ရှုခင်းများ ပျောက်ကွယ်သွားပါတော့သည်။ ရထား၏ ပုံမှန်ခုတ်မောင်းနေသော အသံများသည် ပြန်လည် ကြားယောင်လာပြန်သည်။

နေရောင် အားကောင်းစပြုနေ၏။

ခရီးသည်များပင် အပူဒါဏ်ကို ခံစားရသဖြင့် ပြတင်းပေါက်ဆီသို့ ရွှေ့လျားပြောင်းထိုင်ကြလေသည်။

နှင်းပုလဲဘူတာကို ရထား ကျော်ဖြတ် ခုတ်မောင်းသွားချေ၏။ တိုက်တောင်အကြောင်းနှင့်ပတ်သက်၍ ပြောခဲ့သောသူသည် ဆေးလက်စစီးကရက်တိုကို ရထားပြတင်းပေါက်မှ ပြင်ပသို့ ပစ်ထုတ်လိုက်သည်။

သူနှင့် ကျနော် မျက်နှာချင်းဆိုင်ကြပြန်သည်။

သူ၏အပြုံးကြောင့် ကျနော်လည်း ပြုံးလိုက်ပြန်သည်။

သည်တော့ သူသိပြီးခဲ့သောစကားကို ဤအချိန်မှ ဆက်၍မေးပြန်သည်။

"မောင်ရင်ကဘာကိစ္စနဲ့ တိုက်တောင်ကျောင်းကိုသွားမလို့လဲ....အရေးကြီးတဲ့ကိစ္စရှိနေလို့လား၊ မင်းကြည့်ရတာ တခုခု ခံစားချက်ရှိနေတယ်လို့ ဦးထင်တယ်"

သူ၏မေးခွန်းအတွက် ကျနော် အဖြေတခုတော့ ပေးရပါမည်။ဒါမှ သူသိလိုသောဆန္ဒကို ပြည့်ဝစေမည်။ ကျနော် အဖြေပေးရန် စဉ်းစားပြန်ပါသည်။ ဤစကားသည် သူ့အတွက် အကျိုးရှိမည့် စကား ဖြစ်မဖြစ်ကို စဉ်းစား ရပြန်သည်။ အကြောင်းမူ ကျနော်သွားမည့်ခရီးစဉ်၏ အကျိုးကျေးဇူးများကို ထိုသူသည် လေးနက်စွာ ထောက်ခံမှုပြုပါက တော်သေးသည်။အကယ်၍ တဦးနှင့်တဦး သဘောချင်းမတိုက်ဆိုင်ပါက ထောင်တန်သောစကားသည် ရယ်ဘွယ်ဖြစ်တတ်သည်။ ကာလ ဒေသ ကြည့်ရှု၍ပြောမှ သင့်တော့မည်အထင်ကြောင့်။

"ကျနော် သွားမဲ့ ခရီးစဉ်က တိုက်တောင်မှာ တထောက်နားတဲ့ သဘောပါပဲ၊ ဒီကျောင်းကို ဦးတည်ပီးလာခြင်းမျိုးတော့ မဟုတ်ပါဘူး"

"သည်လိုဆို တိုက်တောင်ကျောင်းကနေ ဘယ်ကို ခရီးဆက်ဘို့ စိတ်ကူးထားသလဲ"

သူ၏စကားအသွားအလာကို အကဲခတ် ကြည့်မိသည့်အတွက်ကြောင့် သူသည် ကျနော်လုပ်မည့်လုပ်ငန်းကို အလွန်သိလိုကြောင်း ဆန္ဒပေါ်လွင်လာသည်။

"ကျနော်ခရီးစဉ်ကတော့ အဓိဋ္ဌာန်ပါရမီလုပ်ငန်း ရှိပါတယ်၊ တန်ခိုးကြီးတဲ့ တောင်တွေမှာ အဓိဋ္ဌာန်ပြုရန်အတွက် ဖြစ်ပါတယ်"

သူ၏စူးရှသော မျက်လုံးအစုံကကျနော်၏ တကိုယ်လုံးကို ခြုံ၍ကြည့်လိုက်ပါသည်။သူ၏ကြည့်ပုံမှာလည်း အဓိပ္ပါယ် လေးနက်လှန်းသည်။ လူတယောက် အပေါ်တွင် မယုံသင်္ကာသည့် သဘောမျိုးတော့မဟုတ်ပါ။

ဤအသက်အရွယ်တွင် ပြုလုပ်ရမည့် လုပ်ငန်းများမှာ စီးပွားရှာကောင်းသော အချိန်မျိုးဟု ယူဆခြင်းကြောင့်ပင် ဖြစ်သည်။

အရွယ်သုံးပါးနှင့် ကျနော့အား ချိန်ထိုးကြည့်၍ စဉ်းစားသည့်သဘောမျိုးဖြစ်သည်။

ပထမအရွယ်ပညာရှာ၊ ဒုတိယအရွယ်ဥစ္စာရှာ၊ တတိယအရွယ်တရားရှာ။

သူ၏အသိဉာဏ်ဖြင့်ကျနော်အားမေးခွန်းထုတ်ပြန်ပါသည်

“မောင်ရင်အသက် ဘယ်လောက်ရှိပြီလဲ”

“လေးဆယ်ကျော်ပါ”

“ဒါဆို ဘဝအစပဲ ရှိနေဒါဘဲနော်”

“ဟုတ်ကဲ့ဘဝအစဟာ အသက်လေးဆယ်မှဆိုတဲ့ စကားဟာအနောက်နိုင်ငံသားတွေအဘို့ မှန်ကောင်းမှန်ပေမဲ့ ကျနော်တို့မြန်မာလူမျိုးတွေအဘို့က ကောင်းမှုကုသိုလ် လုပ်ဆောင်အားထုတ်ချင်သည့် အချိန်အပိုင်းအခြားကို မကန့်သတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သေချင်းတရားဆိုဘာလဲ အသက်အပိုင်းအခြားမရှိလို့ပါပဲ”

"အေး....သည်လိုတွက်ကြည့်တော့လဲ ဟုတ်ဒါပေါ့ကွာ၊ ဒါပေမဲ့ တရားကျင့်ပီးရှုးကြောင်ကြောင်ဖြစ်နေတဲ့လူတွေ တွေ့ဘူးလို့ပါ တော်တော်ကြာ"

သူပြောလိုသော စကား၏အဓိပ္ပါယ်မှာ ပြည့်စုံသွားသောကြောင့်စကားကိုမဆက်ပဲ ရပ်လိုက်ပါသည်။ အချိန်အနည်းငယ်ကြာညောင်းတော့မှ ကျနော်ကပင်စတင်၍ ပြောလိုက်ပါသည်။

"တရားကျင့်ပြီးရူးတယ်ဆိုတာဟာသက္ကာယဒိဋ္ဌိမာနအားကြီးပြီး မေတ္တာတရား ခေါင်းပါးလို့ပါ၊ ဗုဒ္ဓမဂ္ဂင်ရှစ်ပါးလမ်းကြောင်းမှာ ဖြောင့်မှန်စွာ ကျင့်ကြံ အားထုတ်တဲ့သူတွေကမရူးပါဘူး၊ ဒါပေမဲ့ မဂ္ဂင်ရှစ်ပါးရဲ့မိစ္ဆာဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသမာဓိ ဖြစ်သွားပြန်ရင်လည်း အချိန်ကုန်ပြီး တရားသဘောမပေါက်ဘာလဲရှိပါတယ်။

ပိုးသာကုန် မောင်ပုံစောင်းမတီးတတ်တဲ့သဘောမျိုးပါ၊ ဗုဒ္ဓရဲ့တရားတော်ဟာ စိတ်ကိုကျဉ်းကြပ်စွာ ထားပြီးကျင့်ရမယ်ဆိုတာမဟောခဲ့ပါဘူး၊ သိရမဲ့တရားကို သိကိုသိနေရမှာပါ၊ ပွားအပ်သောတရားကို ပွားကိုပွားရပါတယ်၊ သိရမဲ့တရားကိုပွားပြန်ရင်လဲ မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်၊ ပွားရမဲ့တရားကသိပြန်ရင်လဲ မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်၊ ဒါကြောင့်ပညာဟာ အရေးကြီးဆုံးဖြစ်ကြောင်းတွေ့ရပါတယ်"။

ကျနော်ပြောဆိုသောစကားများကိုခေါင်းတငြိမ့်ငြိမ့်ဖြင့် နားထောင်နေရာမှ ဤသို့ မေးလာသည်။

"စောစောက ဦးပြောခဲ့တဲ့ ဥစ္စာစောင့်၊ သရဲ၊ ရုက္ခစိုးစတဲ့နာမ်ပိုင်းဆိုင်ရာတွေရှိတယ်ဆိုတာ မောင်ရင်ယုံသလား"

"သည့်အကြောင်းတွေကို ကျနော်အဖြေမပေးလိုပါဘူး၊ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ကျနော်အားထုတ်တဲ့ လမ်းကြောင်းမှာသူတော်ကောင်းတို့ရဲ့အားကိုအသုံးပြုသွားတော့ဘယ်လိုရန်သူမျိုးနဲ့တွေ့ပေမဲ့၊ မေတ္တာတရားရယ်၊သီးခံခြင်းတရားရယ်၊ ဆိုတဲ့အားနှစ်မျိုးကို အခြေပြုထားသူဖြစ်ပါတယ်။ ရန်သူရှာတွေ့မဟုတ်တော့ ရန်သူကိုတွေ့ဘို့မလွယ်ပါဘူး"။

"ရန်သူ တွေ့ပြန်တော့လည်း တွေ့သော ရန်သူပေါ်မှာ ထားအပ်သော မေတ္တာက ကြီးမားပီး ရန်သူဒေါသစိတ်ဟာအလိုလိုပြေငြိမ်းသွားနိုင်တယ်"။

"မောင်ရင်ပြောတဲ့စကားကို ဦးသဘောကျ သွားတယ်၊ မောင်ရင် ကျင့်တဲ့တရားရဲ့အစကို ဦးအတွက်ချီးမြှင့်နိုင်ရင် ဒါနပြုခဲ့ပါ"။

"လွယ်ပါတယ်၊ ပထမအစကတော့ အသိတရားပါဘဲ၊ တရားဆိုတဲ့သဘောကိုဥပမာနှိုင်းပြရရင်၊ကြေးမုံပြင်နဲ့တူပါတယ်၊ အဲဒီကြေးမုံပြင်ရဲ့ရှေ့မှာ မိမိရဲ့ခန္ဓာကိုယ်ကြီးကိုရပ်ကြည့်ပြီး ဗုဒ္ဓဟောကြားတဲ့တရားတော်နဲ့ ချိန်ထိုးလိုက်ရင် ငါပိုင်တဲ့ရုပ် ဟုတ်မဟုတ်ဆိုတာကွက်ကွက်ကွင်းကွင်း ပေါ်နိုင်ပါတယ်၊ အဲသည်လိုသိပြီးနောက်မှ သမာဓိအရာမှာတော့ ဗုဒ္ဓါနုဿတိတရားကိုပွားများဖို့လိုပါတယ်"။

"အသိတရားကိုနားလည်သဘောပေါက်ပီးအကျင့်တရားပိုင်းကို စတင်အားထုတ်ဖို့လိုပါတယ်၊ ဒါကြောင့် အသိတရားသည်အကျင့်တရားကို ဖုံးကွယ်မထားဖို့လဲ လိုပါတယ်"။

"သမာဓိအရာ ဖြစ်ချင်းအကြောင်းကို မောင်ရင်သိသလောက် ဦးကိုသိခွင့်ပြုပါလား"

"ဟုတ်ကဲ့"

သမာဓိဖြစ်ပေါ်ပုံနဲ့ ပဿဒ္ဓိချွန်ဖြစ်ပေါ်ပုံကို ပြောပြလိုက်ပါတော့သည်။ ဘုရားရှင်ရဲ့ဂုဏ်တော်ကို သက်ဝင်ယုံကြည်ပြီး အရဟံသမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် မဆုပ်မနစ် ကြိမ်ဖန်များစွာ အောက်မေ့လတ်သည်ရှိသော် ရာဂ၊ ဒေါသ၊ မောဟ၊ နှိပ်စက်သောစိတ်မဖြစ်၊ ဂုဏ်တော်အာရုံပြုချက် ဖြောင့်မတ်သောစိတ်ဖြစ်ပါတယ်။

မဇ္ဈိမ သမထနိမိတ်လမ်းကြောင်း ဖြောင့်တန်းစိုက်စိုက်စိတ်ပြေးဝင်လျက်ရှိပါတယ်။

သည်အခါမှာ ရာဂစသည်မနှိပ်စက်သောကြောင့် နီဝရဏ ငါးပါး ကင်းကွာသွားပါတယ်။ဖြောင့်သောစိတ်ဖြင့် ဂုဏ်တော်၌ ညွတ်သောချွန်အင်္ဂါငါးပါးတို့ ဖြစ်ကုန်ပါတယ်။ ဝိတက်နှင့် ဂုဏ်တော်အာရုံသို့တက်ပြီး ဝိစာရဖြင့် သုံးသပ်လတ်သော် ပီတိဖြစ်ပါတယ်။ပီတိကြောင့် ပဿဒ္ဓိဖြစ်တယ်။ ကိုယ်စိတ်ပူပင်ခြင်းငြိမ်းလတ်သော် ကာယစိတ္တ၌ သုခဖြစ်တယ်။ သုခရှိလျှင် ဂုဏ်တော်အာရုံပြုသောစိတ်ဟာ သမာဓိဖြင့် တည်ကြည်တယ်။

သည်လိုချွန်အင်္ဂါငါးပါး တပြိုင်နက်ဖြစ်၍ ဥပစာရချွန်ရတယ်။ ဥပစာရချွန်ဟာ ဗုဒ္ဓါနုဿတိချွန်ဖြစ်ဘယ်။ ဂုဏ်တော်တခုပင် ပရမတ်ဖြစ်ပြီး နက်နဲပါဘယ်။

အာနိသင်များဖြစ်ပုံကတော့ -

၁။ ။ဗုဒ္ဓါနုဿတိ ဘာဝနာအားထုတ်သူသည် ဘုရားရှင်၌ ရှိသေခြင်းများ။တုတ်ဝပ်ကျိုးနွံခြင်းများ၏။

၂။ ။သဒ္ဓါ၊ သတိ၊ ပရက္ကပြန့်ပြော၏၊ ကုသိုလ်ပုည ပြန့်ပြော၏။

၃။ ။ပီတိပါမေဇ္ဇာများ၏။

၄။ ။ဘေးငယ်ဘေးကြီး သည်းခံနိုင်၏။ ဒုက္ခကို မည်းညည်းတွား။

၅။ ။ဘုရားနှင့်အတူတကွ ငါယခု နေရသည်ဟု အမှတ်သညာ များစွာဖြစ်၏။

၆။ ။ဗုဒ္ဓါနုဿတိ ဘာဝနာ စွဲနေကိန်းအောင်းရာ ဤခန္ဓာ သည် စေတီအိမ်နှင့်တူ၏။ပူဇော်ခြင်းငှါထိုက်၏။

၇။ ။ဘုရားအဖြစ်၌ စိတ်ညွတ်ခြင်းများ၏။

၈။ ။ဒုစရိုက်ဝတ္ထု လွန်ကျူးစရာကြုံလျှင် ဘုရားရှင်မြင်ရ သည့်အသွင် ဟိရိ၊ဩတ္တပ္ပဝင်လာ၏။

၉။ ။ထိုဗုဒ္ဓါနုဿတိ ဥပစာရ ဈာန်သမာဓိတည်၍ ဝိပဿ နာပွားလျှင် မဂ်ဖိုလ်ရ၏။မရလျှင် သုဂတိဘဝသာ လားရ၏။

မြတ်စွာဘုရားလက်ထက်တော်မှာ၊ သဒ္ဓါတရားရှေ့ထား ပြီး၊ရှင်တော်မြတ်ဘုရား၌ အားရှိ၊အင်ရှိ၊ကြည်ညိုပြီး ကျွတ်တန်း သို့ဝင်သွားကြတဲ့ ပရိသတ်သုံးမျိုးရှိပါတယ်။

ကျနော် ဤသို့ပြောလိုက်သောစကားကို ခေါင်းတညိမ့် ညိမ့် နားထောင်နေရာမှ....

"အေး၊ မောင်ရင်နဲ့ တွေ့တော့မှ၊ ဦးလဲ-ကျင့်မယ်လို့ အစပျိုးထားတဲ့ တရားဓမ္မကို ကျင့်တော့မယ်၊ ဦးဖို့တွက် ဆက်ပြောပါအုံး"

စကားဦး လမ်းခင်းထားပြန်သဖြင့် ကျနော် ဆက်ပြောရပြန်သည်။

"ရူပပမာဏိကပုဂ္ဂိုလ်၊ ဃောသပမာဏိကပုဂ္ဂိုလ်၊ ဓမ္မပမာဏိကပုဂ္ဂိုလ်ဟူ၍ သုံးမျိုးသုံးစားရှိပါတယ်၊ ရှင်တော်မြတ်ဘုရား၏ အဆင်းတော်ကိုသာ အလေးပြုကာပမာဏထားပြီး အားတက်သရောကြည်ညိုတဲ့ ပုဂ္ဂိုလ်မျိုးကို ရူပပမာဏိကပုဂ္ဂိုလ်ရယ်လို့ခေါ်တယ်။ ပုဂ္ဂိုလ်သုံးစား ကျွတ်တန်းဝင်ကြသည့် အထဲမှာ ရုပ်သဏ္ဍာန်ကြည်ညိုပြီး ကျွတ်တန်းသို့ဝင်ကြသည့် ပုဂ္ဂိုလ်ကများပါတယ်။ အသံတော်၊ တရားတော်၊ ကျွတ်ဘန်းဝင်ကြသော ပုဂ္ဂိုလ်ကနည်းပါတယ်။

ရှင်တော်မြတ်ဘုရားကြီးရဲ့ အဆင်းတော်ဟာ တလောကလုံးမျက်စိအရသာ ရူပါရုံမဟာ့ဆိုင်ကြီးဖြစ်တော်မူသည့်အတွက် ရွှေကိုယ်တော်မြတ်ကြီးကို ဖူးမြင်ရတဲ့ပုဂ္ဂိုလ်တိုင်းမှာ မကြည်ညိုတဲ့ ပုဂ္ဂိုလ်ဟူ၍မရှိ၊ မကြည်ညိုအောင် သဒ္ဓါစိတ်တွေကို တားထားလို့လည်း အားရှိသမျှရုန်းကန်ပြီး သန်သန်ကြီးကြည်ညိုစိတ်တွေ ဖြစ်ပေါ်ခါ တပ်အပ်ထင်ပြဖူးမြင်ရမှု၊ ဟာဒယအိမ်မနိုင်နွေ၊ ခြောက်ထွေဝတ္ထုလုံးလုံးစုံပြီး ရှုမငြီးအောင်ဖြစ်ရပါတယ်။

ဒါကြောင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနဲ့မေတ္တာကမ္မဋ္ဌာန်းတွဲ ... ကင်း အလုပ်လုပ်ဘို့ အလွန်အရေးကြီးပါတယ်"

ဤစကား ဆုံးသည်နှင့်တပြိုင်နက် နားထောင်နေသူ၏ ဇနီးသည်၏ပြောလိုက်သောစကားမှာ—

"ကျိုက်ထိုဘုတား ဝင်တော့မယ်နော်"

သူမ၏စကားနှင့်အတူ ရထားအရှိန်လည်း ဖြေးညှင်းစွာ ခုတ်လာပါတော့သည်။

ရထားအရှိန်ရပ်သွားချေ၏။

ကျိုက်ထိုဘုတာသို့ဆင်းကြမည့် ခရီးသည်များသည်လှုပ်ရှားစပြုနေကြသည်။

အဆင်းရှိသကဲ့သို့ တက်လာသူတွေလည်း မနည်းပေ၊ ကျနော်စကြိုန်ပေါ်သို့ ရောက်လာသောအခါ ကျနော်နောက်မှ--

"မောင်ရင့်ဆီ ဦးလာခဲ့အုန်းမယ်၊ ဆက်ပြီးကျင့်ကြံရမည့် အကြောင်းတွေကို ဆွေးနွေးကြရအောင်"

"ဟုတ်ကဲ့ ဦး"

ဤသို့ပြောလိုက်ပါသည်။

●

# [ ၂ ]

ကျနော်သွားရမည့်လမ်းကြောင်းကို ကြိုတင်သိခဲ့ပြီ။

ခြေလှမ်းတွေက သွက်သွက်လက်လက် လှုပ်ရှားနေ၏။

ရှည်လျှားသော ကတ္တရာကားလမ်းမကြီးပေါ်ဝယ် အပူဒဏ်ကြောင့်တံလျှပ်များပင် ပြိုးပြိုးပြက်ပြက် အငွေ့များ တွန့်လိမ်လျက်ရှိနေ၏။

အမှတ်မထင်၊
အရှိန်မပျက်လျှောက်နေသောခြေအစုံမှာ၊
ရုတ်ခြည်းရပ်ဆိုင်းသွားသည်။
အသိစိတ်က ရပ်ကိုထိန်းချုပ်လိုက်ခြင်းဖြစ်သည်။
ကတ္တရာလမ်းမကြီး တနေရာတွင် မားမားကြီးကြီးရပ်နေသည်။

အချိန်အနည်းငယ်မျှသာ၊
သတိပြုမိသည်။

ရပ်နေသောနေရာ၏ဘဖက်တွင် မြေနီတောလမ်းကလေး ပင်။

ကျနော်သည်တောလမ်းဆီသို့တူရူလျှောက်သွားပါတော့ သည်။

ရှေ့သို့ဆက်မလျှောက်တော့ချေ။ ခေတ္တတော့ ရပ်ဆိုင်း သည့်သဘောမျိုး

ရပ်မြဲရပ်နေလျက်ရှိသည်။

ဘာကြောင့်ရပ်နေပါလိမ့်။

အကြောင်းရှိပါသည်။

မေတ္တာပို့သရန်ပင်။

ကျနော် ဖြတ်သန်းသွားရောက်မည့် နေရာရှိ မမြင်အပ် သောပုဂ္ဂိုလ်။

တနည်းဆိုသော်....

တောစောင့်နတ်၊ တောင်စောင့်နတ်။

တောတောင်တွင်းရှိ သက်ရှိ သတ္တဝါ အပေါင်း တို့အား ဤနေရာမှလှမ်း၍ မေတ္တာပို့သနေပါသည်။

ပြီး ကျနော် ထိုနေရာမှစတင်လှုပ်ရှားစပြုလိုက်ပြန်သည်။

ခြေလှမ်းတွေက လေးလေးနဲ့ဖြေးဖြေးလျှောက်မိသည်။

ဤနေရာအထိ။

တောလမ်းကလေး၏ တဖက်တချက်တွင်တောင်ယာစိုက် ခင်းအချို့ရှိသည်။

အချို့နေရာတွင် တောထူထပ်သည်။

ကျနော်လျှောက်လျက်ပါ။

ထိုနောက်....

တောလမ်းတဆစ် ချိုးကွေ့လိုက်ပါသည်။

ထိုအချိန်မှစ၍....

ကတ္တရာကားလမ်းကိုမမြင်ရတော့ချေ။

လမ်း၏တဖက်တချက်တွင် သစ်ပင်ကြီးငယ်များ အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။

ကုန်ခဲ့သောအချိန်က နာရီဝက်ခန့်။

ခုထိ လူသူဟူ၍တယောက်တလေမျှ မတွေ့ရသေးချေ။

ကျနော်တဦးတည်းသာ။

တောတခုလုံး ရွက်စိမ်းရွက်ဝါတို့ဖြင့် စိမ်းလန်းစိုပြေနေသည်။

သစ်ခက်သစ်လက်တွေကြားမှ နေရောင်ခြည်များ တောလမ်းပေါ်သို့ ယိုဖိတ်ကျဆင်းနေသည်။

လေကလည်း တဟူးဟူးတိုက်နေသည်။

လေပြင်တွင် ယိမ်းထိုးလှုပ်ရှားနေသော သစ်ပင်ကြီးငယ်တို့ ရိုက်ခတ်သံများသည် မြိုင်တော၏တေးပမာရှိနေပြန်သည်။

ကျေးငှက်တို့ကလည်း အချီအချတွန်ကျူးနေကြသည်။

တောမြိုင်ရဂုံ၏သဘာဝကြောင့် ကျနော်ငယ်စဉ်ကျက်မှတ်ခဲ့သော "ရှင်မဟာရဋ္ဌသာရ" ကဗျာတပုဒ်ပြေး၍ သတိရလိုက်ပါတော့သည်။

"တောကြက်တွန်မြူး၊ ကျေးငှက်ကျူးလျက်၊
သံကျူးမြိုင်စည်၊ စက်ရိပ်လည်၍၊ နေချည်ဝင်မြောက်၊
ဆည်းဆာရောက်သော်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုး

ဝေနှင့် သံချေကျွေးကြော်၊ ဗို-မခေါ်၏။
ဤအတွေးရပ်သွားပြီးနောက်။
နေဦး၏တမံတော်ဖြစ်သည့် ဥဩငှက်သံကလည်းအဂ္ဂုဂ္ဂုဖြင့် ကျူးရင့်နေသည်။

ကျနော့ခန္ဓာကိုယ်တခုလုံး တောင့်တောင့်ကြီး ဖြစ်သွားသည်။ ခြေအစုံရပ်လိုက်သည်။

မျက်လုံးအစုံပြူးကျယ်လာပါသည်။
ရှေ့မှာဘာကောင်လဲ။
ဤအသိမျိုး။
ကျနော်သေသေချာချာကြည့်လိုက်သည်။
သစ်ရွက်အို သစ်ရွက်ဟောင်းတွေကြားမှ တိုးရွေ့လာနေသည်။
တရွေ့ရွေ့တလိမ့်လိမ့် တွန့်လိမ်လျက်။
မြွေ၊မြွေ
မြွေတကောင်၊
ထိုအသံကပြင်ပသို့ထွက်ပေါ်မလာ။
တဦးတည်းကျိတ်၍ ရေရွတ်လိုက်ခြင်းဖြစ်ပါသည်။
ကျနော်ရပ်နေသည့်နေရာ။
မြွေ၏လှုပ်ရှားသွားနေသည့်နေရာ။
အလှမ်းကမဝေး၊ တလှံကွာမျှ။
“မြွေသည်မိမိလိုရာခရီးသို့ အနှောင့်အယှက်ကင်းစွာဖြင့် ကောင်းမွန်စွာရောက်သွားပါစေ”။

ဤသို့စိတ်ထဲက မေတ္တာပို့နေမိသည်။

ထိုအချိန်ဝယ်....။

လူတဦး၏ လက်ဝါးပြင်တခုသည် ကျနော့ပခုံးပေါ်သို့ ကျရောက်လာသည်။

လက်ဝါးပြင်က ကြမ်းတမ်းမာကြောနေသည်။

"ဟေ့လူ ဘာငေးနေတာလဲ၊ခင်ဗျားရှေ့မှာ မြွေလေ"

အသံလာရာဘက်သို့ လှည့်ကြည့်မိသည်။

မျက်နှာချင်းဆုံကြပြီ။

သူ့အပြောက၊

"မြွေကမြွေဆိုးဗျ၊အမြီးလဲတုတ်တယ်၊အရောင်က အုန်းခွံရောင်လေ"

သူ့အပြောကြောင့် ကျနော် မြွေကို တဖန်လှည့်ကြည့်လိုက်သည်။

မြွေက တောစပ်သို့ ဝင်လုဆဲဆဲ။

ကျနော့နံဘေးရှိလူမှာ သူ့လက်ထဲ၌ရှိသော ဒါးမဖြင့် မြွေအား ခုတ်ပိုင်းရန် ဟန်ပြင်လိုက်သည်။

"သည်မှာ"

ကျနော်၏အသံကြောင့်

'ဘာလဲဗျ"

"သည်လိုမလုပ်ပါနဲ့ဗျာ၊ သူလဲ သူ့လမ်းသူသွားနေပြီ၊ ကျုပ်တို့လဲ ကျုပ်တို့လမ်းသွားဘို့ရှိဒါပဲ"

ဤသို့ပြောလိုက်သည့်စကားကို သူက သဘောမကျချေ။

"သည်ကောင်တွေဟာ လူရဲ့ရန်သူတွေပဲ၊ သူတို့ရန်မမူခင် ကျုပ်တို့က ကြိုတင် သုတ်သင်ပစ်မှ ကောင်းမှာ"

"သည်လို သဘောမထားပါနဲ့လေ၊ ခုတွေ့တဲ့မြွေဟာ ခင်ဗျားအတွက် အန္တရာယ်ပြုဘို့ ဝေးပါတယ်၊ကျုပ်နဲ့ဆို ဒီလွန် နီးလွန်းပါတယ်၊ ကျုပ်တောင် မေတ္တာရှေ့ထားပြီး ခွင့်လွှတ်နိုင်တာ ခင်ဗျားက ရန်ပြုမဲ့သဘောကို ကျုပ်ခွင့်မပြုနိုင်ဘူး"

ကျနော်၏ပြောပြချက်ကို သဘောမတူသည့်အလျှောက် သူ၏မျက်နှာတခွင်လည်း တင်းမာလာသည်။ ခက်ထန် ကြမ်းကြုတ်နေသည်။

"ခင်ဗျား တောလမ်းခရီး တခါမှ မသွားဘူးဘူးထင်တယ်...."

"ဟုတ်ပါတယ်"

"ခုဘယ်သွားမလို့လဲ"

"တိုက်တောင်ကျောင်း"

"ဪ"ဟု သူ့အာမေဋိတ်သံက ပေါ်ထွက်လာသည်။

"ကျုပ်သည်ကျောင်းကို တခါမျှမရောက်ဘူးလို့.... ခင်ဗျားသိရင် ကျုပ်ကို ညွှန်ပြစမ်းပါ"

ကျနော်သိလိုသောကိစ္စကို မထိန်ဝှက်ပဲမေးလိုက်သဖြင့်....

"ဟိုရှေ့မှာ ရေတွင်းအိုတခု တွေ့တယ်မှတ်လား"

ထိုသူညွှန်ပြသောနေရာဆီသို့ ကျနော်လှမ်းကြည့်မိသည်။

"အဲဒီရေတွင်းနံဘေးမှာ အုတ်လှေခါးတခုရှိတယ်၊ လှေခါးက တက်သွားရင် ခင်ဗျား ရောက်လိုသော တိုက်တောင်ကျောင်း ရောက်မှာ"

ကျနော်သည် ထိုသူ၏ ညွှန်ကြားချက်အတိုင်း လျှောက်ခဲ့ပြန်သည်။

အချိန်ကာလ မည်မျှကြာအောင် ဖြတ်သန်းလာခဲ့ရသည် မသိချေ။ အုတ်လှေခါးများသည် ဟောင်းနွမ်းဆွေးမြေ့ ပြီးပုပြင်မဲ့သူ မရှိသောကြောင့် ရေညှိများပင် တက်နေပါသည်။

ရှင်းနောက်။

ကျနော်သည် လှေခါးထစ်များကို တထစ်ပြီးတထစ်တက်လာခဲ့သည်။

ပတ်ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်နေသည်။

ကျောင်းအိုဇရပ်အိုကြီးများက ကျနော်အား ဖိတ်ခေါ်နေဟန်ရှိနေသည်။

ကျနော်၏ မျက်လုံး အစုံကလည်း ပတ်ဝန်းကျင်သို့ဝေ့ရမ်းကြည့်ရှုနေပါသည်။

ယခုထိ ရဟန်း၊ လူ၊ ဟူ၍ တဦးတယောက်မျှမတွေ့ရသေးချေ၊ ကျနော် တထစ်ပြီးတထစ် လှမ်းတက်နေပါသည်။

အချိန်အနည်းငယ်ဝယ်၊

ခွေးဟောင်သံများ ကျနော့်နောက်မှ ထွက်ပေါ်လာသည်။ ထိုခွေးဟောင်သံကြောင့်။

ကျနော်ရှေ့သို့မတက်တော့ပဲ ရပ်လိုက်သည်။

ခွေး၏အခြေအနေကို အကဲခတ်ကြည့်လိုက်သည်၊

ခွေးက တကောင်တည်း အခြား အဖေါ်ခွေးများကို မတွေ့ရပေ၊သည်တော့ကျနော် ရှေ့ဆက်ရှောက်ရပြန်သည်။

လှေခါးထစ်တွေဆုံးပါပြီ။

ဝေးလံသော ခရီးကိုနှင်ခဲ့ရသဖြင့် ကျနော့ခန္ဓာကိုယ်လည်းနွမ်းနယ်စပြုလာသည်။

ကျနော်ရှေ့ဆက်မလျှောက်တော့ပဲ ဤနေရာတွင်ရပ်နားနေလိုက်သည်။

ကျနော်နှင့်အတူ ပါလာသော လွယ်အိတ်ကလေးကို နဘေးတွင်ချကာ ဆောင့်ဆောင့်ကလေးထိုင်လျက် အငေးသား ရှိနေသည်။

ကျနော့ရှေ့တည့်တည့်တွင်စကြံနိလမ်းသွယ်တခုရှိသည်၊ဘေး တဘက်တချက်တွင် နှစ်ထပ်တိုက်ကျောင်းတကျောင်း၊ သုံးထပ် ကျောင်းဘကျောင်း၊ ပျဉ်ထောင်ဆွမ်းစားကျောင်းတကျောင်း၊ ခမ္မာရုံတိုက်ကျောင်း စသည်တို့မှာထယ်ဝါစွာ ရှိနေသည်။

ကျောင်းတိုင်းလိုလိုပင် တံခါးများပိတ်ထားသည်။

ကျနော် ဤနေရာသို့ ရောက်ရှိလာသည်မှာလည်း ကိုယ့်ကိုယ်ကို သံသယစိတ်များဝင်လာပြန်သည်၊ ခုထိမည်သည့်ပုဂ္ဂိုလ်မျှ မတွေ့ရသောကြောင့်ပင်၊ ငါများ လမ်းမှားနေပြီလားဟု အတွေးလည်းထပ်ဆင့်ပေါ်လာပြန်လေသည်။

နေရောင်အားပျော့စပြုနေချိန်။

အချိန်အနည်းငယ်တွင် မောပမ်းသည့် ဝေဒနာသည် ပျောက်ကွယ်သွားပါတော့သည်၊ တချီတချီလေပြေများသုဘ်ဖြူး လိုက်သောအခါတွင် ချမ်းစိမ့်စိမ့် ဖြစ်သွားပါသည်။

ကျနော်ထိုင်နေရာမှ ထလိုက်ပါတော့သည်။

နှစ်ထပ်တိုက်ကျောင်း၏ အရှေ့ဘက် ပြူတင်းပေါက် တချပ်ပွင့်လာသည်၊ ကျနော်ဝမ်းသာသွားပါသည်။

ထိုကျောင်း၌ လူသော်၎င်း၊ ရဟန်းသော်၎င်းသီတင်းသုံးနေကြောင်းသိခွင့်ရလိုက်သည်။

ကျနော်သည် ထိုကျောင်းပေါ်သို့ လှမ်းကြည့်လိုက်ပါသည်၊ ရဟန်းတပါး စင်္ကြံလျှောက်နေသည်ကိုဖူးတွေ့လိုက်သည်။

ကျနော်ထိုကျောင်းရှေ့သို့ လျှောက်သွားပါတော့သည်။

ကျောင်း၏တံခါးမကြီးရှေ့တွင် ရပ်လိုက်ပါသည်။

ကျောင်း၏အပေါ် ပြူတင်းပေါက်တံခါးမှလွဲ၍ အခြားတံခါးအားလုံးပိတ်ထားသည်။

ကျနော်သည် ထိုနေရာမှ မားမားမတ်မတ်ရပ်လျက်ရှိနေချိန်၌။

ကျောင်းပေါ်မှ ရဟန်းတပါး အောက်ထပ်သို့ ဆင်းခဲ့သည့်ခြေသံခတ်ပြင်းပြင်းကြားမိလိုက်သည်။

ကျောင်းမှာလည်းရှေးနှစ်ပေါင်းများစွာကဆောက်လုပ်ထားသဖြင့် တံခါးပေါက်ခတွကများသည်၊ အချို့တံခါးများသစ်သားဖြင့် ပြုလုပ်ထားပြီး အချို့တံခါးရွက်များမှာ မှန်အနီအဖြူအဝါအစိမ်းစသည်တို့ တပ်ဆင်ထားပါသည်၊ ၎င်းကျောင်းကို လှူဒါန်းသူသည် တရုတ်လူမျိုးဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

ကျနော်သည် ကျောင်းထဲသို့ မှန်ပြူတင်းပေါက်မှနေ၍ လှမ်းကြည့်လိုက်ပါသည်၊ ကျောင်းပေါ်မှရဟန်းသည် အပေါ်ထပ်တက်သည့်လှေခါးဆီမှ အတွင်းဘက်အခန်းဆီသို့ လျှောက်သွားသည်ကို မြင်လိုက်ရသည်။

ကျနော် ကျောင်းအပြင်ဘက်တွင်ရှိနေသည်ကို ရဟန်းသိဟန်မတူချေ၊ ထို့ကြောင့်ကျနော်သည် အပြင်ဘက်တွင် ကြာ

ရှည်စွာရပ်မနေတော့ပဲ တံခါးမကြီးကိုခေါက်လိုက်ပါသည်။

“ဒေါက် ... ဒေါက်....”

ဤသို့အသံမြည်သွားခဲ့သည်။ သို့သော်....။

အတွင်းမှမည်သည့်အသံမှ ပေါ်ထွက်မလာ။

ခြေသံလူသံဟူ၍မကြားရ။

ကျနော်ထပ်ခေါက်ရပြန်သည်။

“ဒေါက်....ဒေါက်....”

ခုတခါခတ်ပြင်းပြင်း ခတ်စပ်စပ်ခေါက်လိုက်သည်။

ထိုအသံသည် ကျောင်းအတွင်းထဲ၌ ကျယ်လောင်သွားသည့်သဘောမျိုးရှိပါသည်။

စောဦးကအတွင်းထဲသို့ဝင်သွား သောရဟန်းသည်အပြင်သို့ပြန်လည်ထွက်လာသည့်ခြေသံမျိုးကို ကျနော်ကြားရပါသည်။ မှန်ပြူတင်းပေါက်မှနေ၍အတွင်းသဏ္ဍာန်လှုပ်ရှားလာပုံကိုလည်းတွေ့ရပါသည်။

ဤအခြေအနေကို မြင်တွေ့လိုက်ရသဖြင့် ကျနော် ဘဝင်ကျမိသည်။

အတွင်းတံခါး ကလန့်ဖြုတ်သံ။

“ကျွီ”ဟူသော တံခါးဖွင့်သံပေါ်လာပြီးနောက် ဝင်းဝါသောသင်္ကန်းရောင်နှင့် သူတော်စဉ်ဟို၏ မျက်နှာအသွင်ကိုဖူးတွေ့လိုက်ရသောအခါ ကျနော်၏စိတ်အစဉ်သည် အေးငြိမ်းသွားပါတော့သည်။

ကျနော်သည် မျက်နှာတော်ကို မြင်မြင်ခြင်း ထိုင်၍ ဝတ်ပြုကန်တော့လိုက်ပါသည်။ဤကဲ့သို့ အပြုအမူကြောင့် အတွင်း၌

ရပ်နေသောရဟန်းက ကန်တော့နေသောသူသည် မည်သူမည်ဝါ ဖြစ်ကြောင်း ဝေဖန်ပိုင်းခြားနိုင်ခြင်း မပြုနိုင်ပေ။

ကျနော်နှင့် ထိုရဟန်းသည် မျက်နှာချင်းဆိုင်မိသည်။

"အော်....ဒကာကြီးပါလား"

"တပည့်တော်က အရှင်ဘုရားမှတ်မိပါ့မလားလို့"

"မှတ်မိပါတယ်ဒကာ.... ကဲပါလေ ကျောင်းပေါ်ကျ တော့မှ စကားပြောကြဒါပေါ့၊ ကဲ- ကျောင်းထဲဝင်ပါ၊ ဘာ ပစ္စည်းတွေ ပါသေးလဲ"

"တပည့်တော် လွယ်အိတ်တလုံးတည်းပါ"

"အခြားဒကာတွေပါသေးသလား"

"တပည့်တော်တဦးတည်းပါဘုရား"

ကျနော်သည် ကျောင်းအပေါ်ထပ်သို့ ရောက်သွားပါ တော့သည်။ဦးပဉ္ဇင်း၏နံဘေးရှိ လွတ်နေသောသင်ဖြူးဖျာတချပ် ပေါ်တွင် ထိုင်လိုက်ပါသည်။ အိတ်ထဲ၌ပါလာသော ဆေးပေါ့ လိပ် တလိပ်ကို ထုတ်ယူသောက်လိုက်ပါသည်။ ဦးပဉ္ဇင်းသည် မိတ် ထားသော ပြူတင်းပေါက်များကို လိုက်ဖွင့်နေပါသည်။

ကျနော်သည် ကျောင်း၏ အနေအထားနှင့် ဘုရား ကျောင်းဆောင်တို့ကိုကြည့်ရှုမိသည်။ထိုင်နေရာမှထ၍ ဘုရားခန်း ထဲ ဝင်ရောက် ဘုရားဝတ်ပြုလိုက်ပါသည်။

ရှေးကျောင်းကြီး ဖြစ်လင့်ကစား ယခုထိ သပ်သပ်ယပ် ယပ် မျက်နှာကျက်များလည်း ရှိပါသည်။ရှေးဟောင်း ဘီဒိုများ ထဲတွင် အထုပ်လိုက်သက်န်းများဖြင့် သေသပ်စွာ စည်းထား သော ရှေးဟောင်း ပုရပိုက် စာပေများကို တွေ့ရလေသည်။

"ဒကာလဲ ခရီးဝေးကလာရလို့ ပင်ပန်းနေပြီ၊ကိုယ်လက် ဆေးကြောချင်ရင် ကျောင်းအောက်မှာ ရေကန်ရှိပါတယ်၊ရေက တော့ တမိုးလုံးခံထားတဲ့ မိုးရေပဲရှိတယ်ဒကာ"

"တင်ပါ့ဘုရား"

'ခုလာဒါဟာ ဦးပဥ္စင်းဆီကို သက်သက်လာဒါဘဲလား'

ဤအမေးကြောင့်။

"တချက်ခုတ် နှစ်ချက်ပြတ်သည့် သဘောမျိုးပါဘုရား၊ ဦးပဥ္စင်းဆီလဲဝင်ရင်း၊ ပါရမီအဓိဋ္ဌာန်စခန်းလည်း သွားဘို့ပါ ဘုရား"

"ကောင်းပါတယ်.... ဒကာ.... အဓိဋ္ဌာန် စခန်း အား ထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အလွန်ဆင်းရဲခံကြရတယ်။ ကိုယ် ကျိုးစွန့်နိုင်မှ သည်လိုလုပ်ငန်းတွေ အဓိဋ္ဌာန်တွေဟာ အောင် မြင်နိုင်ဒါ ဂုဏ်အရှိန်အဝါတွေ လူကြည်ညိုခံချင်ရင်တော့ သည် အလုပ်စခန်းနဲ့ တခြားစီဘဲ....

သိဒ္ဓိစခန်းလိုက်နေတုံးတော့ ပင်ပန်းတယ်၊ သိဒ္ဓိစခန်း ပေါက်သွားပြန်တော့ မိမိလုပ်လိုတဲ့ ကောင်းမှုကုသိုလ်အပေါင်း ဟာ အလိုလို ပြီးစီးသွားနိုင်တာပဲ"

"တင်ပါ့ဘုရား"

"သည်ကျောင်းဝင်း တခုလုံးမှာ အရှင်ဘုရား တပါး တည်းဘဲလားဘုရား"

"မှန်ပါတယ်"

"ဆွမ်းကိစ္စကျတော့"

ကျနော်၏အမေးကြောင့်....

"ဆွမ်းမခံစားပါဘူး....ကျိုက်ထိုမြို့ပေါ်က ဒကာတဦးက လှူဒါန်းပါတယ်၊နံနက်တိုင်း ကျောင်းသားလေးတဦး လာပို့လေ့ရှိပါတယ်"

ဤကဲ့သို့ တဦးနှင့် တဦး စကား ပြောဆိုနေကြရာမှ ကျနော်၏မျက်လုံးအစုံသည် အပြင်ဘက်သို့ လှမ်းကြည့်မိသည်။

မှောင်စပျိုးလာတော့သည်။

"နှစ်ဦးသား စကားပြောကောင်းနေလိုက်တာ အချိန်တောင် အတော်ကုန်သွားပြီပဲ"

"တင်ပါ့ဘုရား"

"ဦးပဥ္စင်းကျောင်းမှာလဲ ဒကာကိုကျွေးမွေးဖို့ ညစာလဲ ခက်နေပြီ"

"ရပါတယ်ဘုရား"

"ဦးပဥ္စင်းလဲအလှူဒကာပေါ်လို့ နံနက်ဆွမ်း အချိန်မှန်မှန် ဘုဉ်းပေးနေရဒါပဲ"

ဤသို့ပြောဆိုပြီးနောက် ဦးပဥ္စင်းသည် ထိုင်နေရာမှထ လိုက်ကာ၊ အခန်းလွတ်တခုဆီသို့ လျှောက်သွားပါတော့သည်။ အခန်းထဲမှထွက်လာသည့်အခါ ငှက်ပျောသီးလေးငါးလုံး လက်ထဲ၌ပါလာသည်။

"ဒကာအတွက် ညစာကို သည်ငှက်ပျောသီးနဲ့ဘဲ တင်းတိမ်ရောင့်ရဲပေါ့"

"တင်ပါ့ဘုရား.... တပည့်တော် အဓိဋ္ဌာန်ခရီးလမ်းမထွက်မီ၊ရေအဓိဋ္ဌာန် မီးလွတ်အဓိဋ္ဌာန်များ ဝင်ခဲ့ပါတယ်ဘုရား.... တောတောင်ထဲ လှည့်လည်အားထုတ် သူတော်စင်တွေအဘို့မှာ

တကျော့မပဖက်ဘို့ အရေးကြီးပါတယ်.... တပည့်တော်သည် ငှက်ပျောသီးဖြင့် ရောင့်ရဲနိုင်ပါတယ်”

ကျနော်သည် ဤသို့ လျှောက်တင်ပြီးနောက် အောက်ထပ်သို့ဆင်းပြီး ကိုယ်လက်ဆေးကြောရန်အလို့ငှါ ဦးပဥ္စင်းအား လျှောက်လိုက်ပါသည်။

သည်တော့ ဦးပဥ္စင်းသည် ကျနော့အားခေါ်၍ ကျောင်း၏အပေါ်ထပ်မှနေ၍ ရေကန်ရှိရာဆီသို့ ညွှန်ကြားပါတော့သည်။ ကျနော်သည် ကိုယ်လက်ဆေးကြောသုတ်သင်ပြီး ကျောင်းပေါ်သို့ ပြန်တက်ခဲ့ပါသည်။ ဟောင်းနွမ်းသော အဝတ်အစားတွေကို လဲလှယ်ကာ စောဦးက စွန့်ကြဲထားသော ငှက်ပျောသီးနှစ်လုံးလောက်တော့စားလိုက်ပါသည်။

သည်တော့မှ ကျနော် အားအင် အနည်းငယ်ရှိလာပါသည်။ ဤအချိန်ထိ ကျနော်တဦးတည်းသာ ကျောင်းပေါ်တွင်ရှိနေပါသည်။ ကျောင်းထိုင်ဦးပဥ္စင်းလည်း မည်သည့်နေရာသို့ကြွရောက်နေသည်ကို မသိရချေ။

ကျနော်တဦးတည်း တောင်ငေးမြောက်ငေးဖြင့် ရှိနေခိုက်၊ လှေခါးဆီမှ ကျောင်းပေါ်သို့ တက်လာသော ခြေသံကိုကြားရပြန်ပါသည်။ ထိုခြေသံမှာ ဦးပဥ္စင်း၏ခြေသံပင်ဖြစ်ပါသည်။ ကျနော်သည် လှေခါးရင်းဆီသို့ လှမ်းကြည့်လိုက်ပါသည်။

ဦးပဥ္စင်းသည် ကျနော့အား ပြုံးပြရင်း ဤသို့ အမိန့်ရှိလိုက်ပါသည်။

“ဒကာအိပ်ဖို့ ကျုပ် အောက်ထပ်အခန်း သွားရှင်းနေတာပါ”

''တင်ပါဘုရား''

ဦးပဥ္စင်းသည် ကျနော်ထိုင်နေသော နေရာနံဘေးတွင် ဝင်ထိုင်ပြီး ကြမ်းပေါ်တွင်ရှိ ကွမ်းအစ်ဘူးကို လှမ်းယူ ကွမ်းရာ၍ ဝါးနေလျက်ရှိပါသည်။

အမှောင်ထုသည် လောကတခုလုံးအား ဖုံးအုပ်လိုက်လေပြီ။

''ဒကာ''

''ဘုရား''

''အိပ်ဘို့နေရာကိုလိုက်ကြည့်ထားပါအုံး''

ဦးပဥ္စင်းသည် ဤသို့ပြောဆိုပြီးနောက် ကျနော့အား အိပ်ခန်းရှိရာဆီသို့ ခေါ်ဆောင်သွားပါသည်။ နှစ်ဦးသား ရှေ့ဆင့်နောက်ဆင့် လှေခါးမှဆင်းခဲ့ကြပြီး ကျောင်းအောက်ခန်းကြီး အနောက်ဘက်ရှိ အခန်းတခန်းဆီသို့ ခေါ်ဆောင်သွားပါသည်။အခန်းထဲသို့ ရောက်ရှိသည့်အခါတွင် ကုတင်အိုတခုပေါ်တွင် သင်ဖြူးချောတချပ်ခင်းလျက် လျှော်ဖွပ်ခြင်း ကင်းမဲ့သဖြင့် ချေးအလိမ့်လိမ့်ပေနေသော အရောင်အဆင်းကင်းမဲ့သော ခေါင်းအုံးတလုံးနှင့် အညာစောင်တထည်။

''အားနာပါတယ်ဒကာ.... ကျုပ်မှာရှိတာနဲ့ဘဲ ဧည့်ဝတ်ပြုနေရတာဘဲ''

''တင်ပါဘုရား.... တောတောင်ထဲမှာ တရားအားထုတ်ကြရသေးသူတော်စင်အပေါင်းတို့မှာ မွေ့ရာ၊ခေါင်းအုံး၊ စောင် စသည်တို့ကို အိပ်စက်သည့်နေရာမှာ ခင်တွယ်တတ်မက်ဖွယ်စရာမလို

ပါဘူး....သစ်ပင်အောက်မှာ၊ ဝါးတပင်အောက် တရားအားထုတ်သည့်အခါ၊မြေပေါ်မှာပဲအိပ်စက်ရသည်လည်း ရှိကြောင်းကြားဘူးပါတယ်”ဟု ကျနော်လျှောက်ထားလိုက်ပါသည်။

အချိန် အတော်ကြာညောင်းပြီးနောက်။ ဦးပဥ္စင်းနှင့်ကျနော် ကျောင်းပေါ်သို့ ပြန်ရောက်လာကြပါသည်။ ဦးပဥ္စင်းသည် ဘုရားခန်းထဲမှ ဖယောင်းတိုင်တတိုင်နှင့် မီးခြစ်တဗူးကို ကျနော့အား လှမ်းပေးလိုက်ပါသည်။

“ကျုပ်တော့ ဘုရားဆီမီး ပူဇော်ပီး တရားအားထုတ်လေ့ရှိပါတယ်၊မီးကိုတော့ တညလုံးမထွန်းပါဘူး”

“တင်ပါ့ဘုရား”

ကျနော့အား လှမ်းပေးသော ဖယောင်းတိုင်နှင့် မီးချစ်ဗူးကို လှမ်းယူလက်ခံလိုက်ပါတော့သည်။

ပတ်ဝန်းကျင်တွင် အမှောင်ထု စိုးမိုးသည့် အချိန်တွင် ကျနော်အိပ်စက်မည့် အခန်းထဲသို့ ရောက်လာပါတော့သည်။

ကျနော်၏လက်ဝယ် ရှိနေသော ဖယောင်းတိုင်ကို ထွန်းညှိကာ ခေါင်းရင်းဘက် အုတ်ခုံပေါ်တွင် တင်ထားလိုက်ပြီး ခုတင်ပေါ်မှနေ ဘုရားဝတ်ပြုလိုက်ပါသည်။ဘုရားဝတ်ပြု အမျှအတန်းဝေကာ ဂုဏ်တော်ပုတီးကို စတင်အဓိဋ္ဌာန် အပတ်ဖြင့် (၁၀၈)ပတ်ပြည့်အောင် စိပ်နေပါသည်။

မည်မျှကြာသွားသည်ဟူကား မသိချေ။

မျက်လုံးနှစ်လုံးဖွင့်ကြည့်လိုက်သည့်အခါ စောဦးကထွန်းညှိထားသော ဖယောင်းတိုင်၏ အလင်းရောင်ပင် ပျောက်ကွယ်နေပါတော့သည်။ကျနော်သည် ကြာရှည်စွာ တရားအားထုတ်

အညောင်းထိုင်ထားရသဖြင့် အညောင်းအညာပြေစေရန် ကုတင်ပေါ်မှ အောက်သို့ဆင်းခဲ့ပါသည်။

ကျနော်နေသောအခန်းထဲတွင် အမှောင်နှင့် အလင်းရောင်က အားပြိုင်နေကြသည်။ သို့သော် အမှောင်ကို အလင်းရောင်က အားမပြိုင်နိုင်ချေ။ အရှုံးပေးရလေသည်။ ပဘ်ဝန်းကျင်မှတဆင့် ရောင်ပြန်ဟတ်နေသော လရောင်သည် မှန်ပြူတင်းပေါက်မှ အလင်းရောင် အနည်းအမျှ ပေးစွမ်းနိုင်လေသည်။

ကျနော်သည် ပတ်ဝန်းကျင်သို့ မှန်ပြူတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်ပါတော့သည်။

ညသည် ချမ်းမြမြ။

ကောင်းကင်ပြင်သည် သန့်စင်နေ၏။

လလည်း ထိန်ထိန်သာနေ၏။

ရွှန်းစိုနေသောလရောင်အောက်တွင် ရွက်ဟောင်းများကြွေလဲလွင့်စင်လျက်ရှိသော။ တောအုပ်ကြီးသည် ရွက်သစ်များမြန်းဆင်ရန် အားပြုလျက်ရှိနေ၏။ သို့သော် တုန့်ဆိုင်းလျက်ရှိ၏။နောက်ကျလျက်ရှိ၏။

လေဝှေ့သဖြင့် ရွက်အိုရွက်ဟောင်းများ တဖြုတ်ဖြုတ်ကြွေလဲလွင့်စင်နေသည်။ ပင်စည်မှ တဖြုတ်ဖြုတ်နှင့် ပြုတ်ထွက်လျက်ရှိနေ၏။ တွယ်တာရာမဲ့ဖြစ်ကာ၊ ရွက်ကြွင်းရွက်ကျန်များသည်မြေပြင်သို့ သက်ဆင်းကြရလေသည်။

တခါတရံ....

ဝပ်လျှိုးရှဲနေရာမှ လေသည် ရုတ်တရက် ထကြွလှုပ်ရှားလာ၏။

မြောက်လေမဟုတ်ပေ။

မည်သည့်အရပ်ကမှန်းလည်းမသိ။

လေကြမ်းသည် ကျောင်းအိုကြီးအား ဖြတ်သန်းတိုက်ခိုက်လိုက်သဖြင့် ပြူတင်းပေါက်နှင့် တံခါးမတို့မှာ တုန်ခါသွားကြကုန်လေ၏၊လေသည် တောအုပ်အတွင်းထဲသို့ ဂမူးရှူးထိုးပြေးဝင်ပြန်လေ၏။သစ်ပင်သစ်ကိုင်း သစ်ခက်များ အကြားတွင် တိုး၍ ဝှေ့ရမ်းမြူးတူး ခုန်ပေါက်နေတတ်ပြန်သည်။

ထိုအခါ....

ရွက်အိုရွက်ကျန်များကို ပုတ်ခတ်ဆော့ကစားနေ၏။လေ၏ကျီစယ်မှုဒဏ်ကို ခံနိုင်ရည်မရှိကြသဖြင့် မြေခကြရလေသည်။

ကျနော်သည် သဘာဝ၏ ပဋိပက္ခမှုကို ကြည့်ပြီး နောက်ကုတင်ပေါ်သို့ အိပ်စက်ရန် ပြန်လည်ရောက်ရှိပါတော့သည်။ ည၏အမှောင်ရိပ်တန်းကြီးထဲဝယ် ကျနော်၏ မျက်လုံးအစုံသည် တဝဲလယ်လယ်ဖြင့် ရှိနေပြန်ပါသည်။ ကျောင်းအို၏ နံရံအချို့တွင် လင်းတချက်၊မှောင်တချီ ပေါ်နေပြန်လေသည်။

ကျနော်သည် အမှောင်၏ဝက်ဘာထဲ၌ အိပ်စက်လို့မရနိုင်သေးချေ။

"ရှိ"မြေတကောင်၏ တွန်သံရှည်သည် ကျနော့်နားထဲသို့ တိုးဝင်လာပြန်သည်။

ထိုအသံမှာ နီးလိုက်ဝေးလိုက်ဖြင့် ရှိတတ်ပါသည်။ ခပ်လှမ်းလှမ်းက မြည်တွန်နေသည်မဟုတ်၊ လေငြိမ်သက်သည့်အခါတွင်အနီးမှဟု ထင်မှတ်စရာဖြစ်ပါသည်။

ည၏တိတ်ဆိတ်ခြင်းကို ထိုးဖေါက် ပေါ်ထွက်လာသော

ညဥ့်ငှက်များ၏ အသံလည်း တချီတချီ ကြောက်မက်ဘွယ်ရာ ကောင်းလှသည်။

တောကောင်တွေအသံများလည်း အဝေးမှ ဟိန်းဟောက်နေသည်ကို ကြားရပြန်သည်။

ကျနော်၏စိတ်တွေမှာလည်း တောအုပ်ထဲ၌ တဲလယ်လယ် စပါးကြီးမြွေတကောင် အညှို့ခံရသည့်အလား တော၏ချောက်လန့်မှုနောက်ဝယ် တကောက်ကောက် လိုက်ပါနေသည်။ ညဥ့်၏အမှောင်ရိပ်အောက်၌· ဖမ်းစားခံရသည်ပမာ ရှိနေပါသည်။

ဤကဲ့သို့ မိမိစိတ်ကို မိမိမလုံ့တလုံရှိနေခိုက်၊ ကျောင်းပေါ်မှလူတဦး ဖြေးညှင်းစွာ ခြေကိုဖွ၍ လမ်းလျှောက်သည့်အသံမျိုးကိုလည်း ကြားရပြန်ပါသည်။ထိုခြေသံကြောင့် ကျနော်နေ့လည်ပိုင်းက ရထားပေါ်၌ တွေ့ခဲ့သော ဦးကြီးပြောခဲ့သော စကားတွေကို ပြန်လည် အသက်ဝင် လှုပ်ရှားသတိရပြန်ပါသည်။

"တိုက်တောင်ကျောင်းကြီး၏ ပတ်ဝန်းကျင်မှာ မိစ္ဆာတွေ၊တောကောင်တွေ၊ သိုက်နန်းရှင်တွေရှိတယ်လို့ ပြောတာကြားဘူးတယ်"ထိုအသိက ကျနော့စိတ်ကို ထပ်ဆင့် ဖမ်းစားလိုက်ပြန်သည်။

"တရှဲရှဲ"ခြေသံသည် အောက်ထပ်သို့ ရောက်လာသည်။ ကျနော်သည် ကုတင်ပေါ်မှ ရုတ်ချည်း ထထိုင်လိုက်ပါသည်။ အသံလာရာဘက်ဆီသို့ မျက်စေ့နှင့် နားအစုံကို ဖွင့်ထားပါသည်။

ထိုအသံသည် တဖြေးဖြေး နီးလာသည်။ ဝေး၍မသွား

ချေ။ကျနော် ရုတ်တရက် ကောက်နှုတ်ချက် ချလိုက်ပါတော့သည်။ တယောက်သောသူ၊ ဤအသံသည် လူတဦး၏ခြေသံ။ ကျနော်ဘာလုပ်မည်နည်း၊ ထိုအသံရှင်သည် ကျနော်နေသော အခန်းထဲသို့ ဝင်လာမည်လော။

အတွေးဝင်ဂ်ဘာထဲတွင် ကျနော်တဦးတည်း အမျိုးမျိုး ကောက်နှုတ်ချက်ချနေသည်။

ငါ့ကိုရန်ပြုလာသည်ရှိသော် ထိုသူအား ငါ ရန်ဘက်ဂရုပြုမည်လော၊ ဤသို့မပြုလုပ်ပဲနေပါက သူငါ့ကိုဘာလုပ်မည်လဲ၊ စသည့်အတွေးရေယာဉ်ကြော၏ အတွေးပေါင်းများက ကျနော့စိတ်ကို ခြိမ်းခြောက်နေပါသည်။

"ဒေါက်–ဒေါက်"

တံခါးခေါက်လာပီး ခြေသံပျောက်သွားပြီးနောက် ဤသို့ပေါ်လာသည်။

ကျနော်သည် တံခါးဆီသို့ နားစွင့်ရပြန်သည်။

"ဒကာ–အိပ်ပီလား"

"အော်"ဟူသော အာမေဋိတ်သံနှင့်အတူ ဦးပဥ္စင်းမေးလိုက်သော အသံကို ပြန်လည်ဖြေကြားလိုက်ပါသည်။

"မအိပ်သေးပါဘူးဘုရား"

"ကျုပ်လဲ မေတ္တာကမ္မဋ္ဌာန်းတရား အားထုတ်ပြီး အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာကို လမ်းလျှောက်ပီး မေတ္တာပို့နေတာပဲ"

"တင်ပါ့ဘုရား"

ဤသို့အသံပြုပြီးနောက် မိမိကိုယ်ကို ပြန်လည်သုံးသပ်

လိုက်ပါသည်။ ငါခုအိပ်နေတာဟာ တရားနဲ့အိပ်တာမဟုတ်ပဲကိုး၊ သူတော်ကောင်းတို့အိပ်စက်သည့် အကျင့်တရားဖြင့် သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိဝိစ္စိကိစ္စသတ်ပြီးအိပ်မှ၊ ဒိဋ္ဌိမပြုတ်ပဲအိပ်စက်နေတော့၊ ငါ့ခန္ဓာကိုယ်ကြီးကို ဘယ်သူများလာရောက်နှိပ်စက်ကြမည်လဲ၊ ငါပိုင်တဲ့ခန္ဓာကိုယ်ဟု ဒိဋ္ဌိမပြုတ်သည့်အတွက် ဤအတွေးများက ငါ့ကိုယ်ကို နှိပ်စက်ကြကုန်သည်။

ကျနော် ကုတင်ပေါ်၌ ပက်လက်လှန်ပြီး မေတ္တာသုတ် ခန္ဓာသုတ်များ ရွတ်ဖတ်သဇ္ဈာယ်ကာ၊ ထွက်သက် ဝင်သက်ကို မှတ်ခါ အနုဿတိ ကမ္မဋ္ဌာန်းတရားကို ပွားများ အိပ်စက်လိုက်ပါတော့သည်။

# [ ၃ ]

အာရုံဦး၏နေရောင်ခြည်များ ထွန်းလင်းတောက်ပနေ၏။
ကျေးငှက်တို့လည်း အိပ်တန်းမှနိုး၍ မြူးထူးကုန်၏။
ကျနော်လည်း အိပ်ယာမှနိုးခဲ့၏။

မျက်နှာသစ်၊သွားတိုက်၊ ခန္ဓာရုပ်မှ ယိုစီးထွက်လာသော အညစ်အကြေးများအပေါင်းကို စွန့်လွှတ် သုတ်သင်ပြီးနောက် ကျောင်းအပေါ်ထပ်သို့ တက်ခဲ့သည်။

ဘုရားဝတ်ပြု၊မေတ္တာပို့၊ အမျှဝေ၊ ပုတီးစိပ် နေ့စဉ်နံနက်တိုင်း ပြုလုပ်နေကြ နိစ္စပတ်ကို မပြတ်အားထုတ်လိုက်ပါသည်။ ဤသို့ပြုလုပ်ပြီးနောက် ကျောင်းပေါ်၌စင်္ကြန်လျှောက်မည်အပြု လှေခါးမှတက်လာသော သူတဦးကို တွေ့လိုက်ရပါသည်။ ၎င်းတက်လာသူမှာ အခြားမဟုတ်ပေ၊ကျနော်နှင့် ရထားပေါ်တွင် တရားဓမ္မစကားများကို ပြောဆိုခဲ့သည့်သူပင် ဖြစ်ပါသည်။

သူ၏လက်တဖက်က လဘက်ရည်ချိုင့်နှင့် အခြားတဖက်တွင် ဖက်ရွက်ဖြင့်ထုပ်ထားသော အထုပ်တထုပ်။

"ဆရာနဲ့တွေ့ပါမလားလို့ဗျာ.... ခုတော့အဆင်သင့်ပဲ၊ ဦးပဥ္စင်းကိုလဲ ကောက်ညှင်းပေါင်းနဲ့ လဘက်ရေကပ်ပြီး ဆရာ့အတွက်ပါ....ကျုပ်မြို့ထဲကဝယ်ခဲ့တယ်"

ဤသို့ ရောက်ရောက်ချင်း အလှူဒါနပြုမည့်ဝတ္ထုပစ္စည်းများကို ပြောကြားပါသည်။

ကျနော်သည် ကြိတ်၍ ကျေးဇူးတင်မိသည်။အကြောင်းမှု ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့် ကျွေးမွေးမဲ့သူလည်း အဆင်သင့်ဖြစ်ပါပြီ။

အလှူရှင်၏ဒါနမြောက်စေရန် ဦးပဥ္စင်းကို ပထမကပ်လိုက်ပြီး နောက် ကျနော့အနေဖြင့် ဒုတိယဆက်လက် ကောက်ညှင်းပေါင်း လဘက်ရည် ကို သောက်လိုက်ပါသည်။

ဤသို့စားသောက်ပြီးနောက် သူလိုလားသော သိချင်ကျင့်ချင်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားအကြောင်းကို ပြောပြရန် အဆိုပြုပါတော့သည်။

ကျနော့အား ရထားပေါ်၌"မောင်ရင်လေး" ဟူသော အသုံးအနှုန်းအစား"ဆရာ" ဟူသော အခေါ်အဝေါ် ပြောင်းသွားပါတော့သည်။

"ဆရာ....ကျုပ်ကိုသင်ပြရင် အစမှစပြီး ဘုရားရှိခိုးနည်းနဲ့ ပုတီးစိပ်ပုံ၊အဓိဋ္ဌာန်ဝင်ပုံပါ တပါတည်း ပြောပြမှ ကျုပ်နားလည်သဘောပေါက် ကျင့်လို့ရမယ်.... နောက်မို့ဆို....ကြားဖြတ်ပြောရင်တော့ ကျုပ် ဝေ့လည်ကြောင်ပတ် ဖြစ်သွားမှာ

သေချာတယ်ဆရာ”

သူ၏ပကတိ ဖြူစင်သော သဘောရိုးအတိုင်း ဖွင့်ဟ ပြောဆိုပါတော့သည်။

ကျနော်သည် ပြုလုပ်ရမည့် လိုက်နာရမည့် အချက်အလက်များကို အောက်ပါအတိုင်း ရေးမှတ်စေပါသည်။

“ဘုရာပင့်”

အစိန္တေယျ၊ အစိန္တေယျ၊အပ္ပမေယျ၊ အပ္ပမေယျ၊ နေန္တဇေဋ္ဌ၊သေဋ္ဌ၊အတုမရှိ၊အတိုင်းမသိသော၊ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့၏ တည်ရာစုဝေးရာဖြစ်တော်မူပါပေသော မြတ်စွာဘုရား....

၁။ ။ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ပါရမီတော်တွေအနန္တ၊ စကြာဝဠာကမ္ဘာမြေမိုးယံ၊ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော၊အရှင်ဝိပဿိမြတ်စွာဘုရားကိုယ်တော်၊

၂။ ။ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာ၊ ကမ္ဘာမြေခိုးယံ၊ ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်တွေ အနန္တတို့နှင့် ပြည့်စုံတော်ပါပေသော အရှင်သိခိမြတ်စွာဘုရားကိုယ်တော်၊

၃။ ။ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုဃ်း ဖျန်းဖျန်း ကျိုးမျှ၊ တန်ခိုးတော်တွေ အနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော အရှင် ဝေဿဘူမြတ်စွာဘုရားကိုယ်တော်၊

၄။ ။ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုဃ်း၊ ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော အရှင်ကကုသံမြတ်စွာဘုရားကိုယ်တော်၊

၅။ ။ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုဃ်း ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော် မူပါပေသော၊ အရှင်ကောဏာဂုံ မြတ်စွာဘုရားကိုယ်တော်၊

၆။ ။ဘုန်းတော်တွေအနန္တ၊ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ပါရမီတော်တွေအန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုဃ်း ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော အရှင်ကဿပမြတ်စွာဘုရားကိုယ်တော်၊

၇။ ။ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဥာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုယ်း ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော၊ အရှင်ဂေါတမမြတ်စွာသုရားကိုယ်တော်။

ဤခုနှစ်ဆူကုန်သော မြတ်စွာဘုရား၊ အရှင်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ ဦးခေါင်းထက်၌၊ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ.... ကြွရောက်၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဤခုနှစ်ဆူကုန်သော မြတ်စွာဘုရား အရှင်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ ဝဲယာနှစ်ဘက် ပုခုံးထက်၌၊ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဤခုနှစ်ဆူကုန်သော မြတ်စွာဘုရား အရှင် မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ အဆုပ်၊ အသဲ၊နှလုံးထဲ၌ ပလ္လင်တော်ပြု၍အမြဲကိန်းဝပ်အရှည် တည်နေ ကြွရောက်တော်မူကြပါစေကုန်သတည်း။

ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဥာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုယ်း ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်တွေအနန္တနှင့် ပြည့်စုံတော်မူပါပေသော၊ဂင်္ဂါဝါဠုသဲစုမက၊ သိီးကြပွင့်ကြ အလုံးစုံသောဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ကိုယ်

ခန္ဓာကို ပလ္လင်တော်ပြု၍အမြဲကိန်းဝပ်အရှည်၊တည်နေကြွရောက်၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာကမ္ဘာမြေမိုးယံ ဖျန်းဖျန်းကျိုးမျှ၊တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော၊နိဗ္ဗာန်ဘုံ၌၊စံနေတော်မူကြကုန်ပြီးသော အဆူဆူသော ဓမ္မဓိဋ္ဌာန် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ်အရှည် တည်နေကြွရောက် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဘုန်းတော်တွေအနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြာဝဠာကမ္ဘာမြေမိုးယံ ဖျန်းဖျန်းကျိုးမျှ၊ တန်ခိုးတော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော ကမ္ဘာပေါင်းအသင်္ချေ ကမ္ဘာပေါင်း အနန္တဘိုဏ်ပွင့် ကြသီးကြွအလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ကိုယ်ခန္ဓာ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ်အရှည်၊ တည်နေကြွရောက် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

## ရောင်ခြည်တော်ဖွင့် ဘုရားပင့်

ဝိရုတ္တမော၊ ကမ္ဘာပေါ်တွင် ထင်ရှားရှိသမျှ၊ တောင်တကာ့ထွဋ်မှူး၊ တောင်ဦး တောင်မြတ် ကြီးလည်း ဖြစ်ပေထသော။

စတုက္ကရံသံ နိက္ခန္တ ပေရှရာဇာ၊ ရွှေငွေ၊ မြမောလ်၊ လေးဘန်ရောင်ခြည် ထွက်လည်ကွန့်မြူး တင့်ထူးသျှံပြိုင်၊ မဏ္ဍိုင်ချက်ဘော့၊နေစက်လစက်၊နက္ခတ်တာရာကြယ်တကာတို့၊ဝဲယာပတ်ဝိုက်ဦးခိုက်ကြရာ၊ မဟာမြင့်မိုရ်တောင်မင်းကြီးသည်သကာတာယဝါဝင်းရောင်၊ဖြူဝင်းရောင်၊စိမ်းလဲ့ဝင်းရောင်၊ဖာလ်မှန်ရောင်တည်းဟူသော မိမိတို့အရောင်အဝါဖြင့်။

သမန္တတော၊နှစ်ထောင်ကျွန်းငယ် လေးသွယ်ကျွန်းကြီး၊ သီးသီးမြွာမြွာ အဏ္ဏဝါလေးသွယ်၊မြစ်ငယ်ငါးရာ၊ငါးဖြာမြစ်မ၊ ရှိသမျှအကုန် လုံးစုံရပ်တည် ပတ်ပတ်လည်၌၊ သောတတိဂ္ဂဝါ၊ လေးကျွန်းလုံးအလယ် လွန်တင့်တယ်ဘိသကဲ့သို့။

တထာစ၊ထိုမြင့်မိုရ်တောင်ကြီးပုံနည်းစံယူအလားတူသည်သာလျှင်၊ ဗုဒ္ဓ၊ သစ္စာလေးအင် လက်တွင်ပတ္တမြား၊ တင်ထားပမာဏ ဆုံးမသွန်သင် နှိုင်းယှဉ်တုမရှိ ဓိပတိထွဋ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဩဘာသယံ ဩဘာသယန္တော၊ ခြောက်သွယ်ရောင်ခြည်ထွက်လည်ကွန့်မြူး တင့်ထူးနေ့ည ရွှန်းပစိုစို....ထိုထိုကာလ၊ခါသမယ၌။ဆဗ္ဗဏ၊ကြာညိုရောင်၊မဲညိုရောင်၊ ပုလဲညိုရောင်၊ မြစိမ်းညိုရောင်အဆင်းကဲ့သို့ ညိုဝင်းသော ရောင်ခြည်တော်။

နေမင်းအရောင်၊ ရွှေဆင်းအရောင်၊ ပယင်းအဝါရောင်၊ သလင်းရောင်၊ ဖဲအဝါရောင်၊ ပတ္တမြားအဝါရောင်၊ အဆင်းကဲ့သို့ ဝါဝင်းသောရောင်ခြည်၊တိမ်နီရောင်၊စိန်နီရောင်၊သန္တာအနီရောင် ကြာနီရောင်၊ကမ္ဗလာအနီရောင်၊ပတ္တမြားအနီရောင်၊အဆင်းကဲ့သို့ နီဝင်းသောရောင်ခြည်တော်၊ ဘော်သာဥဒါရောင်၊ သော်ဘာလ

ရောင်၊ မဂန်းအဖြူရောင်၊ ဂွမ်းအဖြူရောင်၊ ခတ္တာအဖြူရောင်၊ ထပ်ဘရာအဖြူရောင်၊ ချယားအဖြူရောင်၊ စကားအဖြူရောင် စပ္ပါယ်အဖြူရောင်၊ကြယ်အဖြူရောင်၊ရတီစိန်အဖြူရောင်၊ဝဇီရိန် အဖြူတော်၊ ပွတ်သစ်စစ္စခရသင်းအရောင်ကဲ့သို့၊ ဖြူဝင်းသော ရောင်ခြည်တော်၊မည်းရောင်၊နီရောင်၊ညိုရောင်၊ထည့်လောင်းကူး ယှက်ပေါင်းသဖြင့်၊ မှည့်မှောင်မှိုင်းအုံ့ ရီမှုန်သောအဆင်းရှိသော မဥ္စိဋ္ဌရောင်ခြည်တော်၊ မင်းလွှင်မြူးခုံ–ဘာဆုန်မာသခါသမယ၌၊ မိုးညိုဝပြင်ကြယ် ကောင်းကင်လယ်က၊ လျှပ်ပန်းနွယ်ယှက်ကူး၊ ပိုးစုန်စုံကြူးသဏ္ဍာန်၊ မီးပန်းတွေပျံ့သလို၊ အလျှံတလက်လက်–တက်တဲ့ခြည်၊ သက်တဲ့ခြည်၊ ဝဲတဲ့ခြည်၊ ပျံတဲ့ခြည်၊ ထိုမှဤမှလူး လာ၊ ပြိုးပြက်၊ တခဲနက်သော၊–ခြောက်သွယ်သော ရောင်ခြည် တော်ဖြင့်၊ သောတဆောမြင်သူများ ရှုမအားအောင်ကြွားကြွား၊ ဆင့်ဆင့်၊ တင့်တယ်တော်မူပေထသော၊ ဘဒ္ဒေ ရွှေဘုန်းတော် သခင် အရှင်မြတ်ကြီးဘုရား အနန္တဇာတိမာ၊ မြေအဆုံး၊ မိုးအ ဆုံး–စကြာဝဠာဆုံးအောင် အုပ်ဖုံးဖြန့်မိုးခြင်းငှာ စွမ်းနိုင်ရာ သောကြောင့်၊ မိုင်တာဂေါ်သ၊ ဂေါ်ဝုတယူဇနာ၊ သင်္ချာပမာဏ၊ ဂဏန်းချ၍ဆုံးဆမသင်၊ ရောင်ရှင်တော်အပေါင်းတို့နှင့် ပြည့်စုံ တော်မူပေထသော၊ဘဝံ၊သုံးဘုံးမကိုဋ် သုံးတိုက်မှန်ကူ၊ သယမ္ဘူ ထွဋ်ထား၊ ရှင်တော်မြတ်ဘုရားကြီးသည်၊ အဂန္တာ၊ တရားရှစ် ကွက်၊ ရွှေစက်အစုံ ကြာပဒုံကို ညွတ်ရုံဖြန့်မြန်း ကြွလှမ်းချီ တော်မူ၍၊ မေ၊ ရှင်တော်မြတ်ဘုရားကြီးကို ကိုးစားယုံကြည်အ တည်မပြဘ် ဆည်းကပ်ကိုးကွယ်သျှက်ရှိပါသော တပည့်တော်၏၊ သိရှမို၊ နှစ်ကုဋေငါးသန်းမြနန်းချီဟန်၊ ဆံပင်ပေါင်းဖွဲ့ ပြောင်း

နွဲ့ညွတ်ရုံ၊ နန်းဘုံပမာ၊ ဦးခေါင်းတည်းဟူသော နေရာတော်၌ ဌာတု၊ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့၊ ခိုင်ခိုင်မတ်မတ် ရပ်ကာနှံ့တည်နေ ကိုန်းဝပ်တော်မူလှည့်ပါ အောင်စကြာနေတာ နူန်းကဲ့သို ရွှေဘုန်းတော်သခင်မြတ်ကြီးဘုရား။

## အသက်နှင့်ခန္ဓာကိုယ်လှူဒါန်းရမည်

ဘန္တေဘဂါဝါ၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်တွေ အနန္တ အပေါင်းတို့နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား၊ အဟံ ဘုရားတပည့်တော်သည်၊ ဣမံအတ္တဘာဝံ၊ နာမရူပ-ပေါင်းထ မှည့်ဆို၊ဤခန္ဓာကိုယ် အတ္တဘောကို၊တုမှာကံကျေးဇူးတော်သခင် အရှင်မြတ်ဘုရားကြီးတို့အား၊ ယာဝဇီဝံ၊ မပြက်၊ မပြိုး၊ အသက် ရှည်သမျှကာလပတ်လုံး၊ ပရိစ္စဇာမိ၊ ယောဂီ ကမ္မဋ္ဌာန်းကြိုးပန်း အားထုတ်သောအခါ၊ဘေးရန်လှင့်စင်-နိမိတ်ထင်လျက်၊မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်ရောက်လွယ်စေခြင်း အကျိုးငှါ၊ အသက်ကိုပါအဆုံးထားလျက်၊ စွန့်လွှတ်လှူဒါန်းအပ် နှင်းပါ၏။နမာမိ ပူဇော်ပါ၏၊ ကန်တော့ပါ၏-အရှင်ဘုရား။

ဓမ္မဥ္စ—မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ္တိဟုဆို အပ်သော၊ ဆယ်ပါးသော တရားတော်မြတ်အပေါင်းကိုရင်း၊ သံဃဥ္စ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ပလဋ္ဌာန် လေးယောက်ဆိုအပ် သော၊ ရှစ်ယောက်သော အရိယာ ပရမတ္တ သံဃာတော်အရှင် မြတ်အပေါင်းတို့ကိုရင်း၊ အာဝရိယာနဥ္စ၊ ဆရာတော် သခင် ကျေးဇူးရှင်ကြီးများ အပေါင်းတို့ကိုရင်း၊ အဟံ ဘုရားတပည့် တော်သည် ဣမံအတ္တဘာဝံ၊ နာမရူပအပေါင်းထမှည့်ဆို၊ ဤ

ခန္ဓာကိုယ် အတ္တဘောကို၊ တုမှာကံ၊ ကျေးဇူးတော်သခင် အရှင်မြတ်ဘုရားကြီးတို့အား၊ ယာဝဇီဝံ၊ မပြက်မပြုံးအသက်ရှည်သမျှ ကာလပတ်လုံး၊ ပရိစ္စဇာမိ၊ ယောဂီကမ္မဋ္ဌာန်း ကြိုးပန်းအားထုတ်သောအခါ၊ ဘေးရန်လှင့်စင်၊ နိမိတ်ထင်လျက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်-မြတ်နိဗ္ဗာန်ကို၊ လျင်မြန်စွာရလွယ်ရောက်လွယ် ကောင်းအကျိုးငှါ၊အသက်ကိုအဆုံးထားလျက်၊စွန့်လွှတ်လှူဒါန်းအပ်နှင်းပါ၏။ နမာမိ ပူဇော်ပါ၏။ ကန်တော့ပါ၏။ အရှင်ဘုရား။

## ဘဝများစွာ သံသရာက ပြစ်မှားခဲ့သော အပြစ်များ ကန်တော့ရန်

ဩကာသ ဩကာသ၊ အစိန္တေယျ၊အစိန္တေယျ အပ္ပမေယျ-အပ္ပရိမာဏ၊ အနန္တ မကြုံစည်အပ် မနှိုင်းယှဉ်အပ်၊အတိုင်းမသိအဆုံးမရှိသော ပါရမီတော် ဘုန်းတော်တန်ခိုးတော်၊ ဉာဏ်တော် ဂုဏ်ကျေးဇူးတော်ဘို့၏ တည်ရာစုဝေးရာ ဖြစ်တော်မူပါပေသော၊ ဂင်္ဂါဝါလု သဲစုမက ပွင့်ကြသီးသီး အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး အပေါင်းတို့ကိုရင်း၊ နိဗ္ဗာန်ဘုံ၌ စံနေတော်မူကြကုန်ပြီးသော အဆူဆူသော ဓမ္မဓိဋ္ဌာန် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့ကိုရင်း၊ ကမ္ဘာအသင်္ချေ၊ ကမ္ဘာပေါင်း အနန္တတို့က ပွင့်ကြသီးသီး အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့ကိုရင်း၊

မဂ်လေးတန်၊ဖိုလ်လေးတန်နိဗ္ဗာန်ပရိယတ္တိတည်းဟူသော တရားရတနာ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော၊ ရှစ်ယောက်သောအရိယာ ပရမတ္တသံဃာတော်။

ကလျာဏပုထုဇဉ်၊ ဂုဏဝန် သီလဝန်ဖြစ်တော်မူသော သမုတိ သံဃာတော်နှစ်ဖော်ထင်စွာမြတ်သံဃာနှင့် မြင့်မိုရ်မေယု နှိုင်းတု မရဂုဏ်ပေါင်းစသည့်၊ ဘဝပေါင်းအနန္တ ဘဝပေါင်းအသင်္ချေ ကစ၍ ယခုဘဝတိုင်အောင်၊ တော်စပ်ခဲ့သမျှသော မိခင်ဖခင် ကျေးဇူးရှင်ကြီးများ အပေါင်းတို့အားရင်း၊

ကမ္ဘာပေါင်းအနန္တ၊ ကမ္ဘာပေါင်း အသင်္ချေကစ၍၊ ယနေ့တိုင်အောင် သင်ကြားပြသ ဆိုဆုံးမတော်မူကြကုန်သော ဆရာတော်သခင်ကျေးဇူးရှင်ကြီးများအပေါင်းတို့ကိုရင်း၊ ကမ္ဘာပေါ်တွင်ရှိ ရှိသမျှသော သူတော်ကောင်း၊ သူမြတ်လောင်း အပေါင်းတို့ကိုရင်း၊ ဘုရားတပည့်တော်သည် ဘဝများစွာ သံသရာက မသိမလိမ္မာ၍အဝိဇ္ဇာမှောင်တုန်း မောဟပိတ်ဖုံး၍ ကာယကံ ဝစီကံ၊ မနောကံတို့ဖြင့် လွန်ကျူးပြစ်မှားခဲ့သည်ရှိသော်၊ ထိုအပြစ်တို့ကို ပယ်ရှားပျောက်လွင့်စေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင်၊ ကာယ ဝစီ မနောကျလျက် သုံးလီစေတနာ၊ သုံးဖြာဒွါရ ပဏာမတို့ဖြင့်၊ ကြည်စွာသဒ္ဓါ၊ ရှိခိုးပါ၏။ မြတ်နိုးပါ၏။ ကန်တော့ပါ၏။ အရှင်ဘုရား။

**(အပြစ်များရှိခဲ့လျှင်ခွင့်လွှတ်သနားတော်မူကြပါဘုရား)**

မဂ်အန္တရာယ်မှ ကင်းလွတ်အောင် ကန်တော့ရပါသည်။

## ၃၁-ဘုံရှိရှိသမျှ နတ်များအပေါင်းတို့အား ဘိတ်ကြားရန်

ကိုယ်စောင့်နတ်နှင့်တကွ ကျောင်းစောင့်နတ်၊အိမ်စောင့်နတ်၊အရံစောင့်နတ်၊ ရွာစောင့်နတ်၊ နယ်စောင့်နတ်၊ပယ်စောင့်နတ်၊မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ဘုမ္မစိုးနတ်၊ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ကမ္ဘာစောင့်နတ်၊သာသနာတော်စောင့်နတ်၊ စတုလောကပါလနတ်၊ နေနတ်သား၊ လနတ်သား၊မိုးနတ်သား၊လေနတ်သား၊ သိကြားမင်းကြီးနှင့်ဓတရဋ္ဌ၊ ဝိရူဠှက၊ဝိရူပက္ခ၊ကုဝေရ၊မာတလိ၊ဝိသကြုံအစရှိသောအလောင်းတော်နတ်မင်းကြီးများအပေါင်းတို့ကြွရောက်တော်မူကြပါ။

အထက်ဘဝဂ် အောက်အဝီစိဖိလာထုတ်ခြင်းအကြွင်းမရှိသောအားဖြင့် နှစ်သိန်းလေးသောင်း အထုရှိသော ဝသုန္ဒြေမြေ စောင့်နတ်မင်းကြီးနှင့်တကွ အနန္တစကြာဝဠာအတွင်း၌ ရှိရှိသမျှသောနတ်မင်း ဝိဇ္ဇာမင်းအပေါင်းတို့ ကြွရောက်တော်မူကြပါ။

အရှေ့နေထွက် အနောက်နေဝင် မြောက် ဓူဝံကြယ် တောင်တံငါကွန်က ပြန့်လှိုင်းကျယ်ဝန်း နယ်အတွင်းကနတ်မင်း၊ ဝိဇ္ဇာမင်းအပေါင်းတို့ကြွရောက်တော်မူကြပါ။

ဘဝပေါင်းအနန္တ ဘဝပေါင်းအသင်္ချေတို့က တော်စပ်ခဲ့သမျှသော အမိဟောင်းအဖဟောင်းဖြစ်ကြကုန်သော နတ်သား နတ်သမီးအပေါင်းတို့ ကြွရောက်တော်မူကြပါကုန်လော့။

ကျွန်ုပ်နှင့်အတူတကွဓမ္မမိဋ္ဌာန်ဘုရားစစ်ဘုရားမှန်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကိုအကျွန်ုပ်နှင့်အတူတကွကြည်ညိုရန် အကျွန်ုပ်နှင့်တကွ ဖူးမျှော်ကန်တော့ရန်ကြွရောက်တော်မူကြပါ။

အကျွန်ုပ်နှင့်အတူတကွမြတ်စွာဘုရား၏ ပရိတ်တော်ဂုဏ်တော် ကျေးဇူးတော်မြတ်ကို ကြည်ညိုရန် ကြွရောက်တော် မူကြပါကုန် လော့။

ဆီမီးဖယောင်းတိုင်၊ပန်း၊ရေချမ်းတို့ဖြင့်ဓမ္မဓိဋ္ဌာန်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား လှူဒါန်းပူဇော်ဆက်ကပ်ရန် ကြွရောက် တော်မူကြပါကုန်လော့။

အမှာ။ ။သည်ကဲ့သို့ နတ်များကိုပင့်ဖိတ်၍ ဘုရားစစ် ဘုရားမှန်ကိုယ်တော်မြတ်ကြီးကို မနောဓာတ်ဖြင့် ကြည်ညိုပါ၊ ဘဝဟောင်းက အမိအဖနတ်သားနတ်သမီးမှစ၍ နတ်အပေါင်း တို့ကိုပင့်ဖိတ်၍ ဗောဓိပင်ကြီးအောက်ရွှေပလ္လင်ကြီး၏အနီးအနား မှာချဉ်းကပ်ပြီး ပဆစ်တုပ် လက်အုပ်ချီပြီးလျှင် မျက်စိမှိတ်လျက် မိမိလှူဒါန်းလိုသော ဝတ္ထုပစ္စည်းတွေကိုစိတ်ကူးပြီး ရွှေဖယောင်း တိုင်ကြီးတွေ ငွေဖယောင်းတိုင်ကြီးတွေ ရွှေပန်းစိုက်ကြီးတွေ ငွေ ပန်းစိုက်ကြီးတွေ ရွှေပန်းခိုင်ငွေပန်းခိုင်ကြီးတွေ ဆန်းဆန်းကျယ် ကျယ်စိုက်ပြီး လက်နှင့်ကိုင်ပြီး လှူနေသည့်အလား စိတ်ဖြင့်လှူ ဒါန်းပူဇော်ပါလေ။

မိမိကိုယ်တိုင်လည်းသင်္ကန်းဝတ်နှင့် ရဟန်းအသွင်ထားပြီး ရွှေရပ်ဝန်းကြီးမှာရတနာတွေစီခြယ်ပြီးမြတ်စွာဘုရားကိုယ်တော် မြတ်ကြီးကိုရပ်လေခပ်ပြီး အကြည်ညိုကြီးကြည်ညိုပါ။ရှေးကမြင် ဘူးသော ကျောက်ဆင်းတု၊ သစ်သားဆင်းတုများကို စိတ်မှာ မထားနှင့် ဥပါဒါန်ဖြစ်နေပြီး ဘုရားစစ်ဘုရားမှန်နှင့် အတွေ့ နှောင်းတတ်သည်။

နိဗ္ဗာန်ဘုံ၌ စံနေတော်မူကြကုန်သော နိယာဗ ဓမ္မဓိဠ္ဌာန် အစိန္တေယျ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုသာ စိတ်မှာစွဲစွဲ မြဲမြဲထားပြီးကိုးဌာနစံနေတော်မူသည်ကို အာရုံနိမိတ်ယူ၍ဘုရား ရှိခိုးဘုရားပင့်၍ကြည်ညိုကန်တော့ပါ။

## အနုဿတိဆယ်ပါး

ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ မရဏာနုဿတိ ကာယဂတာနုဿတိ အာနာပါနနုဿတိ စေတိဂ္ဂမာဒသအနု ဿတိယောနာမ။

၁။ ။ဗုဒ္ဓါနုဿတိ၊ဟူတုံသည်ကား၊ အောက်ခွင့်ရဲ၊ဝီစိ ထဲတွင် ကျော်သဲနှံ့ကြား၊ တန်ခိုးအားဖြင့် ထက် ဖျားဘဝဂ်၊ကျော်စောတက်သည်၊မရေတွက်သာ၊ ကြီးစွာဖုံးပိုင်း၊ အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ များသိစကြာဝဠာ၊အနန္တထိ၊နှံ့သိကျော်ကျော်၊ တန်ခိုးတော်ဖြင့် ထိပ်ပေါ်တင်ထား၊ မြတ်ဘုရား ကို၊ဝပ်တွားရှိသေ၊ စေ့ရေစိတ်ချုပ်၊ ကျွန်ုပ် ကြည်သာစေတနာဖြင့်ဗုဒ္ဓါနုဿတိ၊ဗုဒ္ဓါနုဿတိ ဟူ၍ အဖန်တလဲလဲ၊ အမြဲမကွာ၊လွန်များစွာဟု၊ မြတ်စွာဘုရားဂုဏ်ကျေးဇူးကို စီးဖြန်း....ဆောက် တည် အောက်မေ့ပါ၏။

၂။ ။ဓမ္မာနုဿတိဟူတ ိသည်ကား.... လွန်မျှားစွာဟု
နတ်နှင့် လူကို ရန်သူ အပေါင်း လွတ်စေ
ကြောင်းဟု ကောင်းကျိုးချမ်းသာ၊ ရောက်စိမ့်
ငှါဟု၊ ရွှေအာဏာစက်၊ နှုတ်တော်ထွက်သည့်၊
ဓမ္မက္ခန္ဓာ၊ ပေစာအပေါင်း၊ ရှစ်သောင်းလေး
ထောင်၊နိဗ္ဗာန်ဘောင်တတ်၊တရားမြတ်ကို ကြည်
ညိုမှိတ်သား၊ ဝမ်းဝယ်ထား၍ ကြိုးစားအား
ထုတ်၊ကျွန်ုပ်မြတ်နိုး၊ဦးထိပ်မိုးကာ၊ စေတနာနှင့်
ဓမ္မာနုဿတိ ဓမ္မာနုဿတိဟူ၍ အဖန်တလဲလဲ၊
အမြဲမကွာ၊ တရားတော်မြတ် ဂုဏ်ကျေးဇူးကို
စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၃။ ။သံဃာနုဿတိ၊ ဟူတ ိသည်ကား.... မဂ်ဌတည်
သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ဌတည်သော
ပုဂ္ဂိုလ်လေးယောက်၊ ရှစ်ယောက်သော အရိ
ယာသံဃာတော်မြတ်တို့ကို ထိပ်ထက်တင်ကာ၊
သာသနာကို၊ ကောင်းစွာရှက်ဆောင်၊ သိန်း
ထောင်မက၊လျှသမျှကို၊ ပညာကွေ့တွေ၊ စိုက်ကြဲ
ပေမှု၊လယ်မြေသဖွယ်၊သန့်စင်ကြယ်သား၊အလှူ
အားမှာ၊သဒ္ဓါမယုတ်၊ကျွန်ုပ်မြတ်နိုး၊ ဦးထိပ်မိုး
ကာ၊စေတနာနှင့် သံဃာနုဿတိ သံဃာနုဿတိ
ဟူ၍ အဖန်တလဲလဲ၊ အမြဲမကွာ သံဃာတော်

မြတ်တို့၏ ဂုဏ်ကျေးဇူးကို စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၄။ ။သီလနုဿတိ ဟူတုံသည်ကား.... သုံးပါးသရဏဂုံ၊ငါးစုံသီလ၊ အဋ္ဌဉပုသ်၊ ကြိုးအားထုတ်၍၊ မယုတ်စေရာ၊ ငယ်သေးစွာက၊ ဖြာဖြာဝေမြိုင်၊ ကြွက်လျှာတိုင်နှင့် မွေးကြိုင်နံ့သာ၊ ပန်းတကာထက်၊ကျော်စောတက်၍၊ ဖိုလ်၊ မဂ်ရင့်ါ၊ သီလ သာပ၊ စိတ်မှာမြဲမြဲ၊ နှလုံးစွဲ၍ ဆင့်ကဲဆင့်ကဲ၊ ဆောက်တည်ရာဆ၊ ဤသီလကို၊ နေ့ညမကွာ၊ သဒ္ဓါမယုတ်၊ကျွန်ုပ်မြတ်နိုး၊ဦးထိပ်မိုးကာ၊ စေတနာနှင့် သီလနုဿတိ၊ သီလနုဿတိဟူ၍ အဖန်တလဲလဲ အမြဲမကွာ စီးဖြန်း ဆောက်တည် အောက်မေ့ပါ၏။

၅။ ။စာဂါနုဿတိဟူတုံသည်ကား.... ရှစ်ပါး သံဃာ၊ အရိယာကို၊သဒ္ဓါရေချမ်း၊လဘက်၊ကွမ်းနှင့် စားပွဲဟင်းကောင်း၊အပေါင်းအကြော်၊ အဖျော်ပါနု စသည်သက်နိုး၊ ရဟန်းတို့မှာ၊ သုံးဆောင်ရာ၏။ လူမှာလူလျှောက် ပေးကမ်းထောက်ပင့်၊ ချီးမြှင့်မစ၊လှူသမျှကို၊ နေ့ညအောက်မေ့၊ စိတ်ပျော်မွေ့၍၊ လွေ့လွေ့ရမ်းရမ်း၊ လန်းလန်းလူလူ၊ ဖြူဖြူဆွတ်ဆွတ်၊ အာရုံညွှတ်၍၊ စိတ်မှာမှတ်

ထား အလျှုအားကို၊ ထပ်ပွားမယုတ် ကျွန်ုပ်
မြတ်နိုး ဦးထိပ်မိုးကာ စေတနာနှင့်၊ စာဂါနုဿ
တိ စာဂါ နုဿတိ ဟူ၍ အဖန် တလဲလဲ အ
မြဲမကွာစီးဖြန်းဆောက်တည်အောက်မေ့ပါ၏။

၆။ ။ဒေဝတာနုဿတိဟူတုံသည်ကား စတုမဟာရာဇ်၊
တာဝတိံသာ၊ ယာမာ၊ စသား နတ်အများတို့
လူသားစင်စစ်၊လူဖြစ်သောအခါ၊ ရတနာသုံးဦး
ဆည်းကပ်ဘူး၏၊အထူးနတ်မြေ ရောက်ပေသော
အခါ၊သူတို့ ငါတို့လျှုဒါ မကင်းသီတင်းမကွာ၊
နေခင်သောအခါလည်း နတ်ရွာနိဗ္ဗာန်၊ရောက်
သည်မှန်၏။ ကေန်မှတ်ဘိ စာနာရှိရုံ၊ကျွန်ုပ်ဂုဏ်
ကို အာရုံပြုကာ၊ စေတနာနှင့် ဒေဝတာနုဿတိ
ဒေဝတာနုဿတိဟူ၍ အဖန်တလဲလဲ အမြဲမကွာ
စီးဖြန်းဆောက်တည်အောက်မေ့ပါ၏။

၇။ ။ဥပသမာ နုဿတိဟူတုံသည်ကား ကြမ္မာချည်
နှောင် တွင်းချိုင့်လျှောင်သို့၊လူ့ဘောင်နတ်ပြည်
တလည်လည်နှင့်၊အောက်ပြည်တလွှား အခေါက်
ခေါက်သွား၍၊ ခံငြားတုံသ ဒုက္ခသဘာဝါ၊
ကံကြမ္မာကြောင့် ခန္ဓာရှည်ကြာ၊ ခံရပါ၏။ချမ်း
သာစင်စစ် အနှစ်ရှည်ကြာ၊ရန်တကာဝေး ဘေး
တကာကင်း၊ သေမင်းမလာ နိဗ္ဗုတာသို့၊ရောက်

ချင်ရာဟု လုံ့လပြုကာ၊ စေတနာနှင့် ဥပသမာ နုဿတိ၊ ဥပသမာနုဿတိဟူ၍ အဖန်တလဲလဲ အမြဲမကွာ စီးဖြန်း ဆောက်တည် အောက်မေ့ ပါ၏။

ဂ၊ ။မရဏာနုဿတိ ဟူတုံသည်ကား သုံးဆယ့်ဘဘုံ ကျင်လည်တုံသား၊ ကြိုက်ကြုံငြား၏။ မင်းဖျား ရာဇာစကြာသခင်ဖြစ်တုံချင်လည်း ရွှေစင်ကိုယ် လေး ထပ်ဆင့်ပေး၍၊ အရေးမမျှော် သေမင်း ခေါ်ကာ မလွှတ်သာခဲ့၊ လေးကျွန်းအရှင်၊ သခင်မြတ်ခေါင် ငါးမာရ်အောင်မှ မရှောင်နိုင် ကြရွှေပြည်ကြွသို့ခဲ့ရမည်တာ၊ တို့သူငါလည်း လင်မှာတခြား သားမယားက မိဘဆွေမျိုး ရွှေ့ငွေ့ဥစ္စာ၊ လယ်ယာကုန်စည် ပစ်ခဲ့သည်မှ မရဏာကင်း သေမင်းမလာ နိဗ္ဗာတာသို့ ရောက် ချင်ရာမူ၊ လုံ့လပြုကာ စေတနာနှင့် မရဏာ နုဿတိ၊ မရဏာနုဿတိဟူ၍အဖန်တလဲလဲ အမြဲ မကွာ စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၉။ ။ကာယဂတာနုဿတိ ဟူတုံသည်ကား ဤကိုယ်ခန္ဓာ များစွာပိုးပေါင်း ရှစ်ဆယ်အောင်း၍ မကောင်း နံရှာ ရေအိမ်သာသို့ လူနာနေမှတ် ဇရပ်လုပ် တိုင်း သင်းချိုင်းပမာ ဤခန္ဓာရုပ် အကောင်

ပုတ်ကို စက်ဆုပ်ရွံဘွယ် မတင့်တယ်အောင်၊ အကောင်မားမား ရူပလွှား၍ ဝတ်စားပြုပြင် တန်ဆာဆင်ရ အားမကျနှင့် ဒုက္ခငြိုငြင် ဆင်းရဲ အင်ကို တွေ့မြင်ကာမှ သတိရ၍ ချမ်းမြသာ ကြည် ရွှေပြည်သခင်နိဗ္ဗာန်ဝင်ကို ရောက်ချင်ရမှု လုံ့လပြုကာ စေတနာနှင့် ကာယဂတာနုဿတိ ကာယဂတာနုဿတိဟူ၍ အဖန်တလဲလဲ အမြဲ မကွာစီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

၁၀။ ။အာနာပါန နုဿတိဟူတုံသည်ကား ဖြစ်ပြန် ခြင်းရာ ဤခန္ဓာကား ကြာရိုးကြာပင် ရေမတင် သို၊ ကိုယ်တွင်မျှယှက် စဉ်ထွက်လူးလာ တက် လေသက်ဆင်း မကြာမြင်ခဲ့ လူချင်းတူတူ သူချင်းမျှမျှ သွားလာကြသည် ဇီဝအသက် ပြင်သို့ထွက်မှ မဝင်ရတည့် အနန္တမှန် လက်ပန် ထင်းတုံး အသုံးမကျ ရှိပြန်ကသည်း ပုတ်လှ အကောင် ဖူးဖူးရောင်၍ ဟောင်နံ့ညှီညှီ နှာ ခေါင်းချိုး၍ မအီမသာ ဤချင်းရာကား ရွံရှာ ဘွယ်စွာ ဤကိစ္စကြောင့် ချမ်းမြသာကြည် ရွှေ ပြည်ရတနာ စံပျော်ရာသို့ အို-နာမရှိ ဇာတိ ဇရာ မရဏနှင့် ပူဆာသောက မရှိကြငှာ သဒ္ဓါ ညွတ်ညွတ် ဆွတ်ဆွတ်သံဝေဂ အကျွန်ုပ် တောင်းကာ စေတနာနှင့် အာနာပါနနုဿတိ

အာနာပါန နုဿတိဟူ၍ အဖန်တလဲလဲ အမြဲ
မကွာ စီးဖြန်းဆောက်တည် အောက်မေ့ပါ၏။

"ဒါကြောင့် တန်ခိုးအလိုမရှိနဲ့ အကျိုးအလိုရှိရမည်။ အကန်းသမားဟာ ဘုရားမဖြစ် တရားမဆင်၊ အမှန်မျက်စေ့နဲ့ ကြည့်မှ ဘုရားတွေ့မယ်လို့ ဆရာတော် ဒေဝိန္ဒ၊ ဦးဥဝံသ ဆရာတော်ကြီးများက ဆုံးမဘူးခဲ့ပါတယ်....

အဓိဋ္ဌာန် (၄၉) ရက် ပုတီး(၁၀၈)ပတ်၊ သောဘဂဝါ ဣတိပိ၊ အရဟံ၊ ဂုဏ်တော်ကို စိတ်၌တည့်မတ်စွာ စွဲစွဲမြဲမြဲထား၍စိပ်ပါ၊ ဘုရားအာရုံနိမိတ်ထင်ရာ တဆူဆူမြင်အောင် အာရုံပြု၍ ဘယ်နေရာဘဲကြည့်ကြည့် ဘုရား၏ရုပ်ပွားတော် တဆူဆူဖူးမြော်နေရသည်ကို တွေ့ရပါက ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပေါက်ရောက်ကြောင်းဖြစ်လေသည်။

အဓိဋ္ဌာန်ဝင်သောရက်မှာ (၄၉) ရက်ရှိရမည်ဆိုသည်မှာ မြတ်စွာဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကိုအောင်တော်မူပြီးလျှင်၊ မည်သည့်ကိစ္စကိုမျှ မပြုလုပ်ဘဲ အဘိဓမ္မာ ဒေသနာတော်စသော တရားတော်တို့ကိုသာ ဆင်ခြင်အားထုတ်သောထုံးကိုအကြောင်းပြု၍ ယခုအခါ အဓိဋ္ဌာန်ဝင်ခြင်းကို (၄၉) ရက် ကန့်သတ်ထားခြင်းဖြစ်ပါတယ် ...

အဓိဋ္ဌာန်ဝင်သော ရက်အတွင်းမှာ လူ၏ကိစ္စဖြစ်သော စီးပွားရေး၊ နေရေး ထိုင်ရေး၊ မှိုရေး၊ ရှာရေးစသော ကိစ္စများကိုမပြုလုပ်ရပါ၊ လုံးဝစွန့်လွှတ်သောစိတ်ရှိရမယ်....

အဓိဋ္ဌာန်ဝင်သော(၄၉)ရက်အတွင်းတွင် တစုံတခုသော ကမ္မဋ္ဌာန်းအာရုံကိုမပြောင်း၊ ၎င်းကမ္မဋ္ဌာန်းကို အချိန်မည်မျှအား ထုတ်ပါသည်ဟု မပျက်မကွက်အားထုတ်ခြင်းကို ပဋိပတ်ဟုခေါ် ဆိုပါတယ်”

ကျနော်ပြောသောတရားစုကို သဘောပေါက်ထားသော ကြောင့်၊ နောက်နေ့မှစ၍ အားထုတ်သွားမည့်အကြောင်း ဝန်ခံ ပါတော့သည်။

ဤသို့ပြောပြပြီးနောက် ၊၎င်းဦးကြီးသည် ကျောင်းပေါ် မှဆင်းသွားပါတော့သည်။ ဦးကြီးကျောပြင်ကို ငေးကြည့်နေရာ မှအမှတ်မထင် လူလတ်ပိုင်းအရွယ်ရှိ၊ လူရွယ်တယောက် ကျောင်း ပေါ်သို့ရောက်လာပါသည်။

ထိုလူရွယ်သည် ဦးပဥ္စင်းအား ဝတ်ပြုပြီးနောက် ကျနော် ဘက်သို့ တငေးတမော လှမ်းကြည့်လိုက်ပါသည်။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ သည်ဟုဆိုက မမှားနိုင်။

ဤလူရွယ်နှင့်ကျနော့အား ဦးပဥ္စင်းက မိတ်ဆက်ပေးပါ သည်။

“ဟော့....မောင်တင်၊ သည်ဒကာက ရန်ကုန်ကကွ၊ ခု.... ပါရမီ အဓိဋ္ဌာန်ဝင်မလို့၊ မင်းလဲပုတီးစိပ်ချင်ရင် လိုက်သွားပေါ့”

ဦးပဥ္စင်းပြောလိုက်သောစကားကြောင့် မောင်တင်သည် အလွန်သဘောကျ ဝမ်းသာသွားသော မျက်နှာဖြင့်....

“ဆရာက ဘယ်တော့သွားမှာလည်း”

ကျနော်အားလှမ်းမေးလိုက်ပါသည်။

"ကျနော့်အနေက မနက်ဖြန်သွားဖြစ်ပါလိမ့်မယ်"

"သည်လိုဆို ကျနော်အစဥ်သင့် လုပ်ထားမယ်"

"ကောင်းပါတယ်"

●

# [ ၄ ]

နောက်တနေ့....

နှင်းမှုံပွင့်ကလေးများတဖွေးဖွေးကျနေသည့်ဆောင်းဦးပေါက်နံနက်ခင်း....

ကျနော့အား မြောက်ပြန်လေ၏ ပွေ့ဖက်ရစ်သန်းခြင်းကို ခံစားနေရင်းပင် အတူလိုက်မည့်ခရီးဖော်မို့ ကိုတင်မောင်ကို စောင့်ဆိုင်းငေးမြော်နေရလေသည်။

မကြာမီ....

ကိုတင်မောင်တယောက် ရောက်လာပါသည်။

"ဆရာအစဉ်သင့်ဖြစ်ပီလား"

"ကျနော်တော့အစဉ်သင့်ပါပဲ"

"သည်လိုဆိုသွားကြရအောင်"

ကျနော်သည် ကျောင်းပေါ်သို့တက်ပြီးနောက် ဘုရားဝတ်ပြုလိုက်ပါတော့သည်။ ထိုအချိန်မှစ၍ ကျနော်၏စိတ်ဓါတ်တွေမှာ ဟချိုးပြောင်းသွားပါသည်။ လက်ရှိဝတ်ထားသောလူဝတ်ကြောင်ကိုချွတ်ပြီး ယောဂီတို့ဝတ်ဆင်သော အညိုရောင်ကိုဝတ်လိုသောဆန္ဒ ပေါ်လာသည်။ လည်ပင်း၌လည်း ပုတီးများများ ဆွဲလိုသောဆန္ဒလည်းဖြစ်သည် ခမောက်ဆောင်း၍တောင်ပေါ်သို့တောင်ဝှေးကိုင်တက်ရန်လည်း စိတ်ဓါတ်များပြင်းပြလာသည့်အတွက်....

"ကိုတင်မောင် ကျနော့်ကိုခင်ဗျား တခုကူညီပါအုံးဗျာ"

"ဘာကူညီရမှာလဲ"

"ကျနော့်ကို ကျိုက်ထိုဈေးထဲက ခမောက်တခုရယ်၊ ဝါးတောင်ဝှေးတချောင်း ဝယ်ပေးအုံးဗျာ"

"ရနိုင်ပါတယ် ကျနော်တို့သူဘာဆင်းရင် တခါတည်းဝယ်သွားရင် ရနိုင်ပါတယ်"

"မဟုတ်သေးဘူး ကိုတင်မောင် ကျနော်ခရီးစတင်ထွက်ဘာနဲ့တပြိုင်နက် ကျနော်လုပ်လိုတဲ့ အခိဋ္ဌာန်အတိုင်း ဆောင်လိုဘယ်၊ ဒါ့ကြောင့်ခင်ဗျားပြောပြီးတော့ စောဦးကပြောတဲ့ ပစ္စည်းတွေဝယ်ပေးစမ်းပါ"

"ဟုတ်ကဲ့"

ကျနော်စေခိုင်းသည့်အတိုင်း၊ ကိုတင်မောင် ဈေးသို့ထွက်သွားပါသည်။ ကျနော်မှာလိုက်သည့်အတိုင်း ပစ္စည်းများဝယ်ခဲ့ပါသည်။

ကျနော်အခန်းတွင်းသို့ဝင်သွားသည်။ အပြင်သို့ပြန်ထွက်လာသည့်အခါ လူဝတ်ကြောင်မဟုတ်တော့ပဲ အညိုရောင်ယောဂီဖြင့်ခမောက်၊ တောင်ဝှေး၊ စိပ်ပုတီး (၁)ကုံးကို လည်ပင်းတွင်ဆွဲ၍ထားသည်ကိုတွေ့ကြရသော ဦးပဥ္စင်းနှင့်ကိုတင်မောင်တို့မှာ အငေးသားကြည့်နေကြသည်။ သူတို့စိတ်တွင် အပြောင်းအလဲမြန်လွန်းသည်နှင့် အရူးတပိုင်းအသွင်ကို မြင်ကြသဖြင့် ဤသို့ငေးမောနေကြခြင်းဖြစ်ပါသည်။

ကျနော်အရူးတပိုင်းဖြစ်သွားပြီ။

ရူးမှထူးမည်။ ရူးမှထူးမည်။

"ကိုတင်မောင် သွားမယ်"

ကျနော်ပြောလိုက်သော စကားကြောင့် ကိုတင်မောင်သည်လွယ်အိတ်ကို ပုခုံးထက်သို့တင်လိုက်ကာ ကျနော့်နောက်သို့လိုက်လာပါတော့သည်။

မွန်းတည့်ချိန်....

ကျနော်တို့နှစ်ဦး ကျိုက်ထိုဘူတာရုံသို့ ရောက်ရှိလာပါသည်။ မရှေးမနှောင်းအချိန်တွင် ရန်ကုန် မော်လမြိုင် အမြန်ရထားဆိုက်ပါတော့သည်။

ထိုရထားပေါ်တွင် ကျနော်တို့နှစ်ဦး တက်ရောက်ကြပါသည်။

"ဆရာ....ကျနော်တို့ သည်ရထားနဲ့လိုက်ရင် မရမ်းကုန်းဘူတာမှာမရပ်ဘူး"

"ရပ်သည်ဖြစ်စေ မရပ်သည်ဖြစ်စေ သည်ကိစ္စကို ခေါင်းထဲမှာစဉ်းစားမနေပါနဲ့ဗျာ၊ သွားရမဲ့ခရီးကိုသာသွားရအောင်"

"ဟုတ်ကဲ့"

ကျိုက်ထိုဘူတာမှ ရထားထွက်ခွာခဲ့လေသည်။ အချိန်က သိပ်မကြာပေ။

"ဆရာ....မရမ်းကုန်းဘူတာမှာ ရထားရပ်တယ်"

ကိုတင်မောင်သည် အချိန်အနည်းငယ် ကုန်လွန်သည့်အခါ ဤသို့ပြောလာပါသည်။

"တော်တော် အံ့ဩဘို့ကောင်းတယ်၊ ဟိုတုန်းကမရမ်းကုန်းဘူတာမှာ အမြန်ရထားမရပ်ဘူး၊ ခုတော့ဘာကြောင့်လဲမသိဘူးနော်"

ကျနော်အဖြေမပေးချေ။

"အကြောင်းတခုခုရှိလို့ပေါ့ဗျာ" ဟု ဤသို့ဖြေလိုက်ပါသည်။

ကျနော်တို့နှစ်ဦး ရထားပေါ်မှ ဆင်းခဲ့ကြလေသည်။ ကေလာသဖတောင်သို့သွားမည့်ခရီးစဉ် နှစ်ဦးလုံးမသိကြပေ။

မေးပါများစကားရဆိုသည့် ပေါက်ကျိုင်းထုံး နှလုံးမူကြရလေသည်။

ဈေးဝန်းထဲသို့ နှစ်ဦးသားဝင်မိကြသည်။ ကိုတင်မောင်သည်နှုတ်သွက်လက်သွက် သူပီပီ၊ ဈေးသည်တဦးအား သွားလိုသောခရီးစဉ်ကို မေးမြန်းနေပါသည်။

"သည်မှာ....ကေလာသဖသွားရင် ဘယ်လမ်းကသွားရမှာလဲ"

ဤသို့မေးမြန်းလိုက်သဖြင့်....

"ဟိုလှည်းလမ်း အတိုင်း သွားရတယ်၊ လမ်းပေါ်မှာရပ်

ထားတဲ့လှည်းဟာ တောင်ပေါ်သွားမလို့လား မသိဘူး၊ ရှင်တို့ ကြုံရင်လိုက်သွားပေါ့”

ဆိုင်ရှင်မိန်းမ၏ ညွှန်ကြားသည့်အတိုင်း လှည်းရှိရာသို့ ကျနော်တို့ရောက်ရှိသွားပါသည်။ လှည်းလမ်းကြောင်းပေါ်တွင် ရပ်ထားသောလှည်းမှာလည်း ကေလာသသို့သွားမည့်လှည်းဖြစ် နေ၍ ကိုတင်မောင်အလွန်အံ့ဩသွားပြန်သည်။

ရထားလည်းရပ်သည်။ လှည်းလည်းအစဉ်သင့်တွေ့သည်။ ဤအခြင်းအရာတွေကြောင့် သူသည်ရှေ့ခရီး၌ ထူးဆန်းစရာတွေ့ ရအုံးမည်ဟု စိတ်ဝယ်ထင်မှတ်နေသည်။။

ကျနော်တို့နှစ်ဦး လှည်းပေါ်တွင်ထိုင်၍ လိုက်ပါလာကြ သည်။

“ကိုတင်မောင်....ကျနော်တို့ ခုသွားတာဟာ ကောင်း သောသွားခြင်းလား၊မကောင်းသောသွားခြင်းလား”

“ကောင်းသောသွားခြင်းပါဆရာ”

“ကောင်းသောသွားခြင်းသည် ကောင်းသောလက္ခဏာ တွေ့ရမှာပေါ့ ခင်ဗျားအံ့ဩနေသလား”

ကျနော်၏စကားကြောင့် ကိုတင်မောင် အနည်းငယ် ပြုံး[illegible]ကိပါသည်။

တရွေ့ရွေ့ တလှုပ်လှုပ်ဖြင့် ခရီးသွားနေကြရပါသည်။ လမ်းကလည်းကြမ်းသည်။ ချိုင့်ဝှမ်း ကျောက်ခဲများ ထူထပ်ပေါ များသောကြောင့် ဇီးဖြူသီး စကောထဲထည့်လှုပ်သကဲ့သို့ နှစ်ဦး သားလှုပ်ရမ်းယိမ်းယိုင်နေကြသည်။

ရွာအတွင်းရှိခလေးများ လူကြီးများပင် ကျနော့အား ကြည့်၍ ရယ်မောကြလေသည်။

ကျနော်သည် အရူးတပိုင်းအသွင်၏ အနေအထားဌရှိ နေသောကြောင့်ပင်။

ကျနော်သည် ရထားပေါ်မှ ဖူးမြော်ရသော ကျောင်း ပေါ်မှ စေတီကိုသာ စိတ်အာရုံဝယ် ထင်မှတ်နေပိသည်။

အဝေးကကြည့်မိသည်။
မှုံပြာပြာ၊ညိုမှောင်အောင် ဦးမြူးကြွနေ၏။
သစ်ပင်ကြီးများ အစီအရီ ပေါက်ရောက်နေ၏။
မြစိမ်းရင့်ရောင်အဆင်းကို ဆောင်လျက်ရှိနေ၏။
မြင့်မားနေ၏။ရှုခင်းစုံမှာ သာယာလှနေ၏။

ကျနော်တို့သည် တောကိုဖေါက်၍ တောင်သို့တက်ရန် ရောက်ရှိလာသောအခါ အထူးအံ့ဩမိပြန်သည်။အထင်နှင့်အမြင် ကွာခြားလှပေသည်။ ဘဝနှင့်ရင်းနှီး အားထုတ်ရသည့်အခါ၌ အထင်နှင့်အမြင် လွဲမှားနေကြောင်း တွေ့ကြုံရတတ်ပြန်သည်။

ကျနော့ အထင်က တောင်ခြေသို့ ရောက်ပြီးပြီတောင် ပေါ်သို့တက်ရန်ဟု ထင်မှတ်မိသည်။

ခုတော့ ဤသို့မဟုတ်ပေ၊တောင်ခြေတဝိုက် ရစ်ပတ် လှည့်လည်ကာ တရွာဝင်တရွာထွက်ဖြင့် တောင်ခြေသို့ သွားနေရ ပါသည်။

သရက်သမရွာမှနေ ဝင်းကရွာသို့ ရောက်ရှိလာပါသည်။ ရွာရိုးတလျှောက် လှည်းပေါ်မှနေ အစဉ်အစိုက် ကြည့်မိသည်။

အိမ်ခြေပေါင်း တထောင်နီးပါးခန့်ရှိသည်။ ကျေးရွာ ဆေးပေး ခန်း၊ မူလတန်းကျောင်း၊ စသည်တို့လည်းရှိသည်။

ဇရင်းရွာကြီး၏ စီးပွားရေးမှာ ဥယျာဉ်စိုက်ခြင်းနှင့် စပါး ကို အဓိကလုပ်ကိုင်ကြသေသည်။

ကွမ်းသီးပင်များသည် ခြံတိုင်းအိမ်တိုင်းလိုပင် စိုက်ပျိုး ထားကြသည်။

လေအဝှေ့ဝယ် လှုပ်ရမ်းယိမ်းညွတ်နေသော ကွမ်းပင် များကို တွေ့ပါသည်။

ကျနော်တို့ကို လှည်းသမားက တောင်ခြေအထိ လိုက်ပို့ ပေးပါသည်။

"ဆရာတို့ တောင်ခြေရောက်ပြီ၊ အဲဒီတောလမ်းအတိုင်း လိုက်သွားရင် တောင်ပေါ်တက်တဲ့လမ်း တွေ့လိမ့်မယ်"

လှည်းသမား ညွှန်ပြသည့်အတိုင်း ကျနော်တို့ နှစ်ဦး သွားကြပါသည်။

ခရီးကြမ်းကို လှည်းဖြင့်နှင်ခဲ့ရသည့်အချိန်မှာ နှစ်နာရီ ကျော်မျှ ရှိ၍ တကိုယ်လုံး နာကျင်ကိုက်ခဲနေပါသည်။

ထို့ကြောင့်....

တောင်ပေါ်သို့ မတက်မီ နီးရာ အုတ်ခုံတခုပေါ်တွင် အပန်းဖြေနေကြပါသည်။

နေမင်းသည် အနောက်မိုးကုတ်စက်ဝိုင်းဆီသို့ ငုတ်လျှိုး ရန် အားပြုနေချိန်။

ကျနော်သည် ထိုင်နေရာဘက်မှ ဝန်းကျင် အရပ်သို့ ဝေ့ရမ်းကြည့်နေသော မျက်လုံးအစုံကြောင့်၊ တွေ့ထိခံစားရ

သော တောသဘာဝအလှတွေမှာမူ ကျနော်၏ ထိခိုက်ခံစား လွယ်တတ်သည့် နှလုံးသား၏ နက်ရှိုင်းဆုံးနေရာ၌ တည်ရှိသော သျှင်မဟာရဋ္ဌသာရ၏ ကဗျာကဲ့သို့ပင် ရှိနေပါသည်။

ကျနော်သည် တောင်ပေါ်သို့တက်မည့်လမ်းသို့ ခြေချမိသည်နှင့်တပြိုင်နက် စိမ့်၍အေးလာပါလည်း။ ဝန်းကျင်တခုလုံးမှာ သစ်ရိပ်သစ်ခက်တွေက အုံ့ဆိုင်းကာမိုးထားခြင်းကြောင့်ပင်။

တောင်တက်လမ်းမှာမူ၊တောလမ်းဖြစ်လင့်ကစား ပေတရာမျှ ကျောက်လှေခါးများ ခင်းထားသည်။ခင်းထားသည်မှာလည်းသေသေသပ်သပ်ရှိ၍ခရီးလမ်းကြောင်းသည်ပြေပြစ်နေပါသည်။

ကျနော် ကျိုက်ထို တိုက်တောင်ကျောင်းတွင် ရှိစဉ် တောင်ဝှေးတချောင်း ဝယ်ယူလိုသော စိတ်ဆန္ဒပေါ်ပေါက်လာရခြင်း၏ အဓိပ္ပါယ်မှာ တောင်ပေါ်သို့တက်သည့်အခါ အသုံးဝင်ပုံကို ခုမှသိရပါသည်။

ကျနော်တို့သည် တောင်ဝှေးကိုအားပြု၍ တောင်ထိပ်သို့ ရောက်ရန် အချိန်(၁)နာရီနည်းပါးနှင့် တက်ကြရပါသည်။

တောင်၏အမြင့်ကို အချိန်ဖြင့် ချိန်ဆကြည့်ပါက မြင့်မားကြောင်း သိနိုင်ပါသည်။

တောင်တက်လမ်းတွင် ကျနော်တို့နှစ်ဦးသာရှိပြီး၊ တဦးနှင့်တဦး စကားမပြောကြပဲ ရှေ့သို့သာ ချီတက်နေကြသည်။

နေရောင်အားပျော့စအချိန်သို့ ရောက်ရှိလာချေ၏။ နေရောင်ပျောက်တို့ပင် သစ်ရွက်သစ်ခက် သစ်လက်တွေကြားမှ

ယိုဖိတ်ကျဆင်းလာခြင်းမရှိတော့ပေ၊ အလင်းရောင်ပျောက်လုလု အချိန်၌ အမှောင်ထုသည် အစားထိုးနေရာယူရန် ဟန်ပြင်လာ ပါတော့သည်။

ကျနော်သည် သက်ပြင်းတချက် ရင်ထဲ၌ နေရာပေး၍ချ မိသည်အမှန်ပါ၊ ပင့်သက်လေးမှာ တိုးတိတ်လွန်း၍ ဝန်းကျင်သို့ ပျံ့လွင့်မသွားပေ၊ကျနော်၏ ခံစားချက်နှင့်အတူ ပျောက်ကွယ် သွားပါသည်။

ကျနော်တို့သည် အမှောင်ထုနှင့်အတူ တောင်ပေါ်သို့ ရောက်လာကြပါသည်။

ကျနော်တို့နှစ်ဦးသည် ကေလာသဖ တောင်ပေါ်ရှိ စေ တီတော်ကြီးကို ဖူးမြော်ရလေသည်။

ကျနော်တို့သည် ဇရပ်တဆောင်တွင် ဝင်၍ ဘုရား ဝတ်ပြုလိုက်ကြပါသည်။ တထောက်တနား အပန်းဖြေကြပါ သည်။

ကျနော်သည် အမှတ်မထင် ဇရပ်နံဘေးရှိမီးပိုဆောင်တခု ကို တွေ့လိုက်သည်။ ထိုအဆောင်ထဲ၌ မိန်းမတဦးနှင့်ကလေးငယ် နှစ်ဦးကစားနေသည်ကို တွေ့လိုက်သည်။

"ကိုတင်မောင်....ကျုပ်တို့ ညနေစာစားဘို့ကိစ္စ ဟို မီးဖို ဆောင်ကမိန်းမဆီသွားပြီး အကျိုးသင့်အကြောင်းသင့်ပြောပြ၊ ကျသင့်ငွေပေးပီး ထမင်းစားဘို့ ဆောင်ရွက်ကြရအောင်"

"ကောင်းသားပဲဆရာ"

ကျနော် အကြံပြုချက်ကို သဘောတူ၍ ထိုနေရာသို့သွား ကြပါသည်။

ည်နေစာစားရန် အစဉ်ပြေပါသည်။ တရားအားထုတ်ကြမည့်သူများဖြစ်၍ ထိုမိန့်မကာဝမ်းသာသည့် သဘောမျိုးရှိပါသည်။

"ကျမတို့ လင်မယားနှစ်ယောက်ကတော့ လာသမျှတရားအားထုတ်သူများအပေါ်မှာ စေတနာ ထားပါတယ်.... ကျမယောကျ်ားကတော့ ဘုရားမီးစက်မောင်းပါတယ်"

ဤသို့စကားပလ္လင်ခံပြီး မိတ်ဆက်ပါသည်။

"ကျနော်ကတော့(၉)တိတိရက် အဓိဋ္ဌာန်းစခန်းဝင်ဘို့ရှိပါတယ်....နံနက်စာစားဘို့ကို တာဝန်ယူစေလိုပါတယ်"

"ရနိုင်ပါတယ်"

ဤသို့တဦးနှင့်တဦး အလာပသလာပ ပြောဆိုကြပြီးနောက် ဘုရားတပတ်လှည့်လည် ကြည့်ရှုကြပါသည်။

ကျနော်တို့သည် မီးစက်မောင်းသော လင်မယားနှစ်ဦးထံမှညနေစာစားကြပါသည်။

ထမင်းကတော့ ငစိန်၊ဟင်းကမူ ပဲငပိကိုငရုပ်သီးစိမ်းဖြင့်ထောင်းထားသည်။ ဟင်းချိုတခွက်ပါသည်။ ဟင်းချိုဟုဆိုရမူ တောထဲ၌ရှိသော စားသောက်နိုင်သည့်အရွက်ကိုခူး၍ ပြုတ်ထားပါသည်။ ခရီးလမ်း ဝေးလှမ်းစွာလာခဲ့ရသောကြောင့် ထမင်း (၃)ပန်းကန်လောက် စားနိုင်ကြပါသည်။

ဤသို့ ထမင်းစားသောက်ပြီးနောက် အိပ်ဘို့ရန်အတွက်စိုင်းပြင်းကြရပြန်သည်။ ဤတောင်ကိုအုပ်ချုပ်သော ဂေါပကအဖွဲ့ရှိသည်။ ၎င်းလူကြီးများမှာ တောင်အောက်ကရွာတွင် နေထိုင်ကြပါသည်။ လောလောဆယ် တောင်ပေါ်တွင် ရသော့တ

ပါးအုပ်ချုပ်ပါသည်။ ထို့ကြောင့် ဆရာရသေ့ထံတွင် ခွင့်ပန်၍ နေထိုင်ခွင့်တောင်းပါက ရနိုင်ကြောင်းသိရပါသည်။

ကျနော်သည် ဆရာရသေ့ထံ ဤတောင်၌ အဓိဋ္ဌာန်(၉) ရက်ဝင်ရန် ခွင့်ပန်ခဲ့ပါသည်။ ဤသို့ခွင့်ပန်သည်ကို သဘောတူညီခဲ့ပါသည်။ မည်သည့်အဓိဋ္ဌာန်မျိုးဝင်မည်ကိုတော့ မလျှောက်ခဲ့ပါ။ အကြောင်းမူ သမထပါရမီအဓိဋ္ဌာန် ကျင့်ကြံသော ပုဂ္ဂိုလ်များသည် မိမိတို့ပြုလုပ်သော လုပ်ငန်းစခန်းများကို လူအများမသိစေလိုကြပေ။ အဓိဋ္ဌာန်ပြီးမြောက်သည့်အချိန်မှသာ မိမိတို့လုပ်ငန်းကို မေးမြန်းသောပုဂ္ဂိုလ်များရှိမှသာ ပြောဆိုကြလေသည်။

သည်ည....

ကျနော်တို့နှစ်ဦးသည် ဇရပ်ကြီးတဆောင်ပေါ်တွင် အိပ်ခွင့်ရကြပါသည်။ ထိုဇရပ်ကြီးပေါ်တွင် အမြိုမြိုအရပ်ရပ်မှ တရားအားထုတ်ကြသောရဟန်းပုဂ္ဂိုလ်သုံးဦးလူပုဂ္ဂိုလ်နှစ်ဦးရှိပါသည်။ ကျနော်သည် နောက်တနေ့ နံနက်ကျတော့မှ အဓိဋ္ဌာန်ဝင်မည်ဖြစ်ပါ၍ ဤညအဖို့ လွတ်လွတ်လပ်လပ် ရှိနေပါသည်။

ညသည်အမှောင်ထုက အုပ်စိုးလာပါသည်။ တရားအားထုတ်သောပုဂ္ဂိုလ်တို့သည် ဇရပ်ထဲသို့ စုရုံးလာကြပါသည်၊ အချိန်နှောင်း၍ အိပ်စက်ရန်အားပြုလာကြလေသည်၊ ကျနော်တို့နှစ်ဦးလည်းအခြားသူများကဲ့သို့ အိပ်ကြလေသည်။ မှန်အိမ်မီးရောင်သည်အမှောင်ထုအား ပြိုင်နေပါသည်။

ကျနော်၏ ခြေထောက်ကို လူတဦးလှုပ်ရမ်းလိုက်သည့်ဝေဒနာကိုခံစားရသဖြင့် လန့်နိုးသွားပါသည်။

"ဆရာ....ကျနော့ကို ပညာပေးပါ"ဟု လှုပ်ရမ်းသော သူ၏နှုတ်မှပြောလှာနေပါသည်။

ဤသို့ပြောလိုက်သော စကားကြောင့် ကျနော့နံဘေးတွင်အိပ်နေကြသောသူများ နိုးလာကြပြီး ၎င်းအားငေးစိုက်ကြည့်နေကြလေသည်။ ကျနော်သည် အိပ်နေရာမှ ထထိုင်လိုက်ပြီးနှစ်ဦးသားမျက်နှာချင်းဆိုင်တွေ့လိုက်သည့်အခါဝယ်။

"ကျုပ်ကပညာတော့ မပေးနိုင်ဘူး ကျုပ်လဲဘာပညာမှ မတတ်ဘူး။ကျုပ်မှာတော့ အကျင့်ပဲရှိတယ်။ ကျုပ်ကျင့်နေတဲ့ သမထပါရမီ အဓိဋ္ဌာန်လမ်းစဉ်ကတော့ မှန်ကန်သော သစ္စာ မှန်ကန်သောမေတ္တာနှင့် မှန်ကန်သောခန္တီ မှန်ကန်သောသီလ မှန်ကန်သော အဓိဋ္ဌာန် ကံသုံးပါးကို ထိန်းသိမ်းခြင်း စသည့် ပဋိပတ်အကျင့်ကို ကျင့်နေတာပဲ၊ ခင်ဗျားကိုကျုပ်ပေးနိုင်တာက တော့အကျင့်ပဲ"ဟုပြောလိုက်ပါသည်။

၎င်းပုဂ္ဂိုလ်မှာ ဘောင်ငူမြို့တွင်နေထိုင်ပြီး တရားကျင့်ကြံလာခဲ့သည့်သက်တမ်းမှာ ၆ လမျှရှိသေးသည်၊ ယခုကဲ့သို့ တခါ တရံတောထဲ၌အဓိဋ္ဌာန်ဝင်ကြောင်းပြောပြပါသည်၊ ကျနော်၏ ပြောပြချက်ကိုကျေနပ်သွားသည့်အတွက် ပြန်လည်၍အိပ်စက်ကြ ကုန်လေသည်။

သည်နေ့အဓိဋ္ဌာန်ပါရမီစခန်း စဘာဝင်ရောက်ပါတော့ သည်။

ညစဉ် ၉ ရက်တိုင်တိုင်ရုက္ခမူဘင်ဝင်ပါသည်။
နေ့ခင်းဘက်တွင်ဇရပ်ပေါ်၌ဘုရားအားထုတ်ပါသည်၊
လရောင်ကထိန်ထိန်သာယျှာင်ရှိပါသည်၊လရောင်ကြောင့်

ကြွယ်ကလေးများ၏အလင်းရောင်က ထိုးဖေါက်နိုင်စွမ်းမရှိပေ၊ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက် ရှိပါသည်၊ သဘာဝအလှသည် ညအဘို့ အလှန်တင့်တယ်လှပလျက်ရှိ၏။ လရောင်တန်းကလေးများသည် သစ်ပင်သစ်ခက်တွေကြားမှဖြာလျက် ယိုဖိတ်နေပါသည်

လရောင်သည်ဘည့်တည့်မှတ်မတ် အတားအဆီးမရှိသော်လည်း သစ်ပင်ကြီးငယ် သစ်ရိပ်ကြားမှာမူ လရောင်ပျောက်ကလေးများသာ မလင်းတလက်လင်းတလက်နှင့်ရှိနေ၏။

လရောင် ပက်ဖျန်းထားသော တောတောင် တွေမှာ လရောင်ရိပ်ဝယ် တုတ်တုတ်ကလေးမျှမလှုပ်မယှက် အိပ်မောကျနေသောခလေးငယ်ပမာရှိနေ၏။

ထိုအချိန်၌ ကျနော်သည် ညောင်ပင်အိုကြီးအောက်သို့ ရုက္ခမူဓုတင်ဆောက်တည်ရန်ရောက်လာပါ၏။

ဘုရားတပည့်တော်သည် ဤနေရာမှ အခြားနေရာသို့ ရွေ့လျားသွားခြင်း မပြုပါ၊ အာရုံမတက်မချင်း ဤနေရာမှ ထွက်ခွာသွားခြင်း မပြုပါ။ ဤကဲ့သို့ ရုက္ခမူ ဓုတင်ကို ၇ ရက်တိုင်တိုင် အားထုတ်ပါမည်။ မပျက်မကွက် အားထုတ်ခြင်း ပြီးမြောက် အောင်မြင်ပါက ထူးခြားသော လက္ခဏာများတွေ့မြင်ရလေအောင် ဓာတ်ကိုရရှိသော ပုဂ္ဂိုလ် ဖြစ်ပါစေသတည်း။

ဤကဲ့သို့ အားထုတ်မည့် အချိန်၌ စီးချ ဂါထာများ ရွတ်ဖတ်ခြင်း၊ စီးချခြင်းများ မပြုလုပ်ပါ၊ မြင်အပ်သော ပုဂ္ဂိုလ် မမြင်အပ်သော ပုဂ္ဂိုလ်များနှင့် တောင်စောင့်နတ်၊ တောစောင့်နတ် အပေါင်းထံ ခွင့်ပန်၍ တရားအားထုတ်ပါသည်။

ဤသို့ အားထုတ်နေခိုက် သမထ မေတ္တာ ကမ္မဋ္ဌာန်းအားလပ်တိုင်းပွားများ မေတ္တာပို့သပါသည်။

ကျွန်ုပ်သည် သက်ဝင်ယုံကြည် စုံမက်မြတ်နိုးအပ်ကုန်သောရတနာသုံးဖြာ ဘုရား၊တရား၊သံဃာမိဘဆရာ၊ဂုဏဝုဍ္ဎိ၊ဝယဝုဍ္ဎိ၊သီလ၊သမာဓိ၊ဉာဏ်ပညာရှိကြကုန်သောလူသူတော်ကောင်းနတ်သူတော်ကောင်း၊ ဗြဟ္မာသူတော်ကောင်း၊ ရသေ့သူတော်ကောင်း၊ ရဟန်းသူတော်ကောင်း၊ ကိုယ်စောင့်နတ်၊အိမ်စောင့်နတ်၊သာသနာစောင့်နတ်၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ကျန်းမာကြပါစေ။

## ပိယပုဂ္ဂိုလ်တွေကိုအာရုံပြုမေတ္တာပွားခြင်း

အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှ သတ္တဝါအနန္တတို့သည်ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ။

## မဇ္ဈိမပုဂ္ဂိုလ်တွေကို အာရုံပြုမေတ္တာပွားခြင်း

အစမထင် ဘဝအစဉ် ကမ္ဘာအဆက်ဆက်မှစ၍ ဤရက်ဤနေ့တိုင်အောင် ရန်သူရန်ဘက်ဖြစ်ဖူးကုန်ကြသော သတ္တဝါပုဂ္ဂိုလ်ဟူသမျှတို့သည် ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ကျန်းမာကြပါစေ၊မကောင်းသော အကြံအစည်ကင်းဝေးပျောက်ကြပါစေ။

## ရန်သူကိုအာရုံပြု၍မေတ္တာကုသိုလ်စိုက်ပျိုးပေါက်ပွားခြင်း

ကျွန်ုပ်သည် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းရပါလို၏၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းရပါလို၏၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းရပါလို၏။

ကျွန်ုပ်၏ကိုယ်နှုတ်နှလုံးသုံးပါးတို့ကို မပူမပင်အေးအေးမြမြ ချမ်းချမ်းသာသာ ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ကာကွယ်နိုင်ရပါလို၏။

ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ကိုယ်စိတ်နှစ်ပါးတို့၏ဆင်းရဲခြင်းတို့မှ ကင်းဝေးအေးမြ ချမ်းသာရပါလို၏။

ကျွန်ုပ်၏ ယခုရရှိပြီးသော လောကီ စည်းစိမ်ချမ်းသာ လောကုတ္တရာရေးအတွက်စည်းစိမ်ချမ်းသာအဖြာဖြာတို့ကိုမပျက်မစီးအမြဲတည်ရလိုပါ၏။

အကျွန်ုပ်၏ ကုသိုလ်အကုသိုလ်ကံသာလျှင် အခြေခံဥစ္စာရှိသည်ဖြစ်၍ကိုယ်စိတ်နှစ်ဖြာချမ်းသာရပါလို၏။

## မိမိကိုယ်ကို အာရုံပြုမေတ္တာပို့ခြင်း

ဤကဲ့သို့ (သမထ)မေတ္တာပွားများနေချိန်၌ ဖြူ, နီ, ညို, ပြာစသည့်အာရုံဆဲ၌ပေါ်လွင်နေသောအရောင်စုံတို့သည်တဖြေးဖြေးပပျောက်ကုန်ကာ အဖြူရောင်တခုတည်းသာအာရုံတွင်ထင်ပေါ်လာပါတော့သည်။

ထိုအချိန်ဝယ် ကျနော်၏စိတ်တွေမှာ ဝိတက် ဝိစာရကင်းသွားလေပြီ။

ဤသို့နေ့စဉ်အားထုတ်နေချိန်တွင်ညစဉ်လိုလိုပင်ထူးဆန်းအံ့သြဘွယ်ရာများကို မြင်တွေ့ရပါသည်။ ထို့ကြောင့်အားထုတ်မည့်ပုဂ္ဂိုလ်သည် ကျနော်အားထုတ်သည့်နည်းအတိုင်း အားထုတ်ပါကမည်သည့်အကြောင်းချက်များ တွေ့တတ်သည်ကို သဘောပေါက်နိုင်ပါသည်။

နောက်ဆုံးနေ့ အားထုတ် ပြီးနောက် ဇရပ်ပေါ်တွင် ထိုင်၍ ပုတီးစိပ်နေရာ အရှုးအသွင်ကဲ့သို့ ယောကျ်ားတယောက် ခေါင်းတွင် အောင်သပြေပန်းများထိုးခါ ဟစ်အော်ကျိန်းမောင်းလျက် ဇရပ်ပေါ်သို့ ရောက်လာသည်။

"ဟေး.... " ဟု အသံကျယ်စွာ အော်သောကြောင့် ကျနော်သည် အသံလာရာဘက်သို့ လှမ်းကြည့်မိသည်။

"ငါ့ကို မင်္ဂလာဆောင်းလာတဲ့ ခမောက်ပေး၊ ငါမင်းကို အောင်သပြေပေးမယ်"

ထိုသူရူး၏ စကားကို ကြားသဖြင့် ကျနော်သည် ဇရပ်ဘနေရာ၌ချိတ်ဆွဲထားသောခမောက်ကိုလှမ်းယူပေးလိုက်ပါသည်။ ထိုသူရူးမှလည်း သူ၏ ခေါင်း၌ ပန်ထားသော အောင်သပြေကို ဖြုတ်၍ကျနော့အား ပေးပါသည်။

ဤသို့ပြုလုပ်ပြီးနောက် သူရူးသည် ဇရပ်ပေါ်မှဆင်းသွားပါတော့သည်။ ကျနော်လည်း အောင်သပြေခက်ကို ကိုင်ရင်း သူရူးသွားရာ လမ်းကြောင်းကို ငေးငိုင်စွာကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ကျနော်၏ အဓိဋ္ဌာန်ပြီးဆုံးသွား၍ ဆရာ ဦးရသေ့အားကန်တော့ပြီး၊ ကျိုက်ထိုတိုက်ဘောင်ကျောင်းသို့ ပြန်ကြပါသည်။

ကျွတော်တို့နှစ်ဦးသည် ခြေလျင်ခရီးဖြင့် လယ်ကွင်း၊ ရွာကြီး ရွာငယ်၊ ချောင်း အသွယ်သွယ်တို့ဖြတ်၍ ကေလာသဖမှ နေ နာရီဝက်ကျော်အချိန်ကုန်ခံခြင်းဖြင့် ရောက်လာကြပါသည်။

မှတ်ချက်။ ။အမိဋ္ဌာန်ပြုထားသည့်အတိုင်း ထူးခြားမှုဖြစ်ပေါ်မှသာ မိမိ အဓိဋ္ဌာန် အောင်မြင်ကြောင်း မှတ်ယူရမည်။

# [ ၇ ]

ကျနော်သည် တိုက်တောင်ကျောင်းတွင် ခေတ္တတည်းခိုနေပါသည်။ ကိုတင်မောင်သည် အိမ်သို့ ပြန်သွားခဲ့ပြီးနောက် ညနေပိုင်းတွင် ကျောင်းသို့ ပြန်ရောက်လာပါသည်။ သူသည် ကျောင်းပေါ်သို့ ရောက်လာပြီး၊ ကျနော်နှင့် ဦးပဉ္ဇင်းတို့ ထိုင်နေသော ခြေရင်းမှ ဤသို့မေးခွန်း ထုတ်လိုက်ပါသည်။

"ဆရာ.... ကျနော် မသိတဲ့ မေးခွန်းတခု မေးပါရစေ"

"ရနိုင်ပါတယ်၊ ဘာမေးခွန်းလဲ ကိုတင်မောင်"

"အခြားတော့ မဟုတ်ပါဘူး၊ ကျနော်တို့တောင်ပေါ်က ဆင်းပြီး သရက်သမန္တာအထွက်၊ လယ်ကွင်းပြင်ကို ဖြတ်ကျော်လျှောက်ကာ၊ သိမ်ကူး၊ ကျိုက်ပိ၊ ထွက်လလိပ်ရွာစဉ်တွေ ဖြတ်လျှောက်ခဲ့ကြတယ် မဟုတ်လား"

“ဟုတ်ပါတယ်၊ ဒါ ဘာဖြစ်သလဲ ကိုတင်မောင်”

ကျနော်၏ ငုံးတိတိအဖြေကြောင့် ရှေ့မေးရန်သင့်မသင့် ဆိုသော အချက်ပင် ဖြစ်သည်။ ထိုအချင်းအရာကို သိရသော ကျနော်မှာ သူ၏ မေးခွန်းကို အဟန့်အတား ဖြစ်သွားမိသည့် သဘောကြောင့် ဤသို့ ပြန်လည်ပြောလိုက်ပါသည်။

“ကိုတင်မောင်.... ခင်ဗျားသိချင်တာရှိရင် အားမနာနဲ့ နော်.... မေးနိုင်ပါတယ်”

ကျနော့် စကားကြောင့်....

“သည်လိုပါ ဆရာရယ်၊ အဲဒီရွာကထွက်လိုက်သည့် အချိန်က ဆရာ လမ်းလျှောက်နေပုံကို ကျနော်နောက်မှကြည့်ပြီး အကဲခပ်လိုက်ပါတယ်”

ကျနော့်မှာတော့ မောပြီး ဆရာ့နောက်ကနေ အတော် ကလေးလိုက်ခဲ့ရပါတယ်၊ ဆရာရဲ့လျှောက်တဲ့ နှုန်းဟာ မှန်မှန်ပဲ့၊ နှေးသွားချင်းလဲ မရှိဘူး၊ မောသွားချင်းလဲမရှိဘူး ကျောင်း ရောက်သည့်အထိပဲ လျှောက်တဲ့နှုန်းကတော့ ပုံမှန်ကိုတွေ့ရလို့၊ အဲ့သည်လို လျှောက်နိုင်တာဟာ ဆရာမှာ ဆေးကောင်းစား ထားလို့ လျှောက်နိုင်တယ်လို့ ကျနော်ထင်လို့....ဆရာ့မှာ ဆေး ကောင်းလေးရှိရင် ကျနော့်ကို စွန့်ကြပါလား”

သူ၏ ရိုးသားဖြူစင်သော သဘောအတိုင်း ပြောလာ ပါသည်။

“ကိုတင်မောင်.... ကျနော်တို့သမထ တရားကျင့်ကြံသော ပုဂ္ဂိုလ်တွေမှာ ဆေးကောင်းဝါးကောင်း လိုက်စားကြတဲ့ ပုဂ္ဂိုလ်

တွေရှိခဲ့ဘူးပါတယ်၊ ဒါပေမဲ့ ကျင့်စဉ်မှာ အတတ်ပညာထက် အကျင့်ပိုင်းကို ပိုမိုအားထားကြရတယ်။

ကျနော့် အနေက အတတ်ပညာထက် အကျင့်ပိုင်းကို အလေးပေး ကျင့်ထားပါတယ်၊ ကျနော် ရှာလမ်းကထွက်ပြီး ကွင်းပြင်ကို ခြေချမိသည့် တပြိုင်နက် မိမိရဲ့ရုပ်ကြီးကို စိတ်က နေ အမိန့်ပေးလိုက်ပါတယ်၊ မိမိရုပ်ကြီးသည် ကျိုက်ထီးတိုက် တောင်ကျောင်း ရောက်သည်အထိ မရပ်မနားပဲ အရောက်သွား နိုင်ပါစေ၊ ဤသို့ အမိန့်ပေးပြီး စိတ်ကိုရုပ်မှ ခွာလိုက်ပြီးနောက် အာကာသပြင်၏ တနေရာဆီသို့ ကသိုင်း ပရိုက်ပြုလိုက်ပါတယ်။

ဤသို့ ပရိုက်ပြုလိုက်သည်နှင့် တပြိုင်နက် ဂေါ်လီလုံးခန့် ရှိ အဖြူဝိုင်းတခုဟာ ကောင်းကင်တနေရာဝယ် လှုပ်ရှားပြေး လွှားနေပါတယ်၊ထိုနိမိတ်ကို တနေ့ထဲ တည့်မတ်နေရန်အတွက် စိတ်ကို ဂေါ်လီလုံးဖြူဖြူပေါ်မှာ အာရုံတင်လိုက်ပါတယ်မရွေ့ လျားတော့ဘဲ စိတ်အာရုံအစဉ်ဟာ ဂေါ်လီလုံးပေါ်မှာတည်နေ တော့ ရုပ်ကြီးဟာ သူ့သဘောသူဆောင်ကာ ရွေ့ရှားသွား လာနေတာပေါ့၊ ရုပ်မှာဖြစ်ပေါ်နေသော ဝေဒနာကို မခံစား ဘူး၊သည်လိုဝေဒနာကို မခံစားတော့ ဘယ်မှာလာပြီး တဏှာ ဖြစ်မလဲ၊ တဏှာမဖြစ်တော့ ဥပါဒါန်မဖြစ်တော့ဘူး....

ငါလမ်းလျှောက်နေတာပဲလို့ မမှတ်ပေမဲ့ ရုပ်မှာ ဖေါက် ပြန်တဲ့သဘောတွေ မပေါ်ပျောက်သွားတာပေါ့။

ဤသို့ ကျနော်ရှင်းပြလိုက်ခြင်းကို သူသည် ခေါင်းလေး တငြိမ့်ငြိမ့်ဖြင့် နားထောင်နေပါသည်။

"ဒီလိုဆိုတော့ သမထကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေဟာ၊ သမာဓိဖြစ်တဲ့အကျင့်တွေ ကျင့်ကြံရမှာပေါ့နော်"

"ဒါပေါ့....သမာဓိဖြစ်အောင် အထူးကျင့်ကြံရပါတယ်"

နောက်တနေ့သို့ ကူးပြောင်းခဲ့လေပြီ....

ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ပြီး မိမိ ပြုခဲ့သော ကောင်းမှုကုသိုလ်အပေါင်းကို သစ္စာအဓိဋ္ဌာန်ပြုရန် ဆန္ဒဖြစ်ပေါ်လာပါသည်။ထို့ကြောင့် ထိုခရီးစဉ်၌ ဦးပဥ္ဇင်းနှင့် ကိုဘင်မောင်တို့လည်း လိုက်လာကြမည်။

ကျနော်သည် ပွဲသုံးပွဲလှူဒါန်းရန်အတွက် ငှက်ပျောသီး၊ အုန်းသီးများ ဝယ်ကြပြီး၊ကိုတင်မောင်က တောင်ပေါ်သို့ သယ်ယူရန် တာဝန်ယူပါသည်။

ဘုရားပွဲ၊ တိဿရသေ့ကြီး၊ တောင်ပိုင်ပွဲ စသည် လှူဒါန်းရန်ဖြစ်ပါသည်။

ကျနော်တို့သည် နံနက်စာကို ရေမြောင်ကြီး၌ စားသောက်ပြီးနောက် တောင်ပေါ်သို့တက်ခဲ့ကြပါသည်။ တောင်ပေါ်သို့ ညနေပိုင်းတွင် ရောက်ခဲ့ကြသည်၊ ကိုတင်မောင်၏ မိတ်ဆွေ ထမင်းဆိုင်တွင် တည်းခိုကြပြီးနောက်၊ ပွဲများကိုလှူဒါန်းကြပါသည်။

ဤသို့ လှူဒါန်းပြီးနောက် ကုန်းတော် တနေရာတွင် ကျိုက်ထီးရိုးဘုရားသမိုင်းကို ဦးပဥ္ဇင်းက ပြောပြပါတော့သည်။

## "ဘုမ္မိရွှေရည်မင်းနေပြည်"

မဇ္ဈိမဒေသ၌ သုံးလူထွဋ်ထား အရှင်ဂေါတမ မြတ်စွာဘုရားအဖြစ်သို့ ထင်ရှားဖြစ်ပွင့်တော်မမူခါနီးကာလဝယ် အခုအခါ သထုံဟုခေါ်သော မြို့၏တည်ရာဌာနအနီး၌ ကရဏ္ဏာတိုင်း သုဘိန္နနဂရဟု အမည်တွင်သော မင်းနေပြည်တော် မြို့ကြီးတမြို့သည် ထင်ရှားတည်ရှိလေ၏။

ထိုသုဘိန္နနဂရရာဇဌာနီမင်းနေပြည်ကြီးတွင်တိဿရာဇာမင်းကြီးသည် သိရိကပ္ပါမိဖုယားကြီးကို အဂ္ဂမဟေသီ တောင်ညာထားခါ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး အပရိဟာနိယ တရားခုနစ်ပါး၊ နာယက ဂုဏ်တော်ခြောက်ပါး ဗြဟ္မစိုရ်တရားလေးပါး၊ အစရှိသော မင်းကောင်းမင်းမြတ်တို့ကျင့်စဉ်တရားနှင့်အညီ မင်းပြုလေသဖြင့် ထိုမင်းနေပြည်တော်ကြီးအတွင်း၌ သူဌေး၊ သူကြွယ်၊ ကုန်သည်လယ်လုပ်၊လက်ခစား နေ့စား၊မြို့အုပ်၊ မြို့ချုပ်၊ရွှေနေ၊ ရွှေရပ် အမတ်စစ်သူကြီး အသီးသီးဖြင့် ကြက်ပျံမကျ အလွန်တင့်တယ် ခန့်ညားစည်ကားသာယာလှပေသတည်း။

ထိုတိဿရာဇာနှင့်သီရိကပ္ပါမိဖုရားကြီး[illegible] သားတော်နှစ်ပါးဖွားမြင်ရာ သားတော်အကြီးသည် ခမည်းတော် တိဿရာဇာမင်းကြီးနှင့် မျက်နှာသဏ္ဍာန် ကိုယ်ဟန်လုံးစုံ တူညီသည့်ပြင် တရားဓမ္မနှင့်မွေ့လျော်သော အကျင့်ရှိသည်ဖြစ်၍မိမိ၏အမည်ကို ထည့်သွင်းပြီး တိဿဓမ္မဟုမှည့်ခေါ်လေ၏။သားတော်အငယ်မှာ

ကားခြေဘဝါးနှစ်ဘက်လုံး၌ ခြသေ့်ရုပ်စုံပါလာသဖြင့် သီဟ ရာဇာဟု အမည်မှည့်လေ၏။

ထိုမင်းသား ညီနောင်နှစ်ပါးတို့သည် တဦးကိုတဦး အ လွန်ချစ်ခင်ပြီးမင်းသားတို့၏အဆောင်အယောင်ဖြင့်ကြီးပြင်းလာ ရာ နောင်တော် တိဿဓမ္မမင်းသားသည် အသက် (၂၃) နှစ်၊ ညီသီဟရာဇာမင်းသားသည့်အသက်(၂၁)နှစ် အရွယ်သို့ရောက် သောအခါ နောင်တော် တိဿဓမ္မမင်းသားသည် ဘဝပါရမီကံ ရင့်သန်သော ဓါတ်ခံကြောင့် ဤသို့သံဝေဂ ဖြစ်ပေါ်လာလေ ၏။

တလောကလုံးရှိ ကြီးကြီးငယ်ငယ် ပုပုရွရွ သတ္တဝါမှန် သမျှတို့သည် အလွန်စက်ဆုပ် ရွံရှာဘွယ်ကောင်း၍ ကျဉ်းကြပ် လှသော အမိ၏အစာသစ်အိမ်နှင့် အစာဟောင်းအိမ်နှစ်ခုကြား တွင်ဆင်းရဲပင်ပန်းစွာ ပဋိသန္ဓေနေရခြင်း၊ ထိုနောက်တဖန်ဖွား မြင်ပြန်လည်း တိုတောင်းလှသော လူ့သက်တန်းတွင် ဒုက္ခအမျိုး မျိုးနှင့် တွေ့ကြုံပြီးသေရခြင်း၊ နောက်တဖန် ဘဝသစ်ကိုရပြန် လျှင်လည်း အဖန်တလဲလဲသေရပြန်ခြင်း၊အစအဆုံးမမြင်နိုင်သော သံသရာတွင်ကျင်လည်ရမည့်အရေးကို တွေးတောကြောက်ရွံ့ကာ ဘဝ၏လွတ်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်ချမ်းသာကိုရနိုင်ရန် တောထွက်ပြီး၊ ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်းဝိပဿနာ တရား များကို ကျင့်ကြံအားထုတ်မှ သင့်တော်မည်ဟု ကြံစည်တွေးတော နေလေ၏။

ထိုနောက်သီတော်နှင့် တွေ့ဆုံမိသောအခါ ကျွန်ုပ်သည် သံသရာဘေးကြောင့် ထီးနန်းစည်းစိမ်ကိုအလိုမရှိပါ၊ တောထွက်

ချရသေ့ရဟန်းပြု၍နေတော့မည်။ ညီတော်သာ ခမည်းတော်မယ်တော်တို့ကိုစောင့်ရှောက်ခါ ထီးနန်းစိုးစံနေရစ်တော့ဟု ပြောဆိုလေလျှင် ညီတော်လည်း ဘဝပါရမီကံရင့်သန်သည့်အပြင် နှစ်ဦးတည်းသာရှိပြီး အလွန်ချစ်ခင်ကြင်နာသော ညီနောင်များဖြစ်သောကြောင့် နောင်တော်တောထွက်ပြီး ရသေ့ရဟန်းပြုလျှင် ညီတော်လည်းနောင်တော်နှင့်အတူ တောထွက်၍ ရသေ့ရဟန်းပြုမည်။ ထီးနန်းစည်းစိမ်ကို အလိုမရှိကြောင်းကို နောင်တော်အားပြောပြလေ၏။

ထိုနောက် မင်းသားညီနောင်နှစ်ပါးတို့သည် တောထွက်ရန်အရေးကို တွေးတောတိုင်ပင် ညီညွတ်ကြလျက်၊ ခမည်းတော်မယ်တော်တို့ထံ လျှောက်ထားခွင့်ပန်ရန်အချိန်ကိုအခါ ကိုစောင့်မျှော်ကာနေကြ၏။

တိဿရာဇာမင်းကြီးနှင့် သီရိကပ္ပါ မိဖုရားကြီးတို့သည် အသက်အရွယ် အတော်အသင့် ကြီးရင့်လာသည်ကတကြောင်း၊ သားတော်များအား ထီးနန်းစည်းစိမ် အိမ်ရှေ့မင်း စည်းစိမ်တို့ဖြင့် နေထိုင်သည်ကို တွေ့လိုမြင်လိုသည်ကတဖုံ၊မင်းမိဖုရား နှစ်ပါးလုံးပင် ဥပုသ်ဆောင်ဝင်ပြီး တရား အားထုတ်လိုသည်ကတကြောင်း တို့ကြောင့် သားတော်ကြီး တိဿ္ခမ္မကို ထီးမွေနန်းမွေ ပေးအပ်ပြီး၊သားတော်အငယ် သီဟရာဇာကို အိမ်ရှေ့ဥပရာဇာအပ်နှင်းရန် မင်းမိဖုရားနှစ်ပါးတို့ တိုင်ပင်ပြီးလျှင်၊ တချိန်တွင် သားတော်နှစ်ပါးအား ခေါ်တော်မူ၍ ထီးနန်းနှင့် အိမ်ရှေ့အရာကို အပ်နှင်းပေးသနားတော်မူလေ၏။

## "သားတော်နှစ်ပါး တောထွက်သွား"

မင်းသားညီနောင်နှစ်ပါးတို့သည်လည်း မိမိတို့ အကြံအစည်အတိုင်း ထီးနန်းစည်းစိမ်နှင့် အိမ်ရှေ့မင်းသားစည်းစိမ်တို့ကို အလိုမရှိ၊ တောထွက်၍ ရသေ့ရဟန်းပြုလိုကြောင်းကို လျှောက်ထားခွင့်ပန်လေ၏။

မင်းကြီးနှင့် မိဖုရားတို့သည် အလွန် ချစ်ခင်မြတ်နိုးသော သားတော်များဖြစ်သည့်ပြင် တောတောင်၏ ဘေးအန္တရာယ်၊ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်၊ အစားအစာခေါင်းပါးမှု ဘေးအမျိုးမျိုးနှင့် တွေ့ကြုံရမည်ကို စိုးရိမ်တော်မူလှသဖြင့် တောထွက်ရန်အရေးကို ခွင့်မပေးဘဲနေမည်ဟု အကြံရှိသော်လည်း သားတော်များသည် တောထွက်ခွင့်မရလျှင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်မည့်ပြင် ရသေ့ရဟန်းတို့၏ အလုပ်သည် ယခုဘဝနှင့် တမလွန် ဘဝတပါး ကောင်းမြတ်သော အလုပ်ဖြစ်သဖြင့် သဘောမတူသော်လည်း သားတော်တို့၏ အလိုသို့ လိုက်ခါ အသာတကြည်နှင့်ပင် ခွင့်ပြုတော်မူလေ၏။

မင်းသားညီနောင် နှစ်ပါးတို့သည်လည်း ခမည်းတော် မယ်တော်တို့ထံမှ တောထွက်၍ ရသေ့ရဟန်းပြုရန် အခွင့်ရလေလျှင် မိမိတို့ရည်မှန်းချက် အောင်မြင်သဖြင့် ဝမ်းမြောက်ရွှင်လန်းခါ ရသေ့တို့၏ အသုံးအဆောင် အဝတ်အထည်၊ ဆေးဝါး အစရှိသည်တို့ကို ရှာဖွေစုဆောင်း၍ ပြည့်စုံသောအခါ ခမည်းတော်မယ်တော်တို့ကို ရိုသေစွာ ကန်တော့၍ သုဘိန္နနဂရနေပြည်တော်၏ တောင်တံခါးမှထွက်လေ၏။

နေပြည်တော်အတွင်းရှိ တိုင်းသူပြည်သားတို့သည် မိမိတို့၏ နန်းညွန့်နန်းလျာဖြစ်သော မင်းသားညီနောင်တို့သည် နေပြည်တော်နှင့်ထီးနန်းကို စွန့်၍ တောထွက် ရဟန်းပြုတော့မည် ဟူသော သတင်းကို ကြားလေလျှင် မင်းသားညီနောင်နှစ်ပါးတို့ သွားရာလမ်းမကြီးသို့ အလျင်တဆော၊ သောသောညံညံ၊ အမြန်ရောက်လာ၊မျက်နှာမျက်ရည်၊ မဆည်နိုင်ပြီ၊ ရပ်တည်မခိုင်၊ ဖြိုင်ဖြိုင်စီးလျက်၊ ရှိုက်ကြီးတငင် ဘဝင်ပြောင်းပြန် လန်လုမတတ် အထပ်ထပ် ဖူးမြှော်ကန်တော့ကြပြီး၊မင်းသားညီနောင်တို့သည် ဘေးမသီ၊ရန်မခဘဲ အေးချမ်းစွာ တရားအားထုတ်နိုင်ပါစေဟု ငိုယိုကာ ဆုတောင်းနှုတ်ဆက်ကြလေ၏။

မင်းသားညီနောင် နှစ်ပါးတို့လည်း လာရောက် ဖူးမျှော်ကြသော မြို့သူမြို့သားများအား လက်ပြနှုတ်ဆက်ခါ အစဉ်အတိုင်း သွားကြရာ၊ယခုအခါ ဇင်းကျိုက်တောင်ဟု အမည်တွင်သော သထုံမြို့၏တောင်ဘက်(၃၅) မိုင်အကွာတွင်ရှိသော ပေ(၃၀၀၀)ကျော်မြင့်သည့် ဂစ္ဆဂိရိတောင်သို့ ကြွသွားလေ၏။ တောင်ပေါ်သို့ရောက်ကြသောအခါ အရိပ်အာဝါသ ကောင်းမွန်၍ ရေကောင်း၊ရေသန့် ရနိုင်ပြီးလျှင် သစ်သီးကြီးငယ်များပေါများသော သင့်လျော်သည့် နေရာတခုကို ရွေးချယ်ပြီးနောက်၊ကျောင်းသင်္ခမ်းငယ်တဆောင်ကိုဆောက်လုပ်ခါ ရသေ့အသွင် ဝတ်ဆင်လျက် ကမ္မဋ္ဌာန်း ဝိပဿနာ တရားများကို အားထုတ်၍ သီတင်းသုံးနေကြလေ၏။

ထိုသို့ သီတင်းသုံးနေကြစဉ် အလွန်နက်သော တောတောင်အတွင်း ညီနောင်နှစ်ပါးတည်းသာရှိခြင်း။ မင်းသားဘဝ

ကတည်းက အလွန်ချစ်ခင်သော ညီနောင် ဖြစ်ခြင်းကြောင့် တဦးနှင့်တဦး စကားပြောဆိုနေခြင်း၊တရားနှင့် စပ်ဆိုင်သော စကားများကို ဆွေးနွေး တိုင်ပင် ပြောဆိုနေခြင်းဖြင့်သာ အချိန်ကုန်လွန်စေပြီး နှစ်ပေါင်းအတော်ကြာသော်လည်း တရားထူးမရနိုင်ရှိလေလျှင် နောင်တော်တိဿမေ့ ရသေ့သည် ဤသို့ အကြံရှိလေ၏။

ငါတို့ညီနောင်သည် အတူတကွနေထိုင်ပြီး စကားပြောကာ အချိန်ကုန်နေလျှင် တရားထူးကိုရနိုင်မည်မဟုတ်၊တဦးစီ သီးခြားနေထိုင် တရားအားထုတ်မှ သင့်တော်မည်၊ အရေးအကြောင်း ကိစ္စတစုံ ပေါ်ပေါက်က မီးဖြင့် အချက်ပြစတမ်းဟု ပြောဆိုတိုင်ပင် ညီညွတ်ကြပြီးလျှင် ညီတော် သီဟရသေ့သည် ယခုအခါ ဇွဲကပင်တောင်ဟု အမည်တွင်သော ဇင်းကျိုက်တောင်အရှေ့ဘက်မိုင်(၃၀) ခန့်အကွာ၊ သံလွင်မြစ်ခြားလျက် ပေ(၂၀၀၀)ကျော်မြင့်သော ဗန္ဓဝဂီရိတောင်သို့ ကြွရောက်၍ ကျောင်းငယ်တဆောင်ဖြင့် သီးခြားနေထိုင် သီတင်းသုံးလေ၏။

ဤသို့ သီးခြားနေထိုင်ကာ ကမ္မဋ္ဌာန်း ဝိပဿနာ တရားများကို ကြိုးစားအားထုတ်ရာ မကြာမီ ရသေ့ ညီနောင်နှစ်ပါးသည် တရားထူးကိုရသည့်အပြင် လောကီစျာန်ကိုရကြလေသည်။ ဂဋ္ဌဂီရိတောင်တွင် နေထိုင်သီတင်းသုံးသော နောင်တော်ရသေ့သည်၊ မင်းသား၏အမည်အတိုင်း တိဿရသေ့ဟု အမည်တွင်၍ ဗန္ဓဝဂီရိတောင်တွင် နေထိုင် သတင်းသုံးသော ညီတော်ရသေ့သည်လည်း မင်းသား၏အမည်အတိုင်း သီဟရသေ့ဟု အမည်တွင်လေ၏။

## "ဘုရားရှင်တော်ကြွရောက်သော်"

ဂဝမ္ပတိမထေရ်လည်း မြတ်စွာဘုရားသခင်အား ငါးပါးသောရှိခိုးခြင်းဖြင့် ရှိသေစွာရှိခိုး၍လျက် ဤသို့ နားတော်လျှောက်ထားလေ၏။ ဘုဝဏ္ဏာဘုမ္မိနေပြည်တော်၌ မိမိဘခင် တော်ခဲ့ဘူးသော ရသေ့နှစ်ပါးနှင့် တိုင်းသူပြည်သားတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရန် သုဝဏ္ဏာဘုမ္မိသို့ ဒေသစာရီ ကြွချီတော်မူပါမည့် အကြောင်းကို လျှောက်ထားတောင်းပန်လေ၏။

မြတ်စွာဘုရားသခင်လည်း ရှေး နောင်တော်ဘုရားတို့သည် သုဝဏ္ဏာဘုမ္မိသို့ ရောက်၊မရောက်ကို ရှုတော်မူသော် ရောက်ကြောင်းကို မြင်တော်မူသည့်ပြင် သုဝဏ္ဏာဘုမ္မိသို့ ကြွရောက်လျှင် ရသေ့အများနှင့် များစွာသော တိုင်းသူပြည်သားများအတွက် တရားရအံ့သည်ကိုင်း၊ဆံတော်ဓာတ်များ ကာလရှည်စွာ တည်လျက် သာသနာတော် ထွန်းမည့် အကြောင်းများကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိမြင်တော်မူ၍ ဂဝမ္ပတိမထေရ် လျှောက်ထားတောင်းပန်သည်ကို ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုတော်မူလေ၏။

ထိုအခါ တာဝတိံသာနတ်ပြည် သိကြားမင်း၏ဥယျာဉ်အတွင်းရှိ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သောကမ္ဗလာနီအဆင်းရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာခြင်းသို့ရောက်သည်ဖြစ်၍ သိကြားမင်းကြည့်ရှုဆင်ခြင်သော် မြတ်စွာဘုရား သုဝဏ္ဏာဘုမ္မိသို့ ကြွရောက်တော်မူမည့်အကြောင်းကို သိလေ

လျှင် အတုလဘာဂဝါ သိတင်းသုံးရန် မုခ်လေးဘက်ရှိသော ပြာသာဒ်၊ အဂ္ဂသာဝကနှစ်ပါး သိတင်းသုံးရန် မုခ်နှစ်ဘက်ရှိသော ပြာသာဒ်၊ ကြွင်းသောသာဝကတို့ သိတင်းသုံးရန် မုခ်တဘက်ရှိသောပြာသာဒ် အစရှိသည်တို့ဖြင့် ငါးရာသော ပြာသာဒ်တို့ကို ဖန်ဆင်း၊ ဆင်ယင်၍ သုဝဏ္ဏဘူမိသို့ကြွတော်မူလျှင် ဤယာဉ် ပြာသာဒ်များဘွင်သိမ်တင်းသုံးပြီး ကြွဘော်မူပါရန်၊ လျှောက်ထား လျှဒါန်းလေ၏။

မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက်လတ်သောအခါ၊ သရဒ ပုဏ္ဏမာတွင် ငါးဖြာအန္တရာယ် ရှင်းရှင်းပယ်လျက် ကြယ်တာရာနက္ခတ်တို့ဝန်းပတ်ခြံရံ ကာယုဂန္ဓ ုရ်တောင်ဦးမှကွန့်မြူး၍ ထွက်လာသော တန်ဆောင်မုန်း လပြည့်ဝန်းကြီးကဲ့သို့ ရတနာ ဂန္ဓကုဋိတိုက်တော်မှ ထွက်ကြွတော်မူပြီးလျှင် သံဃာထေရ်ပျံ ဝဲယာရံလျက် ကျောင်းတော်မှ ဆင်းသက်တော်မူ၍ လေးဘက် ရှိသောပြာသာဒ်အတွင်း၌ သိတင်းသုံးတော်မူ၏။ အဂ္ဂသာဝက နှစ်ပါးတို့သည်မုခ်နှစ်ဘက်ရှိသောပြာသာဒ်တို့၌ရင်း၊ ကြွင်းသော ရဟန္တာတို့သည် မုခ်တဘက်ရှိသောပြာသာဒ်တို့၌ သိဘင်းသုံးနေ တော်မူကြလျှင် နတ်ယာဉ်ပျံ ငါးရာတို့သည် အာကာသခရီးဖြင့် သုဝဏ္ဏဘူမိသို့ ရှေ့ရှုခါ ပျံသွားလေကုန်၏။

ဘုရားအမှူးရှိသော ရဟန္တာငါးရာတို့သည် သုဝဏ္ဏဘူမိ နေပြည်တော်ဝယ် သီဟရာဇာမင်း ဆောက်လုပ် လှူဒါန်းသော ကျောင်းတော်သို့ ဆင်းသက်တော်မူရာ ရသေ့ညီနောင်နှစ်ပါး သိကြားမင်း၊ တိဿမမွသီဟရာဇာမင်းနှင့် မှူးမတ်၊ သေနာပတိ တို့သည် ကျောင်းတော်သို့ ဆီးကြိုပင့်ဆောင်ကြကုန်၏။ သုဝဏ္ဏ

ဘုမ္မိနေပြည်တော်ရှိများစွာသော မြို့သူမြို့သားတို့သည် ကျောင်းတော်မှစောင့်၍ အာရုံပြုနေကြစဉ် နီဖြူညိုမောင်း ပြိုးပြိုးပျက်စသောရောင်ခြည်တော် ခြောက်သွယ်တို့သည် တပြောင်ပြောင်ထွန်းလင်းလျက်ရှိသည်ကို မျက်ဝါးထင်ထင် ဖူးမျှော်ရလျှင် ဝမ်းသာရွှင်လန်း ပီတိလွှမ်း၍ အလွန်အံ့ဩ ဝေးမောလျက်ကောင်းချီးပေးခါ ဖူးမျှော်ကန်တော့ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ကျောင်းတော်သို့တက်တော်မူခါ မြတ်သော ဘုရားနေရာ၌ သီတင်းသုံးတော်မူ၏။ ရဟန္တာငါးရာတို့လည်းနေရာအသီးသီး၌သီတင်းသုံးနေကြကုန်၏။ ရသေ့ညီနောင်နှစ်ပါးနှင့် တိဿခမ္မသီဟရာဇာမင်းကြီးလည်း ကျောင်းတော်ကြီးကို ရေစက်သွန်းချလှူဒါန်းလေ၏။ မွန်မြတ်သောဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ အထူးထူးသော လှူဒါန်းပူဇော်ခြင်းအမှုတို့ကိုပြုကြကုန်၏။ ပြီးမှဘုရားရှင်လည်း ရောက်လာကြကုန်သောပရိသတ်တို့အား စရိုက်နှင့်လျော်သော ဒေသနာတော်ရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။

မြတ်စွာဘုရားသခင်လည်း သီဟရာဇာ ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်၌ ဖလသမာပတ် မြတ်သောချမ်းသာခြင်းဖြင့် နေ့သန့်တော်မူ၏။ ရဟန္တာငါးရာတို့လည်း သင့်တင့်လျောက်ပတ်သောနေရာတို့တွင် ဈာနသုခ ဖလသုခဖြင့်မျှတော်တော်မူကြကုန်၏။

မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသော ဥပါသကာ၊ ဥပါသိကာအပေါင်းတို့လည်း မိမိတို့အိမ်သို့ ပြန်ကြပြီးလျှင်ပူဇော်ကိစ္စများကိုပြုလုပ်ကြ၍ ညချမ်းအခါ ပန်းနံ့သာဆီမီးတို့

ကိုလက်ဆွဲလျက် တရားတော်ကိုနာအံ့သောငှါ ကျောင်းတော်သို့ လာရောက်ကြကုန်၏။ ဤနည်းအားဖြင့်(၇)ရက်ပတ်လုံး တရားစည်ကြီးရိုက်တီးနေရာ များစွာသော တိုင်းသူပြည်သားတို့ အကျွတ်တရားရကြကုန်၏။

## ဘုရားထံမှဆံတော်ရ

သုံးလူထွဋ်ထား ဘုရားရှင်သည် သုဝဏ္ဏဘူမိနေပြည်တော်သီဟရာဇာမင်းဆောက်လုပ် လှူဒါန်းသောကျောင်းတော်၌ ၇ ရက်တိုင်တိုင် ရသေ့ညီနောင်နှစ်ပါးနှင့် မိတ်ဆွေဖြစ်သော ကေလာသတောင်မှကေလာသရသေ့တပါး သုံးပါးသောရသေ့တို့နှင့် မင်းမိဖုယားပရိသတ်အများတို့အား တရားရေအေးတိုက်ကျွေး၍ မဇ္ဈိမဒေသသို့ပြန်လည်ကြွမြန်းတော်မူခါနီးတွင် ရသေ့သုံးပါးတို့သည် ဘုရားရှင်၏ထံပါးသို့ချည်းကပ်၍ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အရှင်ဘုရား ပြန်လည်ကြွမြန်းတော်မူသည့်နောက် ထာဝစဉ်ကိုးကွယ်နိုင်ရန် အရှင်ဘုရားကိုယ်စားတစုံတခုသောဝတ္ထုပစ္စည်းကိုပေးသနားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ကြသောအခါ ဦးခေါင်းတော်ကို လက်ျာလက်ဖြင့် ဓိဋ္ဌာန်လျက်သုံးသပ်တော်မူရာ ပါလာသောဆံတော်ဓါတ်မြတ်၆ဆူကိုရသေ့သုံးဦးအား နှစ်ဆူစီပေးသနားတော်မူလေ၏။

၎င်းအပြင် ကုသိန္နာရုံတောင်ကရသေ့၊ ဒိုးကမော့ခတွန်ဂလိုင်တောင်ကရသေ့၊ ဒိုးခလွန်းတောင်ကရသေ့၊ မဲလံတောင်ကရသေ့၊မွတ်လအီတောင်ကရသေ့၊ ကျိုက္ခမိတောင်ကရသေ့၊

ကောဓယက္ခဇုတ်သုတ်ကျွန်းကနတ်ဘီလူးညီနောင်၊ ဒိုးယွန်းတောင်ကရသေ့ ဆောင်ခဲတောင်ကအလ္လကပ္ပရသေ့တို့လည်းအသီးသီးဆံတော်ဓာတ်များကိုရရှိကြလေသည်။

ဘုရားရှင်ကိုယ်တော်မြတ်လည်း ရသေ့များနှင့် နတ်ဘီလူးတို့အား ဆံတော်များကို ပေးသနားပြီး ကျောင်းတော်၌ သီတင်းသုံး၍ ၇ ရက်မြောက်သောနေ့တွင် ပြာသာဒ်ယာဉ်သာထေရ်ငါးရာနှင့်မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွမြန်းတော်မူလေ၏၊ရသေ့အများနှင့် သိကြားမင်းလည်း သီဟရာဇာမင်းကိုနှုတ်ဆက်ခါ မိမိတို့နေရာဌာနအသီးသီးသို့ ပြန်ကြလေ၏၊သုဝဏ္ဏဘူမိဘုရင်၊မိဖုယား၊ မှူးမတ်များနှင့်တိုင်းသူပြည်သားတို့လည်း မိမိတို့နေရာအသီးသီးသို့ ပြန်ကြလေကုန်၏။

## ဓာတ်မြတ်ဆံခြည်စေတီတည်

ဤသို့ဆံတော်ဓာတ်များကို ရသေ့များနှင့် နတ်ဘီလူးများအချို့ရရှိကြသည်တွင် ဇင်းကျိုက်တောင်၌ နေထိုင်သီတင်းသုံးသော ညီတော်ရသေ့သည် နောင်တော်ကိဿရသေ့၊အဆွေတော်ကေလာသရသေ့၊ တူတော်သီဟရာဇာမင်းတို့နှင့် တိုင်ပင်ပြီးမိမိတို့ရရှိသောဆံတော်ဓာတ်မြတ်နှစ်ဆူကို ဇင်းကျိုက်တောင်နှင့်ဇွဲကပင်တောင်တို့၌စေတီတည်ပြီးလျှင်ထိုစေတီတော်တို့တွင်တဆူစီဌာပနာသွင်းနှံလေ၏ထိုနောက်ကေလာသတောင်တွင်နေထိုင်သောသီတင်းသုံးတော်မိတ်ဆွေရင်းဖြစ်သည့် ကေလာသ ရသေ့ကြီးလည်း မိမိရရှိထားသောဆံတော်ဓာတ် နှစ်ဆူအနက်တဆူကို

ကေလာသတောင်၌ စေတီတည်ပြီး ဌာပနာသွင်းနှံလေ၏။ကျန်
တဆံကိုမူ မိမိ၏ဆံကျစ်ကြား၌ ထား၍ ကိုးကွယ်လေ၏။

နောင်တော်တိဿရသေ့အား ဆံတော်များကို စေတီ
တည်ပြီး ဌာပနာရန် လျှောက်ထားသော်လည်း ငါရှိထား
သော ဆံတော်များကို ငါ အလွန် နှစ်သက်မြတ်နိုးသည်ဖြစ်၍
"ငါ၏ဦးခေါင်းပေါ်မှမချလို" ဟုဆိုပြီး စေတီမတည်ဘဲ အမြဲ
ဆံကျစ်ကြားတွင် ထား၍ ကိုးကွယ်လေ၏။

ဤသို့ဖြင့် ဇင်းကျိုက်တောင်နှင့် ဇွဲကပင်တောင် ကေ
လာသတောင်တို့တွင် ဆံတော်တဆူစီ သွင်းနှံဌာပနာ၍ စေတီ
တည်သောအခါ သိကြားမင်းလည်း လာရောက် ကူညီလေ၏။
မုဆိုးတောင်တွင် တိဿရသေ့၊ကေလာသတောင်တွင် ကေလာ
သရသေ့၊ဇင်းကျိုက်တောင်တွင် သီဟရသေ့တို့ သီတင်းသုံးနေ
ထိုင်တော်မူကြရာတွင် ညအချိန်၌ မီးဖြင့်အချက်ပြ၍ ဆက်ဆံ
ပေါင်းသင်း နေထိုင်ကြလေ၏။

တနေ့သော် ကေလာသတောင်မှ မီးအချက်ပြသည်ကို
မမြင်သည်နှင့် တိဿရသေ့သည် အကြောင်းတစုံတရာ ရှိမည်ဟု
အမှတ်ထားလျက် ကေလာသတောင်သို့ သွားရောက်ကြည့်ရှုရာ
မကြာသေးမီအချိန်က စုတေကွယ်လွန်ခဲ့သည့် မပုတ်မသိုးသေး
သော အဆွေတော်ကေလာသ ရသေ့၏ ဆံကျစ်ကြားမှ ဆံတော်
ဓာတ်မြတ်တဆူကို ထုတ်ယူ၍ အလောင်းကို ကောင်းမွန်စွာ
သင်္ဂြိုလ်ပြီးလျှင် မိမိနေရာ မုဆိုးတောင်သို့ ပြန်လာကြလေ၏။
ထိုဆံတော်တဆူကို မိမိတွင်ရှိသော ဆံတော်နှစ်ဆူနှင့် အတူ
ဆံကျစ်ကြားတွင်ထား၍ အမြဲကိုးကွယ်လေ၏။

## "စုတေခါနီးရသေ့ကြီး"

တိဿရသေ့ကြီးလည်း ဆံတော်ရရှိသည့်အချိန်မှ(၁၂) နှစ်မြောက် အသက်ရှစ်ဆယ်ပြည့်သောနှစ်တွင် ဇရာဒုဗ္ဗလဖြစ်၍ သူအိုနာဖြင့် စုတေရတော့မည့်အကြောင်းကို သိကြားမင်းသည် မိမိဘန်ခိုးဖြင့် သိမြင်သောကြောင့် လူ့ပြည်သို့ ဆင်းသက်ပြီးလျှင် တိဿရသေ့၏သား တိဿဓမ္မသီဟရာဇာမင်းထံ ရှေးဦးစွာ သွားရောက်၍ အကြောင်းကိုပြောကြားလေ၏။ ထိုနောက် သုဝဏ္ဏဘုမ္မိဘုရင်နှင့် သိကြားမင်းတို့သည် ရသေ့ကြီး နေထိုင်သီတင်းသုံးရာ မုဆိုးတောင်သို့ သွားရောက်ပြီးလျှင် ဆံတော်ခေတ်သုံးဆူကို စေတီတည်ရန် လျှောက်ထား တောင်းပန်ကြလေ၏။ရသေ့ကြီးလည်း ရှေးနည်းအတိုင်း ငြင်းပယ်တော်မူလေ၏။

ထိုအခါ သိကြားမင်းက "အရှင်ရသေ့၏အသက်ခန္ဓာသည် ဓမ္မတာအနိစ္စသဘောအတိုင်း စုတေရန် အချိန်နီးချေပြီ။ အရှင်မကွယ်လွန်မီ ဆံတော်ခေတ်များကို သားတော်လက်သို့အပ်၍ သင့်လျော်သောအရပ်၌ ဌာပနာသွင်းနှံလျက် စေတီတည်လျှင် ရှင်ရသေ့ကိုယ်တိုင် ဖူးမြင်ရပါမည်။ယခုအချိန်သည် စေတီတည်ရန် အချိန်ရောက်ပြီ" ဟုလျှောက်ထားသေ၏။

ထိုအခါရသေ့ကြီးသည် ဦးခေါင်းထက်တင်၍ နောက်အဘို့ ကာလကြာမြင့်စွာ ကိုးကွယ် ဆည်းကပ်လိုပါသော်လည်း သိကြားမင်းလျှောက်ထားချက်အရ မကြာမီ စုတေရတော့မည်ဖြစ်၍ ဆံတော်ကိုမပေးဘဲ မနေသာသောကြောင့် "အသင်

သိကြားမင်း အသင်လျှောက်ထားသည့်အတိုင်း ဆံတော်တို့ကို ဌာပနာပြီးစေတီတည်တော့မည်၊ သို့ရာတွင်ငါ၏ဦးခေါင်းထက်တွင်ဆောင်၍နှစ်ပေါင်းကြာရှည်စွာကိုးကွယ်လာခဲ့သောဆံတော်ဓာတ်များကိုငါ၏ဦးခေါင်းနှင့် ပုံသဏ္ဌာန်တူသည့် လူတို့ကြည်ညိုဘွယ်ရာလည်းဖြစ်သည့်ပြင်ချောမောပြေပြစ်ခိုင်မာလျက် ကာလရှည်စွာ တည်နိုင်သောကျောက်တုံးကြီးအတွင်း၌ ဌာပနာ၍စေတီတည်လိုသည်၊ထိုကျောက်တုံးကြီးမျိုးကို သင်ရအောင်ရှာပြီးလျှင်တခုသောတောင်ထွဋ်စောင်းတွင် တင်ပေးလော့ဟုအမိန့်ရှိလေ၏။

## အံ့ဘွယ်ထီးထီးကျောက်လုံးကြီး

သိကြားမင်းလည်း ရသေ့ကြီး၏ အမိန့်အတိုင်း အနီးအနားတဝိုက်ရှိသော တောင်တို့တွင် ရသေ့ကြီး၏ ဦးခေါင်းနှင့်တူသော ကျောက်လုံးကြီးများကို ယူဆောင်ပြီးရသေ့ကြီးအားပြသလေလျှင် မိမိဦးခေါင်းနှင့်မတူဟုဆိုကာ ငြင်းပယ်တော်မူလေ၏။ထိုနောက်သိကြားမင်းသည် ညို့ညို့အရောင်၊မို့မို့မှောင်သည့်၊ပုပ္ပါးပလောင်၊ ချင်းတောင်မိုးကုတ်၊တရုပ်အစပ်၊ အထပ်ထပ်ဂနိုင်၊ရခိုင်တောင်တန်း၊ ပြည်လမ်းမှ ဖိုးဦး၊ ပဲခူးမှဒေးစွန်ပါနယ်စပ်မှဒေါနှ၊ လာစကာဘုမ္မတီး၊ကျောက်ကြီးနှင့်ရွှေကျင်၊တောင်စေ့အောင်စင်ပြီး မြန်မာပြည်အရပ်ရပ် ပတ်ပတ်မွှေ့ရှာကာရသေ့ကြီးဦးခေါင်းနှင့်တူသော ကျောက်လုံးကြီး တွေ့သမျှကိုယူဆောင်၍ ရသေ့ကြီးအား ပြသလေလျှင် ရှေးနည်းတူမိမိဦးခေါင်းနှင့်မတူဟုဆိုခါငြင်းပြန်လေ၏။

ထိုအခါသိကြားမင်းသည် ဤရသေ့သည် ဆံတော်ကို မပေးလို၍ လှည့်ပတ်သည်ဟု ထင်မှတ်ခါ သမုဒ္ဒရာရေအောက်သို့ ဆင်းသက်ပြီးရှာဖွေရာဘစုံတရာမပြုပြင်ဘဲ ရသေ့ကြီးဦးခေါင်း နှင့်အလုံးစုံတူသောကျောက်လုံးကြီးကိုမြင်လျှင်ယူဆောင်လာပြီး ရသေ့ကြီးအားပြသလေ၏၊ရသေ့ကြီးလည်း ကျောက်လုံးကြီး ကိုတွေ့မြင်လျှင်ဝမ်းသာရွှင်လန်း ကြိုက်နှစ်သက်လေ၏။

သိကြားမင်းလည်း တိဿရသေ့ကြီးသဘောတူ လက်ခံ လေလျှင်သိုးခြားတောင်ထွဋ်တခုကိုဖန်ဆင်းလျက်ထိုတောင်ထွဋ် ဆောင်းတွင်တင်၍ ရသေ့ကြီးအား ပြသလေ၏၊ ရသေ့ကြီး လည်းလွန်စွာနှစ်ခြိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ ဤသို့သိကြားမင်းသည် မိမိတန်ခိုးဖြင့်တင်ပြစဉ်အခါက တောင် ထွဋ်နှင့်ကျောက်လုံးကြီးအချင်းချင်း မထိဘဲအကြားတွင်ကြက်မ တဝပ်ခန့်ကွာနေသည်ဟု အဆိုရှိသည်၊ ၎င်းတောင်ထွဋ်အမြင့်ပေ ၈၀ ခန့်ရှိ၍လုံးပတ် ၅၅ ပေခန့်ရှိသည်၊ ရသေ့ကြီး ဦးခေါင်းပုံ ကျောက်လုံးကြီးကားအမြင့် ၁၈ ပေ၊လုံးပတ် ၅၂ ပေခန့်ရှိ၏၊ ထိုကျောက်လုံးကြီး၏ အပေါ်တွင် အ၀ ၆ လက်မ၊ အနက် ၃ တောင်တမိုက်ရှိသောဌာပနာတိုက်ကိုသိကြားမင်းတူးဖေါက် လေ၏။

## စေတီတည်ဆဲ ပူဇော်ပွဲ

သိကြားမင်းဆောင်ယူ၍ တောင်ထွဋ်တခုတွင် တင်ပြ သောကျောက်လုံးကြီးကို တိဿရသေ့ကြီးမြင်လျှင် လွန်စွာနှစ် သက်သည်ဖြစ်၍ မိမိဦးခေါင်းဆံကျစ်ကြားတွင်တင်၍ ကိုးကွယ်

ထားသောဆံတော်ဓါတ်သုံးဆူကို ထုတ်ယူခါ သားတော်တိဿ မဟာသီဟရာဇာမင်းလက်သို့ မရှင်ပြသော မျက်နှာဖြင့် အားရ အောင်ဖူးမျှော်ပြီးလျှင် အကြိမ်ကြိမ်ဦးခိုက်ခါ ပေးအပ်လိုက် လေ၏။

ဤသို့ရသော ကြီး ဆံတော်များကို ပေးအပ်မည်ရှိစဉ် သိ ကြားမင်းသည် နတ်တို့၏အစွမ်းဖြင့် ရတနာအတိ ပြီးသော မဏ္ဍာပ်သလွန်ကလပ်နှင့် မြကြုတ်တို့ကိုကျောက်လုံးကြီးနှင့် မနီး မဝေးမှာပင် တပြိုင်နက်ဖန်ဆင်းထားလေ၏။

တိဿမဟာသီဟရာဇာမင်းလည်း ဆံတော်မြတ်သုံးဆူတို့ကို ရတနာမြကြုတ်အတွင်းသို့ ထည့်သွင်းပြီးလျှင် လှပဆန်းကျယ် ရှုချင့်ဘွယ်ရာ တင့်တယ်စွာ ခြယ်လှယ်မွန်းမံထားသော ရတနာ ပလ္လင်ထက်ရှိ ရွှေကလပ်ပေါ်တွင် တင်လျက်အပူဇော်ခံရန် ပင့် ဆောင်ထားလေ၏။ သုဝဏ္ဏဘူမိ နန်းတွင်းမှူးမတ်များ၊ မြို့သူ မြို့သားများ ထိုတောင်တဝိုက်ရှိ လူအပေါင်းတို့သည်လည်း အထူးထူးအပြားပြား ဖူးမျှော်ပူဇော်ကြကုန်၏။

ထိုသို့ပူဇော်ကြပြီး (၇)ရက်မြောက်သောနေ့တွင် ဓါတ် မြတ်ဆံတော် ကိန်းဝပ်နေသော ရတနာမြကြုတ်သည် ပရိသတ် များဖူးမျှော်နေစဉ်ပင် ကောင်းကင်ပြင်သို့ပြန်တက်လျက် သက် တော်ထင်ရှား မြတ်စွာဘုရား၏အသွင်တော် ကောင်းကင်၌တက် လျက်တည်ရှိနေ၏။ ရောင်ခြည်တော် ခြောက်သွယ်တို့သည်လည်း တပြိုင်နက် ကွန့်မြူးလေ၏။ ထိုရောင်ခြည်တော်တို့၏ အရောင် ဖြင့်တောတောင်တို့၌ ဝင်းဝင်းထိန်လျက်ရှိ၏။ လျှပ်စစ်အရောင် တို့သည်ကောင်းကင်၌ဝင်းထိန်လျက်၊တူရိယာသံကဲ့သို့သော အသံ

တို့သည်မြည်ကုန်၏။ တိဿရသေ့ကြီး၊ သိကြားမင်း၊ သုဝဏ္ဏဘုမ္မိ ဘုရင်နှင့် မင်းပရိတ်သတ်တို့လည်း မကြုံစဘူး ထူးကဲဆန်းကြယ် အံ့ဘွယ်သော ဆံတော်မြတ်တို့၏ တန်ခိုးတော်ကို မျက်ဝါးထင် ထင်ဖူးမြင်ကြည်ညိုကြရကုန်၏၊

ဤသို့ဆံတော်မြတ်တို့သည်ကောင်းကင်သို့တက်၍ ဒေသ စာရီကြွချီနေလျှင် အောက်မြေပြင်သို့ မသက်ဆင်းတော့ဟု ထင် မှတ်ခါ ရသေ့ညီနောင်တို့လည်း စိုးရိမ်ပူပန်စွာနှင့် ဘုန်းတော် အနန္တနှင့်ပြည့်စုံသောအရှင်ဘုရား၊ တပည့်တော်တို့အား သနား သဖြင့် မြေပြင်သို့ဆင်းသက် ကိန်းဝပ်တော်မူပါဘုရား၊ ဟုပင့် ဆောင်လေလျှင် လူနတ်ပရိတ်သတ်တို့ ဖူးမျှော်နေစဉ်မှာပင် သိ ကြားမင်း ထွင်းဖေါက်ထားသော ကျောက်လုံးကြီးအထက်ရှိ ဌာပနာတိုက်အတွင်းသို့ ရတနာမြကြုတ်နှင့်တကွ၊ အလိုလိုဆင်း သက်ကိန်းဝပ်တော်မူလေ၏။

တိဿရသေ့ကြီးလည်း ဆံတော်ဓါတ်မြတ်၏အံ့ဘွယ်သူရဲ ထူးကဲသောအချင်းအရာတို့ကို ဖူးမျှော်ကြည်ညိုနေခိုက် ရှေးဘုဝ ကပြုခဲ့ဘူးသော ကုသိုလ်ကံသည်ကုန်ဆုံးပြီဖြစ်၍ နောက်သို့တိမ်း လဲလျက် ရုတ်တရက် စုတေလေ၏။ သိကြားမင်းနှင့် တိဿမမွှ သီဟရာဇာတို့လည်း ရသေ့ကြီး၏ အလောင်းကို ရသေ့ကြီး ကျောင်းအနီး မုဆိုးတောင်သို့ ယူဆောင်ပြီး ကောင်းမွန်စွာ သင်္ဂြိုလ်ကြလေ၏။

ရသေ့ကြီးအလောင်းကို သင်္ဂြိုလ်ပြီးနောက် သိကြား မင်းနှင့် တိဿမမွှသီဟရာဇာမင်းတို့သည် ရတနာအုပ်တို့ဖြင့် ဥဒေါင်းတော်သုံးတောင်တမိုက်ရှိသော စေတီတော်ငယ်ကို စော

ဇာသက္ကရာဇ် ၁၂၂-ခုနှစ်တွင် ဆံတော်မြတ် ကိန်းဝပ်တော်မူသည့် ကျောက်လုံးကြီးထက်၌ တည်ထားခဲ့၏။ထိုနောက် မုဆိုးတောင်ထိပ်၌လည်း တိဿရသေ့ကြီးအရိုးများကို ကောက်ယူခါ အရိုးအိုးစေတီငယ်တဆူကို ဘည်ထားလေ၏၊သိကြားမင်းလည်း ဗုဒ္ဓကိုစွပြီးဆုံးလေသော် တန်ခိုးကြီးသော နတ်ကြီးတပါးအား စေတီတော်နှင့်တောင်ကို စောင့်ရှောက်ရန် အပ်နှံပြီးလျှင် သိဟရာဇာမင်းအား နှုတ်ဆက်၍ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

ယခုအခါ ကျိုက်ထီးရိုးစေတီတော်တည်ရှိသော တောင်ကို စေတီမတည်မီ ရှေးအခါက ထိုတောင်ရှိကျောက်လုံးများသည် တလုံးပေါ်တလုံးတင်လျက်နေသည်ကို အစွဲပြုလျက် လုံးတင်တောင်ဟု ခေါ်လေ၏။စေတီတည်ပြီးသည့် နောက်အချိန်တွင် မွန်အမျိုးသားတို့၏ ဘာသာ စကားဖြင့် ကျိုက်ဣသိရိုးဟု တွင်လေ၏။ အဓိပ္ပါယ်မှာ ကျိုက်- ဘုရား၊ဣသိ–ရသေ့၊ရိုး–ရွက်သည်။ “ရသေ့ရွက်သောဘုရား” ဟု အဓိပ္ပါယ်ရသည်။ “ကျိုက်ဣသိရိုး”မှ ကာလကြာအခါ ကျိုက်ထီးရိုး ဘုရားဟု ခေါ်တွင် ကြလေသည်။ စေတီတော်ရှိရာ တောင်ကိုလည်း ကျိုက်ထီးရိုးတောင်ဟု ခေါ်လေသည်။

## “အမြင့်ထွဋ်ခေါင် လုံးတင်တောင်”

ကျိုက်ထိုမြို့၏ မြောက်ဘက်(၁၆)မိုင်အကွာတွင်ရှိသော ကျိုက်ထီးရိုးစေတီတော်တည်ရှိသည့် တောင်သည် အရှေ့ရိုးမ

တောင်ဘန်းအပါအဝင် ပေါင်းလောင်းတောင်ထွဋ်ဘနေရာတွင် တည်ရှိ၍ ပင်လယ်ရေပြင်မှ ပေပေါင်း(၃၆၁၈) ပေမြင့်လေ့ သည်။၎င်းတောင်၏ တနေရာတွင် ကျိုက်ထီးရိုးစေတီ တည်ရှိလေ သည်။မြန်မာနိုင်ငံတွင် စေတီပုထိုးအမျိုးမျိုးရှိသည့်အနက် ထူး ဆန်းအံ့ဩဘွယ် အကောင်းဆုံးသောစေတီဖြစ်သည်။ တည်နေပုံ ဆန်းကျယ်ခြင်း၊တောတောင်သာယာကြည်နူးဘွယ်ကောင်းခြင်း ဘုရားဖူးသွားလာရာတွင် နားနေရန် စခန်း အဆင့်ဆင့်ရှိခြင်း များကြောင့် ကျိုက်ထီးရိုးဘုရားသည် ကျော်ဇောထင်ရှားလှပေ သည်။

ကျိုက်ထီးရိုးစေတီတည်နေပုံမှာ အံ့ဩဘွယ်ရာကောင်း လှသည်။ကြီးမား၍မတ်စောက်လှသော တောင်ထွဋ်တခု၏အစွန်း တွင် လုံးပတ်ပေ(၅၀) ခန့်ရှိသော ရသေ့ဦးခေါင်းပုံသဏ္ဍာန် ကျောက်လုံးကြီးတခုက ပြုတ်လုတည်ကာ တင်၍နေသည်။ ထို ကျောက်လုံးကြီးပေါ်တွင် ဥာဏ်တော်(၁၂)တောင်ခန့်မြင့်သော စေတီတော်ကို တည်ထားလေသည်။ စေတီတည်ရှိရာတောင်ထွဋ် နှင့် ယင်ပြင်တော်သည် ချောက်တခုခြားနေသောကြောင့် သံတံ တားငယ်ဖြင့် ဆက်သွယ်ထားလေသည်။ စေတီ တည်ထားရာ ကျောက်တုံးကြီးသည် လူတယောက်တွန်းရုံနှင့်လှုပ်ရှား၏။ဤသို့ ထူးဆန်းအံ့ဩဘွယ် စံပါယ်တော်မူခြင်းကြောင့် မြန်မာနိုင်ငံ တန်ခိုးကြီးသောစေတီတဆူဖြစ်လေသည်။

ထိုစေတီဖြစ်ပေါ်လာရခြင်းမှာ သမိုင်းအစတွင်ဖေါ်ပြပြီး သည့်အတိုင်း မြတ်စွာဘုရားသခင်သည် သက္ကရာဇ်(၁၁၀)ခုနှစ်၊ ဆောင်းဥတုတွင် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ကြွရောက်လာရာ

သထုံဘုရင်တိဿဓမ္မသီဟရာဇာမင်းနှင့် မျူးမတ်ပြည်သူအပေါင်းက စံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းလေသည်။

ဘုရားသခင်လည်း ထိုကျောင်းတော်ကြီးတွင်(၇) ရက်တိုင်တိုင် သီတင်းသုံးနေတော်မူစဉ် များစွာသော ဝေနေယျာတို့အား တရားတော် အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။ ထိုနောက် တိဿရသေ့၊ သီဟရသေ့နှင့် ကေလာသရသေ့တို့သည် ဘုရားသခင်ထံမှ ဆံတော်ဓာတ်များကို ရရှိခဲ့ကြသည်။ ထိုဆံတော်ဓာတ်များအနက်(၃) ဆူသော ဆံတော်ဓာတ်မြတ်တို့ကို တိဿရသေ့ကြီးထံမှ တောင်းခံ၍ သိကြားမင်းနှင့် တိဿဓမ္မသီဟရာဇာမင်းတို့ တည်ထားခဲ့ခြင်း ဖြစ်လေသည်။

ဤသို့ပြောပြပြီးနောက် တည်းခိုနေထိုင်သော ဆိုင်ဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။

ညဥ့်အတော်နက်လာချေ၏။

တနေ့တာလုံး ပူလောင်ခဲ့သည့် အပူဒါဏ်ကို ညနေဆည်းဆျာချိန်ဝယ် ကွယ်ပျောက်ပြီး ချမ်းအေးစပြုခဲ့လေသည်။ ထိုအအေးဒါဏ်သည် အမှောင်ထု၏ နက်ရှိုင်းခြင်းနှင့်အတူ ပိုမိုချမ်းအေးခဲ့သည်။

ရွှန်းမြသော လရောင်သည် ကျိုက်ထီးရိုး တောင်တော်ကြီးအား လွှမ်းခြုံထားသည်။

လေသည် တဟူးဟူး တိုက်ခိုက်နေသည်။

တောအုပ်၊တောတန်းများကို ဖြတ်ကျော် တိုက်ခိုက်နေသောကြောင့် အအေးလွန်ကဲနေပြန်သည်။

ရွှန်းမြသောလရောင်နှင့်အတူ အေးမြသောလေရူးဒဏ်အောက်၌ ဘုရားဖူးများသည် မိမိတို့တည်းခိုစခန်းများ တွင်သော်ငင်း၊ ထမင်းဆိုင်များတွင်သော်ငင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေလေသည်။

ပြင်ပလောက၏ လူးလာခတ်သုတ် သွားလာကြသောသူများ၏ အသံဗလံအပေါင်းတို့သည် ကွယ်ပျောက်သွားသဖြင့် ဝန်းကျင်တခုလုံးမှာ တိတ်ဆိတ်ခြင်းက မင်းမူနေသည်။

ကိုတင်မောင်၏ကိုယ်ကို လှုပ်ရမ်းပြီး ဤသို့ အသံခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်ပါသည်။

"ကိုတင်မောင်....ထတော့လေ"

ကိုတင်မောင်သည် ကျနော်၏လှုပ်ရမ်း ခေါ်လိုက်သောအသံနှင့်အတူ မျက်လုံးနှစ်ဖက်ကို ပွတ်လိုက်ခါ ပတ်ဝန်းကျင်သို့ ငေးမောစိုက်ကြည့်ပြီး....

"ဘာလဲဆရာ...."

"ပုတီးသွားစိပ်မလို့"

"ဆရာကလဲ ညချည်းမိုးချုပ်"

"ခင်ဗျားမလိုက်ဘူးလား"

သူသည်ကျနော်ပြောလိုက်သောစကားကို အနည်းငယ်စဉ်းစားဟန်တူသည်။

ငင်းနောက်....

"လိုက်မယ်ဆရာ....ဦးပဥ္စင်းလဲ မပါဘူးလား"

ယတိပြုတ်အဖြေကို ဒိုးဒိုး ဒေါက်ဒေါက် ပြောလိုက်ပါသည်။

"ခင်ဗျားအရင်ထစမ်းပါ၊နိူးပါမယ်"

ကိုတင်မောင်နိူးလိုက်ပြီးနောက် ဒုတိယဦးပဥ္ဇင်းကို နိူးလိုက်ပါတော့သည်။ ကျနော်တို့သုံးဦးသည် ဆိုင်တံခါးကို ဖြေးညှင်းစွာဖွင့်ပြီး အပြင်ဘက်သို့ရောက်လာပါတော့သည်။

"ကိုတင်မောင်"

ကျနော်၏ခေါ်လိုက်သောအသံကြောင့်....

နှစ်ဦးသား မျက်နှာဆိုကြရာဝယ် ဤသို့မေးလိုက်ပါသည်။

"ခင်ဗျားနေ့လယ်က ဝယ်ထားတဲ့မီးဒုတ် ယူလာခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ယူခဲ့ပါတယ်"

ၖင်းနောက်....

ကျနော်နှင့်ဦးပဥ္ဇင်းက ရှေ့မှ လျှောက်နေကြပါသည်။ ကိုတင်မောင်က နောက်မှ ထက်ချပ်မကွာ လိုက်ခဲ့ကြလေသည်။

လရောင်က သာယျက်ရှိနေသောကြောင့် လူသွားလမ်းများကို ထင်ထင်ရှားရှား တွေ့ရသဖြင့် ခလုပ်မထိ ဆူးမညှိပဲ လျှောက်သွားနိုင်ခဲ့လေသည်။

အလင်းရောင်ကျရောက်နေသော နေရာများတွင် ကျနော်တို့လျှောက်နေသော ခြေလှမ်းများက သွက်လက်လျှပ်ရှားနိုင်ခဲ့သော်လည်း အမှောင်ပိုင်းသို့ ဝင်ရောက်လာသည့်အခါ၌....

"ကိုတင်မောင်....မီးဒုတ် မီးညှိလိုက်ပါ"

ကျနော်၏ပြောလိုက်သော စကားသံကြောင့် ကိုတင်မောင်သည် သူ၏လက်ထဲ၌ရှိသော မီးဒုတ်ကို မီးထွန်းညှိလိုက်ပါသည်။ မီးတောက်မီးလျှံသဖွယ် လင်းအားကောင်းသော

မီးဒုတ်ကို အားပြု၍ ဆက်လက်လျှောက်ကြရပြန်သည်။

ကျနော်တို့သွားရောက်မည့်နေရာက ကျီးကန်းဂူသို့ပင်ဖြစ်ပါသည်။

သုံးဦးစလုံးပင်စကားမပြောကြပဲ မိမိတို့သွားရမည့်နေရာဆီသို့သာ ရှေ့ရှုနေကြသည်။အားစိုက်နေကြသည်။လမ်းကြောင်းကလေးတွေမှာ စောဦးကကဲ့သို့ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိတော့ချေ။မြင့်မောက်၊ကွေ့ကောက်၊လိမ်ကောက်နေပြန်သည်။

"သတိနဲ့ဆင်းကြနော်၊ကိုတင်မောင် မီးဒုတ်မြှင့်ပြအုံး"

ဤသို့လမ်းကြောင်းပျောက်နေသဖြင့် အသံပြုလိုက်ခြင်းဖြစ်ပါသည်။

ကျီးကန်းဂူသို့ သွားသည့်လမ်းမှာ အလွန် ကျဉ်းမြောင်းနေပါသည်။အမှောင်ထုက အုပ်စိုးထားသဖြင့် မဟာဆုလမ်းသဖွယ် ဖြစ်နေသည်။

ထို့ကြောင့်....

"ကိုတင်မောင်....ခင်ဗျားမီးဒုတ်ကို လမ်းမြင်နိုင်အောင်အပေါ်မြှင့်ပီးရှေ့ကသွားဗျာ"

ကျနော်၏စကားအရ သူသည်ရှေ့မှနေ လမ်းပြသဖွယ်လျှောက်နေပါတော့သည်။

ဝါးရုံတောများက ချောက်ကမ္ဘားကို အရံအတားသဖွယ်ပေါက်ရောက်နေပါသည်။

"ဝါးရုံတောဘက်ကိုသတိပြုပြီးလျှောက်နော်၊ ကျောက်တုံးတွေရှိတဲ့နေရာကိုသာ သတိပြုထားပါ"

ကိုတင်မောင်သည် မီးဒုတ်ကိုအပေါ်မြှင့်ထားရင်း ဤသို့

အသုံးပြုလေသည်။

ဤသို့လျှောက်ရင်းနှင့်ပင်ကျီးကန်းဂူဝဆီသို့စိုက်စိုက်မတ်မတ်ရောက်လာကြသည်။

ကိုတင်မောင်သည် ကျီးကန်းဂူ၏တနေရာတွင် မီးဒုတ်ကိုစိုက်လိုက်ပါသည်။ ၎င်းနောက်ကျနော်တို့သုံးဦးသည် ဖိနပ်နောက်ဆိုင်ထိုင်လိုက်ကြပါသည်။

ထို့နောက် ကျနော်တို့ ပိပ်ပုတီးစိပ်ရန် အစီအစဉ်ကိုစတင်လုပ်ရှားရန် ဖြစ်ပါသည်။ ကျီးကန်းဂူ ကျီးကန်းပါးစပ်၊ ၎င်းကျီးကန်းပါးစပ်နံဘေးတွင် ဂူငယ်တလုံးရှိပါသည် ထိုဂူထဲ၌ကျနော်တို့လူစု ပိပ်ပုတီးစိပ်ကြမည်။

"ကဲကိုတင်မောင်၊ ကျုပ်တို့လုပ်ငန်းစကြရအောင်"

ဤသို့ပြောလိုက်သောကြောင့် ကိုတင်မောင်သည် ဂူဝတွင်စိုက်ထားသောမီးဒုတ်ကို ဖြုတ်ယူလိုက်ပါသည်။

"ဆရာ....ဘယ်ကိုသွားကြမှာလဲ။"

သူသည်မီးဒုတ်ကို အပေါ်သို့မြှောက်တင်လိုက်ပြီး မေးလိုက်ခြင်းဖြစ်ပါသည်။ ကျနော်တို့ရပ်လျက်ရှိသော နေရာနှင့်မလှမ်းမကမ်းတွင် ဂူပေါက်ဝတခုတွေ့ရပါသည်။ ထိုဂူထဲသို့ဆင်း၍ပုတီးစိပ်ကြရန်ဖြစ်ပါသည်။

"ကိုတင်မောင်၊ ကျုပ်တို့ရှေ့မှာတွေ့တဲ့ ဂူပေါက်ဝကိုဆင်းကြရအောင်"

"ဆရာ....ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဗျာ၊ ကျုပ်တို့မှာမီးဒုတ်ပါတယ်....ခင်ဗျားရှေ့ဆုံးကဆင်းပေါ့....ကျုပ်တို့နောက်ကလိုက်ခဲ့မယ်"

ဤသို့ပြောလိုက်သဖြင့် သူသည်ဂူပေါက်ဝသို့ ချဉ်းကပ်၍အပေါ်မှနေ အောက်သို့လှမ်းကြည့်လိုက်ပါသည်။

ဂူဝတခုလုံးက အမှောင်နှင့်မဲမဲ။

ဤအခြေအနေကို မြင်လိုက်ရသောကြောင့်။

"ဆရာရေ.... ကျနော်တော့မဆင်းရဲဘူး"

သူသည်အမှန်ကို အမှန်အတိုင်းပြောလာသည်။

ဤသို့ အဖြေပေးလိုက်ခြင်းကြောင့်၊ ကျနော်တို့သုံးဦးအနက်ဂူထဲသို့ စေဦးစွာဆင်းမည့်သူ ရွေးရတော့မည်။ သုံးဦးအနက် တယောက်သောသူက မဆင်းလိုကြောင်းအဖြေပေးထားခဲ့သည်။ ကျန်သောနှစ်ဦးဖြစ်သည့် ကျနော်နှင့်ဦးပဥ္စင်းပင်ဖြစ်ပါသည်။ ကျနော်သည်ဦးပဥ္စင်း ဆင်းပါဘုရားဟုလျှောက်ရန်လည်းမဖြစ်ချေ၊ ထို့ကြောင့် ကျနော်ဆင်းရန် ဆုံးဖြတ်လိုက်ပါသည်။

"သည်လိုဆို....ကျနော်ဆင်းမယ်၊ ခင်ဗျားလက်ထဲမှာရှိတဲ့မီးဒုတ်ကို ကျနော့်ကိုပေး"

ကိုတင်မောင်သည် သူ့လက်ထဲ၌ရှိသော မီးဒုတ်ကိုလှမ်းပေးလိုက်ပါသည်။ ဂူထဲသို့ဆင်းရန် လမ်းမှာကျယ်ဝန်းမှုမရှိ၊ ဂူပေါက်ဝတွင် လူတကိုယ်ဝင်နိုင်ရန်အလို့ငှာ လူတကိုယ်မဆန့်၊ ထို့ကြောင့်ကိုယ်ကို တချမ်းစောင်းပြီးဝင်မှရနိုင်ကြောင်းသိလိုက်ရပါသည်။

ကျနော်သည် ကိုယ်တချမ်းစောင်းငေ်ပြီး လေးငါးလှမ်းဝင်မိသောအခါ ဝါးလှေကားတခုတွေ့သည်။ ဝါးလှေကားမှာလည်းအထစ်ပေါင်းသုံးထစ်ရှိသည်၊ ဂူ၏အတိမ်အနက်မှာ နက်ရှိုင်းမှုမရှိချေ။ အလွန်ဆုံးလူ၏တဖေါင်စာခန့်နက်သည်။ကျနော်

တို့သုံးဦးသည် တယောက်ပြီးတယောက် ဝါးလှေကားမှဂူထဲသို့ ဆင်း၍ဝင်လာကြသည်။

ဂူမှာလည်း အလျား(၆)ပေ အနံ(၄)ပေမျှကျယ်ဝန်းပါသည်။ ဂူထဲ၌ဝင်ပြီးလျှင် ကျနော်၏မျက်လုံးများသည် ဝန်းကျင်ကို အကဲခပ်မိသည်။ အခြေအနေအားလုံးကို သုံးသပ်မိပြီ၊ ဖျာကြမ်းအစုတ် နှစ်ချပ်ခင်းထားသည်။ ကျောက်ဆင်းတုဘုရားတဆူ၊ ၎င်းဘုရားရှေ့တွင် စိမ်းလန်းနေသော အုံးသီးတလုံး၊ ငှက်ပျောသီး(၃)ဖီး၊ ကန်တော့ပွဲတခုကိုတွေ့ရပါသည်။

ကျနော်သည် ဂူ၏တနေရာတွင် မီးဒုတ်ကိုစိုက်ထားလိုက်ပါသည်၊ အမှောင်ထုကိုလင်းအားက ထိုးဖောက်နိုင်ခဲ့လေသည်။ မကျဉ်းမကျယ်သော ဂူထဲ၌အလင်းရောင်အားသည် ပိုမိုထိန်လင်းနေပါသည်။ ဂူထဲ၌ရှိသည့် အရာရာတိုင်းကိုပင် မြင်နိုင်အားရှိပါသည်။

ကိုတင်မောင်သည်ပွဲနံဘေးတွင်ရှိသော ဖယောင်းတိုင်နှင့် အမွှေးတိုင်ထုပ်ကိုယူပြီး....

“ဆရာ....ဘုရားဆီမီးပူဇော်ဘို့တော့ အစဥ်သင့်ရပြီ”

ဤသို့ဖယောင်းတိုင်ထုတ်ကိုယူပြီးပြောလိုက်ပါသည်။

“ကိုတင်မောင်.... ဒီပွဲဟာ နံနက်ကမှ ထိုးထားဟန်တူတယ်၊ ပွဲလှူထားတဲ့သူ နံနက်တိုင်းလာပြီး အဓိဋ္ဌာန်ဝင်တာနဲ့တူတယ်။ ဒါကြောင့် ...လှူဒါန်းမဲ့ပစ္စည်းတွေကို သွားရောက်မကိုင်ပါနဲ့၊ ကျနော်တို့မှာပါတဲ့ ဖယောင်းတိုင်နဲ့ပဲ ပူဇော်ပါ”

ကိုတင်မောင်သည် ကျနော်သတိပေးလိုက်သောကြောင့် လက်ထဲ၌ရှိသော ဖယောင်းတိုင်တထုပ်သံ နေရာတကျ ပြန်ထား

လိုက်ပါသည်။ ကျနော်တို့ပါလာသော ဖယောင်းတိုင်ထုပ်ကို ဘုရားရှေ့ရှိ အုတ်ခုံပေါ်တွင် (၉) တိုင်ထွန်းညှိပူဇော်လိုက်ပါသည်။ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ ၄င်းဂူဦစောင့်ကြသော ပုဂ္ဂိုလ်များထံခွင့်ပန်၍ မည်သည့်ပုတီးစိပ်ဖြင့် အဓိဋ္ဌာန်ဝင်ရန် အာရုံပြုလိုက်သည့်အချိန်၌ သရဏဂုံ (၃၀)စိပ်ရန် စိတ်ဝယ်ပေါ်လာပါသည်။

ကေလာသဖတောင်ပေါ်၌ ပုတီးစိပ်ရာတွင် ဂုဏ်တော် (၉)ပါးဖြင့်ပါသည်။

ထို့ကြောင့်....

ကျနော်ပုတီးစတင်စိပ်ရန် ပရိကံပြုလိုက်ပါတော့သည်။

## သရဏဂုံ ၃၀

ဇာ၊ဘော၊ဇီ၊ယာ၊မ၊မ၊အ၊အ၊နိ၊နိ၊ခေါင်းစဉ်။

၁။ ။ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဇာတိပရိယန္တံ ဓမ္မံ သရဏံဂစ္ဆာမိ၊ ဇာတိပရိယန္တံ သံဃံ သရဏံဂစ္ဆာမိ။

၂။ ။ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဘောဂပရိယန္တံ ဓမ္မံ၊လ၊သံဃံ လ။

၃။ ။ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဇီဝိတပရိယန္တံ ဓမ္မံ၊လ၊သံဃံ၊လ။

၄။ ။ယာဝဇီဝံဗုဒ္ဓံသရဏံဂစ္ဆာမိ၊ယာဝဇီဝံ ဓမ္မံ၊လ၊
သံဃံ၊လ။

၅။ ။မရဏ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ မရဏပရိ
ယန္တံ ဓမ္မံ၊လ၊သံဃံ၊လ။

၆။ ။မရဏကာလပရိယန္တံ ဗုဒ္ဓံသရဏံ ပစ္ဆာမိ၊မရဏ
ကာလ ပရိယန္တံဓမ္မံ၊လ၊သံဃံ၊လ။

၇။ ။အရဟတ္တမဂ္ဂပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ အရ
ဟတ္တမဂ္ဂပရိယန္တံ ဓမ္မံ၊လ၊သံဃံ၊လ။

၈။ ။အရဟတ္တမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလ ပရိယန္တံ ဓမ္မံလ၊သံဃံ၊လ။

၉။ ။နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ နိဗ္ဗာနပရိ
ယန္တံ ဓမ္မံ၊လ၊သံဃံ၊လ။

၁၀။ ။နိဗ္ဗာနကာလ ပရိယန္တံဗုဒ္ဓံသရဏံဂစ္ဆာမိ၊နိဗ္ဗာန
ကာလ ပရိယန္တံ ဓမ္မံ၊လ၊သံဃံ၊လ။

## သရဏဂုံ ၃၀ အနက်

၁။ ။ဗာဟုပရိယန္တံ၊ ပဋိသန္ဓေဆုံးသည့်တိုင်အောင်။
ဗုဒ္ဓံ၊မြတ်စွာဘုရားကို။သရဏံ၊ကိုးကွယ်ရာဟူ၍။
ဂစ္ဆာမိ၊မှီဝဲဆည်းကပ်ပါ၏။လ၊ဓမ္မံ၊တရားတော်
လ၊သံဃံ၊သံဃာတော်မြတ်ကို။လ။

၂။ ။ဘောဂပရိယန္တံ၊ စည်းစိမ်ဥစ္စာ ဆုံးသည့်တိုင်
အောင်။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ လ၊ဓမ္မံ၊တရား
တော်မြတ်ကို။ လ၊ သံဃံ၊ သံဃာတော်မြတ်
ကို။လ။

၃။ ။ဇီဝိတပရိယန္တံ၊ အသက်ထက်ဆုံး ဗုဒ္ဓံ၊ကို။လ၊
ဓမ္မံ၊ကို။လ၊သံဃံ၊ကို။လ။

၄။ ။ယာဝဇီဝံ၊အသက်ဆုံးသည့်တိုင်အောင်။ဗုဒ္ဓံ၊ကို၊
လ၊ဓမ္မံ၊ကို။လ၊သံဃံ၊ကို။လ။

၅။ ။မရဏ ပရိယန္တံ၊သေခါနီးတိုင်အောင်။ ဗုဒ္ဓံ၊ကို
လ၊ဓမ္မံ၊ကို၊လ။သံဃံ၊ကို။လ။

၆။ ။မရဏကာလ ပရိယန္တံ၊ သေသည့်ကာလတိုင်
အောင် ဗုဒ္ဓံ၊ကို။လ၊ဓမ္မံ ကို။လ၊သံဃံ၊ကို။လ။

၇။ ။အရဟတ္တမဂ္ဂပရိယန္တံ၊ အရဟတ္တမဂ်ရသည့်တိုင်
အောင်။ဗုဒ္ဓံ၊ကို။လ။ဓမ္မံ၊ကို။လ၊သံဃံ၊ကို။လ။

၈။ ။အရဟတ္တမဂ္ဂကာလ ပရိယန္တံ၊ အရဟတ္တဖိုလ်ရ
သည့်တိုင်အောင်။ဗုဒ္ဓံ၊ကို။လ။ဓမ္မံ၊ကို၊လ။ သံဃံ၊
ကို။လ။

၉။ ။နိဗ္ဗာန ပရိယန္တံ၊ ပရိနိဗ္ဗာန် ဝင်စံခါနီးတိုင်
အောင်၊ဗုဒ္ဓံ၊ကို။လ၊ဓမ္မံ၊ကို။လ၊သံဃံ၊ကို။လ။

၁၀။ ။နိဗ္ဗာနကာလ ပရိယန္တံ၊ ပရိနိဗ္ဗာန်ဝင်စံသည့်
တိုင်အောင်။ ဗုဒ္ဓံ၊ကို။လ၊ ဓမ္မံ၊ကို။ လ၊ သံဃံ
ကို။လ။

တပုဒ်တပုဒ်ကို ၊ဗုဒ္ဓ၊ဓမ္မ၊သံဃ' ဟူ၍ သုံးပုဒ်ပွားရကား သရဏဂုံ ၃၀ ဖြစ်ပါသည်၊ပုတီးစိပ်သောအခါ ဗုဒ္ဓတလုံး၊ဓမ္မ တလုံး၊သံဃာတလုံး ပုတီးစေ့သုံးလုံးစီ စိပ်ရသဖြင့် ဆယ်ပုဒ်မှာ သုံးဆယ်ဖြစ်ပါသည်။

ကျနော်သည် သရဏဂုံ ၃၀ ကို ၁၀၀ ပတ်ခန့်စိပ်လိုက် ပါသည်၊ ထိုသို့စိပ်ပြီးပိတ်ထားသော မျက်လုံးအစုံကို ဖွင့်လိုက်ပါ သည်၊ကျနော်နံဘေးတွင်ထိုင်၍ အားထုတ်နေသော ဦးပဥ္စင်းကို သာတွေ့ရပါသည်၊ ကိုတင်မောင်ကိုမတွေ့မိပါ။

ကျနော်ဆက်၍အားထုတ်ရမည့် အနုဿတိဆယ်ပါးတွင် ပါဝင်သော ဗုဒ္ဓာနုပဿနာကမ္မဋ္ဌာန်းတရားကိုဆက်၍ ပွားများလိုက် ပါသည်။

မည်မျှအချိန်ကြာညောင်းခဲ့သည်ကိုမသိချေ၊ ကမ္မဋ္ဌာန်း တရားပြီးဆုံး၍ မျက်စေ့ဖွင့်ကြည့်သည့်အခါ၌ နံနက်နေရောင် ခြည်နုနုလွင်လွင်ဂူထဲသို့ အလင်းရောင်တန်းများ ထိုးဖေါက်ကျ ရောက်လာသည်ကို တွေ့မြင်ရပါတော့သည်။

ကျနော်တဦးတည်းသာ ဂူထဲ၌ ရှိနေပါတော့သည်။

ကျနော် ဂူပြင်သို့ ရောက်သောအခါတွင် ဦးပဥ္စင်းနှင့် ကိုတင်မောင်တို့သည် ဝန်းကျင်၏ သဘာဝအလှကို ငေးမော ကြည့်ရှုနေကြသည်။

နံနက်ခင်း၏နေရောင်သည် အားကောင်းစပြုနေသည်။

"ဆရာတို့ကျင့်တဲ့ တရားမျိုးကို ကျနော် မကျင့်နိုင်ဘူး"

"ဘာကြောင့်လဲ"

"အာရုံရတိုင်း ထပြီးကျင့်ရတယ် တောင်ပေါ်တွေမှာ အဓိဋ္ဌာန်ပြုရတယ် အစားအသောက်လဲ ချို့တဲ့တယ်"

ဤသို့သူသည်ဘွင်းဘွင်းနဲ့ရှင်းရှင်းလူပြိန်းတည်းဝေပြောလိုက်တဲ့စကားမျိုးဖြင့်ပြောလိုက်ပါသည်။

"ဒါပေါ့ကိုတင်မောင် ကျနော်တို့ကျင့်ကြံတဲ့ ပါရမီစခန်း ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် ဒုက္ခခံ အဆင်းရဲခံ အပင်ပမ်းခံ ပါရမီကိုဘဝတိုင်းမှာ ဖြည့်ကျင့်နေကြရတော့ တို့လိုတဏှာမဖက်ဥပါဒါန်မခွဲမာနမရှိ သက္ကာယပြုတ်နိုင်အောင် သစ္စာ၊ မေတ္တာ၊ ခန္တီ၊ သီလ၊ အဓိဋ္ဌာန်တွေကိုဝင်ရောက်အားထုတ်နေရရင်လေ သတ္တလောကမှာ လူတွေတောင်းတနေကြတဲ့လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် အပေါင်းနဲ့လဲ မလဲနိုင်ဘူး။

အကျင့်ပဋိပတ်မှန်ကန်မှုရှိဘို့အတွက် စိတ်ဓာတ်ဝိသုဒ္ဓိဖြစ်ထားရင်မှန်ကန်သောအာရုံပေါ်ပေါက်လာပြီးပေါ်လာတဲ့အာရုံအတိုင်းကျင့်ကြံဘို့တာဝန်ပဲရှိပါတယ်"

ကျနော်ပြောသော စကားကို နားထောင်ရင်းပင် ကြီးကန်းဂူမှထွက်ခွာလာကြပါသည်။

ထိုနေ့ ညနေဘက်မှ တောင်အောက်သို့ဆင်းကာ နံနက်လင်းအားနှင့်အတူ ကျိုက်ထို တိုက်တောင်ကျောင်းသို့ပြန်လည်ရောက်ရှိလာကြပါသည်။

# [ ၆ ]

နှစ်ရက်ပင်မပြည့်။ တနေ့နှင့်တည။ ကျိုက်ထီးရိုးမှပြန်ခဲ့ပြီးနောက်။ ကျနော်တိုက်တောင်ကျောင်းတွင် တည်းခိုနေရပြန်သည်။

သည်တခါ....

ကျနော်ပါရမီစခန်း အဓိဋ္ဌာန်ဝင်ရန်ခရီး ဦးလှည့်ရမည်။

ထိုခရီးလမ်းဝယ်။ အဖေါ်အပေါင်း တနည်းဆိုသော် ဓမ္မမိတ်ဆွေ။ ကျနော့ပါရမီ ဖြည့်ပေးမည့်သူမပါ။ တဦးတယောက်တည်း။

ဤသို့ဖြစ်လာသည်ဆိုသော်လည်း ကျနော့စိတ်က ဝမ်းနည်းခြင်းမျိုးဘော့ ဖြစ်မလာချေ။ အမှန်တရားကိုရှာဖွေသောလုပ်ရပ်များတွင် သံယောဇဉ်အနှောင်အဖွဲ့ကို ရှောင်နိုင်သမျှရှောင်ရှားတတ်သည်။

သံယောဇဉ်ဆိုသည်မှာ မီးပင်ဖြစ်သည်။

မီးဆိုသောအရာသည် သူ့နေရာနှင့်သုံးတတ်မှ မသုံးတတ်ပါက အန္တရာယ်ပြုတတ်သည်။

ကျနော်သည်လူ့ဘောင်ထဲမှ လူသားတဦး။

သို့ပေ။

လူမျိုးတိုင်း၌ ဘုရားရှိသည်။ ထာဝရဘုရားရှိသည်ဟုယူဆထားသောသူများရှိသကဲ့သို့ နတ်ဘုရားကို ယုံကြည်အားထားသူလည်းရှိပါသည်။

ဤနေရာ၌ မိမိတို့အယူအဆအတိုင်း ကိုးကွယ်ကြသည်ကို မှားသည်ဟုမပြောပေ၊ မှန်သည်ဟုမဆိုချေ။ မိမိကိုးကွယ်သည့်ဘုရားသခင်၏ ဆုံးမထားသော တရားတော်အတိုင်း ကျင့်ကြံဘို့ရန် အလွန်အရေးကြီးသည့်သဘောကို ကျနော်နားလည်ထားသည်။

လူသည်အသင်းအဖွဲ့နှင့်နေတတ်သည်။ တဦးတယောက်ထည်းနေလေ့မရှိ။ လူ့ဘဝအဆောက်အအုံထဲသို့ ရောက်လာသောအခါ အဖေါ်အပေါင်း၊ ညီအကို၊ မောင်နှမ၊ ဆွေရယ်မျိုးရယ်၊ အဖေရယ်၊ အမေရယ်၊ ခင်တွယ်စရာ၊ မြတ်နိုးစရာ၊ တွယ်တာစရာ။

မည်မျှအချိန်ကြာအောင်တွယ်တာကြမည်လဲ။

လူ့ဘဝသက်တန်းက တိုတောင်းလှသည်။

ဘဝအစမှဘဝအဆုံး။

ဤအချိန်ကာလ၌ သင်ဘာလုပ်မည်လဲဟူသော မေးခွန်းကိုမေးမိသည့်အခါ၊ ကောင်းသောအလုပ်ကို လုပ်ရန်သာဖြစ်ပါ

သည်။ မကောင်းသောအလုပ်မျိုးကို ရှောင်ကြဉ်ရန်ပင်ဖြစ်ပါ သည်။ ကောင်းမှုကုသိုလ်ကိုလုပ်ကြံတော့မည်ဟု ဆုံးဖြတ်မိသည့် တပြိုင်နက် ခန္တီနှင့်မေတ္တာကို စိတ်ဝယ်သန္ဓေတည်ရန် ဖြစ်သည်။

ကျနော်သည် ဗုဒ္ဓ၏တရားတော်ကို လိုက်စားခဲ့သည်။ဖတ်လည်းဖတ်ခဲ့သည်။လေ့လည်းလေ့လာခဲ့သည်။သို့သော်စိတ်အားတိုးတက်ရန်အလို့ငှါ ကျက်မှတ်၊လေ့လာ၊ဖတ်ထားသောတရားစု၏ အချက်အလက်တို့နှင့်အညီ ကျင့်ကြံအားထုတ်မှုရှိဘို့ အလွန်အရေးကြီးသည်။

ဤသဘောတရားပိုင်းကိုလည်း လေ့လာသော် ကျနော့်စိတ်၌ ကျင့်ကြံမှုကို သန္ဓေတည်စေပြန်သည်။

ကျနော်သည် သဘောတရားပိုင်းမှ လက်တွေ့ပိုင်းသို့ ဦးတည်နေသည်။

ဤသဘောကို နှလုံးသားဝယ် နှစ်မြုပ်ထားလျက်ပါ။

နေရောင်အားနည်းစပြုနေသည်။

အမိဋ္ဌာန်ခရီး စခဲ့ရပြန်သည်။

လူငွေ့များ ပြန့်လွင့်နေသောကြောင့် ပူအိုက်သောဝေဒနာကို ရထားပေါ်တွင် ထိုင်ရင်း ခံစားနေရပါသည်။

ရန်ကုန်မော်လမြိုင် ရထားကြီးမှာလည်း တဂျုံးဂျုံး၊ တဒိုင်းဒိုင်း အသံဗလံပေါင်း များစွာဖြင့် ခုတ်မောင်းနေသည်။

အမှတ်မထင် ကျနော်၏မျက်သုံးအစုံသည် ပတ်ဝန်းကျင်သို့ ဝေးမောကြည့်မိသည်။ရွှေပြောင်ပြောင် တောင်ပေါ်မှစေတီတဆူကို ဖူးမျှော်လိုက်ရသဖြင့် နံဘေးတွင် ထိုင်နေသောခရီးသည်တဦးကို မေးလိုက်ပါသည်။

"တောင်ပေါ်ကစေတီက ဘာစေတီလဲဗျာ"

ကျနော်၏အမေးကြောင့်....

"ဇင်းကျိုက်တောင်ပေါ်ကစေတီပါ"

အဖြေကတိုတောင်းသော်လည်း ကျနော့အတွက် အား တက်သရေရှိသွားပါသည်။

"ရှေ့ဘူတာက ဘာဘူတာလဲ"

ဤသို့ထပ်ဆင့်မေးမိပြန်သည်။

"ဇင်းကျိုက်ဘူတာလေ"

ဤသို့အဖြေပေးပြီးနောက် သူ၏မျက်လုံးအစုံက ကျနော် ၏တကိုယ်လုံးကို လှမ်းခြုံကြည့်လိုက်သည်၊ သူ့အသိစိတ်က မသိ သောနေရာ မသွားဘူးသောအရပ်သည် သူဘာကြောင့် သွားရ သလဲဟုပင်။

ထိုအဖြေကို ကျနော်ရိပ်စားမိပြီးနောက် ကျနော်နှင့်အတူ ပါလာသော လွယ်အိတ်ကို အဆင်သင့်ဖြစ်စေရန် ပစ္စည်းစင် ပေါ်မှလှမ်းယူလိုက်ပါသည်။

မကြာမီ။

ရထားသည် ဇင်းကျိုက်ဘူတာသို့ ဆိုက်ကပ်လိုက်ပါ သည်။

ကျနော် ရထားပေါ်မှဆင်းလိုက်သည်။

လေနုအေးက ကျနော့်၏တကိုယ်လုံးကို ဆီးကြို နှုတ် ဆက်လိုက်ပါသည်။တကိုယ်လုံး စိမ့်စိမ့်အေးသွားပါသည်။

ဘူတာအပြင်ဘက်သို့ ရောက်လာသည်။ ခရီးသည်များ သည် မိမိတို့ဌာနီသို့ အလျှိုလျှို သွားကြကုန်သည်။ကျနော်တဦး

တည်း လမ်းသွယ်တခု၌ မားမားမတ်မတ် ရပ်နေသည်။

မျက်စေ့တဆုံးကြည့်လိုက်သည်။ ကားလမ်းကြီးကို တွေ့လိုက်ပါသည်။ကျနော်၏အသိစိတ်က နှိုးဆွသဖြင့် ပတ်ဝန်းကျင်သို့ ဝေးမော့ကြည့်လိုက်မိသည်။ကျနော်သိလိုသောဆန္ဒက ဇင်းကျိုက်တောင်ပေါ်မှ စေတီတော်။

ယင်းစေတီတော်ကိုမူ မတွေ့ရတော့ချေ။ မိုးမြင့်အောင် လွင့်ပါးနေသော ပင်ပျိုပင်မကြီးတွေ၏ အကိုင်းအခက်အပေါင်းက ကာဆီးထား ခြင်းပင်ဖြစ်ပါသည်။

ကျနော်သိလိုသော ဆန္ဒကို ဖြည့်ဆွမ်းမပေးနိုင်သည့်အတွက် ထိုနေရာမှထွက်ခဲ့သည်၊ လမ်းသွယ်၏အဆုံး တနေရာသို့ ရောက်လာသည်။

ကတ္တရာကားလမ်းပေါ် ကားကြီးကားငယ်တို့သည် ဥဒဟို ပြေးလွှားနေသည်။

ထိုကားလမ်းသည် ရန်ကုန်- မုတ္တမကားလမ်းပင် ဖြစ်သည်။

ဇင်းကျိုက်မြို့သည် မုတ္တမမြို့နှင့်(၂၀) မိုင်ဝေးသည်။ သထုံမြို့နှင့်(၁၆)မိုင်ဝေးသည်။မြို့ပေါ်တွင် အိမ်ခြေပေါင်း ခုနှစ်ရာခန့်ရှိသည်။ဇင်းမြို့သည် မွန်ပြည်နယ်တွင်ပါဝင်သည်။

ကျနော် ကားလမ်းပေါ်တွင် အချိန်အနည်းငယ် ကြာညောင်းသွားခဲ့သည်။သွားမည့်နေရာကိုမသိသဖြင့်၊လမ်းစပျောက်နေပြန်သည်။

ထို့ကြောင့်....

လဘက်ရည်ဆိုင်တဆိုင်တွင် ဝင်ရောက်ခိုနားပြီး မိမိသွားလိုသော နေရာကို ထောက်လှမ်းရန်ဖြစ်သည်။

ပထမနေရာသိရန်အတွက် ဒုတိယနေရာကို ရွေးချယ်ရပြန်သည်။

ကျနော် လဘက်ရည်ဆိုင်တွေ့ရန် ခြေထောက်က လှုပ်ရှားမှု မြန်ဆန်နေသည်။ မျက်လုံးအစုံလည်း ကြီးကန်းတောင်းမျှော်သကဲ့သို့ ရှိနေသည်။ အချိန်အနည်းငယ်သာ ကုန်သွားသော်လည်း၊ လဘက်ရည်ဆိုင်ဟူ၍ မတွေ့ရချေ။

သည်တော့ ကျနော် အသိစိတ်တခု ဖြစ်ပေါ်လာသည်၊ လမ်းပေါ်ကလူတဦးကို မေးမြန်းရန်ပင်ဖြစ်သည်။ လမ်းပေါ်တွင် လမ်းသွားလမ်းလာထဲမှ လူတဦးကို အစဉ်သင့် တွေ့လိုက်သည်။ ထိုအခိုက် နှုတ်ကသွက်လက်လာသည်။

"သည်မှာ လဘက်ရည်ဆိုင် ဘယ်မှာရှိသလဲ"

ဤသို့မေးလိုက်ပါသည်။

"ဈေးမှာတော့ရှိတယ်"

သူ့အဖြေကမှန်ကန်နေသည်။

သို့သော် ကျနော့အတွက် အခက်တွေ့နေပြန်သည်။

ဇင်းကျိုက်ဈေး တည်နေရာကိုပင် ကျနော်မသိခြင်းပင် ဖြစ်ပါသည်။

မေးပါများစကားရ၊ဆိုသော မောင်ပေါက်ကျိုင်းနှလုံးမျိုး မေးလိုက်တော့မှ လဘက်ရည်ဆိုင်သို့ ရောက် သွားပါသည်။ထိုလဘက်ရည်ဆိုင်မှာ ဇင်းကျိုက်ဈေး၏တနေရာတွင် ရှိပါသည်။ဇင်းကျိုက်ဈေးဆိုသော်လည်း ကြီးကျယ်သော ဈေး

မျိုးတော့ မဟုတ်ပါ။သွပ်မိုးတော့ရှိသည်။အကာကင်းသော ပေတရာပတ်လည်ခန့်ရှိ ဈေးကလေးပင်ဖြစ်ပါသည်။

လဘက်ရည်ဆိုင်ရှင်နှင့် သိခွင့်ရသည့်အခါမှ ကျနော်သွားလိုသော ခရီးလမ်းကို မေးမြန်းစုံစမ်းရပါသည်။ သူ့အပြောအရမူ ဆိုက်ကားစီး၍ သွားပါက ဇင်းကျိုက်တောင်၏ ခြေတော်ရင်း မုခ်ဝဆီသို့ ရောက်နိုင်ကြောင်း သိရပြန်သည်။ ထို့ကြောင့် ကျနော်သည် အချိန်ကုန်မခံတော့ပဲ၊ လိုရာခရီးနှင်ခဲ့လေသည်။

နေရောင်ပင် ညိုးစပြုနေ၏။

ကျနော်စီးလာသော ဆိုက်ကားပေါ်မှ ဆင်းပြီးနောက်တောင်ခြေရင်းရှိ ခြသေ့်မုခ်ဦးဆီသို့ လျှောက်သွား ပါသည်။

ကျနော်သည် စီးထားသော ဘိနပ်ကို ချွတ်လိုက်ကာ တောင်ပေါ်သို့တက်ရန် အားပြုလိုက်ပါသည်။ တောင်ပေါ်မှ စေတီတော်ကို ပြန်လည် ဖူးရသဖြင့် ဝမ်းသာမိသည်။ ရုတ်တရက် တောင်ထိပ်ရောက်ရန် မှန်းဆကြည့်ပါက သိပ်တော့မဝေးဟုထင်ရပါသည်။သို့သော် အမြင်ကနီး ခရီးကဝေးလှသည့် သဘောမျိုး ဖြစ်နေပါသည်။

တောင်ခြေမုခ်ဝမှနေ စေတီရင်ပြင်တော်အထိ (၂) မိုင်ခန့်ရှည်၏။ ရိုးရိုးမြေပြန့်တွင် ယောကျ်ားတဦး ခြေဖြင့်သွားပါက နာရီဝက်သွားရသည်။ ယခုမူ ဤသို့မဟုတ်ချေ။

တနင်္သာရီတောင်တန်း၌ ဇင်းကျိုက်တောင်လောက် မြင့်မားသော တောင်မရှိဟု သိရသည်။ ၎င်းတောင်သည် မြင့်မားသည်။ မတ်စောက်သည်။ မြေပြန့်ဟူ၍ သိပ်မရှိ။

ကျနော်၏ ခြေထောက်များသည် တောင်ပေါ်သို့ တက်

ခါစ လှုပ်ရှားမှု မြန်ဆန်နေပါသည်။ တဖြေးဖြေး ခြေထောက်အစုံသည် နွေးကွေးလာသည်။ အမြန်နှုန်းကျသွားသည်။ မတ်စောက်သော တောင် တက်ရသဖြင့် ခြေသလုံး ကြွက်သားများ နာကျင်ကိုက်ခဲလာသည်။ မောဟိုက်၍ နေတတ်သည်။ ထိုအချိန်တွင် လမ်းနံဘေးတွင်ရှိသော အုတ်ရေကန်သို့ ချဉ်းကပ်၍ ရေတခွက်လောက် သောက်လိုက်တော့မှ အမောပြေသွားဟန်ရှိပါသည်။

တောင်တက်လမ်းမှာလည်း ညီညာပြေပြစ်သည့် သဘောရှိမည်ဟု ထင်မှတ်ရသော်လည်း ခင်းထားသော ကျောက်ခဲများက မညီမညာရှိသဖြင့် ခြေဝါးဖပြင်ကိုချွန်ထက်သောအရာများ စူးဝင်လာပြန်သည်။

ကျနော် မှာမူ တက်လိုက်၊ နားလိုက်ဖြင့် မိမိ ခန္ဓာရုပ်ကြီးကို ချီမသွားနေရပါသည်။ တက်ရမည့်လမ်းကြောင်းက မပြေပြစ်သည့်အခါ သံချောင်းများကို ကိုင်တွယ်၍ သွားနိုင်ရန် လမ်းနံဘေးတွင် သွယ်တန်းထားပါသည်။

ကျနော်သည် ထိုသံချောင်းများ အမှီပြုကာ တောင်ပေါ် တက်ရပြန်သည်။ လမ်းတဘက် တချက်တွင် သစ်ပင်ကြီးများ ပေါက်ရောက်မှု မရှိပေ။

ဤသို့တောင်ပေါ်သို့ ရောက်ရန်က စိတ်စောနေသောကြောင့်၊ တောတိရစ္ဆာန်များရန်မူလာမည်ကိုပင်မစဉ်းစားနိုင်ပါ။

အလင်းရောင်မပျောက်မီ တောင်ပေါ်သို့ ရောက်ချန်ပင် ဖြစ်သည်။

နေလုံးကြီးသည် အနောက်ဘက်သို့ မေးတင်နေချိန်။

အမှောင်ထုက သန်းလာခဲ့သည်။

နေရောင်အား မကောင်းသောကြောင့် တောင်တက်လမ်းသည် ပျောက်လုမတတ် ဖြစ်သွားခိုက်။

ကျနော်၏ စိတ်လည်း အမှောင်ရစ်သန်းမှုကို အနိုင်မခံ အရှုံးမပေး ကျနော့်ရှေ့တွင် တုတ်တုတ်မျှမလှုပ် ငုတ်တုတ်ဖြင့် ဖြူဖွေးသော အရောင်တွေ သစ်လွင်ကာ၊ ကျနော့် မျက်လုံး အိမ်တွင်ဖွာကနဲပေါ်လာပါတော့သည်။ ထို့ကြောင့်အမှတ်မထင် တိုက်ကျောင်းတကျောင်းကို တွေ့လိုက်ရပါသည်။

ကျနော်စိတ်အား တက်လာခဲ့လေပြီ။

ကျနော်ရောက်ရှိနေသော နေရာကား (နတ်ရေကန်) ဟု သမုတ်သော စိမ့်ရေထွက်ပေါက်တခုကို ခေါ်ဆိုခြင်းဖြစ်သည်။ ထိုရေကန်သည် နွေ၊ မိုး၊ ဆောင်း၊ ရာသီအလိုက် အမြဲမပြတ် စိမ့်ထွက်ပေသည်။

ရင်၌မောပန်းမှုဒဏ်ကို ပြေစေရန်အသို့ငှါ စမ်းရေဘခွက်လောက် သောက်လိုက်သည်။

အမောပြေစေခဲ့သည်။

မှောင်စပျိုးလာသည်။

ကျနော်သည် တစုံတယောက်သောသူ တွေ့ရှိရန်အလို့ငှါ တိုက်ကျောင်းဆီသို့ ငေးမောကြည့်ရှု လိုက်ပါသည်။ မည်သူမျှ မတွေ့ရချေ၊ သည်တော့ အားငယ်စ ပြုလာသည်။ အကြောင်းမူ မှောင်ကြီးမဲမဲထဲတွင် ကျနော် တဦးတည်းရပ်၍ နေရခိုက်။ ကျနော်၏ အသိစိတ်က နှိုးကြားလာသည်။ အကြောင်းမူ တောင်ထိပ်ကျောင်း၌ ရဟန်းတပါး သီတင်း သုံးနေသည်ဟု

လဘက်ရည်ဆိုင်ရှင် ပြောဆိုခြင်းကိုပြေး၍ သတိရလိုက်ခြင်းဖြစ်ပါသည်။

အမှောင်ထုသည် ဝန်းကျင်ကို လွှမ်းမိုးစပြုနေသည်။ ကောင်းကင်ပြင်သည် ကြယ်ရောင်မှလွဲ၍အခြားအလင်းရောင်များ မရှိကြချေ။

အမှောင်နှင့် မဲ့မဲ့။

မျက်ကန်း လမ်းလျှောက်နေခြင်းနှင့် တူလှပါသည်။

သို့သော် တောင်တက်လမ်းက မဆုံးသေးချေ။

ကျနော့် အသိစိတ်ဝယ် ပေါ်ပေါက်ခဲ့သော အကြောင်းတခုကြောင့်ပင် တောင်ပေါ်သို့ တက်ရလေသည်။

ကျနော် တောင်တက်လှေခါးတဆစ်ချိုး တက်မိသည်နှင့်တပြိုင်နက်၊ တောင်ပေါ်ရှိ စေတီတော်ကို ဖူးမျှော်လိုက်ရသည်။ စေတီတော်၏ ခြေတော်ရင်း တန်ဆောင်းတဘက်တွင် ဇရပ်တဆောင်ကို တွေ့လိုက်သည်။ ထိုဇရပ်ထဲမှ မလင်းတလင်းရောင်က ပြင်ပသို့ ထွက်နေ၏။ ပိုးစုန်းကြူးတမျှ လင်းနေသောအလင်းရောင်ကြောင့်ကျနော်၏ မျက်လုံးအစုံသည် တောက်ပလာခဲ့သည်။ ပြုံးကျယ်သွားသည်။

တစုံတယောက်သောသူ။

သို့မဟုတ် ရဟန်းတပါး။

ဤသို့ ဝိဝါဒ မကွဲပြားသော စိတ်၏ ဝိရောဓိများသည် ရင်၌ ပဋိပက္ခဖြစ်စေခဲ့ပြန်သည်။

မည်သို့ဖြစ်စေ ကျနော်အားထား ကိုးကွယ်ရမည့်သူ ဖြစ်ပေလိမ့်မည်။

ကျနော်သည် ထိုနေရာသို့အရောက်သွားရန် ခြေထောက်အစုံက လျှင်မြန်လာသည်။

"ဘယ်သူလဲ"

ထိုအသံကြောင့် ကျနော်သည် အသံလာရာဘက်သို့လှမ်းကြည့်လိုက်ပါသည်။ အသံကိုသာ ကြားရသော်လည်း မည်သူမျှ ခုထိမတွေ့ရသေးပေ။

ကျနော်သည် ဤနေရာ၌ ခေတ္တရပ်လိုက်သည်။

အမှောင်ထဲမှ ပေါ်ထွက်လာသည်။

ရုတ်တရက် စိတ်အားငယ်သလိုလိုတော့ ရှိသွားသည်။

တကိုယ်လုံး သက်နှင်းခြုံထားသောကြောင့်၊ မည်သို့သော ပုဂ္ဂိုလ်များပါလိမ့်ဟုသံသယစိတ် ဝင်လာသည်။

ကျနော်၏ မျက်လုံးအစုံက ထိုရဟန်းကို သေသေချာချာ ကြည့်နေမိသည်။ အနည်းငယ်တော့ မှင်သက်မိနေသည်။

မလှုပ်မယှက် ကျောက်ရုပ်ပမာ ကျနော်၏ ကိုယ်ကြီးမှာ တည်ငြိမ်နေတော့သည်။

"ဘယ်ကလဲ"

ဤသို့ထပ်ဆင့်ပေါ်လာသော စကားသံကြောင့်....

ကျနော် စောဦးက မှတ်ချက်ချထားသော ရဟန်း ဖြစ်နေကြောင်း သိလိုက်ရသဖြင့် ဝမ်းသာသွားပါသည်။

"တပည့်တော် ဘုရား" ဟု အဖြေပေးလိုက်ပါသည်။

ထိုရဟန်းသည် ကျနော့်နားသို့ ချဉ်းကပ်လာသည်။

"ညချည်းမိုးချုပ် ဘာကိစ္စနဲ့ တောင်ပေါ်တတ်လာရတာလဲ"

''တပည့်တော် တရားအားထုတ်ရန်အတွက် လာခဲ့ခြင်း ပါဘုရား''

ကျနော်၏ လျှောက်သောအသံကြောင့်....

''ဒကာ.... ကျုပ်နောက်ကလိုက်ခဲ့၊ ဟိုဘက်လမ်းကိုအား မပြုနဲ့၊ ကြမ်းတယ်''

ရဟန်း၏ ဦးဆောင်မှုကြောင့် ကျနော်သည်သွပ်အိုဇရပ် နားသို့ ရောက်လာပါသည်။

ရဟန်းတော်၏ ဦးဆောင်မှုနောက်သို့ လိုက်ခဲ့သဖြင့် ကျနော်သည် ရဟန်းတော်၏ သီတင်းသုံးတော်မူသည့် ဇရပ် တွင်းသို့ ရောက်သွားပါသည်။ ရေနံဆီမီးအိမ်မှ မီးတောက်မီးလျှံ တို့သည် အမှောင်အားကို ဖြိုခွင်းထားသောကြောင့် ဇရပ်တွင်း၌ အလင်းရောင် အားကောင်းနေပါသည်။ ကျနော်သည် ဇရပ်တဲ၌ အနည်းငယ် အမောအပန်း ဖြေပြီးနောက်....

''ဒကာလဲ အတော်မောလာပြီ၊ ကိုယ်လက်ဆေးကြော ချင်ရင် အပြင်ဘက်မှာ ရေရှိတယ်''

''တင်ပါ့ ဘုရား''

ရဟန်းတော်၏ အမိန့်ရှိသည့်အတိုင်း ကျနော်သည် ဇရပ် အပြင်ဘက်သို့ ထွက်ခဲ့ပါသည်။ ဇရပ်တံခါးမ တချပ်လှပ်ထား သောကြောင့် ဇရပ်အတွင်း၌ ထွန်းညှိထားသော မီးရောင်မှ အပြင်ဘက်သို့ အလင်းရောင် ပြန့်လွင့်နေပါသည်။

ကျနော်သည် ဇရပ်အပြင်ဘက်ရှိ နတ်စင်အိုးရှိရေဖြင့် မျက်နှာသစ်လိုက်ပါတော့သည်။ ကိုယ်လက်ဆေးကြောပြီးနောက် ဇရပ်အတွင်းသို့ပြန်ဝင်လာပါသည်။

ရဟန်းတော်သည် ကျနော်အား အနည်းငယ်စိုက်ကြည့် သည်ဟုအကဲခတ်မိသည်။

"ဒါဘာ၊ ညနေစာ စားခဲ့ပီးပြီလား"

ကျနော်သည် ထိုင်မည်အပြုတွင် ဤသို့မေးလာပါသည်။

"တပည့်တော်မစားရသေးပါဘုရား"

"အတော်ပဲ၊ မနက်ကသက်သတ်လွတ် ပဲဆန်ဆွမ်းတော့ ရှိသေးတယ်၊ စားချင်တယ်ဆို အိုးထဲမှာခူးစားပါ"

ရဟန်းတော်သည် ကျနော်မရောက်မီအချိန်ကရေနွေးကျို ထားပါသည်။

ကျနော်သည်ရဟန်းတော်၏ ကျွေးမွေးသောပဲထမင်းဖြင့် ပူနွေးသောရေနွေးတခွက်ကို အကြမ်းအိုးမှငှဲ့လိုက်ကာ အာဟာရ အဖြစ်ဝမ်းဗိုက်ကိုဖြည့်လိုက်ပါသည်။ ဝမ်းတော့အနည်းငယ်ပြည့် ဖြိုးသွားပါသည်။

"ဒကာက ဘယ်မြို့ကလဲ"

တပည့်တော်ရန်ကုန်ကပါဘုရား.... ဦးပဥ္ဇင်းက တောင် ပေါ်မှာ သီတင်းသုံးနေသည်မှာ ကြာပီလားဘုရား"

"မကြာသေးပါဘူး၊ တဝါပဲရှိသေးတတယ်....ဦးပဥ္ဇင်း ကထားဝယ်ကပါ"

"တင်ပါ့ဘုရား"

"ဒကာ ဘယ်ရက်အထိ အဓိဋ္ဌာန်ဝင်မလို့လဲ"

"တပည့်တော်သုံးရက်ပါဘုရား"

ဤသို့အမေးအဖြေပြုနေကြရာမှ ကျနော်အိပ်ရန်အတွက်

ရဟန်း၏သီတင်းသုံးတော်မူသည့် ဇရပ်တဘက်ရှိ အခန်းထဲခေါ်ဆောင်သွားပါသည်။

ဖယောင်းတိုင် အလင်းရောင် ထိုအခန်းထဲဝင်လာ တော့သည်။

ကျနော်သည်ဖယောင်းတိုင်အလင်းရောင်ကြောင့်အခန်းတွင်းရှိပစ္စည်းအားလုံးကို ကွက်ကွက်ကွင်းကွင်းတွေ့ရပါသည်။

အခန်းကမကျယ်၊ အလျား(၈)ပေ၊ အနံ(၄)ပေခန့်ရှိမည်။

လူနှစ်ဦးပဲအိပ်စက်နိုင်သည်။ ဟောင်းနွမ်းနေသော ဖျာတချပ်က အခန်းအပြည့်ခင်းထားသည်။ အုတ်ခဲနှစ်လုံးမှာ ခေါင်းရင်း၌ရှိသည်။

ရဟန်းတော်ကကျနော်အား ထိုအခန်းထဲ၌ အိပ်ရန်အမိန့်ပေးသည် ရဟန်းတော်၏လက်တွင်း၌ ရှိသောဖယောင်းတိုင်သည် နံရံတနေရာတွင် ထွန်းညှိထားလိုက်ပါသည်။

"ဒကာ"

"ဘုရား"

"သည်အခန်းမှာအိပ်ပါ"

"တင်ပါ့ဘုရား"

နံရံတွင်ထွန်းညှိထားသော ဖယောင်းတိုင်ကို ကျနော်လှမ်းကြည့်လိုက်ပါသည်။ဖယောင်းတိုင်ကုန်သွားပါကတခန်းလုံးမှောင်နှင့်မဲမဲဖြစ်သွားတော့မည်။ ထို့ကြောင့်ကျနော်သည်အိပ်ဖို့အတွက် အမြန်ဆုံးစီစဉ်ရပါသည်။

ဖုံအထပ်ထပ်ပေကျန်နေသော ဖျာကြမ်းတချပ်ကိုအပြင် သို့ထုတ်ယူပြီး ခါလိုက်ပါသည်။ ဟိုရွှေ့သည်ရွှေ့ဖြစ်နေသော ပျဉ်ပြားများကို ပြန်လည်ညီညာအောင် ပြုပြင်လိုက်ပါသည်။

ကျနော်သည် အလင်းရောင်ရှိနေချိန်တွင် အိပ်ရန်အတွက် ပြုပြင်လိုက်ပါသည်။ လွယ်အိတ်ထဲမှာပါလာသော လုံချည်နွမ်းစ် ထည်ကို ဖျာပေါ်တွင်ခင်းလိုက်သည်။ ခြုံစောင်ကိုအပြင်သို့ယူ ထုတ်လိုက်ပါသည်။ ခေါင်းအုံးအတွက်မူ ခေါင်းရင်း၌ရှိသော အုတ်ခဲကိုအသုံးပြုရပါသည်။

ဖယောင်းတိုင်အလင်းရောင်သည် တဖြေးဖြေးနှင့်အား ပျော့လာတော့သည်။

ကျနော်သည်အိပ်ရန်အတွက် ပြင်ဆင်မှုလည်းပြီးစီးသွား သည်။

ကျနော်ခင်းကျင်းထားသော အိပ်ယာပေါ်မှ ဘုရားဝတ် ပြုလိုက်ပါသည်။ ပုတီးကိုစိပ်ပြီးနောက် မေတ္တာပို့အမျှဝေလိုက် သည်။

ကျနော်၏စိတ်အာရုံ၌ ပေါ်လာသော အရဟံဂုဏ်တော် ဗုဒ္ဓါနုဿတိဘုရားဂုဏ်တော်ပုတီးအပတ်ပေါင်း ၁၀၀ ပတ်စိပ်ရန် ပရိကံလိုက်ပါတော့သည်။

အရဟံဂုဏ်တော်စိပ်ခြင်း၏ ဝိသေသထူးကား။

သဗ္ဗေသံကမ္မဋ္ဌာနံ ဗုဒ္ဓဝဏ္ဏော မုခံမတော သဗ္ဗေသံ အလုံး စုံကုန်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းတကာတို့တွင်။ ဗုဒ္ဓဝဏ္ဏော၊ ဘုရားရှင်ကျေးဇူးတော်တို့သည်။ မုခံ၊ အကြီးအကဲ အမြတ်ဆုံး ဟူ၍။မတော၊ သိအပ်၏။ သဗ္ဗေသံ၊ ဗုဒ္ဓ၏။ဝဏ္ဏနံ အရဟံ ပခုံ

ဘဝေ သမ္ဘဝံ၊ အလုံးစုံသော။ ဗုဒ္ဓဝဏ္ဏာနုဥ၊ ဘုရားရှင်ကျေးဇူးတော်ဂုဏ်တော်တို့တွင်(၀၊)ဂုဏ်ကျေးဇူးတရားတို့ထက်လည်း အရဟံ၊ အရဟံဂုဏ်တော်သည်။ မုခံ၊အကြီးအမှူး အဦးအဖျား။ ဘဝေ၊ ဖြစ်ရာ၏။

အရဟံဂုဏ်တော်ကိုတည်ဆောက်၍ မဇ္ဈိမပဋိပဒါကျသည်နှင့်တပြိုနက် အကျိုးထူးတရားကို ခံစားရမည်ဖြစ်၍ အကာလိကော ဆိုသည်။

သမထဘာဝနာ အရဟံဂုဏ်တော် မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါးပြည့်စုံကြောင်း တရားကို ပွားများဖန်များ၍ စိတ်ငြိမ်သည့်အခါမဂ္ဂင်ရှစ်ပါးပြည့်စုံ၍ သမုဒယသစ္စာ စိတ်လည်ခြင်းရပ်သည်ကို သမုဒယသစ္စာ ပဟာယန မဂ္ဂသစ္စာ ဘာဝေတဗ္ဗ နိရောဓသစ္စာ သစ္ဆိကာတဗ္ဗ ဖြစ်သည်။

ထိုသို့ဖြစ်သောအခါ ကိုသာလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပေါသထသီလံ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အင်္ဂုဒ္ဒိကမဂ်ဖြစ်သည်။ထိုအခါ ကိလေသာ ပစ်လက်တကွက်လွတ်၍ သမ္မာဓိဋ္ဌိဟူ၍ ခေါ်အပ်လေသည်။ ဝိပဿနာလည်း ခေါ်ဆိုလေသည်။

အရဟံဂုဏ်တော်သာလျှင် လေးဆယ်သောသမထတို့တွင် အကြီးဆုံးသော သမထဖြစ်၍ လေးဆယ်သော သမထတို့တွင် စရိုက်အားလျော်စွာ ဖြစ်စေနိုင်သည်။

ဘုရားဂုဏ်တော်ကို အာရုံပြုသော စိတ်သည်သာလျှင် သရဏဂုံနှင့်သဟ တကွ သဟဇာတပစ္စည်းဖြစ်၍ သီလ၊ သမာဓိ၊ ပညာ ခေတ်ပစ္စည်းဆောင်၍ဗောဓိပက္ခိယ ၃၇ ပါး ပါဝင်သော သီလဖြစ်လေသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ပုဂ္ဂိုလ်သည်မြတ်စွာဘုရားရှင်၌ ရိုသေခြင်း၊ကျိုးနွံခြင်းတို့ကြောင့်သစ္စာပြန့်ပြောပေါများသည်၏အဖြစ်ကိုရင်း၊ အောက်မေ့ခြင်း သတိပြန့်ပြောပေါများ၏အဖြစ်ကိုရင်း၊ ဆင်ခြင်ခြင်းပညာ ပြန့်ပြောသည်၏အဖြစ်ကိုရင်းရလိုက်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ကိုယ်၌ကျရောက်လာသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကိုသည်းခံနိုင်၏၊ မြတ်စွာဘုရားနှင့်အတူတကွ နေရာ၏ဟူ၍ စိတ်၌ထင်၏၊ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့၌စိတ်စွဲ၍ အဖန်တလဲလဲအောက်မေ့ခြင်းသတိသည် အစဉ်မပြတ် ကိန်းဝပ်တည်နေ၏။

လင်းအားအနည်းငယ် ကျန်သေးသည်။

ကျနော် လွယ်အိတ်ထဲ၌ရှိသော မျက်နှာသုတ်ပုဝါကို ထုတ်ယူပြီး အုတ်ခဲပေါ်တင်လိုက်ပါသည်။

ဖယောင်းတိုင်အလင်းရောင် ပျောက်ကွယ်သွားခဲ့ချေ၏။

အမှောင်ထုက အခန်းကျဉ်းကလေးကို စိုးမိုးလိုက်သဖြင့် အမှောင်ထဲ၌ အခန်းကျဉ်းကလေး တုတ်တုတ်မျှ မလှုပ်တော့ ငုတ်တုတ်ဖြစ်နေပါတော့သည်။

ကျွန်တော်၏ခန္ဓာကိုယ်သည် ဖျာကြမ်းနှင့် ထိလိုက်သည့်အချိန်တွင် အဓိဋ္ဌာန်ခရီးသွားလာ တများအားထုတ်ကြရသော သူတော်ကောင်း အပေါင်းတို့တွေ့ကြုံကြရသောဆင်းရဲဒုက္ခသည် မလွယ်ကူကြောင်းကို လက်တွေ့ခံစားရသောအခါမှ သက်ပြင်းလေးတချက်ချမိပါသည်။

ကျနော်သည် ခုမှပတ်ဝန်းကျင်၏အခြေအနေကိုသေချာစွာဂရုပြုလာပါသည်၊ အကြောင်းမူ လေတိုက်နှုန်းသည်တနာရီလျှင်လေးဆယ်ခန့်ဟုမှန်းဆမိသည်။

တအုံးအုံးတဂျုံးဂျုံးအသံများဆူညံနေပါသည်၊ဇရပ်၏သွပ်ပြားများပင်ကွာ၍လေထဲတွင်ပါသွားနေပြီလားဟုထင်မှတ်စရာ။

မဟူရာအမှောင်နှင့် အတူရှိသော အခန်းထဲ၌ ကျနော်သည်ပြင်ပမှကြောက်မက်ဖွယ်ရာ မြည်ဟီးနေသောလေတိုက်ခိုက်ခြင်းမှာအလိုလိုစိတ်ချောက်ချားဘွယ်ရာကောင်းလှပါသည်။

ဤမျှဝန်းကျင်၏ ကြောက်မက်ဘွယ် ထိတ်လန့်စရာဖြစ်ရပ်ဆန်းမှုများကိုတွေ့ကြုံရသော်လည်း ကျနော့်၏စိတ်ဓာတ်သည်အနည်းငယ်မျှ စိုးရွံ့ခြင်းမရှိခဲ့ချေ၊ အကြောင်းမူ ကျနော်၏စိတ်ဓာတ်ခိုင်မြဲခြင်း၊ ယုံကြည်ချက်ရှိခြင်းတို့က ထိုအကြောင်းအရာအပေါင်းကိုတွန်းလှန်နိုင်ပါသည်။

ကျနော်၏ရုပ်နာမ်နှစ်ပါး၊ခန္ဓာငါးပါးကို ဘုရားရှင်အားလှူဒါန်းခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။ မိမိ၏စောင့်ရှောက်သောပုဂ္ဂိုလ်အပေါင်းအား အပ်နှင်းထားပါသည်။ တောင်၌စောင့်ရှောက်သော ပုဂ္ဂိုလ်များထံ ခွင့်ပန်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ကျနော်သည်ပက်လက်လှန်၍ အိပ်နေပါသည်။အနုဿတိဆယ်ပါးမှ၊ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊သံဃာနုဿတိတို့ကို ပွါးများပြီးနောက် မရဏာနုဿတိကိုပွားများနေပါသည်။

အချိန်မည်မျှ ကြာညောင်းခဲ့သည်ဟူကား ကျနော်မသိတော့ချေ။

အေးငြိမ်းခြင်းနှင့် အတူ ကျနော် အိပ်မော ကျသွားပါတော့သည်။

နံနက်ခင်း၏ အလင်းများ မျက်နှာပေါ်သို့ နေရောင်ပျောက်ကလေးများ ကျရောက်လာတော့မှ နိုးလာပါသည်။ ကျနော်သည်မျက်နှာသစ်ရန် အပြင်ဘက်သို့ ထွက်သည့်အချိန်၌ ရဟန်းတော်နှင့်တွေ့ဆုံလိုက်မိသည်။

သည်တော့....

"ဒကာ"

ရဟန်းတော်ခေါ်လိုက်သောကြောင့်။

"ဘုရား"

"ဒကာရဲ့သမာဓိအားကိုသိပ်မဆိုးပါလား"

ဤသို့ရဟန်းတော်၏မိန့်ဆိုမှုသည် အကြောင်းတခုခုရှိနေပေလိမ့်မည်။ ကျနော်အိပ်စက်သောအခန်းသည် အကြောင်းမဲ့မဟုတ်ကြောင်း ကောက်နုတ်ချက်ချနိုင်သည်။

ကျနော်သည်ရဟန်းတော်၏ကျွေးမွေးသော ပဲထမင်းနှင့် လသက်ရည်ကြမ်းကို သောက်စားပြီးနောက် ဘုရားရင်ပြင်တော်သို့တက်၍ အမိဌာန်ပါရမီကို ဖြည့်ကျင့်ပါတော့သည်။ အမိဌာန်ထားသည့်ရက်အတိုင်း အားထုတ်ခဲ့ပြီး ရန်ကုန်မြေသို့ပြန်ခဲ့လေသည်။

သူတော်ကောင်းတို့၏ အားဟူကား သူတပါး တို့၏ လွန်ကျူးလာသည့် အပြစ်ကို အမျက် မထွက် သည်းခံခြင်းသည် သူတော်ကောင်းတို့၏ ကိုးစားရာ အားတည်း။

“ရှင်တို့ကျင့်ကောင်း၊ဘုရားပေါင်းတို့ဆုတောင်း
သာစဉ်၊ဥာဉ်ဝိရိယ၊ သဒ္ဓါဓိက၊ သုံးမည်ရလျက်
ကာလသုံးကြိမ် ကျွတ်ထောက်ချိန်၌—”

အရှင်သီလဝံသ မထေရ်မြတ်

# ပါရမီလမ်း

## "ဂေါတမဘုရားလောင်း ဆုပန်ခြင်း"

ဤမြွေ့ဤမျှဟု တွက်ဆမှတ်သားခြင်းငှါ မတတ်ရာသော မဟာကပ်ပေါင်း အသင်္ချေယျတို့တွင် နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ၊ ပထဝီအသင်္ချေ၊ မဏ္ဍအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေ၊ ပုဏ္ဍရိက အသင်္ချေ တည်းဟူသော ခုနစ်သင်္ချေတွင်း၌ ပွင့်တော်မူကုန်သော ဗြဟ္မဒေဝ အစရှိကုန်သော တသိန်းနှစ်သောင်း ငါးထောင်ကုန်သော ဘုရားရှင်တို့ကို ဖူးမြင် တွေ့ကြုံရသဖြင့် ဓမ္မဒေသနာကို ကြားနာရလေလျှင် ဘုရားဖြစ်ချင်သော စိတ်တော်ရှိလှ၍ ဒသပါရမီ ငါးလီသော ပရိက္ခာရတို့ကို . တစ

တစ ဖြည့်တော်မူသည်။ ထိုနောက် သဗ္ဗဘဒ္ဒအသင်္ချေ၊ သဗ္ဗပုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဥသဘက္ခန္ဓအသင်္ချေ၊ ခန္တုတ္တမအသင်္ချေ၊ မာဏိတအသင်္ချေ၊ ဘဒ္ဒအသင်္ချေ၊ ပဒုမအသင်္ချေ၊ သဝိဘလ္လအသင်္ချေ တည်းဟူသော ကိုးအသင်္ချေထက်၌ ပွင့်တော်မူကြကုန်သော ပေါရာဏသက္ကဂေါတမ အစရှိကုန်သော သုံးသိန်းရှစ်သောင်း ခုနှစ်ထောင်ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံပြန်လျှင်လည်း ထိုဘုရားရှင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် မြောက်စားပူဇော်ကာ တရားတော်ကိုနာ၍....

"နောင်သောအခါ ငါလည်း ထို့ သခင် လူတွင်ထင်ရှား ဘုရားစင်စစ်ဖြစ်စေသော်"ဟု နှုတ်ရောစိတ်ပါ ပတ္ထနာ၍ ပါရမီသုံးဆယ် ငါးသွယ်သော ပရိစ္စာဂစရိယတို့ကို နိစ္စကြိုးကုဘ်အားထုတ်တော်မူသဖြင့် ဆောက်ဦးရင့်မာ၍ သူမခေါ်ရှင်ရသေ့ အဖြစ်သို့ ရောက်တော်မူလေသည်။ ထိုမှစ၍ သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရာစိယအသင်္ချေ တည်းဟူသော လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူကြကုန်သော နှစ်ကျိပ်ခုနှစ်ဆူကုန်သော ဘုရားရှင်တို့တွင် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ နိယတဗျာဒိတ်ကိုခံရလျက် ဗောဓိသမ္ဘာရအပေါင်းကိုဖြည့်တော်မူကာ အစဉ်လာသဖြင့် ဤကမ္ဘာဝယ် မဟာသမ္မတမင်းဘကြိမ်၊ သုဒဿနဝရမန္ဓာတ်မင်း တကြိမ်၊ မဃဒေဝမင်းတကြိမ်၊ နေမိမင်း၊ သိဝိရာဇ်၊ စန္ဒကုမာရ၊ မဟာဂေါဝိန္ဒ၊ အကိတ္တိ ပြဟ္မဏ၊ သင်္ခပြဟ္မဏ၊ ဇနိဥ္စယ၊ သသရာဇ၊ ဟတ္ထိပါလ၊ ဘူရိဒတ္တ၊ ခမ္မေယျ၊ စူဠဗောဓိ၊ မဟိံသ၊ ဂုဂုမိဂ၊ မာတင်္ဂ၊

ဓမ္မဓဇ၊ ဇယဒိသ၊ သခ်ပါလ၊ ယုခဍ္ဍယ၊ သောမနဿ
အယောဃရ၊သောဏဒန္တ၊ကပိရာဇ၊သစ္စယုဂ၊ဝပေါတက၊ မစ္ဆ
ရာဇ၊ကဏှဒီပါယန၊မဟာသုတသောမ၊သုဝဏ္ဏသာမ၊ ဓကရာဇ၊
မဟာဟေမဟံသ တကြိမ်စီအားဖြင့် သုံးဆယ်ငါးဇာတ်ဖြစ်ဘော်
မူ၍ ဆောက်ဦးရင့်မာသဖြင့် ဝေဿန္တရာမင်းအဖြစ်သို့ ရောက်
တော်မူလေသည်။

ဘုရားလောင်းသုံးမျိုးမှာ (၁) သမ္မာသမ္ဗောဓိသတ္တ
ဖြစ်သောဘုရားအလောင်းအလျာ သူမြတ်ကြီးများကား....

၁။ ။ပညာဓိကသုရားအလောင်း

၂။ ။သဒ္ဓါဓိကဘုရားအလောင်း

၃။ ။ဝီရိယာဓိကဘုရားအလောင်းဟူ၍ သုံး
မျိုးရှိလေသည်။

ဘုရားအဖြစ်ဟူသည် သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်း
ပင်ဖြစ်၏။ ထိုဉာဏ်တော်ကြီးကို ရရှိဘို့ရန် ရှာမှီးသူတို့၏ စိတ်
သန္တာန်တွင် ပညာဓာတ်ခံ လွန်ကဲစွာရှိခြင်းပင်ဖြစ်၏။ပညာဓာတ်
ခံလွန်ကဲစွာ ရှိခြင်းဟူသည်လည်း အရာရာတိုင်း ပြုသမျှ ပြောသ
မျှ ကြံသမျှတို့၌ ဝေဖန်ဆင်ခြင် စဉ်းစားမှုပြုလုပ်ခြင်းပင်ဖြစ်၏။
ဤသို့ပြုလုပ်သဖြင့် တဘဝထက်ဘဘာ ပညာဓာတ်ခံ ရင့်သန်
ကာ ပညာတကာတို့ထက် အထွဋ်အထိတ်ဖြစ်သော သဗ္ဗညုတ
ဉာဏ်တော်ကြီးသို့ ပေါက်ရောက်လွယ်၏။

လောက၌ ငွေဖြင့်ရင်းနှီး၍ ရှာမှ ငွေကိုရလွယ်သကဲ့သို့ ပညာဖြင့်ရင်းနှီး၍ရှာမှ သဗ္ဗညုတဉာဏ်ပညာကြီးကိုရလွယ်သည်၊ သို့ဖြစ်၍ပညာဓိကဟု ခေါ်သော ဉာဏ်ပညာလွန်ကဲသည့် ဘုရားအလောင်းတော်များသည် ပါရမီဖြည့်ရာ၌ အမြဲပင် ပညာဉာဏ် ပါရှိပြီးဖြစ်သည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်လျှင် ဘုရားဖြစ်တော်မူကြ၏။

အချို့သောအလောင်းတော်တို့သည်ကား "ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်"ဟူ၍ ယုံကြည်ကြ၏။ ထိုအလောင်းတော်တို့၏စိတ်၌ ယုံကြည်သဒ္ဓါတရား လွန်ကဲ၍နေ၏။ပညာကား သဒ္ဓါတရားအောက် နည်းပါးလေသည်။ထိုအလောင်းတော်ကြီးများကို သဒ္ဓါဓိက ဘုရားအလောင်းဟုခေါ်သည်။(သဒ္ဓါတရားသာလျှင် လွန်ကဲခြင်းရှိသော အလောင်းတော်ဟု ဆိုလိုသည်) ဤသဒ္ဓါဓိက ဘုရားအလောင်းတော်များမှာ ပညာက ရှေ့မဆောင်နိုင်ပဲ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာ ပါရမီဖြည့်ရသည့်အတွက် လေးသင်္ချေနှင့်ကမ္ဘာတသိန်းတွင် ဘုရားမဖြစ်နိုင်သေးပဲ ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားဖြစ်တော်မူကြ၏။

အချို့သောအလောင်းတော်တို့သည်ကား.... ဝီရိယကိုသာ အားကိုးအားထားပြုကြ၏။ မြော်မြင်ဆင်ခြင်မှု ပညာကိုလည်း အဓိကအားဖြင့် အသုံးမပြုနိုင်။ ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်ဟူသော ယုံကြည်ခြင်းသဒ္ဓါတရားကိုလည်း ဂရုမထား။"ကြိုးစားလျှင် ဘုရားဖြစ်မည်" ဟူသော ဝီရိယကိုသာ

ရှေ့ထား၍ ပါရမီတော်တို့ကို ဖြည့်ကျင့်သည့်အတွက် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်းကြာမှ ဘုရားဖြစ်တော်မူကြသည်။ ထိုအလောင်းတော်ကြီးများကို ဝီရိယာဓိက ဘုရားအလောင်းတော်ကြီးများဟု ခေါ်ကြသည်။

ဤသို့လျှင် ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ဟူသောအမည်သုံးပါးသည် ဘုရားအလောင်းတော်တို့၏ အမည်ဟုသတိပြုရာ၏၊ သတိမပြုလျှင်ဘုရားရှင်တို့၏ အမည်ဟု မှတ်ထင်နေကြ၏။ အလောင်းတော်ဘဝ၌ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ဟူသောအမည်သုံးပါးသည် ဘုရားအလောင်းတော်တို့၏ အမည်ဟုသတိပြုရ၏။

## အလောင်းအလျာကြီးတို့၏လုပ်ငန်းစဉ်

ရတနာကိုအလိုရှိရုံမျှဖြင့် အလုပ်မလုပ်ပဲ ရတနာကိုမရရှိနိုင်။ ကြိုးစားအားထုတ် အလုပ်ကိုလုပ်မှသာလျှင် အလိုရှိရာရတနာကိုရနိုင်သကဲ့သို့ ရှေးဆိုအပ်ပြီးသော ဗောဓိဉာဏ်သုံးပါးကိုအသီးသီး အလိုတော်ရှိကြသော ဗောဓိသတ္တ (အလောင်းအလျား)သုံးမျိုးတို့မှာလည်း တောင့်တအပ်သော ဗောဓိဉာဏ်ကိုရရာရကြောင်းဖြစ်သော ပါရမီစာဂစာရိယတရားတို့ကို ပွားများအားထုတ်မှသာအလိုရှိအပ်သောဗောဓိဉာဏ်ကို ရတော်မူကြ၏။

အရင်းအနှီးဥစ္စာများစွာ စိုက်ထုတ်၍ သူမတူတန်အောင်အားထုတ်သောပုဂ္ဂိုလ်၊ အလယ်လတ်စိုက်ထုတ်၍အလတ်အလတ်အားထုတ်သောပုဂ္ဂိုလ်၊ အနည်းအပါးစိုက်ထုတ်၍အနည်းအပါး

အားထုတ်သော ပုဂ္ဂိုလ်သုံးမျိုးတို့၏အမြတ်အစွန်း အကျိုးတရားကိုရရှိရာ၌ ခြားနားခြင်းထူးပြားခြင်းရှိသကဲ့သို့ ထို့အတူ(ဗောဓိပဒ်ပါစကခေါ်သော) ဗောဓိဉာဏ်ကို ရင့်သန်စေတတ်သည့်ပါရမီစာဂ စရိယတရားတို့ကို အားထုတ်တော်မူ တည်းဟူသောအရင်းတန်းဥစ္စာအခြေခံများတို့အမြတ်အများ၊ အလယ်အလတ်၊ အနည်းအပါးတို့လိုက်၍ ဗောဓိဉာဏ်တည်းဟူသော အမြတ်အစွန်းအကျိုးတရားကို ရရှိရာ၌လည်း ခြားနားခြင်း ထူးပြားခြင်းရှိလေသည်။

ယင်းသို့စိတ်ဖြင့် မရေမတွက်နိုင်သောဘုရားအဆူဆူတို့ထံသူရားဆုကိုပန်၍ ဘုရားဖြစ်ရန်ကုသိုလ်အထူးကို ကာလရှည်လျားစွာဆည်းပူးခဲ့သဖြင့် နိယတဗျာဒိတ် ခံယူနိုင်လောက်အောင်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော (သုမေဓာရှင်ရသေ့၏ ဘဝမျိုးကဲ့သို့သော) ဘဝ၏သက်တော်ထင်ရှား မြတ်စွာဘုရားတဆူဆူ၏အထံ၌ နိယတဗျာဒိတ်ကို ခံယူတော်မူရလေသည်။

## ပါရမီဖြည့်စဉ် နတ်ပြည်၌ ကြာရှည်စွာ နေလေ့မရှိ

ထိုသို့တူမတူတန်အောင်ပါရမီစာဂစရိယတို့ကို ဖြည့်ကျင့်တော်မူဆဲဖြစ်ကြသော အလောင်းတော်ကြီးများသည် ဝေသန္တရာဘဝကဲ့သို့ ပါရမီစာဂစာရိယတရားတို့ကို အပြီးအဆုံးအထွတ်အထိပ်ရောက် ပြည့်မြောက်သည့်ဘဝသို့ မရောက်သေးသမျှကာလပတ်လုံး ဤအတွင်းဝယ် မဟာကုသိုလ်တော် အာနုဘော်ကြောင့်အသက်ရှည်သော နတ်ပြဟ္မာဘဝ၌ ဖြစ်ကြသော်လည်း

ထိုနတ်ပြဟ္မာပြည်၌ ပါရမီဖြည့်ရန် ခဲယဉ်းလှသောကြောင့် အသက်တန်းကုန်ဆုံးအောင် တည်နေတော်မမူကြပဲ၊ အဓိမုတ္တိရဏ ခေါ်သော သေခြင်းမျိုးဖြင့် နတ်ပြဟ္မာသက်ချေခဲ့ကြပြီးလျှင် လူ့ပြည်လောက၌သာ တဖန်ဖြစ်၍ ပါရမီတော်တို့ကိုဖြည့်ကျင့်တော်မူကြသည်။

## သမုဒ္ဒရာနှင့်တူသောပါရမီတော်များ

ပကတိသမုဒ္ဒရာမှာယူဇနာပေါင်းရှစ်သောင်းလေးထောင် နက်ခေါင်လှ၏ထုပမာဏရှိသေး၏။ အောက်အပြင်အထက်အပြင်ရှိ၍ အစွန်းအနားမှ စကြာဝဠာတော်ဖြင့်ပိုင်းခြား၍ ရစကောင်းသော်လည်း အလောင်းတော်ကြီးများ ဖြည့်ကျင့်ပွားများအပ်သည့် ဒါနပါရမီတည်းဟူသော သမုဒ္ဒရာမှာကား အောက်ထက်အပြင်အစွန်းအနား ပိုင်းခြား၍မရစကောင်မှန်၏။ အလောင်းတော်ကြီးများ၏ ဒါနပါရမီတော်စပ်ရန် ပြင်ပဥစ္စာကို စွန့်လှူခဲ့သည်ကားဤမျှတည်းဟူ၍မပိုင်းခြားနိုင်။အသားကိုလှူရဌာနကားဤမျှတည်း၊အသွေးကိုလှူရဌာနကားဤမျှတည်း၊မျက်လုံးတော်ကိုလှူရဌာနကားဤမျှတည်း၊ ဦးခေါင်းတော်ကိုလှူရဌာနကားဤမျှတည်းဟူ၍ မပိုင်းခြားနိုင်။ ထို့အတူသီလပါရမီတော်စသည်နှင့်စပ်ယှဉ်း၍လည်း မပိုင်းခြားနိုင်သည်သာ ဖြစ်ရကားအလောင်းတော်ကြီးများ၏ပါရမီတော်တို့ကိုမဟာသမုဒ္ဒရာနှင့်(အဂ်ိက) ဥပမာ....ပါရမီတော်တို့ကာ သာလွန်သည်ကိုသာ ဥပမာနှိုင်းခိုင်းရလေသည်။

## ကြီးစွာသော ဒုက္ခကိုသော်လည်း ဒုက္ခကဲ့သို့မထင်

တစုံတယောက်သောသူသည် နွေရာသီအချိန် နေမွန်း တည့်ရှိန်ရှိန်၌ရေပြည့်ကန်အတွင်းသက်ဆင်းငုပ်လျှိုးရေချိုးနေစဉ် ကောင်းကင်အထက်မှ နေကျက်ကျက်ပူသည်ကို ရှိသည်ဟူ၍မှ အသိအမှတ်မပြုသကဲ့သို့ ထို့အတူအလောင်းတော်ကြီးများသည် မဟာကရုဏာဖြင့် အေးမြချမ်းကြည်သော စိတ်နှလုံးရှိတော်မူကြ ၍သတ္တဝါတို့၏ အစီးအပွားကိုသာ ရှာမှီးတော်မူကြလျက် ပါရ မီတော်ဟည်းဟူသော သမုဒ္ဒရာ၌အမြဲသက်ဆင်း ငုပ်လျှိုးတော်မူ ကြကုန်၏။ သို့ရကား ပါရမီတော်သမုဒ္ဒရာအတွင်း မဟာကရုဏာ ဖြင့်ချမ်းအေးသော ကိုယ်ရှိတော်မူကြသောကြောင့် ယုတ်မာ သောသတ္တဝါတို့ မညှာမတာမငဲ့မကွက် ရက်ရက်စက်စက် ခြေ ကိုဖြတ်ခြင်းစသည့်ကြောင့် အလွန်အလွန်ပြင်းလှသည့် ဆင်း ရဲဒုက္ခပင်ဖြစ်သော်လည်း ဒုက္ခကဲ့သို့ မှတ်ယူတော်မမူကြကုန်။

## ကာလရှည်စွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ရခြင်း

ကမ္ဘာတခု၌ ပုဂ္ဂိုလ်တယောက်ယောက်၏ အရိုးတို့ကို စုပုံထားလျှင် တောင်မျှလောက်ကြီးမားရာ၏ဟု သံယုတ်ပဋ္ဌိ တော်၌ မြတ်စွာဘုရားဟောကြားတော်မူအပ်သည်။

အလောင်းတော်ကြီးများမှာ ဘုရားဆုပန် ဗျာဒိတ်ခံ သည်မှ ပါရမီပြည့်စုံအောင်မြောက် အထွတ်အထိပ်သို့ရောက် သည်၊ နောက်ဆုံး(ဝေသန္တရာဘဝကဲ့သို့သော)ဘဝတိုင်အောင်

အနည်းဆုံး လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ကာလအတွင်း ပါရမီဖြည့်ခဲ့ရသော ဘဝတို့ကိုရေတွက်ရလျှင် မဟာသမုဒ္ဒရာ ရေပေါက်ထက်ပင်များလှသေး၏။ ထိုမျှများလှသောဘဝတို့အနက် ပါရမီကိုမဖြည့်ပဲ အချည်းနှီးလွန်သွားသော ဘဝတခုဟူ၍မရှိချေ။

ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိမြင်ကြားမှတ်သားရသည့် ငါးရာငါးဆယ် နိပါတ်ဇာတ်တော် စရိယာပိဋကပါဠိတော် စသည်တို့၌ပါသော အလောင်းတော်မြတ်၏ ကျင့်စဉ်များကား မဟာသမုဒ္ဒရာရေအထုမှ ဆားငန်အရသာကို သိသာစေရန် ထုတ်ဆောင်၍ ပြအပ်သော တဖလားမျှသော ရေကဲ့သို့ မဟာသမုဒ္ဒရာ ရေပေါက်မက ဘဝများစွာ ဖြည့်ကျင့်တော်မူအပ်သော ပါရမီကျင့်စဉ်များမှ အကြောင်း ဝတ္ထုအားလျော်စွာ အနည်းငယ်မျှ ဟောကြားအပ်သော ကျင့်စဉ်များသာ ဖြစ်သည်။

(ပစ္စေကဗောဓိသတ္တ)ခေါ်သော ပစ္စေကဗုဒ္ဓါအလောင်းတော်လျာတို့မှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီဖြည့်ရကုန်၏။ ထိုအောက်လျော့၍ ပစ္စေက ဗုဒ္ဓါမဖြစ်နိုင်။ အကြောင်းမှာ ရှေးသဗ္ဗညုဘုရား အလောင်းတော်တို့ အခဏ်း၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း ထိုနှစ်သင်္ချေနှင့် ကမ္ဘာ တသိန်း အောက်လျော့၍ ပစ္စေက ဗောဓိဉာဏ် မရင့်ကျက်နိုင်သော ကြောင့် ဖြစ်သည်။

(သာဝက ဗောဓိသတ္တ) ခေါ်သော သာဝကအလောင်းတော်တို့မှာ....

(က) အဂ္ဂသာဝက အလောင်းတော်များ (အရှင်သာရိပုတ္တရာ)

(ခ) မဟာသာဝက အလောင်းတော်များ (ဘုရားလက်ထက်တော် အခါ အသီတိရှစ်ကျိပ်ဝင် ရဟန္တာကြီးများကို ခေါ်သည်)

(ဂ) ပကတိ သာဝက အလောင်းတော်များ၊

ထိုသို့ ဆိုအပ်ပြီးသည်မှ ကြွင်းသော ရဟန္တာအလောင်းအလျာများကို ခေါ်သည်။

ဤသို့ သာဝက အလောင်းအလျာများကား သုံးမျိုးရှိသည်။

(က) အဂ္ဂသာဝက အလောင်းအလျာတို့မှာက သင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင်ပါရမီဖြည့်ရသည်။

(ခ) မဟာသာဝက အလောင်းအလျာတို့မှာ ကမ္ဘာတသိန်းကြာအောင် ပါရမီဖြည့်ရသည်။

(ဂ) ပကတိ သာဝက အလောင်းအလျာတို့မှာ ပါရမီဖြည့်ရာ ကာလ ဤ၍ ဤမျှဟု ကျမ်းဂန်တိုက်ရိုက်အဖွင့် အဆို မရှိသော်လည်း ပုဗ္ဗေနိဝါသကထာ (သုတ်မဟာဝါ၊ မဟာ ပဒါနသုတ်အဖွင့်) အဋ္ဌကထာဋီကာတို့၌ မဟာသာဝကတို့မှာ ကမ္ဘာ

တသိန်း အတိတ်ဘဝကို အောက်မေ့နိုင်သည်။ ပကတိသာဝကတို့မှာ ထိုအောက်လျော၍အောက်မေ့နိုင်သည်ဟု ပါရမီဖြည့်ရာကာလဖြင့် အတိတ်ဘဝကို အောက်မေ့နိုင်ကြောင်း ဖွင့်ဆိုတော်မူကြသဖြင့် ကမ္ဘာတသိန်းအောက်လျော့၍ ပါရမီဖြည့်ကြရသည်ဟု မှတ်သားသင့်သည်။ ဤ၌ ကမ္ဘာတသိန်းအောက် ကမ္ဘာတရာ ကမ္ဘာတထောင် စသည်ဖြင့် မပြည့်သောကာလ အပိုင်းအခြားကိုသာ မှတ်ယူသင့်သည်။

ဗုဒ္ဓ- (ကိစ္စပြီးမြောက် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြသောပုဂ္ဂိုလ်သူမြတ်ကြီးများ)။

ရှေး၌ဆိုအပ်ပြီးသော အတိုင်း သမ္မာ သမ္ဗောဓိ သတ္တတည်းဟူသော သဗ္ဗညုဘုရားအလောင်းတော်တို့မှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူပြီးနောက် ပညာဓိကဘုရားအလောင်းဖြစ်လေလျှင် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း သဒ္ဓါဓိကဘုရားအလောင်းဖြစ်လျှင် ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ ဝီရိယဓိကဘုရားအလောင်းဖြစ်လျှင် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီတို့ကိုဖြည့်ကျင့်တော်မူ၍ ပါရမီတော်အထွဋ်အထိပ်သို့ ရောက်သောကာလဝယ် ဆရာမရှိ မိမိကိုယ်တိုင်ထိုးထွင်း၍ သစ္စာလေးပါး တရားတို့ကို သိသောမဂ်ဉာဏ်၊ ကုယျတရားတို့ကို ကြွင်းမဲ့ကုန်စင် သိမြင်တတ်သောသဗ္ဗညုတဉာဏ်

တော်တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ် (တဆူတဆူသော ဘုရားရှင်သည်တပါးသောတရားကိုဟောတော်မမူပဲတဆူသော ဘုရား၏ဂုဏ်ကို တကမ္ဘာပတ်လုံးဟောကြားသော်လည်း ကမ္ဘာ သာလျှင်ကုန်ဆုံး၍ ဂုဏ်ကျေးဇူးမကုန်ဆုံးနိုင်ဟုဟောတော်မူအပ် သော)အနန္တအပရိမေယျဖြစ်သော ဘုရားကျေးဇူး ဂုဏ်အထူးတို့ နှင့်တကွ ရတော်မူ ရောက်တော်မူသည်၊ယင်းသို့သမ္ဗောဓိဉာဏ်သို့ ရောက်တော်မူရတော်မူသော လောကသုံးပါး၌ ဖြစ်မြောက်သူ အတုမရှိအဒုတိယပုဂ္ဂိုလ်သူမြတ်ကိုသမ္မာသမ္ဗုဒ္ဓ (သဗ္ဗညုမြတ်စွာ ဘုရား)ဟုခေါ်ဆိုသည်။

ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့မှာ နှစ်အသင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာအောင် ပါရမီတော်တို့ကိုဖြည့်ကျင့်ရ၍ ပါရမီတော်အထွဋ်အထိပ်သို့ ရောက်သောအခါ (သဗ္ဗညုတ ဉာဏ် ဒသဗလဉာဏ်စသည်တို့မပါပဲ) ဆရာမ ရှိမိမိကိုယ်တိုင်ထိုး ထွင်း၍သစ္စာလေးပါးကိုသိသောမဂ်ဉာဏ် (ပစ္စေက ဗောဓိဉာဏ် ကို)ရတော်မူ ရောက်တော့မူကြသည်။ယင်းသို့ပစ္စေကဗောဓိဉာဏ် သို့ရောက်တော်မူ ရတော်မူကြသော ပုဂ္ဂိုလ်ကြီးများကို ပစ္စေက ဗုဒ္ဓါ(ပစ္စေကဗုဒ္ဓါဘုရားငယ်)ဟုခေါ်ဆိုသည်။

သာဝက အလောင်းအလျာတို့မှာ အဂ္ဂသာဝကအလျာ ဖြစ်လျှင် တသင်္ချေနှင့် ကမ္ဘာတသိန်း၊ မဟာသာဝကအလျာဖြစ် လျှင်ကမ္ဘာတသိန်း၊ပကတိသာဝကအလျာဖြစ်လျှင် ကမ္ဘာတရာ၊ ကမ္ဘာတထောင် စသည်ကာလပတ်လုံး ပါရမီတို့ကို ဆည်းပူး၍

ပါရမီအထွဋ်အထိပ်သို့ ရောက်သောအခါ မြတ်စွာဘုရားတည်း ဟူသောဆရာရှိ၍ သစ္စာလေးပါးကိုသိသော မဂ်ဉာဏ် (သာဝက ဗောဓိဉာဏ်)ကို ရတော်မူ ရောက်တော်မူကြသည်။ ယင်းသို့ သာဝကဗောဓိဉာဏ်ကို ရောက်တော်မူရတော်မူကြသော ပုဂ္ဂိုလ် သူမြတ်များကိုအဆင့်အတန်းအလိုက်အဂ္ဂသာဝက၊မဟာသာဝက ပကတိသာဝက အမည်အသီးသီးဖြင့် သာဝက ဗုဒ္ဓဟု ခေါ်လေ သည်။

## မြတ်စွာဘုရား၏လုပ်ငန်းစဉ်များ

ဤသို့ ဗောဓိသတ္တ (အလောင်းတော်တို့၏) ကိစ္စပြီး မြောက်၍သမ္မာသမ္ဗုဒ္ဓ၊ပစ္စေကဗုဒ္ဓ၊ သာဝကဗုဒ္ဓ တည်းဟူသော သဗ္ဗညု မြတ်စွာဘုရားအဖြစ်၊ ပစ္စေကဗုဒ္ဓါအဖြစ်၊ သာဝကဗုဒ္ဓ၊ (တပည့်သာဝကအရိယာ)အဖြစ်သို့ အသီးသီးရောက်ရှိတော်မူကြ ပြီးသော ပုဂ္ဂိုလ်သူမြတ်ကြီးများအနက် သဗ္ဗညုမြတ်စွာဘုရား တို့ကို တာရယိတုပုဂ္ဂိုလ်ကိုယ်တိုင်လည်း သံသရာမှကူးမြောက်၍ ဝေနေယျတို့ကိုလည်းထုတ်ဆယ်ကယ်တင်တော်မူကြသောအမြတ် ဆုံးသောပုဂ္ဂိုလ်ဟူ၍ခေါ်ဆိုရသည်။

ပစ္စေကဗုဒ္ဓါတို့ကိုမူ(တရိတပုဂ္ဂိုလ်) သူတပါးကိုသံသရာမှ ထုတ်ဆယ် ကယ်တင်မှု မပြုနိုင်ကြပဲ မိမိတို့ကိုယ်တိုင် သံသရာမှ ကိုယ်စွမ်းဖြင့်ကူးမြောက်သောပုဂ္ဂိုလ်မြတ်တို့ဟူ၍ခေါ်ဆိုရသည်။ မှန်၏၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သဗ္ဗညုမြတ်စွာဘုရားများ ပွင့်တော်မူသောအခါ၌ ဖြစ်ပွင့်ခြင်းမရှိကြကုန်၊ မြတ်စွာဘုရား

တဆူနှင့်တဆူအကြားကာလ၌သာ ပွင့်တော်မူကြကုန်၏၊သဗ္ဗညု မြတ်စွာဘုရားတို့သည် ကိုယ်တိုင်ကလည်း ဆရာမရှိဘဲသစ္စာလေးပါးကိုသိတော်မူကြ၍သူတပါးတို့ကိုလည်း သိစေတော်မူနိုင်ကြ၊ ဟောပြတော်မူနိုင်ကြကုန်၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်ကား မိမိတို့ကိုယ်တိုင်သာသိ၍ သူတပါးတို့ကိုကားမဟောပြနိုင်ကြကုန်။မဂ်ဖိုလ်၊ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသောပဋိဝေဓတရားအနက်သဘောကို ကိုယ်တိုင်သိမြင်ကြ၍ထိုမဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသောလောကုတ္တရာတရားကို နာမပညတ်သို့တင်၍ သူတပါးအား တရားဟောခြင်းငှာ မစွမ်းနိုင်ကြကုန်၊ထို့ကြောင့်ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ သစ္စာလေးပါးကို သိခြင်းတည်းဟူသော ဓမ္မာဘိသမယကို စကားမပြောတတ်သူ၏ အိပ်မက်မြင်မက်ခြင်းနှင့်ရှင်း၊တောသား၊ရပ်သား ဗဟုသုတနည်းပါး သူ့မြို့၌ဖြစ်သော မှန်မြတ်သော အရသာအထူးထူးကို သုံးစွဲရခြင်းနှင့်ရှင်း၊ဥပမာစပ်၍အဋ္ဌကထာတို့၌ ပြဆိုတော်မူကြကုန်၏။

သို့ရကား ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို (တရိတပုဂ္ဂိုလ်)မိမိတို့ကိုယ်တိုင်သာ သံသရာမှ ကိုယ်စွမ်းဖြင့်ကူးမြောက်နိုင်၍ သူတပါးကိုကား မကယ်တင်နိုင်သော ပုဂ္ဂိုလ်တို့ဟူ၍ခေါ်ဆိုကြသည်။

ထိုပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့သည် ရဟန်းပြုလိုကြသူ သူတပါးတို့ကို ရဟန်းပြု၍ပေးကြပြီးလျှင် ‘‘ဤသို့တည်ငြိမ်သော အချင်းအရာဖြင့် ရှေ့သို့တက်ရမည်၊နောက်သို့ဆုတ်ရမည်၊ကြည့်

ရှုရမည်၊ ပြောဆိုရမည်” စသည်ဖြင့် အာဘိသမာစာရိက ကျင့်ဝတ်ကိုသင်ကြား၍ ပေးတော်မူနိုင်ကြသော်လည်း “ဤသို့ရုပ်နာမ်ကိုခွဲခြား၍လက္ခဏာယာဉ်တင်ရမည်” အစရှိသည်ဖြင့်ကား သူတဖက်သား နာကြားသူကို မဂ်ဖိုလ် ရောက်လောက်အောင် တရားဓမ္မဟောပြတော်မမူနိုင်ကြကုန်။

ဥပုသ်ပြုသော အခါ၌လည်း ဂန္ဓာမာဒနတောင်၊ နန္ဒမူလဂါအရပ်ရှိရွှေဂူ၊ မြဂူ၊ ငွေဂူ ဟူသော ဂူသုံးလုံးတို့အနက်မြဂူ၏ တံခါးဝယ်တယူဇနာအမြင့်ရှိ၍ တယူဇနာပင်အပြန့်ကျယ်သော မဥ္ဇူသကနတ်သစ်ပင်အနီး ရတနာတန်ဆောင်းခန်း၌ စည်းဝေးတော်မူကြ၍ “စိတ်၏ကိလေသာမှခေါင်းပါးမှုကို ပြုရမည်၊ ခုတ်နှစ်ခြင်းသို့မရောက်ရာ” ဟူ၍ အကျဉ်းမျှဖြင့်သော်ငင်း၊ သို့မဟုတ် “ယနေ့ကား ဥပုသ်နေ့တည်း” ဟူသောစကားများဖြင့်သော်ငင်း အကျဉ်းချုပ်ဥပုသ်ပြုတော်မူကြကုန်သည်။

သာဝက ဗုဒ္ဓဖြစ်တော်မူကြသော တပည့်သား အရိယာသာဝကတို့ကို (တာရိတ ပုဂ္ဂိုလ်) အထုတ်အဆယ် အကယ် အတင်ခံ ပုဂ္ဂိုလ်တို့ဟူ၍ ခေါ်ဆိုရသည်။

## ပါရမီတော်တို့၏ ဥပမာ မရှိကြောင်း

သုမေဓာဘဝမှ သည်ဝေဿန္တရာဘဝတိုင်အောင် ဤအတွင်း လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလအကြား၌ ဘုရားအလောင်းတော် ဖြစ်ခဲ့ရသော ဘဝပေါင်းကား မဟာသမုဒ္ဒရာ

ရေပေါက်ထက်ပင် များလှသေး၏။ အခြား မလပ်ဘဝမပြတ်ပဲ ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ပါရမီတော်တို့ကား အတိုင်း အရှည် ပမာဏ မဖော်ပြနိုင်အောင် များလှကုန်၏။ နှိုင်းယှဉ် ဘွယ်ရာ ဥပမာပင်မရှိဖြစ်ချေသည်။ဤအကြောင်းကိုဇိနလင်္ကာရ ကျမ်း၌။

"မဟာသမုဒ္ဒေ ဇလဗိန္ဒုတောပိ၊
တဒန္တရေဇာတိအနပ္ပကာဝ၊
နိရန္တရံ ပူရိတ ပါရမိနံ၊
ဂဏပမာဏာ ဥပမာ ကုဟိံဝါ။

မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌ ဇလဗိန္ဒု တောပိ၊ ရေပေါက်ထက်လည်း၊ တဒန္တရေ၊ ထိုသုမေဓာဘဝနှင့် ဝေဿန္တရာ ဘဝအကြား၌၊ ဇာတိ ဖြစ်တော်မူရ ဘဝပေါင်းလည်း၊ အနပ္ပကာဝ၊ များလှသည်သာတည်း၊ နိရန္တရံ၊ မခြားမလပ် ဘဝမပြတ် ပဲ ပူရိတ ပါရမိနံ၊ ဖြည့်ကျင့်ဆည်းပူး ပါရမီထူးတို့၏ ပမာဏံ အတိုင်းအရှည် ပမာဏံသည်၊ ကထ၊ အဘယ်မှာရှိအံ့နည်း။

ဥပမာ နှိုင်းယှဉ်ဘွယ်ရာ ဥပမာလည်း၊ ကုဟိံ၊အဘယ်မှာ ရှိအံ့နည်း။

ဒီပင်္ကရာ မြတ်စွာသေဌ်နှင်း ခြေတော်ရင်းဝယ်ဘုရားဆုကို တောင်းယူတော်မူသည်မှ ဝေဿန္တရာမင်းဘဝ မဒ္ဒီမိဘုရားကို လှူဒါန်းသည့် တိုင်အောင် ဤအတွင်းဝယ် အဆုံးမရှိသော အနန္တလောကဓာတ်၌ အပိုင်းအခြား နိုင်အောင်များစွာသော

သတ္တဝါတို့ပုံသော ဒါနအစရှိသော ကောင်းမှုကို တဖက်မှ တစုပြု၍ နိုင်းယှဉ်ချင့်တွင်သည်ရှိသော် အနန္တသတ္တဝါတို့ ပြုလုပ် အားထုတ်အပ်သော ကောင်းမှုအစုသည် ဘုရားအလောင်း တဦးတည်း ပြုလုပ်အားထုတ်အပ်သော ပါရမီကောင်းမှုတော်၏ အစိတ်အရာ အစိတ်တထောင်လျှင် တစိတ်မျှ မမှီနိုင်ကြောင်း ဖွင့်ပြအပ်လေသည်။

## ဗောဓိသတ္တ ဘုရားအလောင်းဖြစ်ရန် ခဲ့ယဉ်းလှကြောင်း

သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားအဖြစ်ကို မဆိုထားဘိ၊ ဘုရား ဖြစ်ကြောင်း ဆုတောင်း ပြည့်စုံရာ အရှင် သုမေဓာ ရသေ့ ဘဝကဲ့သို့သော ဘဝကိုသော်မှလည်း အကြောင်းရှစ်ပါးပြည့်စုံမှ ရနိုင်ပေသည်။ ထိုအကြောင်းရှစ်ပါးကား....

၁။ လူဇာတ် စင်စစ်ဖြစ်ရခြင်း၊
၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း၊
၃။ ထိုဘဝမှာပင် အရဟတ္တဖိုလ် ရနိုင်လောက်သော ကုသိုလ် ပါရမီထုနှင့် ပြည့်စုံသူဖြစ်ရခြင်း၊

၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကိုဖူးတွေ့ရခြင်း၊
၅။ ကမ္မဝါဒီရသေ့ (သို့မဟုတ်) သာသနာတွင်းရဟန်း ဖြစ်ခြင်း၊

၆။ ဈာန်သမာပတ် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း။

၇။ ကိုယ့်အသက်ကို မငဲ့ကွက်ပဲ အလွန်အကျူးပါရမီကုသိုလ်တို့ကို ပြုစုပွားများ အားထုတ်ခြင်း၊

၈။ ဘုရားအဖြစ်ကို တောင်းတအားကြီးသော ကုသိုလ်ဆန္ဒရှိသူ ဖြစ်ခြင်း။

ဆိုအပ်ပြီးသော အင်္ဂါရှစ်ပါး အကြောင်းတရားတို့နှင့် ပြည့်စုံသူဖြစ်မှသာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနိုင်သည်ဖြစ်၍ ဘုရားအဖြစ်ကို မဆိုထားဘိ၊ သုမေဓာရှင်ရသေ့ကဲ့သို့ နိယတဗျာဒိတ်ခံရသော သူ၏ အဖြစ်သည်ပင် အလွန်ရခဲသော အရာဖြစ်လေသည်။

## ရှင်မဟာ ယသ၊ဘဒ္ဒဝဂ္ဂီ၊ ဥရုဝေလကဿပတို့၏ရှေးဘဝ ပါရမီ အကြောင်းပြခြင်း။

အရှင်ယသ အမှူးရှိသော ငါးကျိပ် ငါးဦးသော အရှင်တို့၏ ပုဗ္ဗကမ္မကို မေးလျှောက်ကြပြန်၏။ ဘုရားသည်လည်း "ချစ်သားတို့ ငါးကျိပ် ငါးဦးသောသူတို့သည့်လည်း တဆူသော ဘုရားရှင်၏ သာသနာ၀ယ် ရဟန်းပြု၍ နောင်သောအခါ မဂ်ဖိုလ်ချမ်းသာကို ရလိုသော်" ဟု ဆုတောင်း၍ ပါရမီကို ဖြည့်ကြ၏။

ဘုရားမပြစ်သော ခေတ်၌ ကြုံကြိုက်သောအခါ ကောင်းမှုဖြစ်ရာကိုပြုခြင်းငှါ ဖွေရှာကြံစည်ကုန်လျက် အဆွေးအမျိုးအစုဖွဲ့၍ ကိုးကွယ်ရာမဲ့သော သူတို့၏ အကောင်ကိုထင်း၊ တလားစသည်တို့ဖြင့် ကောင်းမွန်စွာ ဖုတ်ကြည် သင်္ဂြိုလ်၏။

ထိုသူတို့သည် တနေ့သောအခါ ကိုယ်ဝန်နှင့်တကွသော မိန်းမ၏ အလောင်းကိုတွေ့၍သင်္ဂြိုလ်ခြင်းငှါ သုသာန်သို့ဆောင်ပြီးသော် ရှင်ယသ အမလောင်း အမှုးရှိသော ငါးယောက်သော သူတို့ကို သင်တို့ သင်္ဂြိုလ်ရစ်ဟု မှာခဲ့၍ ငါးကျိပ်သောသူတို့သည် ရွာသို့ပြန်လေ၏။

ရှင်ယသအလောင်း ယောကျ်ားလည်း တစူးဝါးဖြင့် ထိုမိန်းမ၏ အသေကောင်ကို ပြန်ကာလှန်ကာမီးဖုတ်ရာတွင် စက်ဆုပ်ဘွယ်ရာသော အဖြစ်ကိုမြင်၍ မခင်မင်အပ် မနှစ်သက်အပ် မလေးမြတ် လိုသော အသုဘရုပ်ပင်ဖြစ်ချေသည်ဟု နှလုံးသွင်း၍ ကြွင်းသောသူ လေးယောက်တို့အားလည်း ပြောပြလျက် အသုဘတရားကို ပွားစေ၏။

ထိုအလုံးစုံသောသူတို့သည်လည်း အသုဘဘာဝနာပွားစေလျက် မဂ်ဖိုလ်ရကြောင်းဖြင့် ဆုတောင်းကြ၏။နောက်နောက်သော ကမ္ဘာ၌ မြတ်စွာဘုရားတို့နှင့် တွေ့သောအခါ၌လည်း ဤဘာဝနာကို ပွားစေလျက် ဒါနသီလ စသည်ကို အားထုတ်၍ ဤနည်းတူပင် ဆုတောင်း၏။ထို့ကြောင့် ထိုသူတို့သည်ငါဘုရားရှေ့မှောက်ဘော်၌ ရှေးဆုတောင်းအတိုင်းသာ ဖြစ်လာကြကုန်သတည်း။ငါဘုရားသည် မျက်နှာကြည့်၍ အရာပေးတော်မူသည်မဟုတ်ဟု မိန့်တော်မူ၏။

ထိုနောက် ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့၏ အကြောင်းကို လျှောက်ကြပြန်သော် ချစ်သားတို့ ထိုသူတို့သည်လည်း ရှေးဘုရားတို့၏ထံ၌ ရဟန္တာဖြစ်ရကြောင်းကို ဆုတောင်းပတ္တနာဖြင့် ပါရမီဖြည့်ကြကုန်၍ ငါဘုရား တုဏ္ဍိလဝက်မင်းဖြစ်သော ကာလသုံးကျိပ်မျှလောက်သော သေသောက်ကြူးဖြစ်လာ၍ငါဆုံးမသော တရားစကားဖြင့် ငါးပါးသီလကို အနှစ်ခြောက်သောင်းမျှလောက် စောင့်ရှောက်ခဲ့ဘူး၏။ ငါ့တရားများကို ကြားနာခဲ့ဘူး၏ဟု တုဏ္ဍိလဇာတ်ကို ဟောတော်မူ၍ သူတို့၏ ရှေးဆုတောင်း အဟောင်းရှိတိုင်းသာ ဖြစ်လာကုန်သည်။ ငါဘုရား မျက်နှာကိုကြည့်၍ အရာပေးတော်မူသည်မဟုတ်“ ဟု မိန့်တော်မူ၏။

ထိုနောက်မှ ဥရုဝေလကဿပတို့၏ ပုဗ္ဗကမ္မကို မေးလျှောက်ကြပြန်၏။ ထိုအခါ မြတ်စွာဘုရားလည်း ဤသို့မိန့်တော်မူ၏။ “ချစ်သားတို့ ဥရုဝေလကဿပတို့သည်လည်း ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်ကပင် ကတာဓိကာရပုဂ္ဂိုလ် ပါရမီပါလျက် အဆက်ဆက်သောဘဝဖြင့် လာခဲ့ကြ၍ ဤကမ္ဘာမှပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿအမည်ရှိသောဘုရား၊ ဖုဿအမည်ရှိသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။

ထိုနှစ်ဆူတို့တွင် ဖုဿဘုရားသခင်၏ ခမည်းတော်ကား မဟိန္ဒမင်းမည်၏။ ထိုမင်း၏ညီတော်သားသည် လက်ျာရံ အဂ္ဂသာဝက ဖြစ်၏။ ပုရောဟိတ်ပုဏ္ဏား၏သားသည် လက်ဝဲရံ အဂ္ဂသာဝ

ကဖြစ်၏။ နှမတော်၏သားသည် အလုပ်အကျွေး ရဟန်းဖြစ်၏။ ထိုမဟိန္ဒမင်းကြီး၌ ဘုရားသခင်မှတပါး သားတော်လည်း သုံးယောက်ရှိ၏။ထိုသုံးယောက်တို့တွင် သားကြီး၌ အခြံအရံ သူရဲနှစ်ရာရှိ၏။ထိုသုံးယောက်တို့ကား ဥရုဝေလကဿပ ညီနောင်တို့၏ အလောင်းတည်း။ဖုဿဘုရားသခင်သည် ဘုရားအဖြစ်သို့ ခမည်းတော် မဟိန္ဒမင်းလည်း ဘုရားရှင်ထံသို့သွား၍ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက် သားဘုရားကို တစိမ့်စိမ့်ရှု၍ ဤသို့ အကြံသည်ဖြစ်၏။

ငါ့သားပင်ဘုရား ငါ့သား၏ စကားသည်ပင် တရား ငါ့သားပင် သံဃာ ဤလူ့ရွာ၌ ငါကဲ့သို့ကောင်းမြတ်ခြင်းသရေနှင့် ပြည့်စုံသောမင်းသည် ရှေးရှေးသောကာလ၌လည်း မဖြစ်ဘူးရာ၊နောင်အခါလည်း မဖြစ်လာလတ္တံ့။

ငါကား ကောင်းမြတ်လှစွာသော လူမင်း၏ အဖြစ်ကို ရလေသည်တကားဟု ကြံအောက်မေ့သဖြင့် ကြက်သီးမွေးညှင်း ထလျက် အားရဝမ်းသာစွာ မြတ်စွာဘုရားနှင့် စကားပြောဟောပြီးလျှင် ဘုရားသခင်အား ဤသို့နားတော်လျှောက်၏။ "သားတော်ဘုရား အကျွန်ုပ်၏အသက်သည် အလွန် ရှည်သည်ဖြစ်ပါမှ အနှစ်ကိုးသောင်းခန့်သာ ရှည်ပါမည်၊ ကြမ်းစွန်းဖျား၌ရင်း၊ ကပ်ပါးပြတ်ရင်း၊အိပ်ရသောသူကဲ့သို့ သေခြင်းသဘော နီးလှပါသည်၊ အကျိုးရှိရှိ အသက်ရှည်လိုပါသည်၊

သို့ဖြစ်၍ ခမည်းတော်အသက်ရှည်သမျှ ကာလပတ်လုံး သားဘုရားသည် သူတပါးအိမ်ဝသို့ မကြွမူ၍ ဘခင်၏ဆွမ်း၊ သင်္ကန်း၊ကျောင်း၊ဆေးဟူသော ပစ္စည်းလေးပါးတို့ကိုခံယူတော်မူပါ၊သံဃာတော်နှင့်တကွ ခမည်းတော်ကချည်း လုပ်ကျွေးပါရစေ။ဟု လျှောက်၏။ ဘုရားသခင်လည်း ဘခင်၏ ဝန္ဒြေကို ငဲ့လင့်၍ သည်းခံတော်မူ၏။ထိုနေ့မှစ၍ တစုံတယောက်သောသူမျှ လှူဒါန်းပူဇော်ခြင်းကို မရကုန်၊မင်းသားညီနောင် သုံးယောက်တို့သည်လည်း ခမည်းတော်အား နောင်တော်ဘုရားကို လုပ်ကျွေးပါရမည့်အကြောင်းဖြင့် တောင်းပန်ကြသော်လည်း အခွင့်မရကုန်။

တရံသောအခါ ပစ္စန္တရစ်ရွာကြီး၌ ကြီးစွာသောစစ်မက်ထေးရန်ဖြစ်၍ သားတော်သုံးယောက်ကို စေတော်မူ၏။ သားတို့သည်လည်း ထိုရန်ကိုငြိမ်းစေပြီးသော် ခမည်းတော်ထံသို့ ပြန်လာကြ၏၊ထိုအခါ မဟိန္ဒမင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ ငါ့သားတို့အား လိုအပ်သောဆုကို ငါပေးအံ့၊သင်တို့ ယူကြကုန်ဟုဆို၏။ထိုမင်းသားတို့လည်း တပါးသောဆုကို မလိုပါ၊နောင်တော်ဘုရားကိုသာ အသက်ထက်ဆုံး လုပ်ကျွေးပါရစေဟု တောင်းပန်၏။မင်းကြီးလည်း“ငါ့သားတို့၏ဆုကိုကား ငါမပေးနိုင်၊တပါးသောဆုကိုသာ ငါပေးအံ့”ဟုဆို၏။

သားတော်တို့ကလည်း“အရှင်မင်းကြီး အသက်ထက်ဆုံး မပေးနိုင်လျှင် အနှစ်တသောင်းမျှသာ ပေးတော်မူပါ” ဟု တောင်း၏။ဤမျှကိုလည်း ငါမပေးနိုင်ဟုဆိုလျှင် ထိုအောက်

ယုတ်၍ယုတ်၍တောင်းသဖြင့် ဝါတွင်းသုံးလတိုင်၏။ ခမည်းတော်လည်း ဝါတွင်းသုံးလလျှင် ငါမပေးမူ ငါ့သားတို့သည် ငါ၏ရန်သူဖြစ်ချိမ့်မည်ဟုကြံ၏။ “အမောင်တို့သုံးယောက်တွင် တယောက်တလခန့်ရည်၍ ဝါတွင်းသုံးလကို ငါပေးတော့အံ့” ဟုဆို၏။

ထိုအခွင့်ရလျှင် မင်းသားတို့သည် မိမိတို့အိမ်သို့သွား၍ တရားသူကြီး၊ဘဏ္ဍာစိုး စချီစမာတို့ကိုခေါ်၍ ဘဏ္ဍာတိုက်ကို အပ်နှင်းပြီးလျှင် ဤဝါတွင်းသုံးလကို ဘုရားအမှူးရှိသော သံဃာတော်ကိုးသောင်းနှင့်တကွ ငါတို့နှင့်ပါသော ပရိသတ်တို့အား ပစ္စည်းလေးပါးဖြင့် ပြည့်စုံလုံလောက်အောင် ထောက်ပံ့လုပ်ကျွေးကြကုန်ဟုဆို၍ ထိုမင်းသားညီနောင် သုံးယောက်တို့သည် အခြံအရံတထောင်နှင့်တကွ ဘုရားထံတော်သို့လာ၍ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ပြီးလျှင် ဆယ်ပါးသောသီလကို ဆောက်တည်၍ ဘုရားရှင်ထံ၌ နေကုန်၏။

ဘဏ္ဍာစိုး၊စချီစမာတို့လည်း ရှစ်သောင်းလေးထောင်မျှ လောက်သော ဝတ်ချက်သမားတို့ကို ရှာလျက် ယာဂု၊ ဆွမ်း၊ အဖျော် စသည်တို့ကို စီရင်လျက် နေ့စဉ်မပြတ် လုပ်ကျွေးသတည်း။

ထိုအခါသံဃာအပေါင်း ကိုးသောင်းမျှ များလှသောကြောင့် ချက်ပြုတ်လုပ်ကိုင်ကြသူတို့သည်၊ မိမိတို့သားငယ်၊ သမီးငယ်တို့အားယာဂုကြွင်း၊ ဆွမ်းကြွင်းမျှမပေး၊ မကျွေးရကုန်။ ချက်တိုင်းချက်တိုင်းပင်ကုန်၍ လောက်ငှရုံသာရှိ၏။ ထိုသို့မကြွင်း၍သားငယ်သမီးငယ်တို့အား ပေးကုန်၏။ ထိုဝတ်ချက်သမားတို့

သည်သံဃာတော်တို့အား လှူအပ်သောပစ္စည်းကို သုံးစားပေး
ကမ်းသောကြောင့် သေလွန်သောအခါ ပြိတ္တာဘုံ၌ဖြစ်ကြကုန်
၏။ မင်းသားသုံးယောက်တို့သည် ဝါကျွတ်သောအခါ သံဃာ
တော်တို့အား ရှင်ပါးသောပရိက္ခရာဖြင့် လှူဒါန်း၍....

"ဤသို့ပြုရသောဒါန၊သီလ၊ဘာဝနာ၏ အကျိုးအားဖြင့်
နောင်ဘုရားသခင်တို့၏ အရံတထောင်နှင့်တကွ အရဟတ္တဖိုလ်ကို
ရပါလိုသော" ဟု ဆုတောင်း၏။

ထိုဘဝမှစုတေကြကုန်သော် နတ်ပြည်၌ဖြစ်ကုန်၏။ ဤသို့
လူ့ပြည်နတ်ပြည်လှည့်လည်ကာ ကိုးဆယ့်နှစ်ကမ္ဘာလုံး စံစားခဲ့၍
ငါဘုရားလက်ထက်တော်၌ ဥရုဝေလ ရှင်ကဿပ ညီနောင်ရှင်တ
ထောင်တို့ဖြစ်လာကုန်သည်။

"ငါမျက်နှာကိုကြည့်၍ အရာပေးတော်မူသည် မဟုတ်"
ဟုမိန့်တော်မူ၏။

ထိုမင်းသားတို့၏ တရားသူကြီးဖြစ်သောစချီသည် ယခု
အခါ ဗိမ္ဗိသာရမင်းဖြစ်လာ၏။ ကျီစိုးသည် ဝိသာခဥပါသကာ
ဖြစ်လာ၏။ ဝတ်ချက်သမားတို့သည် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး
သုဂတိဒုဂ္ဂတိအလားဖြင့် များစွာကျင်လည်ပြီးမှ ဤဘဒ္ဒကမ္ဘာ
ဝယ် ရာဇဂြိုလ်ပြည်၏အနီး တောင်ကြီးငါးလုံး၏ အကြား၌ကြီး
မားသောကိုယ်၊ ငယ်သောဦးခေါင်းရှိသော အရိုးစုပြိတ္တာ၊ အ
သားစုပြိတ္တာဖြစ်လာကုန်၍ ကကုသန်ဘုရား ပွင့်တော်မူသော
ကာလဖူးတွေ့ကြလျှင်....

“အရှင်ဘုရားကျွန်ုပ်တို့ကားအစာအဟာရကို ဘယ်အခါမှသုံးဆောင်ရပါအံ့နည်း”ဟုလျှောက်ကြလျှင်ဘုရားသခင်လည်း

“သင်တို့ ငါ့အားမလျှောက်ကြကုန်လင့်၊ ငါလွန်သည့်နောက် မြေကြီးတယူဇနာ မြောက်သောအခါ ငါ၏ညီတော်ဂေါတဂုံဘုရားပွင့်လတံ့၊ ထိုအခါမှလျှောက်ကြကုန်” ဟုမိန့်တော်မူသဖြင့် ငံ့လင့်၍နေကြကုန်၏။

ဂေါတဂုံဘုရား ပွင့်တော်မူသောအခါလည်း ရှေးနည်းပင်လျှောက်ကြပြန်၏။ ဘုရားသခင်လည်း....

“ငါလက်ထက်တော်တွင်သင်တို့မလျှောက်လင့်ဦး၊ငါ၏နောက် မြေကြီးတယူဇနာမြောက်သောကာလ ကဿပအမည်ရှိသောဘုရားပွင့်လိမ့်မည်၊ ထိုအခါမှလျှောက်ကြကုန်”ဟုမိန့်တော်မူသဖြင့်ငံ့လင့်၍နေကြကုန်၏။

ကဿပဘုရား ပွင့်တော်မူသောကာလ ယခင်နည်းလျှောက်ကြပြန်လျှင်....

ဘုရားသခင်က သင်တို့သည်ငါ့လက်ထက်တွင် မစားရ မဝတ်ရချေ၊ ငါလွန်သည့်နောက် မြေကြီးတယူဇနာနှင့်သုံးဂါဝုတ်မြောက်သောအခါ ငါ၏ညီတော်ဂေါတမမည်သော ဘုရားပွင့်တော်မူလိမ့်မည်၊ ထိုအခါသင်တို့၏အရင်က အဆွေအမျိုးဖြစ်ဘူးသောတရားသူကြီးသည် ရာဇဂြိုလ်ပြည် ဗိမ္ဗိသာရမည်သောမင်းဖြစ်လိမ့်မည်၊ ထိုအခါဘုရားအမှူးရှိသော သံဃာမြတ်တို့အားအလှူပေး၍ တရားတော်ကိုနာပြီးလျှင် သင်တို့အားအမျှပေးဝေလိမ့်မည်။

ထိုအခါ သင်တို့ယောက်ငှအောင် စားရသောက်ရဝတ်ရ လိမ့်မည်ဟုမိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် ဘုရားတဆူနှင့် တဆူအကြားကာလကိုပင် နက်ဖန်သဘက်ကဲ့သို့ ထင်၍ရွှင်းလန်း ဝမ်းသာကြကုန်၏။ ငါဘို့ဘုရားပွင့်တော်မူ၍ ရာဇဂြိုလ်ပြည်သို့ ကြွရောက်သောအခါ ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသောသံ ဃာတော်အား အလှူပေးသောကာလ အမျှမဝေမိသဖြင့် ညဉ့် သောအခါ ထိုပြိတ္တာတို့သည် ငါတို့ရှည်မြင့်စွာ ငံ့လင့်၍နေပါ လျက်ငါတို့အား အမျှမပေးဝေပါဟု လွန်စွာသောဝမ်းနည်း ခြင်းဖြင့်နန်းတွင်းသို့ဝင်၍ ရုပ်အသွင်ကိုပြလာကုန်၏။

မင်းကြီးလည်း ထိတ်လန့်လှသဖြင့် ဘုရားထံတော်သို့ သွား၍ လျှောက်ကြားလေလျှင် "သင်မင်းကြီး သင်၏ ဆွေမျိုး ဖြစ်ဘူးသော ပြိတ္တာတို့သည် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး မွတ် သိပ်ခဲ့ကြ၍။

ငါ့နောင်တော် ကဿပဘုရားသခင်ထံ လျှောက်လျှင်။

ဘုရားသခင်က အသင်မင်းကြီး အလှူပေး၍ အမျှဝေ လတ္တံ့သော အကြောင်းစကားကိုကြားတော်မူ၍။

ထိုအခါမှစ၍ တောင့်တကာနေသည်ကို သင်အလှူပေး သောအခါ အမျှမဝေပါသောကြောင့် ချမ်းသာမရ၍ ဤသို့ ရုပ်အသွင်ကို သင်မင်းကြီးအား ပြသတည်း။ ဟု "အထက်က နည်းအကျယ်ဖြစ်သော အတ္ထုပတ္တိပြ၍ "တိရောကုဋ္ဋသုတ်" ကို ဟောကြားတော်မူလေသည်။

## ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်တို့၏ ရှေးပါရမီအကြောင်း

သံဃာတော်အပေါင်းတို့သည် အဂ္ဂသာဝက နှစ်ပါး၏ အကြောင်းကို တောင်းပန်ကြပြန်၏၊ "ဘုရားသခင်လည်း" သင်ချစ်သားတို့ နာကြကုန်လော့၊ ဤကမ္ဘာမှပြန်၍ ရေသော် တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ သာရိပုတြာသည် ဗြဟ္မဏ မဟာမာလ၏ အမျိုး၌ဖြစ်၍ အမည်အားဖြင့် ဘရဒလုင်အမည် ရှိ၏။ မောဂ္ဂလာန်သည် ဂဟပတိမဟာသာလ အမျိုး၌ဖြစ်၍ သိရိဝလနအမည်ရှိ၏။

ထိုသူနှစ်ဦးသည် မြေမုန့်ကစားဘော်ဖြစ်၍ အလွန်ချစ်ကျွမ်းဝင်ကြသည်။ အရွယ်ရောက်လတ်သော် သရဒလုင်သည် ဘခင်လွန်သဖြင့် အမျိုးစဉ်ဆက်မှလာသော ဥစ္စာစည်းစိမ်ကို ရ၍ တနေ့သ၌ ဆိတ်ငြိမ်ရာသို့ ကပ်လျက် ဤသို့ကြံ၏။ ငါသည် မျက်မှောက်သော ဤကိုယ်၏အဖြစ်ကိုသာ သိချေသည်၊တမလွန်ဘဝ၌ ဖြစ်လတ္တံ့သည်ကို မသိချေ၊ပဋိသန္ဓေအားဖြင့် ဖြစ်သော သတ္တဝါတို့ကား သေခြင်းတရားသည်မြဲ၏။ ထိုသို့သေသောအခါ ဥစ္စာရွှေ၊ ငွေ၊ ဆန်၊ ရေစပါးတို့ကို ဆောင်သွားယူငင်ခြင်းငှါ မတတ်နိုင်၊သား၊မယား၊ဆွေမျိုးအပေါင်းတို့သည်လည်း ကောင်းအောင်လိုက်၍ မပို့နိုင်ချေ၊မသေမီကာလက ပျော်မြူးကြသော ကာမချမ်းသာသည်လည်း အနှစ်အရသာမရှိ၊ ထိုသို့ အနှစ်သာရ မရရှိဘဲ မှိုဝဲပျော်ပါးကာနေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊

လူ့ဘောင်ကိုခွါဘန်း၍ ရဟန်းပြုပြီးလျှင် နိဗ္ဗာန်ကိုရှာရကောင်း၏ဟု အကြံဖြစ်၍ အဆွေဖြစ်သော သီရိဝလနအား ပြောကြားတိုင်ပင်၏။

သီရိဝလနသည် "အဆွေ ငါကား ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ၊သင်စွမ်းနိုင်က ပြုလေလော့"ဟုဆို၏။ထိုအခါသရဒလုင်သည် အိမ်တွင်ရှိသမျှသော ဥစ္စာရတနာတို့ကို များစွာသော ပြည်သူလူအပေါင်းတို့အား စွန့်ခဲ့၍ တခုသောတောင်ကိုမှီလျက် ရသေ့ရဟန်းပြု၍နေလေ၏။ ထိုသို့ သရဒလုင်ရဟန်းပြုလေလျှင် မျှော်မြင်လိမ္မာကုန်သော သူတို့သည် အတူလိုက်၍ တရွေ့ရွေ့ ရဟန်းပြုကြကုန်သဖြင့် ခုနှစ်နှစ်တိုင်လျှင် ခုနှစ်သောင်းလေးထောင်သော ရသေ့တို့သည် ဖြစ်ကုန်၏။

သရဒရသေ့လည်း တပည့်တို့အား ဈာန်အဘိညာဉ် တရားကို ရကြောင်း ဖြစ်သော၊ ကသိုဏ်း ပရိကံကို ညွှန်ကြား၍ အားထုတ်စေသဖြင့် အလုံးစုံပင် အဘိညာဉ် ခြောက်ပါး သမာပတ် ရှစ်ပါးကို ရကြ၏။ ထိုအခါ မဇ္ဈိမ ဒေသ၊ စန္ဒဝတီပြည်ဝယ် အနောမဒဿီ မြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူ၏။ ထိုဘုရားရှင်၏ ခမည်းတော်ကား ယသဝ ဂါမင်း၊ မယ်တော်ကား ယသောဓရာ၊ မြောက်သားတော်ကား သုနန္ဒာ၊ ပွင့်ရာ ဗောဓိပင်ကား ဖောက်ကြံ့ပင်တည်း။ လကျာ်ရံကား အရှင်နိသဘ၊ လက်ဝဲရံကား အရှင် အနောမ အလုပ်အကျွေးကား အရှင်ဝရုဏအမည်ရှိ၏။ လကျာ်ရံ ဘိက္ခုနီမကား သုန္ဒာရာ လက်ဝဲရံကား သုမနာတည်း၊ ထိုဘုရားကား

လူတို့ အသက် တသိန်းတန်း၌ ပွင့်တော်မူသည်။ ကိုယ်ရပ်ခံတော် ငါးဆယ့်ရှစ်တောင်မြင့်သည်။ ကိုယ်တော်ရောင် တဆယ့်နှစ်ယူဇနာရှိသည်။ ရဟန်းတသိန်း အခြံအရံ ရှိသည်။

တနေ့သောအခါ မြတ်စွာဘုရားသည် မဟာ ဂရုဍာသမာပတ်မှ ထတော်မူ၍လောကကို ရှုတော်မူသော် တခုသောတောင်ခြေရင်း၌ တပည့်အပေါင်းနှင့်တကွ နေသော သရဒ ရသေ့ကို မြင်၍ ထိုရသေ့တို့အား တရားတော်မိုး ရွာကြိုးသွန်းဖျန်းလျက် ဗျာဒိတ်ပန်းကို ပေးကမ်းတော်မူခြင်းငှါ သာဝကတို့ကို မခေါ်ဘဲ ကိုယ်တော်တည်းပင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ သရဒရသေ့၏ အထံအပါး၌ ငှက်နားသကဲ့သို့ သက်တော်မူ၏။ ထိုအခါ များစွာကုန်သော တပည့်ရသေ့တို့သည် သစ်သီးအဟာရကို ဆောင်ခြင်းငှာ တောသို့ ဝင်ရောက်ကြသဖြင့် သရဒရသေ့တဦးသာ ရှိသတည်း၊ ရသေ့သည်လည်း အတိုင်းမသိရသော လက္ခဏာထော်ကြီး လက္ခဏာတော်ငယ်၊ အဲ့ဘွယ်ရှစ်စုံရောင်ဟုန်ခြောက်စိုင်တို့ဖြင့် တပြိုင်နက် ထွန်းပသော ဘုရားကိုယ်တော်၏ ပြည့်စုံခြင်းကို မြင်လျှင် ဗေဒင်ကျမ်းဂန်တို့၌ပါသော လက္ခဏာကို အစဥ်မှီသဖြင့် ဤသို့သော သူမြတ်ကား လောကဓာတ်တွင်း၌ ပြိုင်ဘက်ကင်းမြောက် တယောက်တည်းသော ပုဂ္ဂိုလ်ဖြစ်လေရာသည်။ အိမ်ရာ ထောင်သော လူ၏ဘောင်၌ ကိုလေသာချောင် လွှမ်းလျက် ရှင်လန်းမွေ့လျော် အံ့သောသူ မဟုတ်ပေရာ၊ သဗ္ဗညုဘုရားသာ ဖြစ်ပေရာ၏။ ဟု ကြံဆကာ သိသဖြင့် မိမိကိုယ်တိုင် ခရီးဦးကြိုခြင်း၊ သောက်

ရေ သုံးရေ ဆောင်ရေတည်ခြင်း၊ နေရာခင်းခြင်း စသော ဝတ်ကို ပြုပြင်လျက် ငါးအင်သော ရှိခိုးခြင်းဖြင့် ရိုသေစွာရှိခိုး လျက် သင့်တင့်သော အရပ်၌နေ၏။

ထိုအခိုက်တွင် ခုနစ်သောင်းလေးထောင်မျှလောက်သော တပည့်ရသေ့တို့သည် မွန်မြတ်သော သစ်သီးကိုဆောင်၍ လာကြ ကုန်သဖြင့် တင့်တယ်စွာနေတော်မူသော ဘုရားရှင်နှင့် မိမိတို့ ဆရာကိုမြင်လေသော် ဤသို့ ဆိုကြကုန်၏။ "ဆရာ အကျွန်ုပ်တို့ သည်'ဤလောကဓာတ်၌ဆရာတော်လွန်မြောက်သောသူကား မရှိ ပြီဟူ အောက်မေ့ပါကုန်သည်၊ ယခုမှာ ဆရာပင် အမြတ်တနိုး ရှိခိုးရပြန်သည်၊ ဤပုဂ္ဂိုလ်ကားဆရာထက်လွန်မြတ်သလော" ဟု မေး၏ သရဒရသေ့လည်း "ချစ်သားတို့ အသို့ဆိုကုန်ဘိနည်း မုညင်းစေ့နှင့် ယုဂန္ဓာတည်သိန်း ခြောက်သောင်း ရှစ်ထောင် မြင့်ခြင်း ဆောင်သော မြင့်မိုရ်တောင်ကို နှိုင်းစာဘိသကဲ့သို့ နှိုင်း ခိုင်းခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်နှင့် ငါ့ကို နှိုင်းခိုင်းဘိသည်၊ ဤပုဂ္ဂိုလ်ကား သုံးပါးသော လောက၌ အတုမရှိ အသဒိသ ဖြစ်သော မြတ်စွာဘုရားပေတကား၊ ငါတို့ကား သာသနာ၏ အပဲအရည်းမျှသာ တကား" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ရသေ့အပေါင်းတို့လည်း ဘုရား ခြေရင်း၌ ဦးဖြင့်တိုက်၍ ရှိခိုး ကြကုန်၏။ သရဒ ရသေ့လည်း တပည့်တို့အား ဘုရားသခင်နှင့် လျောက်ပတ် မွန်မြတ်သော သစ်သီးကြီးငယ်တို့ကို ဆောင်စေ၍ ရိုသေစွာ လုပ်ကျွေးပြီးသော် ဘုရားတော်ကို ပူဇော်ချီးမွမ်း၏။

ထိုအခါ မြတ်စွာဘုရားလည်း အဂ္ဂသာဝက နှစ်ပါးတို့၏ လာခြင်းတောင်းတတော်မူ၏။ ထိုသို့တောင်းတကြောင်းကိုသိလျှင် သံဃာတော် တသိန်းနှင့်တကွ အဂ္ဂသာဝကနှစ်ပါးတို့ရောက်လာကြ၍ ဘုရားထံပါး၌ ခစားရှိခိုးလျက် နေကြ၏။ သရဒရသေ့လည်း တပည့်များကို "ဘုရားသခင်၏ နေရာ သံဃာတော်တို့၏ နေရာသည် လွန်နိမ့်သေး၏၊ သိမ်မွေ့နူးညံ့သော ပန်းနေရာဖြင့် ပူဇော်ရမူကောင်း၏။ လျင်စွာအားထုတ်ကြကုန်" ဟု ဆိုလျှင် ထိုရသေ့တို့လည်း အားရဝမ်းသာ များစွာသော ပန်းပွင့်တို့ကို ယူဆောင်၍ ခင်းကြကုန်သည်။ ဘုရားသခင် နေရာကား တယူဇနာမြင့်သည်။ အဂ္ဂသာဝကတို့ နေရာကားသုံးဂါဝုတ်မြင့်သည်။ မဟာသာဝကတို့ နေရာကား ယူဇနာခွဲမြင့်သည်၊ အနောမဒဿီ မြတ်စွာဘုရားလည်း ရသေ့တို့အား များစွာသော ကုသိုလ်ဖြစ်စိမ့်သောငှါ ပန်းနေရာထက်၌ ခုနှစ်ရက်ပတ်လုံး နိရောဓသမာပတ်ကိုဝင်စား၍ နေတော်မူ၏။

ဘုရားသခင် သမာပတ် ဝင်စားကြောင်းကို သိလျှင် သံဃာတော်တသိန်းနှင့်တကွ အဂ္ဂသာဝက နှစ်ပါးတို့လည်း သမာပတ် ဝင်စားကြသတည်း၊ ထိုအခါ သရဒ ရသေ့သည် ခုနှစ်ရက်ပတ်လုံးပင် ဘုရားရှင်အား ပန်းထီးကာလျက် သစ်သီး အဟာရကိုမျှ မှီဝဲခြင်း မရှိ ချမ်းသာဖြင့် နေသတည်း၊ ဘုရားမြတ်စွာလည်း သမာပတ်မှ ထတော်မူပြီးလျှင် လကျာတော်တွင် ရှိသော နိသဘထေရ်မြတ်ကို ခေါ်တော်မူ၍ "ရသေ့တို့အား ပန်းနေရာ အနုမောဒနာကို ပြုလော့" ဟု မိန့်တော်မူ၏။ ထိုအခါ

နိသဘထေရ်မြတ်သည်လည်း ပိဋကတ်သုံးပုံကို ရောပြွမ်းလျက် အနုမောဒနာ ဒေသနာကိုပြု၏။

ထိုနောက်မှ ဒုတိယ သာဝကဖြစ်သောအနောမထေရ်ကို ခေါ်တော်မူ၍ ယခင်နည်းတူ ဟောတော်မူ၏၊ ထိုသို့ အဂ္ဂသာဝကက နှစ်ပါးကို တရားဟောတော် မူစေသော်လည်း ဒေသနာတော်၏ အဆုံး၌ တစုံတယောက်သော ပုဂ္ဂိုလ်မျှ မဂ်ဖိုလ် မရကြကုန်၊ ထိုနောက်မှ အနောမဒဿီ မြတ်စွာဘုရားသည်၊

"ထူးပြား ဆန်းကြယ်စွာသော အာကာသဂင်္ဂါကိုလွှတ်ဘိသကဲ့သို့" မြတ်သော တရားဒေသနာဖြင့် အနုမောဒနာ ပြုတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ သရဒ ရသေ့မှတပါး ခုနှစ်သောင်း လေးထောင်သော ရသေ့တို့သည် တန်ခိုးဖြင့်ပြီးသော သပိတ်၊ သင်္ကန်း၊ ရဟန်းတို့ ပရိက္ခရာတို့ကို ရလျက် ရဟန္တာဖြစ်ကြကုန်၏၊ သရဒ ရသေ့မူကား နိသဘထေရ်မြတ်၏ တရားစကားကြားနာရစဉ်ကပင် ဤအရှင်ကဲ့သို့ နောင်ပွင့်တော်မူသော ဘုရားရှင်တို့၏ သာသနာတော်ဝယ် ငါဖြစ်လို၏ဟု စိတ်အကြံရှိ၍ သမာဓိကိုမရနိုင်သောကြောင့် အရဟတ္တဖိုလ်သို့ မရောက်သတည်း။

တရားတော် နာပြီးသောနောက်မှ သရဒ ရသေ့သည် ဘုရားရှင်အား ဤသို့ နားတော်လျှောက်၏။

"အရှင်ဘုရား အကျွန်ုပ်သည် ဤသို့ ပန်းထီးပူဇော်ရသော ကောင်းမှု၊ သဗ္ဗညုတ ဂုဏ်ကျေးဇူးကို ချီးကျူးရသော

ကောင်းမှု၊ ဘုရားအမျိုးရှိသောသံဃာတော်တို့ကို ရိုသေမြတ်လေး လုပ်ကျွေးရသော ကောင်းမှုအစုစုတို့ကြောင့် အရှင်ဘုရား၏ လက်ျာရံဖြစ်သော နိသဘမထေရ် ကဲ့သို့နောင်ပွင့်တော်မူလတ္တံ့ သော ဘုရားရှင်တို့၏ သာသနာ၀ယ် လက်ျာရံ အဂ္ဂသာဝက ဖြစ်ရပါလိုသောဟု ဆုတောင်း၏''

ဘုရားသခင်လည်း အနာဂတသ ဉာဏ်ဖြင့် ရှုတော်မူ၍ နောင်ပြည့်စုံအံ့သော အခြင်းအရာကိုမြင်လျှင် အချင်း သရဒ ဤကမ္ဘာမှစ၍ ရေသော် တသခေျနှင့် ကမ္ဘာတသိန်းလွန်သော ကာလ ဘဒ္ဒကမ္ဘာဖြစ်လိမ့်မည်၊ ထိုကမ္ဘာ၌ ကကုသန်၊ ကော ဏာဂုမ်၊ ကဿပဟူသောဘုရားသုံးဆူတို့နောက် ဂေါတမ အမည် ရှိသော ဘုရားပွင့်တော်မူလိမ့်မည်၊ ထိုအခါသင်သည် သာဝက ပ ရမီတို့၏ အထွဋ်အထိပ်သို ရောက်၍ ဓမ္မသေနာပတိပသာရိ ပုတြာဟူသော အမည်ဖြင့် ကျော်ညာလျက် လက်ျာရံ အဂ္ဂသာ ဝကကြီး ဖြစ်လတ္တံ့ဗျာဒိတ်စကား ကြားတော်မူ၏။

ဤသို့ ဗျာဒိတ်စကားကြားတော်မူပြီးလျှင် ဘုရားသခင် လည်း သံဃာတော်အပေါင်းနှင့်တကွ ကျောင်းသို့ကြွတော်မူ၏။

သရဒရသေ့သည် မိမိတပည့်တို့ရဟန္တာဖြစ်၍ ဘုရား သခင်နောက်တော်သို့လိုက်ခြင်းငှာအားထုတ်ကြသည်ကိုမြင်လျှင် ''အရှင်ဘုရားတို့အကျွန်ုပ်အားမြတ်စွာဘုရားသည် ဗျာဒိတ်တော် စကားကြားတော်မူသောအကြောင်းကို အကျွန်ုပ်၏မိတ်ဆွေဖြစ် သောသီရိစလနသူကြွယ်အား ကြားခွင့်ရှိသင့်သောအခါ ကြား

ကြပါလေကုန်”ဟုမှာဘိ၍ :မိမိသည်လည်း ခရီးတကြောင်းဖြင့် သွား၍ အိမ်တံခါးဝ၌ရပ်လေ၏။

သီရိစလနသူကြွယ်မြင်လျှင် “အရှင်ဘုရား အရှင်အား မဖူးမြင်ရသည်မှာ ကြာလှလေပြီ၊ ဤသို့ကြွတော်မူပါ၊ဤနေရာ၌ နေတော်မူပါ၊ပူဇော်သက္ကာယကိုခံတော်မူပါ” ဤသို့သောစကား ဖြင့်မြတ်နိုးတနာပြု၍ တပည့်တို့ မပါလာသော အကြောင်းကို မေးလျှောက်၏။

သရဒရသေ့လည်း မိမိတို့နေရာသို့ ဘုရားသခင်ကြွတော် မူသည်မှစ၍ ဗျာဒိတ်တော် ရသည်တိုင်အောင် အလုံးစုံသော အကြောင်းကိုမြွက်ကြား၍....။

“ငါကား လကျၤာရံ အဂ္ဂသာဝကတဆူ ဖြစ်ရမည့် အကြောင်းကို ဆုတောင်း၍ပါရမီဖြည့်လော့” ဟုဆိုလာ၏။

ထိုစကားကိုကြားလျှင်....။

“အရှင်ဘုရား အကျွန်ုပ်ကား ဘုရားသခင်နှင့် အကျွမ်း မဝင်ပါ၊ကျွန်ုပ်အိမ်သို့ ဘုရားသခင်ကြွအောင် မစတော်မူလျှင် စွမ်းနိုင်ပါသမျှ ကောင်းမှုကိုပြု ဆုပန်တော်မူပါမည်” ဟု လျှောက်၏။

သရဒရသေ့လည်း....။

ဘုရားသခင်ကို ဖူးမြင်ရခြင်းငှာ ငါဘာပန်ရှိစေ၊ပူဇော် သက္ကာယကိုသာစီရင်လော့”ဟုဆိုလျှင်....။

ထိုသူကြွယ်လည်း ကြီးကျယ်စွာ သံဃာ နှစ်သိန်းခန့်ခန့် လောက်သော မဏ္ဍာပ်ကိုဆောက်၍ မွန်မြတ်သော ဆွမ်းဟင်း

အဖျော် ပူဇော်ရန် ပစ္စည်းများကို ခုနစ်ရက်ကာလမျှလောက် အောင်ပြုပြင်စီရင်၍ရသေ့အား ကြားလျှောက်၏။

သရဒရသေ့လည်း ဘုရားရှင်အား သံဃာတော်တသိန်းနှင့်တကွ ပင့်လျှောက်၍ကြွရောက်တော်မူလေလျှင်....။

"ဤသူကြွယ်အား သနားတော်မူသဖြင့် ခုနစ်ရက်ပတ်လုံးအလှူကိုခံတော်မူပါ၊တရားဓရအေးတိုက်ကျွေးတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်လည်း ဝန်ခံတော်မူလျက် နံနက်တိုင်းကြွ၍ ဘုဉ်းပေးတော်မူ၏။ ခုနစ်ရက်ခဲ့သောနေ့၌ သိရိစလနသူကြွယ်လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား တိစီဝရိတ်သင်္ကန်း၊ဆွမ်း၊အဖျော်တို့ဖြင့် ပူဇော်လှူဒါန်း၍ တရားတော်ကို နာပြီးလျှင် ဘုရားရှင်အား ဤသို့လျှောက်၏၊

"အကျွန်ုပ်အဆွေဖြစ်သော သရဒရသေ့သည်နောင်ပွင့်လတံ့သောဂေါတမဘုရားသခင် သာသနာဝယ် လက်ျာရံ အဂ္ဂသာဝကအဖြစ်ကို ရလိုသောဟု ဆုတောင်း၏၊ အကျွန်ုပ်လည်း ယခုပြုရသော ဤပုညကောင်းမှုကြောင့် ဤဂေါတမဘုရားပွင့်တော်မူသောအခါ လက်ဝဲရံ အဂ္ဂသာဝကအဖြစ်ကိုရလိုပါသော' ဟုဆုတောင်း၏။

ဘုရားရှင်မြတ်လည်း အနာဂတံဉာဏ်ဖြင့် ကြည့်တော်မူ၍ပြည့်စုံအံ့သောအကြောင်းကြောင်းကို မြင်တော်မူလျှင်။

"ချစ်သားသိရိစလန အရှင်ဂေါတမဘုရား ပွင့်တော်မူသည့်အခါသင်လည်း မဟာမောဂ္ဂလာန် အမည်ရသောလက်ဝဲရံ အဂ္ဂသာဝကကြီးဖြစ်လတံ့"ဟုဗျာဒိတ်စကား ပြောကြားတော်

မူ၍ ထိုသူတို့အား တရားဟောတော်မူပြီးလျှင် သံဃာတော် အပေါင်းနှင့်တကွကျောင်းတော်သို့ကြွတော်မူလေသည်။

## ဝိရိယဖြစ်ကြောင်း (၁၁) ပါး

သတိပဋ္ဌာန ဝိကင်းအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာစသည်တို့၌ ဝိရိယဖြစ်ကြောင်း(၁၁)ပါးရှိကြောင်း ကိုဖွင့်ပြတော်မူလေသည်။

၁။ ။ပါယဘယ ပစ္စဝေက္ခကတော.... အပါယ်ဘေးကို စဉ်းစားဆင်ခြင်ခြင်း၊ ငါသည် ဝိရိယ လျော့၍ ပေါ့ပေါ့ဆဆနေလျှင် သေသည့်နောက်အပါယ် ဘုံသို့ ကျရောက်ချင်ကျရောက်သွားလိမ့်မည်၊ အပါယ်ဘုံအနက် ငရဲသို့ကျပြန်လျှင် ကြောက်မက်ဖွယ်ကောင်းသော နှိပ်စက်ညှဉ်းဆဲခြင်း အမျိုးမျိုးတို့ဖြင့် ကြီးစွာသောဒုက္ခကို ခံစားနေရသော အခါ၌၎င်း၊ တိရစ္ဆာန်ဘဝသို့ ရောက်သွား၍ ကွန်ပိုက်စသည်တို့ဖြင့် ဖမ်းဆီးကာ လူများပြုလုပ် သမျှ ခံနေရသောအခါ၌၎င်း၊ ပြိတ္တာဘဝသို့ ရောက် နှစ်ပေါင်းများစွာ ဘုရားတဆူနှင့်တဆူ အကြားရှည်လျားစွာသော ကာလပတ်လုံး ငတ်မွတ်ခြင်းစသော ဒုက္ခတို့ကိုခံစားနေရသောအခါ ၌၎င်း၊ အသူရကာယ်ဘုံသို့ ရောက်၍အတောင်

ခြောက်ဆယ် အတောင်ရှစ်ဆယ်ပမာဏရှိ အရိုး အရေမျှသာဖြစ်သော ခန္ဓာကိုယ်ကြီးဖြင့် လေ တိုက်နေပူစသော ဆင်းရဲဒုက္ခတို့ကို ခံနေရသော အခါ၌ရင်း၊ ပြဆိုခဲ့ပြီးသည့် သမ္ပပ္ပဓာန်လေးပါး တရားကောင်းတို့ကို အားထုတ်နိုင်ခွင့်မရှိပြီး၊ ယ ခုဘဝမှသာလျှင် အားထုတ်နိုင်ခွင့်ရှိသည် ဟူ၍ ဆင်ခြင်သောသူမှာဝီရိယတရားဖြစ်ပွားနိုင်သည် ဟုဆိုလိုသည်။

၂။ ။အာနိသံသဒဿာဝိတာ.... ဝီရိယ၏အကျိုးအာနိ သင်ကိုရှုမြင်လေ့ရှိခြင်း။ "ပျင်းရိနေသောသူသည် သံသရာဝဋ္ဋ၌ကျွတ်လွတ်ကာ လောကုတ္တရာ မဂ် ဖိုလ်တရားတို့ကို မည်သည့်နည်းဖြင့်မျှ မရနိုင်၊ လုံ့လဝီရိယ စိုက်ထုတ်လေ့ရှိသော သူသာလျှင် ထိုလောကုတ္တရာ မဂ်ဖိုလ်တရားတို့ကို ရနိုင်သည်။ သို့ဖြစ်၍ ဝီရိယတရားသည် ရခဲလှစွာသော မဂ် ဖိုလ်တရားတို့ကိုရရှိခြင်း အမျိုးရှိသည်" ဟူ၍ ဝီ ရိယ၏အကျိုးအာနိသင်ကို ရှုမြင်ဆင်ခြင်လေ့ရှိ မှသာဝီရိယတရားဖြစ်ပွားနိုင်သည်ဟုဆိုလိုသည်။

၃။ ။ဂမနဝီထိ ပစ္စဝေက္ခဏတာ-သွားရာလမ်းကြောင်း ကိုကောင်းစွာဆင်ခြင်း။ အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓါအရိယာသာဝက အရှင်မြတ်တို့သည်

ဝိရိယတည်းဟူသောလမ်းကြောင်းဖြင့် ဘုရားအ
ဖြစ်ပစ္စေကဗုဒ္ဓါ အရိယာသာဝက အရှင်မြတ်တို့
သွားရာ ဖြောင့်မတ်သောလမ်းကြောင်းကြီးဖြစ်
သည်၊ ဤလမ်းကြောင်းကို ပျင်းရိသူတို့မလိုက်
ပါနိုင်၊ လုံ့လဝိရိယကောင်းသူတို့သာ လိုက်ပါ
နိုင်၏။ ဟူ၍ဆင်ခြင်သောသူမှာ ဝိရိယဘရား
ဖြစ်ပွားနိုင်သည်ဟု ဆိုလိုသည်။

၄။ ။ပိဏ္ဍပါတာ ပစာယနသာ.... ဒါယကာတို့လှူ
ဒါန်းသည့်ဆွမ်းကို ရှုသေခြင်း။ ဤအချက်မှာ
ရဟန်းဘို့နှင့်သာ အဆူးသက်ဆိုင်၏။ ရဟန်းတို့
မှာဒါယကာတို့က မွန်မြတ်သောဆွမ်းကို လှူ
ဒါန်းသော အခါ "ဤဆွမ်းဒါယကာများသည်
သင်၏ဆွေမျိုးညာတိများမဟုတ်ကြ၊ သင့်ကိုမှီ၍
အသက်မွေးလိုသောကြောင့် ဤဆွမ်းကို လှူကြ
သည်လည်းမဟုတ်ကြ စင်စစ်မှာကောင်းမှု၏အ
ကျိုးကြီးမြတ်သည်ကိုသာလိုလား၍လှူဒါန်းကြ
ကုန်၏။ မြတ်စွာဘုရားကလည်း ဒါယကာတို့
လှူသောဆွမ်းကို ပေါ့ပေါ့စား၍ပေါ့ပေါ့နေ
ထိုင်ရန် ခွင့်ပြုတော်မူသည်မဟုတ်၊ ရဟန်းတ
ရားကိုအားထုတ်ကာသံသရာ ဝဋ္ဋ်မှလွတ်မြောက်
ကြရန် ရည်သန်၍သာ ခွင့်ပြုတော်မူခြင်း ဖြစ်
သည်။ ဤသို့သောဆွမ်းကို ပျင်းပျင်းရိရိ လုံ့လ

ဝီရိယမရှိသောသူသည် စားခြင်းငှာမထိုက်၊ လုံ့လဝီရိယကို ကြိုးစားအားထုတ်သောသူသာ စားခြင်းငှာထိုက်သည်”ဟူ၍ မိမိရသောဆွမ်းကိုတရိတသေအလေးပြုသောသူမှာသာဝီရိယတရားဖြစ်ပွားနိုင်သည်ဟု ဆိုလိုသည်။

၅။ ။ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏတာ.... ခံယူရမည့် အမွေ၏မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း။ မြတ်စွာဘုရားထံမှသာဝကတို့ခံယူရမည့်အမွေအနှစ်သည် သဒ္ဓါ သီလ၊ သုတ၊ ဇာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတည်းဟူသော၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့ဖြစ်၏။ ထိုသူတော်ကောင်းဥစ္စာ ခုနစ်ပါးတည်းဟူသော မြတ်စွာဘုရား၏ အမွေအနှစ်ကို ပျင်းရိသောသူသည်မခံယူနိုင်၊ လောကဥသားဆိုးသမီးဆိုးများကိုမိဖတို့က ငါတို့၏သားသမီးများ မဟုတ်ဟူ၍ သားသမီးအဖြစ်မှစွန့်ပစ်ထားသဖြင့် မိဖတို့ကွယ်လွန်သောအခါ အမွေကိုမရသကဲ့သို့ ပျင်းရိသောသူသည်လည်း ဤသူတော်ကောင်းဥစ္စာ ခုနစ်ဖြာတည်းဟူသော မြတ်စွာဘုရား၏အမွေအနှစ်ကိုမရနိုင်၊ လုံ့လဝီရိယရှိသောသူမှသာလျှင် ရနိုင်၏ ဟူ၍ ခံယူရမည့်အမွေ၏မြင့်မြတ်ပုံကို ဆင်ခြင်သောသူမှာသာ ဝီရိယတရားဖြစ်ပွားနိုင်သည်ဟု ဆိုလိုသည်။

၆။ ။သတ္တုမြမဟတ္တပစ္စဝေက္ခဏာတာ....ဆရာဖြစ်သော မြတ်စွာဘုရား၏ မြင့်မြတ်တော်မူပုံကို ဆင်ခြင်ခြင်း။ ငါ၏ဆရာမြတ်စွာဘုရားသည် မြင့်တော်မူလှ၏။ ပဋိသန္ဓေနေတော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရားဦးဟောတော်မူသောအခါ၊ သာဝတ္ထိပြည်၌ တိတ္ထိများကိုနှိမ်နင်းရာ၌ ရေမီးအစုံအစုံတန်ခိုးပြာဋိဟာကိုပြတော်မူသောအခါ၊ တာဝတိံသာနတ်ပြည်မှသင်္ကဿပြည်သို့ကြွဆင်းတော်မူသောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါ၊ ပရိနိဗ္ဗာန်စံတော်မူသောအခါတို့၌ လောကဓါတ်စကြာဝဠာပေါင်းတိုက်တသောင်း တုန်လှုပ်ရ၏။ သင်သည်ဤမျှလောက်မြင့်မြတ်တော်မူသော မြတ်စွာဘုရား၏ သားတော်စင်စစ်သမီးတော်စင်စစ်ဖြစ်ပါလျက် သာသနာနှင့်ဆိုင်ရာသူတော်ကောင်းတရားကို အားမထုတ်ပဲ ပျင်းပျင်းရိရိ ပေါ့ပေါ့တန်တန်နေခြင်းငှာထိုက်တန်အံ့လော”ဟူ၍ နှလုံးသွင်းဆင်ခြင်တော်မူမှသာဝီရိယတရား ဖြစ်ပွားနိုင်သည်ဟု ဆိုလိုသည်။

၇။ ။ဇာတိမဟတ္တပစ္စဝေက္ခဏာ– မိမိ၏ မျိုးရိုးမြင့်မြတ်ပုံကို ဆင်ခြင်ခြင်း။

“ငါ၏မျိုးရိုးသည် ယုတ်ညံ့သည်မဟုတ်၊ ဇာတ်ရေယှက်မှုမှ လွတ်ကင်း သန့်ရှင်းလှစွာသော မဟာသမ္မတမင်းမှ ဆင်းသက်သည် ဩက္ကာကမင်း၏ အနွယ်တော်ဖြစ်သော သုဒ္ဓေါဒနမင်းကြီး မဟာမာယာဒေဝီတို့၏မြေး ရာဟုလာ၏ ညီတွေး အသင်ဖြစ်သည်။ရာဟုလာသည် မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်စစ်ဖြစ်၍ ငါသည်လည်း သာကီဝင် မင်းသားဘုရားသားတော်ဟူသောအမည်ကို ခံယူလျက်ရှိသည်။ရာဟုလာနှင့် ငါသည် ညီအကိုပင် ဖြစ်သည်။ဤမျှလောက် အမျိုးအနွယ် မြင့်မြတ်သောသူသည် ပေါ့ပေါ့လျော့လျော့နေခြင်းငှါ မထိုက်၊ကောင်းမြတ်သောတရားကို အားထုတ်သင့်လှသည်၊”ဟု ဆင်ခြင်သောသူမှာ ဝိရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

၈။ ။သဗြဟ္မ စာရိမဟတ္တပစ္စဝေက္ခဏတာ– သီတင်းသုံးဖေါ်တို့၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း။ “သင်၏ သီတင်းသုံးဖေါ် ဖြစ်တော်မူကြသည့် အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလာန် တို့သည်ရင်းရှစ်ကျိပ်သော မဟာသာဝကကြီးတို့သည်ရင်း ကောင်းမြတ်သောတရားကို အားထုတ်တော်မူကြ၍ လောကုတ္တရာမဂ်ဖိုလ်တရားကို ထိုးထွင်းသိ

မြင်တော်မူကြလေကုန်ပြီ သင်သည် ဆိုသီဘင်း သုံးပေါ် အရှင်မြတ်တို့၏ ကျင့်စဉ်သို့ လိုက်သင့်ပေ၏”ဟူ၍ သီတင်းသုံးပေါ်ပေ့ါ် မြင့်မြတ်ပုံကို ဆင်ခြင်သောသူမှာ ဝိရိယဘရား ဖြစ်ပွား နိုင်သည်ဟု ဆိုလိုသည်။

၉။ ။ကုသိတပုဂ္ဂလပရိဝဇ္ဇနတာပျင်းရိသော ပုဂ္ဂိုလ်တို့ကို ဝေးစွာ ရှောင်ကြဉ်ခြင်း။ ။ဝမ်းပြည့်အောင် စားထားသော စပါးကြီးမြွေကဲ့သို့ ကိုယ်ဖြင့်ပြုလုပ်ဖွယ် စိတ်ဖြင့်ပြုလုပ်ဖွယ်ဟူသမျှတို့ကို စွန့်လွှတ်ကာ တလူလူတလွင့်လွင့် အိပ်ခြင်းဖြင့် ပျင်းရိစွာနေသောသူတို့ကို ရှောင်ကြဉ်သောသူမှာ ဝိရိယတရား ဖြစ်ပွားနိုင်သည်ဟု ဆိုလိုသည်။

၁၀။ ။အာရဒ္ဓဝိရိယပုဂ္ဂလသေဝနတာ- လုံ့လ ဝိရိယ အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။ ။ လုံ့လဝိရိယအားထုတ်ခြင်း ရှိသည်ဖြစ်၍အလုပ်ထဲမှာ ကိုယ်စိတ်နှစ်ပါးကို စေလွှတ်ထားသော ပုဂ္ဂိုလ်တို့ကို မှီဝဲရသောသူမှာ ဝိရိယတရားဖြစ်ပွားနိုင်သည်ဟု ဆိုလိုသည်။

(ပါဠိလို)ပဟိတတ္တ- (မြန်မာလို) အလုပ်ထဲမှာ ကိုယ်စိတ်နှစ်ပါးကို စေလွှတ်ထားခြင်း ဟူသည်

မှာ....မိမိအားထုတ်အပ်သောအလုပ်ကိစ္စ မပြီးစီး မအောင်မြင်သေးသမျှ အားထုတ်မှုကို မရပ်စဲ၊ အောင်မြင်သောအခါမှသာ (မအောင်မြင်လျှင် လည်းခန္ဓာပျက်ကြွေသေသောအခါမှသာ) ရပ်စဲ မည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်၏။ ဤပဟိတတ္တ သဘောမရှိသောသူတို့မှာ အလုပ် မလုပ်ရမီက ပင် ကြိုတင်ကာ "ဤအလုပ်သည် ထမြောက် အောင်မြင်မှ အောင်မြင်ပါမည်လော၊မအောင် မြင်ဘဲများ ရှိနေမည်လော"ဟု တွေးတောတွန့် ဆုတ်ခြင်းများဖြစ်တတ်၏။ အလုပ်လုပ်နေစဉ်မှာ လည်း မိမိမှန်းထားသည့်အခြေအနေသို့ အလွယ် တကူ မရောက်သေးလျှင် "ငါရှေ့သို့ ဆက် လက်ပြုလုပ်သော်လည်း ထမြောက် အောင်မြင် တော့မည်မဟုတ်"ဟူ၍ နောက်ဆုတ်လက်လျှော့ ကာ ဝီရိယတရား ပျက်ပြားသွားတတ်သည်။

၁၁။ ။တဒဓိမုတ္တတာ– ဣရိယာပုထ် လေးပါးလုံး၌ပင် ဝီရိယ၌ ညွတ်ကိုင်းသော စိတ်ရှိနေခြင်း။ ။ လျောင်း–ထိုင်–ရပ်–သွား ဣရိယာပုထ်လေးပါး တို့၌ပင် ဝီရိယအားထုတ်ဖို့ရန်သာ ညွတ်ကိုင်း သောစိတ်ရှိသူမှာ ဝီရိယတရားဖြစ်ပွားနိုင်သည် ဟု ဆိုလိုသည်။ ဤသည်တို့ကား ဝီရိယဖြစ် ကြောင်း(၁၁)ပါးတို့တည်း။

# ခန္တီပါရမီ

## ခန္တီအရရှင်းလင်းချက်

ဤခန္တီပါရမီအရာ၌ ပါဠိတော် (သမ္မာနာဝမာနက္ခမော)မြတ်နိုးမှုပြုခြင်း မထီမဲ့မြင်မှုပြုခြင်းတို့ကို သည်းခံလော့ဟူ၍ ပါရှိလေရာ ပါဠိတော်တိုက်ရိုက်အလိုမှာ ကောင်းသောအရာနှင့် တွေ့လျှင်လည်း စိတ်မတက် မကောင်းသောအရာနှင့်တွေ့လျှင်လည်း စိတ်မပျက်ပဲ သည်းခံနိုင်ရမည်ဟူ၍ အဓိပ္ပါယ်ရရှိသည်။

ဆိုလိုရင်းမှာ ကောင်းသောလောကဓံနှင့်တွေ့၍ လောဘဖြစ်လျှင်ရင်း၊ မကောင်းသောလောကဓံနှင့်တွေ့၍ ဒေါသဖြစ်လျှင်ရင်း၊ ထိုကောင်းမကောင်းသော အာရုံကို သီးခံနိုင်သည်မမည်ချေ။

ကောင်းသောလောကဓံနှင့်တွေ့၍ လောဘမဖြစ်သော မကောင်းသော လောကဓံနှင့်တွေ့၍ ဒေါသ မဖြစ်မှုရင်း သည်းခံခြင်း မည်သည် ဟူ၍ ဆိုလိုရင်းအဓိပ္ပါယ် ထွက်ရှိသည်။

## ခန္တီအရတရားကိုယ်

ဤခန္တီပါရမီသည် ပညာပါရမီ ဝီရိယပါရမီတို့ကဲ့သို့ ပရမတ္ထ တရားသီးခြားတခုမဟုတ်၊ အမျက်မထွက်ခြင်းလက္ခဏာ

ရှိသော အဒေါသ စေတသိက် ခေါင်းဆောင်သည်။ ကုသိုလ်စိတ် စေတသိက်အစုပင်ဖြစ်သည်။(တနည်း) ပညာပါရမီ ဝီရိယပါရမီတို့ကဲ့သို့ပင် ပရမတ္ထတရား သီးခြား အဒေါသ စေတသိက်ဖြစ်လေသည်။

ခန္တီဟူသည် အဒေါသ စေတသိက်ပင်ဖြစ်သော်လည်း အဒေါသ စေတသိက်ဟူသမျှကို ခန္တီဟူ၍ ခေါ်အပ်၊အကြောင်းကား....ဒေါသစေတသိက်သည်(အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ တပါးသော)သောဘကာစိတ်တို့ ဖြစ်တိုင်းဖြစ်တိုင်း ပါရှိရာ သူတပါးတို့က အမျက်ဒေါသထွက်ဖွယ်ရာ ပြုလုပ်ပြောဆိုသော အခါ အမျက်ဒေါသမဖြစ်စေရန် တားဆီးသည့် အခြင်းအရာ အားဖြင့် ဖြစ်သော အဒေါသကိုသာ ခန္တီဟူ၍ခေါ်လေသည်။

## အမျက်ထွက်ခြင်းအကြောင်းကိုးပါး

၁။ ။ဤသူသည် ငါ၏အကျိုးစီးပွားမဲ့ကိုရှေးကပြုခဲ့ဘူးပြီး၍အမျက်ထွက်တတ်သည်တပါး။

၂။ ။ဤသူသည် ငါ၏အကျိုးစီးပွားမဲ့ကို ယခုပြုဆဲဟူ၍အမျက်ထွက်တတ်သည်တပါး။

၃။ ။ဤသူသည် ငါ၏အကျိုးစီးပွားမဲ့ကို နောက်အခါ ပြုလတံ့ဟူ၍ အမျက် ထွက်တတ်သည်တပါး။ (ဤကား မိမိအတွက် သုံးပါးတည်း)။

၄။ ။ဤသူသည် ငါ့မိတ်ဆွေ၏ အကျိုးစီးပွားမဲ့ကို ရှေးကပြုခဲ့ဘူးပြီဟူ၍ အမျက်ထွက်သည် တပါး။

၅။ ။ဤသူသည် ငါ့မိတ်ဆွေ၏ အကျိုးစီးပွားမဲ့ကို ယခုပြုဆဲဟူ၍အမျက်ထွက်တတ်သည် တပါး။

၆။ ။ဤသူသည် ငါ့မိတ်ဆွေ၏ အကျိုးစီးပွားမဲ့ကို နောင်အခါ ပြုလတံ့ဟူ၍ ဤိုတင်အမျက်ထွက်တတ်သည်လည်း တပါး၊ (ဤကား မိတ်ဆွေအတွက်သုံးပါးတည်း)။

၇။ ။ဤသူသည် ငါ့ရန်သူ၏အကျိုးစီးပွားကို ရှေးကပြုခဲ့ဘူးပြီဟူ၍ အမျက်ထွက်တတ်သည် တပါး။

၈။ ။ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို ယခုပြုဆဲဟူ၍ အမျက်ထွက်တတ်သည် တပါး။

၉။ ။ဤသူသည် ငါ့ရန်သူ၏အကျိုးစီးပွားကိုနောက်အခါပြုလတံ့ဟူ၍ ကြိုတင် အမျက်ထွက်တတ်သည် တပါး။

## ရှင်ပုဏ္ဏ၏သည်းခံရည်

သည်းခံခြင်းခန္တိတရားနှင့်စပ်၍ အတုယူဘွယ် ကောင်း လှသော အရှင်ပုဏ္ဏမထေရ်၏နှလုံးသွင်းပုံကို ဤအရာ၌ အကျဉ်း ချုပ်ဖော်ပြပေအံ့။

မြတ်စွာဘုရား လက်ထက်တော်အခါက အရှင် ပုဏ္ဏ မထေရ်သည် မြတ်စွာဘုရားထံတော်၌ သုနာပရန္တ ဇနပုဒ်သို့သွား ရောက်နေထိုင်လိုပါကြောင်း လျှောက်ထားသည်တွင် မြတ်စွာ ဘုရားက....။

"ချစ်သားပုဏ္ဏ၊ သုနာပရန္တဇနပုဒ်သားတို့သည် ဆဲရေး ရေရွတ်ခြင်းအမှုပြုခဲ့လျှင် သင်၏စိတ်မည်ကဲ့သို့ ဖြစ်မည်နည်း" ဟူ၍မေးတော်မူသောအခါ....

အရှင်ပုဏ္ဏမထေရ်က ...။

"မြတ်စွာဘုရားထိုသုနာပရန္တ ဇနပုဒ် သားတို့သည်ဘုရား တပည့်တော်ကို ဆဲရေးရေရွတ်ခြင်းအမှုပြုကြကုန်အံ့၊ထိုအခါ၌ သုနာပရန္တဇနပုဒ်သားတို့သည်လူကောင်းများသာဖြစ်ကြသည်။ အထူးကောင်းသော လူများသာဖြစ်ကြသည်၊ ငါ့ကိုဆဲရေးရေ ရွတ်ရုံမျှသာ ဆဲရေး ရေရွတ်ကြသည်။ လက်သီးဖြင့် ထိုးခြင်း တထောင်ဖြင့် ထောင်းခြင်းအမှုကို မပြုကြရှာပေသေး" ဟူ၍ ထိုသူတို့အပေါ်မှာလူကောင်းများဟူ၍နှလုံးသွင်းလျက် အမျက် ဒေါသကိုသိမ်းဆည်းသည်းခံပါမည်ဟု လျှောက်ထားလေသည်

မြတ်စွာဘုရားကတဖန်....

"ချစ်သားပုဏ္ဏ သုနာပရန္တဇနပုဒ်သားတို့သည် သင်ချစ်သားကိုလက်သီးဖြင့်ထိုးခြင်း၊တတောင်ဖြင့်ထောင်းခြင်းအမှုကို ပြုကြကုန်လျှင် သင်၏စိတ်မည်ကဲ့သို့ဖြစ်မည်နည်း"ဟူ၍ ဆင့်ကာဆင့်ကာမေးမြန်းတော်မူသောအခါ....။

အရှင်ပုဏ္ဏမထေရ်က....။

"မြတ်စွာဘုရား အကယ်၍ သုနာပရန္တ ဇနပုဒ်သားတို့က ဘုရားတပည့်တော်ကို လက်သီးဖြင့်ထိုးခြင်း၊ တတောင်ဖြင့် ထောင်းခြင်းအမှုပြုကြကုန်လျှင်....

ဤသုနာပရန္တဇနပုဒ်သားတို့သည် လူကောင်းများသာဖြစ်ကြသည်။အထူးကောင်းသော လူများသာဖြစ်ကြသည်။

"ငါ့ကိုလက်သီးဖြင့် ထိုးရုံ တတောင်ဖြင့်ထောင်းရုံမျှသာ ထိုးကြ ထောင်းကြသည်။ ခဲဖြင့်မထုကြသေးပေ" ဟု ထိုသူတို့ အပေါ်မှာ လူကောင်းများဟု နှလုံးသွင်းလျက် အမျက်ဒေါသကို သိမ်းဆည်းသည်းခံပါမည်" အစရှိသည်တို့မှာ သတဟာရကကံ = (ဓါးဖြင့် မိမိကိုယ်ကို သတ်ခြင်း အမှုကို) ကိုယ်ကိုတိုင်ပြုကြရသေးသည်၊ ငါ့မှာ မပြုရပေသည်ဟု နှလုံးသွင်းလျက် အမျက်ဒေါသကို သိမ်းဆည်း သည်းခံပါမည်" ဟူ၍ လျှောက်ထားသည်တွင် မြတ်စွာဘုရားက သာဓု ကောင်းချီးခေါ်တော်မူသည်။ (မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ သဠာယတနဝဂ်၊ ပုဏ္ဏောဝါဒ သုတ္တန်မှ)

## သစ္စာပါရမီ

ဒါနသီလ နေက္ခမ္မ ပညာဝီရိယ အဓိဋ္ဌာန မေတ္တာ ဥပေက္ခာ ဤပါရမီရှစ်ပါးတို့၌ မူလပါဠိရင်းအတိုင်း ဒါနပါရမီ သီလပါရမီ နေက္ခမ္မပါရမီပညာပါရမီဝီရိယပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီ ဥပေက္ခာ ပါရမီဟု ခေါ်ဝေါ်သုံးစွဲကြသော်လည်း ခန္တီနှင့် သစ္စာပါရမီတို့၌ကား မူလပါဠိရင်းအတိုင်း (ခန္တီပါရမီ၊ သစ္စာပါရမီ ဟူ၍) မခေါ်ဝေါ်တော့ပဲ ဆိုလွယ် ရွတ်ဘွယ်စေခြင်းငှါ မြန်မာဝေါဟာရ၌ ဒိဗ္ဗသံဖြင့် ခန္တီပါရမီ သစ္စာပါရမီ ဟူ၍ ခေါ်ဆိုသုံးစွဲအပ်လေသည်။

ထိုသို့သုံးစွဲ ခေါ်ဆိုရာ၌ သည်းခံခြင်းမှန်ကန်ခြင်းဟူသော အနက်ရင်းသို့ပင် ဉာဏ်အမြင်သက်ရောက် အာရုံပြုနိုင်ကြသဖြင့် တစုံတရာအပြစ် မဆိုထိုက်ချေ။ ခန္တီပါရမီ သစ္စာပါရမီပြောဆိုသောအခါ ရွတ်လွယ် ဆိုလွယ်လည်း ရှိ၍ ဆိုလိုရင်းအနက်ကိုလည်း သိနိုင်ကြပေ၏။

## သောက်ရှူးကြယ် သောကြာကြယ်၏ အသွား

ဤသစ္စာပါရမီခဏ်း၌ "သောက်ရှူးကြယ် = သောကြာကြယ်သည် မိမိသွားမြဲလမ်းမှ မလွဲမဖယ်" ဟူသော စကား၏ အဓိပ္ပာယ်ကို ဗုဒ္ဓဝင် အဌကထာ၌ "သောကြာ ကြယ်သည် ခြောက်လပတ်လုံး အရှေ့အရပ်သို့သွား၍ ခြောက်လပတ်လုံး အနောက်အရပ်သို့သွား၏" ဟု ဖွင့်ပြ၏။

ဤအဋ္ဌကထာ စကားမှာ တိုက်ရိုက် အဓိပ္ပာယ်ယူ၍မသင့်နိုင်၊ အကြောင်းကား သောကြာကြယ်သည် အခြားသောကြယ်နက္ခတ်တာရာများကဲ့သို့ပင် သွားခြင်း သွားလျှင် အနောက်သို့သာ သွားရမည် ဖြစ်၏။ အရှေ့သို့သွားခြင်း မဖြစ်နိုင်။

ထိုသို့မဖြစ်နိုင်သည့်အတွက် အဋ္ဌကထာ စကားကိုပယ်ရမည်ကဲ့သို့ ရှိသော်လည်း ရှေးသူဟောင်းတို့ သင့်အောင်ကြံခဲ့ကြပုံမှာ သောကြာကြယ်ကို မိုးသောက်ခါနီး၌ အရှေ့အရပ်မှာ မြင်ရ၍ နေဝင်ပြီးနောက် ညဦးအချိန်ဖြစ်လျှင် အနောက်အရပ်မှာသာ မြင်ရသည်ဟူ၍ ပြောဆိုမှု ပြုကြကုန်၏။

ဥပမာဖြင့် ကူစွာလိုက်လျော်၊ သစ္စာကျော်ကို၊ ဖွေဖော်
ပြည့်စုံ၊ ကြံတုံ့သမှု၊ အကန္တ၊ ကား၊ ဘောချုန်ကွက်၊ လကျာ
ပတ်လျှင်၊ တောင်ထွဋ်မြင့်မိုရ်၊ ဇော်သည့်ဂြိုဟ်ဘွင်၊ တန်းသို့
တင်ဖူး၊ ကြယ်စိုင်ကျူးကား၊ အမျိုးဖြစ်တန်။ လွန်သားအရောင်–
လ–တူဆောင်လျက်၊ မိုးခေါင်တိမ်ပြင်း နေဝင်နေထွက်၊ အရှေ့
နောက်ဘက်၌ နှစ်ရည်ကြိုလျှင် မိုးဃံမိုက်ဆောင်းနွေသုံးထွေ
ရတု၊ လျော်သမှုလျှင်၊ ရာလုမလှဲ၊ အသွားမြဲဟု ရဲရဲလျှံဝင်း၊
ဉာဏ်ကြယ်မင်းကို ဖြောင့်စင်းလူနှာ၊ ချိန်ကြိုးမှတ်သို့ဆုမြတ်နေ့သော်
ရှင်တုံ့သော်လည်း၊ မျိုးဖော်သူစိမ်း၊ လူခပ်သိမ်းကို၊ သာငြိမ်း
ကြတန် စကားမှန်ဖြင့်၊ မလွန်မယုတ်၊ တည်ကြည်ဟုတ်လျက်၊
နှုတ်နှင့်အမှု၊ အတူတူလျှင်၊ မည်သူမမှောင့်၊ ဥဇုဖြောင့်လျက်၊
ဆိုစောင့်ဆုံခဲ၊ ပွတ်လျှာစဲကို၊အောင်မြင်သစ္စာ၊ ခွန်းချင်သားလျှင်၊

မြတ်စွာလျှာ ဖြစ်တူးလသေး– ဟူ၍ စပ်ဆိုတော်မူသည်။

ဗေဒင်ဆရာများကမူ သန္ဒိဋ္ဌ တွယ်နည်းအရ ခြောက်လ တနင်္ဂနွေဂြိုလ်၏ ရှေ့မှသွား၍ ခြောက်လ တနင်္ဂနွေဂြိုဟ်၏ နောက်မှလိုက်ရသည်ဟု ပြောဆိုကြ၏။

ဤဗေဒင်ကျမ်းနှင့်ညီအောင် ဗုဒ္ဓဝင်အဋ္ဌကထာကိုအနက် ယောဇနာမူကား....

"ဆမာသေး၊ ခြောက်လပတ်သုံး။ ပစ္ဆိမံဒိသံ၊ တနင်္ဂနွေ ဂြိုဟ်၏ နောက်အရပ်သို့ ဂစ္ဆတိ၊ သွား၏။ ဆမာသေး၊ခြောက်လ ကိုပတ်လုံး။ ပုရိမံဒိသံ၊ တနင်္ဂနွေဂြိုဟ်၏ ရှေ့အရပ်သို့ ဂစ္ဆတိ သွား၏" ဟူ၍ အနက်ယောဇနာရာ၏။

အချုပ် မှတ်ယူရန်မှာကား၊ ပါဠိတော် လာသည့်အတိုင်း မည်သည့်အချိန်အခါမှာမဆို သောကြာ ဂြိုဟ်သည် မိမိသွားမြဲ လမ်းမှ တိမ်းစောင်း ပြောင်းလဲခြင်းမရှိ တည့်မတ်ဖြောင့်တန်း စွာသာ သွားသည့်အဘူ ဖြောင့်မှန်စွာသာ ပြောဆိုရမည်။

ဤသို့ ပြောဆိုမှသာ သစ္စာဖြစ်သည်ဟူ၍ မှတ်ယူရာ၏။

ထို့ကြောင့်ပင် အရှင်ဗုဒ္ဓဃောသ ဆရာတော်သည် ပါဠိ ဇာတ် အဋ္ဌကထာ၌ "သောက်ရှူးကြယ်မည်သည် အလုံးစုံသော ဥတုတို့၌ မိမိသွားမြဲလမ်းကိုစွန့်ကာ အခြားလမ်းဖြင့် မသွားပဲ မိမိသွားမြဲလမ်းဖြင့်သာ သွားသကဲ့သို့" ဟူ၍ ဖွင့်ပြတော်မူသည်။

ရှေးဆိုအပ်ပြီးသော ဘိသဇာတ်လာ သဒ္ဒဟာပနသစ္စာ သုဝဏ္ဏသာမဇာတ်၊ သုပ္ပာရကဇာတ်၊ သိဝိဇာတ်၊မစ္ဆဇာတ်၊ဝဋ္ဋက

ဇာတ်၊ ကဏှဒီပါယနဇာတ်၊ နဠပါနဇာတ်၊ သမ္ဗုလာဇာတ်၊ နေမိယ ဇာတ်၊ ဇနက္ကဇာတ်၊ ကဋ္ဌဝါဟနဇာတ်၊ မဟာမောရဇာတ်တို့၌ လာသော ဣလ္လိသာပူရဏာဝစီ သစ္စာ၊ ဝိဓုရဇာတ် သုဝဏ္ဏသာမ ဇာတ် ဘူရိဒတ်ဇာတ်တို့၌ လာသော မုသာဝိရမလာ ဝစီသစ္စာ တို့သည် အသီးသီးမြွက်ဆိုပြီးသည်နှင့် တပြိုင်နက် သစ္စာကိစ္စ ထမြောက်ပြီးစီးသွား၏။

နောက်ထပ် သစ္စာမြောက်အောင် စောင့်ရှောက်စီမံရန် ကိစ္စ တစုံတရာ မကျန်သောကြောင့် ဖော်ပြရာပါ သစ္စာတို့ကို ဝစီဘေဒသိဒ္ဓိသစ္စာ ဟူ၍ မှတ်ယူအပ်ကုန်၏။

ရှေး၌ ပြခဲ့သော အတိုင်းမဟာသုတသောမ ဇာတ်လာ ပါရိသာဒထံတွင် အလောင်းတော် သုတသောမမင်း ပြုအပ်သော သစ္စာသည်ကား ငါပြန်၍ လာခဲ့ပါမည်။ မလာလျှင် မည်ကဲ့သို့ ဖြစ်ပါစေဟု ပေါရိသာဒ ယုံကြည်စေရန် ပြုအပ်သည့် သဒ္ဒဟာ ပနသစ္စာပင် ဖြစ်သော်လည်း သစ္စာစကား နှုတ်ဟမြွက်ဆိုရုံမျှဖြင့် သစ္စာ ကိစ္စထမြောက်ပြီးစီးသွားပြီဟု မဆိုနိုင်သေး၊ နောက်ပြန် လာမှသာ မှန်ကန်သောသစ္စာသဘော ပြီးစီးထမြောက်ပေမည်။

ဤသို့သစ္စာပြုပြီးနောက် ထိုသစ္စာ မှန်ကန်ထမြောက်စေ ရန် ပြန်၍လာဖြစ်အောင် အထူးစီမံနေရသည်ဖြစ်သောကြောင့် ဤသုတသောမ မင်းကြီး၏ သစ္စာကို ပဋ္ဌာဒုရက္ခဏ သစ္စာဟူ၍ မှတ်ယူအပ်၏။

ဤနည်းအတူ ဘိသနိပါတ်(၃) ဇယဒိသဇာတ် ဇယဒိသ မင်းပြုအပ်သော သစ္စာနှင့် ကောဒသကနိပါတ်(၇) ဒသရထ

ဇာတ်လာရာမမင်းပြုအပ်သော သစ္စာတို့မှာလည်း ပဋ္ဌာဒုရက္ခဏ သစ္စာချည်းပင်ဖြစ်၏။

ဤဒွိဇယံဒိသမင်းပြုအပ်သော သစ္စာအကျဉ်းချုပ်ကား ကာပိလတိုင်း ဥတ္တရပဉ္စာလမြို့တော် ဇယဒိသမင်းသည် စစ်သည်ဗိုလ်ပါတို့ ခြံရံလျက် သမင်ဖမ်း တောကစားထွက်တော်မူရာ လမ်းအကြားတွင် တက္ကသိုလ်ပြည်မှလာသည့် တရားဟောလိုသော နန္ဒပုဏ္ဏားနှင့်တွေ့သဖြင့် အပြန်မှ တရားနာမည်ဟု ချိန်းချက်ခဲ့ပြီးလျှင် တောသို့ထွက်သွားခဲ့လေ၏။

တောသို့ရောက်သောအခါ မှူးမတ်များနှင့် တာဝန်ခွဲဝေ၍သမင်ဖမ်းကြသည်တွင် မင်းကြီးတာမှ သမင်ထွက်ပြေးသောကြောင့် မရမနေဟု သမင်နောက်သို့ အတင်းလိုက်ကာ ခရီးဝေးစွာရောက်မှ ရမိ၍ သမင်ကို နှစ်ပိုင်းပိုင်းဖြတ်ပြီးလျှင် ထမ်းပိုးဖြင့်ထမ်း၍ ပြန်လာခဲ့ရာ ညောင်ပင်တခုအောက်၌ ခေတ္တ ဝင်ရောက် နားနေပြီးနောက် သွားတော့မည်ဟု ထသောအခါ ထိုညောင်ပင်မှာရှိသော လူဘီလူးက 'ငါ့အစာဖြစ် ပြီမသွားရ' ဟုတားဖြစ်၏။

(လူဘီလူးဟူသည်မှာ ထိုသူသည် တကယ်စင်စစ် ဘီလူးမဟုတ်၊ ဇယံဒိသမင်း၏ အကိုအရင်းကို မွေးခါစတွင် ဘီလူးမကစားရန်လာရောက်လုယူသွားပြီးလျှင် မစားရက်ဘဲ သားအမှတ်ဖြင့် မွေးထားသောကြောင့် ဘီလူးစိတ် ဘီလူးစား ဘီလူးနေနေထိုင်ခဲ့ရာ မိခင်ဘီလူးမ သေသွားသဖြင့် တကိုယ်တည်း လူစင်စစ်က ဘီလူးကဲ့သို့နေသောသူဟု ဆိုလိုသည်)။

ထိုအခါ ဇာယဒိသမင်းက "ငါသည် တက္ကသိုလ်ပြည်မှလာသော ပုဏ္ဏားထံ တရားနာရန် ချိန်းဆိုထားချက်ရှိသူ ဖြစ်ပေသည်။ ထိုတရားကို ပြန်၍နာယူပါရစေ၊ တရားနာပြီးသောအခါ ငါစကားကို မှန်ကန်အောင် စောင့်ရှောက်သောအားဖြင့် ပြန်လာပါမည်" ဟု ဝန်ခံစကားပြောရုံနှင့် လူဘီလူးက လွှတ်လိုက်လေသည်။

(လူဘီလူးနှင့် ဇာယဒိသမင်းတို့မှာ ညီအစ်ကိုအရင်းဖြစ်သည်ကို လူမပြောသော်လည်း သွေးပြောသည်ဟူသော စကားကဲ့သို့ ကရုဏာမကင်းသည့်အတွက် အလွယ်တကူ ပြန်လွှတ်လိုက်ခြင်းဖြစ်သည်ဟု မှတ်ယူအပ်၏။)

ဇာယဒိသမင်း ပြန်လာ၍ ပုဏ္ဏားထံ တရားနာပြီးလျှင် ဘောသို့ပြန်၍ ဘီလူးစားခံမည့်အပြုတွင် သားတော်အလိနသတ္တုမင်းသား(ဘုရားလောင်း) ကအကြောင်းအမျိုးမျိုးပြကာ ကိုယ်တော်အစား သားတော်သွားပါမည်ဟု တောင်းပန်၍ ခွင့်ပြုကာ သားတော်ကို လွှတ်လိုက်လေသည်။

ဤဇာယဒိသမင်း၏ "လာခဲ့ပါမည်" ဟူသော သစ္စာသည်လည်း ဆိုပြီးသည့်နောက် မှန်ကန်ညီညွတ်အောင် စောင့်ရှောက်အပ်သောကြောင့် ပဋိညာဒုက္ခလာသစ္စာပင်ဖြစ်၏။

ရာမမင်း၏ သစ္စာအကျဉ်းမှာ.... ဗာရာဏသီပြည် ဒသရထမင်း၏ မိဖုရားကြီးမှ သားတော်ကြီး ရာမမင်းသား၊ သားငယ်လက္ခဏမင်းသား၊ သမီးသီတာဒေဝီတို့ကို ဖွားမြင်ပြီးနောက်

နတ်ရွာစံရာ မိဖုရားအသစ် မြှောက်သည်တွင် ထိုမိဖုရားသစ်မှ ဘရတမည်သောသားကိုဖွားမြင်၏။ မိဖုရားသစ် သူ့သား ဘရတကို ထီးနန်းလွှဲအပ်ရန် ဒသရတမင်းထံ အဖန်ဖန် ပူဆာသော ကြောင့် ဒသရထမင်းကြီးသည် သားနှစ်ယောက်တို့ကို ခေါ်ပြီးလျှင် မိဖုရားသစ်နှင့် သားဘရတတို့အတွက် ငါ့သားကြီးများမှာ အန္တရာယ်ဖြစ်မည်ကိုစိုးရိမ်လှပေသည်။

ဗေဒင်ဆရာများက ခမည်းတော်၏ အသက်ဆယ့်နှစ်နှစ်ရှည်ဦးမည်ဟု ဟောကြားထားသောကြောင့် ငါ့သားများ ယခုတောအရပ်မှာတိမ်းရှောင်နေကြပြီးလျှင် တဆယ့်နှစ်နှစ်လွန်သောအခါမှ ပြန်လာကြ၍ ထီးနန်းစည်းစိမ်ကိုယူကြတော့ ဟု မိန့်ဆိုလေသည်။

ထိုအခါ ရာမမင်းသားက အမိန့်တော်အတိုင်း လိုက်နာပါမည်ဟု ဝန်ခံကာ ညီအကိုနှစ်ယောက်တို့ တောအရပ်သို့ သွားကြသည်တွင် နှမတော်သီတာဒေဝီလည်း မောင်တော်များနှင့် မခွဲလိုဟုဆိုကာ အတူတကွ လိုက်ပါ၍သွားလေ၏။

ဒသရထမင်းကြီးမှာ ဗေဒင်ဆရာများက အသက် ဆယ့်နှစ်နှစ်ရှည်ဦးမည်ဟု ဟောဆိုသော်လည်း သားသမီးများအတွက် စိတ်သောကနှိပ်စက်သဖြင့် ကိုးနှစ်အကြာတွင် နတ်ရွာစံတော်မူလေသည်။

ထိုအခါမှူးမတ်များက ဘရတမင်းသားကို မင်းမမြှောက်လိုကြဘဲ ရာမမင်းသားရှိရာသို့ သတင်းနာခံ၍ လိုက်လာရောက်

ရှိသောအခါ ခမည်းတော်နတ်ရွာစံပြီဖြစ်၍ ပြည်တော်သို့ ပြန်ကြကာ ထီးနန်းအုပ်ချုပ် မင်းပြုလုပ်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြသည်တွင် ရာမမင်းက“ငါသည် ခမည်းတော်ထံမှာ ခမည်းတော်၏အမိန့်အတိုင်း တဆယ့်နှစ်နှစ်ကြာမှ ပြည်တော်သို့ပြန်လာ၍ ထီးနန်းအုပ်ချုပ်ပါမည်ဟု လျှောက်ထားခဲ့ပေသည်။

ယခုပြန်လျှင် ငါလျှောက်ထားခဲ့သောစကားသည် မှန်တော့မည်မဟုတ်၊ ငါ့စကားကို ငါမဖျက်လို၊သို့ဖြစ်၍ ညီငယ်လက္ခဏမင်းသားနှင့်နှမတော်သီတာဒေဝီတို့ကိုသာခေါ်သွားပါ။ မင်းလျာအဖြစ်ထား၍ သင်တို့မှူးမတ်များပင် တိုင်းပြည်ကို အုပ်ချုပ်ကြလေ”ဟု အမိန့်ပေးတော်မူလိုက်၏၊ ဤသို့ ရာမမင်းသည် ခမည်းတော်ထံမှာ မိမိဝန်ခံခဲ့သည့်စကား မှန်ကန်စေရန် အချိန်ဆွဲ၍ စောင့်ရှောက်ရလေသည်။ပစ္စုဒ္ဓရက္ခဏသစ္စာပင်တည်း။

## ကာနှင့်ဆိုင်ရာသစ္စာ

ဤဝိစိဘေဒသိဒ္ဓိသစ္စာနှင့် ပစ္စုဒ္ဓရက္ခဏသစ္စာနှစ်မျိုးတို့ကို အလွယ်တကူ ခွဲခြားနိုင်ရန် အကျဉ်းချုပ်သဘောကို မှတ်ပြန်လျှင်....သစ္စာသည်

၁။ ။အတိတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာ၊

၂။ ။အတိတ်ပစ္စုပ္ပန်အခါတို့နှင့် သက်ဆိုင်သောသစ္စာ၊

၃။ ။အနာဂတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာ၊

၄။ ။အခါအထူး မမှတ်အပ်သောသစ္စာ။

အားဖြင့် လေးမျိုးရှိလေသည်။ ဤလေးမျိုးတို့တွင် အနာဂါတ်နှင့်သက်ဆိုင်သော သစ္စာတမျိုးသာ ပဏ္ဍာဒုရက္ခဏာသစ္စာဖြစ်၍၊ ကျန်သစ္စာသုံးမျိုးတို့မှာ ဝစီဘေဒသိဒ္ဓိသစ္စာချည်းသာဖြစ်၏။

လေးမျိုးတို့ အသီးသီးဖြစ်ပုံမှာ....

သုဝဏ္ဏသာမဇာတ်လာ သစ္စာတို့တွင် မယ်တော် ခမည်းတော်တို့က "သာမသည် ရှေးကတရားကိုသာကျင့်ပါသည်။ မြတ်သောအကျင့်ကိုသာ ကျင့်လေ့ရှိပါသည်။ မှန်သောစကားကိုသာ ဆိုလေ့ရှိပါသည်၊မိဘတို့လုပ်ကျွေးခဲ့ပါသည်၊အသက်အရွယ်ကြီးသူတို့ကို ရိုသေခဲ့ပါတယ်"ဟူ၍ ဆိုအပ်သော သစ္စာစုသည် အတိတ်အခါနှင့်သာ သက်ဆိုင်သော သစ္စာများဖြစ်ကြ၏။

"သုဝဏ္ဏသာမကိုကျွန်ုပ်တို့အသက်ထက် ချစ်ပါသည်"ဟူသောသစ္စာသည်၎င်း၊ဗဟုသုန္ဒရီနတ်သမီးပြောဆိုအပ်သည့်"သာမထက်မပို၍ချစ်သောသူမရှိ" ဟူသောသစ္စာကို "ဤဂန္ဓမာဒနတောင်မှာ တောသစ်ပင်ဟူသမျှသည် နံ့သာပင်ချည်းသာဖြစ်သည်"ဟူသော သစ္စာသည်၎င်း၊ ဤသစ္စာစုသည် အခါအထူးမမှတ်အပ်သောသစ္စာများဖြစ်ကြသည်။

သုပ္ပါရကဇာတ် သိဝိဇာတ်တို့မှာလာသော ဣစ္ဆာပူရဏသစ္စာစုသည် အတိတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာစုဖြစ်ကြ

၏။ထို့ အတူကကျာဒီပါယနဇာတ် နှင့်ပါနဇာတ်သာ ဣန္ဒာပူရဓာ သစ္စာစုလည်းအတိတ်နှင့်သာသက်ဆိုင်သော သဂါစုဖြစ်၏။

ဝဋ္ဋကဇာတ်၌ "အတောင်ရှိလျက်မပျံနိုင်၊ ခြေရှိလျက်မသွားနိုင်" ဟူသောစကားရပ်သည် အကိတ်ပစ္စုပ္ပန်နှစ်ပါးနှင့်သက်ဆိုင်၏။အနာဂါတ်ဖြစ်သောနောက်အခါမှာကား၊အတောင်ဖြင့်ပျံနိုင်မည်၊ ခြေဖြင့်သွားနိုင်မည်ဖြစ်၍ အနာဂါတ်နှင့် မသက်ဆိုင်။

သမ္ဗုလာဇာတ်၌ "အရှင့်သားထက်ပို၍ ချစ်သောအခြားသူမရှိပါ" ဟူသောသစ္စာ တေမိယဇာတ်လာ စန္ဒာဒေဝီမိဘုရားကြီး၏ သစ္စာတို့သည်ကား အထူးမမှတ်အပ်သော သစ္စာတို့ဖြစ်ကြကုန်၏။

ဤသို့အစရှိသည်ဖြင့် ထိုထိုသစ္စာတို့၏ ထိုထိုကာလတို့နှင့် သက်ဆိုင်ပုံကိုစဉ်းစားဆင်ခြင်သိမြင်မှတ်သားရာ၏။

## အဓိဋ္ဌာန်သုံးမျိုး

အဓိဋ္ဌာန်ဟု ခေါ်အပ်သော ဆောက်တည်ခြင်းစိတ်၌စွဲမြဲစွာထားရှိခြင်းသဘောသည် အရာသို့လိုက်၍....

၁။ ။ပုဗ္ဗနိမိတ္တ (ရှေးအဖို့ကသင် နိမိတ်ပြရန် စိတ်ဆောက်ခြင်းစိတ်၌ စွဲမြဲစွာထားရှိခြင်း)။

၂။ ။အာသီသအဓိဋ္ဌာန် (မိမိလိုလား တောင့်တအပ်သော အကြောင်းအရာအတွက် စိတ်ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း)။

၃။ ။ဝတအဓိဋ္ဌာန် (ကျင့်ဝတ်တရားတို့ကို ကျင့်ကြံရန်စိတ်ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာ ထားရှိခြင်း) အားဖြင့်သုံးပါးအပြားရှိ၏။

## ၁။ ။ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်

ထိုတွင် ပုဗ္ဗနိမိတ္တ၏အကြောင်းကို ဝိသကိနိပါတ်စမ္မေယျဇာတ်စသည်ဖြင့် သိအပ်၏။ စမ္မေယျဇာတ်အရ ပြန်ဆိုလိုရင်းအကျဉ်းချုပ်မှာ....

စမ္မေယျနဂါးမင်းသည် လူ့ပြည်သို့သွားကာဥပုသ်စောင့်သုံးမည်ဟု အမိန့်ရှိသည်တွင်သုမနာနဂါးမိဖုယားကြီးက....

"လူ့ပြည်မှာ ဘေးရန်တွေ များလှပါသည်၊ အကယ်၍တစုံတရာဘေးရန်ဖြစ်ခဲ့သော် အဘယ်သို့သောနိမိတ်ဖြင့် သိကြရပါမည်နည်း"ဟု လျှောက်သည်တွင်....

နဂါးမင်းက "မင်္ဂလာရေကန်သို့ခေါ်သွားပြီးလျှင် "ရေကန်ကိုကြည့်ပါလော့ ငါ့ကိုတစုံတယောက်သောရန်သူ ဖမ်းယူနှိပ်စက်ပါလျှင် ဤရေကန်သည်နောက်ကျိ၍ပြလိမ့်မည်၊အကယ်၍ဂဠုန်ဖမ်းယူလျှင် ဤရေကန်သည် ပွက်ပွက်ဆူ၍ ပြလိမ့်မည်၊ အကယ်၍အလမ္ပါယ်ဖမ်းယူလျှင် သွေးအဆင်းကဲ့သို့ ချင်းချင်းနီ၍ပြလိမ့်မည်" ဟူ၍ နိမိတ်များကို ပြောကြားခဲ့ပြီးနောက် စာတုဒ္ဒသီ (တဆယ့်လေးရက်)ဥပုသ်စောင့်သုံးရန် အဓိဋ္ဌာန်ပြု၍ လူ့ပြည်သို့သွားလေ၏။

လူ့ပြည်သို့သွား၍ ဥပုသ်စောင့်သုံးရာ အလမ္ဗာယ် ဖမ်းထားသဖြင့် နဂါးပြည်သို့ မပြန်လာပဲ တလခန့်ကြာသည်တွင် မိဖုရားကြီးသည် စိတ်ပူပန်၍ ရေကန်ကိုကြည့်ရှုရာရေမျက်နှာပြင်သည် သွေး၏ အဆင်းကဲ့သို့ ချင်းချင်းနီ၍ပြလေ၏။

ဤသို့ နဂါးမင်းသည်“ငါ့ကို ရန်သူတို့ နှိပ်စက်လျှင် ဤရေနောက်ကျိပါစေ၊ ဂဠုန်ဖမ်းယူလျှင် ပွက်ပွက်ဆူပါစေ၊ အလမ္ဗာယ်ဖမ်းယူလျှင် သွေးအဆင်းကဲ့သို့ ချင်းချင်းနီပါစေ”ဟု အဓိဋ္ဌာန်ပြုသည်ဟူ၍ တိုက်ရိုက်မလာသော်လည်း သဘောစာသွား စာလာကို ထောက်ထားလျှင် နဂါးမင်းသည် ဤကဲ့သို့ ဖြစ်စေရန် ဆောက်တည်ပြီးစိတ်၌ စွဲမြဲစွာထားရှိပြီးမှ မိဖုရားကြီးကို ပြောသွားသည်၊ နဂါးမင်း အဓိဋ္ဌာန် ပြုသောအရာဖြစ်သောကြောင့် ပြောသည့်အတိုင်း မှန်သည်ဟု ယူဆသင့်၏။

ဤစမ္ပေယျ နဂါးမင်း၏ အဓိဋ္ဌာန်ခြင်း ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာထားရှိခြင်းသည် ရှေးဦးစွာကြိုတင် နိမိတ်ပြုရန် ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာ ထားခြင်း ဖြစ်သောကြောင့် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်မည်၏။

ဤနည်းအတူ အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘောထွက်တော်မူရာ အနော်မာသောင်ယံ၌ ဆံတော်ကိုပယ်ပြီးလျှင် “အကယ်၍ ငါဘုရားဖြစ်မည်မှန်လျှင် ကောင်းကင်၌ တည်နေပါစေ၊ ဘုရားမဖြစ်နိုင်ပါမူ မြေပြင်သို့ ကျပါစေ” ဟူ၍

ဆောက်တည်တော်မူကာ ဆံတော်ကို ကောင်းကင်သို့ ပစ်လိုက်ရာ ပန်းစိုင်းကဲ့သို့ ကောင်းကင်မှာ တည်နေကြောင်း ဇာတ်အဋ္ဌကထာ နိဒါန်းတွင်လာရှိသည်။

ဤအချက်မှာလည်း အလောင်းတော်သည် ဘုရားဖြစ်မဖြစ် နိမိတ်ကိုသိလိုသည့်အတွက် ကြိုတင် အဓိဋ္ဌာန်ခြင်းဖြစ်သောကြောင့် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်ပင် မည်၏။

တဖန် အလောင်းတော် သိဒ္ဓတ္တမင်းသားသည် ရဟန်းပြုကာ ခြောက်နှစ်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ သူဌေးသမီး သုဇာတာ ကပ်လှူအပ်သော ဃနာ နို့ဆွမ်းကိုနေရဉ္စရာ မြစ်ကမ်းတွင် ဘုဥ်းပေးတော် မူပြီးနောက် "ငါသည် ယနေ့ ဘုရားဖြစ်မှန်အံ့၊ ဤရွှေခွက်သည် အညာသို့ ဆန်စေသတည်း၊ ဖြစ်မည်မဟုတ်လျှင် အောက်သို့စုန်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူ၍ မြစ်ရေကြော မျှောလိုက်သည်တွင် ရွှေခွက်သည် အထက်အညာသို့ ဆန်သွားပြီးမှကာလနဂါးမင်းထံ ရောက်သွားကြောင်း ကျမ်းဂန်လာရှိသည်။

ဤအရာ၌လည်း အလောင်းတော်သည် ရေမျက်နှာပြင်သို့ ရွှေခွက်ကို မျှောခြင်းဖြင့် ဘုရားဖြစ်မဖြစ် နိမိတ်ကို ကြိုတင်သိရှိရန် အဓိဋ္ဌာန်ခြင်းဖြစ်၍ ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်ပင်မည်၏။

ဤနည်းအတိုင်း လောကမှာ မိမိတို့အလိုရှိအပ်သောအရာ ပြည့်စုံမည် မပြည့်စုံမည်ကိုကြိုတင်သိရှိရန်အဓိဋ္ဌာန်ပြုခြင်းဟူသမျှသည် ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်ချည်းမည်၏။

ဤအဓိဋ္ဌာန်သည် လောက၌ ယခုကာလတိုင်အောင်ပင် အပြုအလုပ်များ၍ ထင်ရှားလှ၏။ တန်ခိုးကြီးသော ဘုရား (သို့မဟုတ်) နတ်စင်များမှာ လူများကျောက်ချီခြင်း အမှုပြု လုပ်တတ်ကြ၏။ ထိုသို့ပြုလုပ်ရာ၌ "အကျွန်ုပ်အကြံ ပြည့်စုံမည် ဖြစ်လျှင် ဤကျောက်ခဲ လေးပါစေ၊ပြည့်စုံမည် မဟုတ်လျှင်ပေါ့ ပါစေ၊" ဟူ၍သော်၎င်း၊ သို့မဟုတ် ပြည့်စုံမည်ဖြစ်လျှင် ပေါ့ ပါစေ၊ ပြည့်စုံမည် မဟုတ်လျှင် လေးပါစေ" ဟူ၍ သော်၎င်း နှုတ်မြွက် ဆောက်တည်၍ ကျောက်ချီလေ့ရှိကြ၏။

ထိုသို့ ချီမကြသောအခါ ကျောက်ခဲ၏ လေးခြင်း ပေါ့ ခြင်းဖြင့် နောက်အခါ မိမိတို့ အလိုရှိအပ်သော အရာကိစ္စ ပြည့်စုံမည်ကို ကြိုတင်၍ နိမိတ်ဖတ်ကြသည်၊ ဤကျောက်ချီ ခြင်းမှာလည်း ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်ပင် ဖြစ်၏။

## (၂) အာသီသ အဓိဋ္ဌာန်

အာသီသ အဓိဋ္ဌာန် ဟူသည်ကား.... မိမိတောင့်တလို လားချက် ပြည့်စုံစေရန် အဓိဋ္ဌာန်ပြုခြင်း ဆောက်တည်ခြင်း စိတ်၌ငဲ့မြဲ့စွာ ထားရှိခြင်းဖြစ်၏။ ဤအာသီသအဓိဋ္ဌာန်ကိုကား ဝိဓုရဇာတ်တော်လာစကားတို့ဖြင့် သိအပ်၏။

ဝိဓုရဇာတ်တော် ဂါထာအမှတ်(၁၉၇) ၏ အဖွင့် အဋ္ဌ ကထာမှာ အလောင်းတော် ဝိဓုရ အမတ်သည် "ငါသေရမည်ကို

မကြောက်''ဟူ၍ ရဲရဲတောက်ကြုံးဝါးပြီးလျှင်ကေသရာဇာခြင်္သေ့ ကဲ့သို့ မကြောက်ရွံ့သော ဗလန္တေတော်ဖြင့် ''ဤငါဝတ်ထားသော ပုဆိုးသည် ငါအလိုမရှိပဲ ကျွတ်ပါစေသတည်း''ဟု ဆောက်ဘည် ပြီးလျှင် ပါရမီတော်တို့ကို ရှေ့အားပြု ဆင်ခြင်တော်မူကာ ပုဆိုးကိုမြဲစွာဝတ်လျက် မြင်းမြီးကိုကိုင်၍ လိုက်ပါသွားတော်မူ ကြောင်း ဖွင့်ပြထားသည်။ ဤဝိဓုရအမတ်၏ အဓိဋ္ဌာန်ချက်သည် မိမိဝတ်ထားသည့် ပုဆိုး မကျွတ်ပဲ မြဲတည်စေလိုသည့် အတွက် အဓိဋ္ဌာန်ချက်ဖြစ်၍ အာသီသ အဓိဋ္ဌာန်မည်၏။

ကေ ကနိပါတ် (၂) သီလဝဂ်၊ (၁ဝ) နဋ္ဋပါနဇာတ်၌ လည်း ဘုရားအလောင်း မျောက်မင်း အမျိုးရှိသော မျောက် ရှစ်သောင်းတို့သည် ရေဘီလူးကြမ်း စောင့်ရှောက် နေသော ရေကန်မှရေကို ကန်အတွင်းမဆင်းဘဲ သောက်ယူရန် ကန်ပတ် လည်၌ ပေါက်ရောက်နေသော ကျူတောမှ ကျူတပင်ကို ယူ စေပြီးလျှင် ကျူရိုးအတွင်းမှာ အဆစ်အဖု အခံမရှိစေရန်သစ္စာ ပြု၍ အလောင်းတော် မျောက်မင်း မှုတ်တော်မူသည်တွင် ကျူ ရိုးတချောင်းလုံး ဒိုးလျှိုပေါက်ဖြစ်၍သောက်စေရာတွင် မျောက် တွေက အများဖြစ်၍တကောင်လျှင်တချောင်းကြစီ မှုတ်၍မပေး နိုင်တော့ဘဲ ''ဤပတ်ဝန်းကျင်ရှိ ကျူပင်တို့သည် ဒိုးလျှိုပေါက် ချည်းဖြစ်စေကုန်သတည်း'' ဟု အဓိဋ္ဌာန်၍ ပေးကြောင်းလာရှိ သည်။

ဤအရာ၌ အလောင်းတော် မျောက်မင်း၏ အဓိဋ္ဌာန် ခြင်းသည်လည်း မျောက်အများ အသီးသီးရေစုတ်ယူနိုင်စေရန်

လိုလားသည့်အတွက် အဓိဋ္ဌာန်ခြင်းဖြစ်၍ အာသိသ အဓိဋ္ဌာန်ပင် မည်၏။

ကေ ကနိပါတ် (၃) ကုရုင်္ဂဝဂ်၊ (၂) ကုက္ကုရဇာတ်၌လည်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ စီးတော်ရထားမှ သားရေများကို နန်းတွင်းခွေးများ စားကြသည်တွင်နန်းတော်ပြင်ပရှိ မြို့သူ မြို့သားတို့၏ ခွေးများ ဝင်ရောက်စားကြသည်ဟု အထင်ရှိကာ နန်းပြင်ခွေးများကို မင်းမှုထမ်းတို့ လိုက်လံသတ်ဖြတ်ကြသည်တွင် ခွေးများတို့သည် မြို့တွင်းမှာ မနေဝံ့တော့ဘဲ သုသာန်သင်းချိုင်း တခုမှာ စုဝေး၍ နေကြ၏။

ထိုအခါ ဘုရားအလောင်း ခွေးသည်အကြောင်းကိုမေမြန်း၍ ဤမင်းစီး ရထားမှ သားရေတို့ကို ပြင်ပကခွေးများစားနိုင်မည်မဟုတ်၊ နန်းတွင်းခွေးများ စားနိုင်ကြမည်ဟု သိရှိတော်မူပြီးလျှင် "သင်တို့ ကောင်းမွန်စွာ ဆိုင်းငံ့၍ နေရစ်ကြဦး၊ ငါနန်းတော်တွင်းသို့ဝင်မည်" ဟု မှာကြားခဲ့ပြီးလျှင် ပါရမီတော်တို့ကို ဆင်ခြင်ကာ မေတ္တာတရားရှေ့ထား၍ "ငါ့အပေါ် ခဲကိုဖြစ်စေ၊ ဒုတ်ကိုဖြစ်စေ၊ တစုံတယောက်သောသူမျှ မပစ်နိုင်ပါစေသတည်း" ဟု အဓိဋ္ဌာန်၍ တကိုယ်တည်းပင် မြို့တွင်းသို့ ဝင်သွားကြောင်း ပြဆိုထားသည်။

ဤအရာ၌ ဘုရားအလောင်းတော်ခွေး၏ အဓိဋ္ဌာန်ခြင်းသည် နန်းပြင်ခွေများဘေးမှ ကင်းဝေးစေရန် လိုလားသည့်

အတွက်ဆောင်ရွက်ရန်အဓိဋ္ဌာန်ခြင်းဖြစ်၍ အာသီသအဓိဋ္ဌာန်မည်၏။

ဝိသတိနိပါတ် မာတင်္ဂဇာတ်၌လည်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်းတော်သည် ယုတ်ညံ့သောဒွန်းစဏ္ဍားမျိုး၌ဖြစ်၍ မာတင်္ဂဟု အမည်တွင်လေသည်။

ဗာရာဏသီသူဌေးသမီးသည်လည်းနှစ်သက်ဖွယ်ရာအာရုံကို မြင်ရခြင်းသည် မင်္ဂလာဖြစ်၏ဟုအယူရှိသူဖြစ်၍ ဒိဋ္ဌမင်္ဂလိကာဟု အမည်တွင်လေသည်။

တနေ့သ၌ ဒိဋ္ဌမင်္ဂလိကာသည် အခြွေအရံများစွာတို့နှင့် ဥယျာဉ်ကစားထွက်လာရာ အလောင်းတော် မာတင်္ဂသည်လည်း မြို့တွင်းသို့ဝင်လာခိုက်တွင်ဒိဋ္ဌမင်္ဂလိကာ၏လူစုနှင့် လမ်းမှာဆိုင်မိသဖြင့် မျက်နှာငယ်သူပီပီ ဘေးသို့တိမ်ရှောင်၍ နေပါသော်လည်းဒိဋ္ဌမင်္ဂလိကာသည် ဘုရားအလောင်းမာတင်္ဂ ဒွန်းစဏ္ဍားကို မြင်လျှင်....

"စက်ဆုပ်ဖွယ်ရာကိုမြင်ရသည်၊ မင်္ဂလာမရှိသောနေ့ဖြစ်သည်"ဟုဆိုကာ ဥယျာဉ်ကစားမသွားတော့ဘဲ ထိုနေရာမှပင် အိမ်သို့တဖန် လှည့်၍ပြန်သွားလေ၏။

အခြွေအရံ ကပ်မြှောင်စားတို့က "နင့်ကြောင့်ငါတို့ ယနေ့မပျော်မပါးမစားသောက်ကြရကုန်"ဟုပြောဆိုကာဆိုးကြကန်ကြ ရိုက်ကြပုတ်ကြ၍ လူမှန်းမသိအောင် နှိပ်စက်ပြီးပြန်သွားကြလေ၏။

မာတင်္ဂသည် ခဏအကြာသတိရလာသောအခါ "ဒိဋ္ဌမင်္ဂလိကာ၏လူများသည် အပြင်မရှိသော ငါ့ကိုနှိပ်စက်ညှင်းပန်းကြသည်ဒိဋ္ဌမင်္ဂလိကာကိုရမှသာငါထမည်၊ မရလျှင်ငါမထ"ဟု အဓိဋ္ဌာန်ကာ ဒိဋ္ဌမင်္ဂလိကာ၏အဖ သူဌေးနေအိမ်တံခါး၌သွား၍အိပ်နေကြောင်း အဋ္ဌကထာ၌ပြဆိုသည်။

ဤအလောင်းတော်မာတင်္ဂ၏အဓိဋ္ဌာန်သည်လည်း ဒိဋ္ဌမင်္ဂလိကာ၏မာန်မာနကို ချိုးနှိမ်လိုသည့်အတွက် ဆောက်တည်ချက်ဖြစ်၍ အာသီသအဓိဋ္ဌာန်ပင်မည်၏။

ဝိနည်းမဟာ ဝဂ္ဂအဋ္ဌကထာ၌လည်း မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးခါစ သတ္တသတ္တာဟစံတော်မူရာ လင်းလွန်းပင်ရင်းသီတင်းသုံး၍အပြီးတွင် တပုဿ ဘလ္လိကညီနောင်တို့လာရောက်၍မုံ့လှူရာ (သင်္ဂီကားရှေ့ဖြုဟ္မာလှူဒါန်းသည့်သပိတ်မှ သနာနှိ့ဆွမ်းခံမည့်နေ့ကပင် ကွယ်လွန်ခဲ့ပြီဖြစ်၍) မည်သည့်ခွက်ဖြင့်အလှူခံရမည်နည်းဟု စဉ်းစားဆင်ခြင်တော်မူရာတွင် စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့က မြသပိတ်လေးလုံးတို့ကို မြတ်စွာဘုရားအားကပ်လှူရာ မြတ်စွာဘုရားကခံယူတော်မူ၊ ထို့နောက်မှနတ်မင်းကြီးလေးဦးသည် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးတို့ကို ကပ်လှူကြကုန်၏။

မြတ်စွာဘုရားသည် လေးလုံးသောသပိတ်တို့ကိုပင် နတ်မင်းကြီးများ၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူလိုသည့်အတွက်ခံယူတော်မူပြီးနောက် သပိတ်လေးလုံးဆင့်ပြီးလျှင်

"သပိတ်တလုံးတည်းဖြစ်စေသတည်း"

ဟုအဓိဋ္ဌာန်တော်မူရာ အနားလေးရစ်ရှိသည့် သပိတ်တလုံးတည်းသာဖြစ်သွားကြောင်း ဖွင့်ပြတော်မူသည်၊ ဤအရာ၌လည်း မြတ်စွာဘုရား၏ အာသီသအဓိဋ္ဌာန်ပင်ဖြစ်သည်ဟုသိအပ်၏။

## အဓိဋ္ဌာန်နှင့်သစ္စာအထူး

ဤအဓိဋ္ဌာန်ပါရမီခဏ်းလာ ဆိုအပ်ပြီးသည့် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် အာသီသအဓိဋ္ဌာန်တို့နှင့် သစ္စာပါရမီခဏ်းလာ ဂုဏ္ဍာပူရဏသစ္စာတို့ကို မခြားမနား အလားတူကဲ့သို့ပင် ထင်မှတ်နေတတ်ကြ၏။ အကြောင်းမှာ ထိုသုံးပါးလုံးပင် မိမိအလိုဆန္ဒပြည့်ဝမှုနှင့် စပ်လျဉ်း၍ နေကြသောကြောင့်ဖြစ်၏။

စပ်လျဉ်းပုံမှာ....ဂုဏ္ဍာပူရဏသစ္စာလာ သုဝဏ္ဏသာမ၏ မယ်တော်ခမည်းတော် ဗဟုသုန္ဒရီနှတ်သမီးတို့ သစ္စာပြုကြရာမှာ သုဝဏ္ဏသာမ၏ မြှားဆိပ်ပျောက်ကင်းမှုကို လိုလားချက်အရ သစ္စာပြုခြင်းဖြစ်၍၊ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်အရာ၌လည်း ဘုရားဖြစ်မည်မှန်က မြှောက်လိုက်သောဆံတော်သည် မြေပြင်သို့မကျစေတည်းဟု မိမိလိုလားသောဘုရားဖြစ်ရန်အတွက် ရည်သန်ပြုလုပ်ခြင်းဖြစ်၏။

အာသီသအဓိဋ္ဌာန်အရာ၌လည်း ဝိရေအမတ်ကြီး မြင်း မြီးကိုဆွဲ၍ လိုက်ပါခါနီးတွင်''ငါ၏ပုဆိုးမကျွတ်စေသတည်း''ဟု မိမိပုဆိုးမကျွတ်စေရန် လိုလားသောကြောင့် အဓိဋ္ဌာန်ပြုခြင်းပင် ဖြစ်၏။ဤသို့လိုလားမှုအဓိက တူနေကြသည့်အတွက် မကွဲမပြား တသဘောတည်း ထင်မှတ်ကြသည်။ ထို့ကြောင့်ပင် ယခု ကာလ အချို့သောသူများ''ကျွန်ုပ်တို့သစ္စာအဓိဋ္ဌာန် ပြုကြပါ သည်''စသည်ဖြင့် သစ္စာနှင့်အဓိဋ္ဌာန်တို့ကို တွဲဖက်ပြောဆိုတတ် ကြကုန်၏။

အမှန်အားဖြင့်ကား သစ္စာသည် ပါရမီဆယ်ပါးတွင် သီးခြားပါရမီတပါးဖြစ်၍ အဓိဋ္ဌာန်သည်လည်း ပါရမီဆယ်ပါး တွင် သီးခြားပါရမီဖြစ်သောကြောင့် သစ္စာနှင့်အဓိဋ္ဌာန်တို့သည် အချင်းချင်းမတူ ကွဲပြားထူးခြားသော အရာစုသာဖြစ်သည်ဟူ၍ မှတ်ယူအပ်၏။

မတူပုံကား သစ္စာဟူသည် ပြဆိုခဲ့ပြီးသောအတိုင်း ကောင်းသည်ဖြစ်စေ၊ဆိုးသည်ဖြစ်စေ မှန်ကန်ခြင်းသဘောဖြစ်၍ ထိုမှန်ကန်သောသစ္စာသဘောကို အခြေခံပြုပြီးမှ လိုအပ်သော အရာကို တောင့်တခြင်းသည် ဣစ္ဆာပူရဏသစ္စာမည်၏။ မှန်ကန် သော သဘောတခုခုကို အခြေခံပြုခြင်းမရှိဘဲ အလိုအလျောက် လိုအပ်သောအရာကို တောင့်တဆောက်တည်ခြင်းသည် အဓိဋ္ဌာန် ဖြစ်၏။

ထပ်မံ၍ရှင်းပြရသော်.... သုဝဏ္ဏသာမဇာတ်တော်၌ မယ် တော် ခမည်းတော်တို့ သစ္စာပြုကြရာမှ''သုဝဏ္ဏသာမသည် ရှေး

အခါက တရားကိုသာကျင့်လေ့ရှိပါသည်၊ (ဤကား အခြေခံ အမှန်သဘောတည်း)ဤသစ္စာစကားကြောင့် ကျွန်ုပ်သား၏အ ဆိပ်သည် ပျောက်ကင်းပါစေသတည်း (ဤကား အလိုရှိရာ တောင့်တချက်တည်း)၊ဤကဲ့သို့ ဝုစ္စာပုရဏသစ္စာမှာ မှန်ကန် ခြင်းသဘောကို အခြေခံထား၍ လိုလားအပ်သည်ကို တောင့်တ ခြင်းဖြစ်လေသည်။

ဘုရားအလောင်းတော်မြတ်၏ "ငါ ဘုရား ဖြစ်မည်မှန် သော်ဤဆံသည် မြေပြင်သို့မကျစေသတည်း" ဟု ဆို၍ဆံတော် ကိုကောင်းကင်သို့ မှန်ကန်ခြင်းသဘောတခုကို အခြေခံထားခြင်း မရှိဘဲ မြှောက်လိုက်ခြင်းဖြစ်သောကြောင့် သစ္စာသဘောအခြေ ခံမပါချေ။ဘုရားဖြစ်မည်ကို ကြိုတင်သိရှိရန် ဆံတော် မြေသို့ပြန် ၍ကျခြင်း မကျခြင်း တည်းဟူသော ပုဗ္ဗနိမိတ်အတွက် ဆောက် တည်ချက်အဓိဋ္ဌာန်သာဖြစ်သည်ကို သိရှိရာ၏။

ဝိဓုရအမတ်ကြီး မြင်းမြီးကို ဆွဲ၍ လိုက်ခါနီးတွင် "ဤငါ့အဝတ်သည် မကျွတ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုရာ၌ လည်း မှန်ကန်ခြင်းသဘောတခုခုကို အဓိဋ္ဌာန်ပြုခြင်း မရှိသော ကြောင့် သစ္စာနှင့်မဆိုင်ဘဲ အာသီသအဓိဋ္ဌာန်သာဖြစ်လေသည်။

ဤသို့လျှင် သစ္စာနှင့်အဓိဋ္ဌာန်တို့မှာ မှန်ကန်ခြင်းသဘော တခုခုကိုအရင်းခံထားခြင်း၊ရှိ, မရှိ အားဖြင့် ထူးခြားကြသည်ကို သတိပြုမှတ်သားရာ၏။

## ၄။ ဝတအမိဋ္ဌာန်

ဝတအမိဋ္ဌာန်ဟူရာ၌ (ဝတ)အရ အဓိပ္ပါယ်ကို ဝေဖန်သိရှိဘို့လို၏၊ ဝတ-ဟူသည်မှာထူးသောအကျင့်ဖြစ်၏၊ ထိုထူးသောအကျင့်သည်လည်း၊ ကောင်း မကောင်းအားဖြင့် နှစ်မျိုးရှိရာ အဘိဓမ္မာဒေသနာတော်၌ 'သီလဗ္ဗတဖရာမာသ' အမည်တပ်၍ ဟောအပ်သော မိစ္ဆာဒိဋ္ဌိအယူတခုရှိ၏။ အလေ့အကျင့်တို့မှားသောအားဖြင့်သုံးသပ်ခြင်းဟုဆိုလို၏။

မှားသောအားဖြင့်သုံးသပ်ခြင်းဟူသည်မှာ (ဂေါသီလ) နွားတို့၏ အလေ့အထ၊ (ပေါဝတ)နွားတို့၏ အကျင့်ကိုအတုလိုက်၍ နွားများသည် မတ်တတ်စားခြင်း၊ မတ်တတ် ကျင်ကြီးကျင်ငယ်စွန့်ခြင်းပြုသကဲ့သို့ မတ်တတ်စားခြင်းမတ်တတ်ကျင်ကြီးကျင်ငယ်စွန့်ခြင်း အစရှိသောနွားတို့၏ အလေ့အကျင့်အတိုင်းပြုလုပ်လျှင်သံသရာမှစင်ကြယ်၏၊ (သံသရာဝဋ်မှ ကျွတ်လွတ်၏) ဟူ၍အလွဲလွဲအမှားမှားမှတ်ယူခြင်းပင်ဖြစ်၏။ ဤအရာ၌နွားများမှာ သီလဗ္ဗတပရာမာသ မိစ္ဆာဒိဋ္ဌိရှိနေသည်ဟု ဆိုလိုရင်းမဟုတ်၊ ထိုနွားတို့၏အလေ့အကျင့်ကို အတုလိုက်၍ ကျင့်သောသူမှာသာ ထိုသီလဗ္ဗပရာမာသ မိစ္ဆာဒိဋ္ဌိဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

သို့ဖြစ်၍မကောင်းသောအရာ၌လည်းထူးသောအကျင့်ကို (ဝတ)ခေါ်သည်ဟုသိမှတ်၏။

ဤအမိဋ္ဌာန်အရာ၌ကား၊ မြင့်မြတ်သောပါရမီနှင့် သက်ဆိုင်သောအရာဖြစ်၍ ထိုယုတ်ညံ့သော (ဝတ)တရားများမပါ

ဝင်နိုင်၊ မြင့်မြတ်သောလှူဒါန်းမှု၊သီလစောင့်ထိန်းမှု၊စသောကျင့်ဝတ္တရားများကိုသာ (ဝတ)ခေါ်သည်ဟု မှတ်ယူအပ်၏၊ ဤမြင့်မြတ်သော ပါရမီကောင်းမှုကုသိုလ်ကျင့်ဝတ်တရားများကို ကျင့်ကြံမည်ဟု ဆောက်တည်လိုက်လျှင်ပင်(ဝတ)အဓိဋ္ဌာန်ဟူ၍ခေါ်ကားခေါ်နိုင်ပေ၏။

သို့ရာတွင် ဆောက်တည်ရုံ (ဝတ)အဓိဋ္ဌာန်ခေါ်ရုံနှင့် အဓိဋ္ဌာန်ပါရမီဖြစ်မြောက်လေပြီဟူ၍ကား မဆိုနိုင်၊ အကြောင်းသော်ကား အဓိဋ္ဌာန်ဟူသည် လွန်ခဲ့ပြီးသောအတိတ်၊ယခုရောက်ဆဲပစ္စုပ္ပန်တို့နှင့်မသက်ဆိုင်၊ နောက်အခါမှာ ယခုဆောက်တည်သည့်အတိုင်း စိတ်၌စွဲမြဲယားသည့်အတိုင်း အမှန်ကျင့်မှသာ ပါရမီမြောက်နိုင်ပေသည်၊ ယခုလောလောဆယ်မှာ မည်မျှပင်ယက်သန်သောစိတ်ဖြင့်ဆောက်တည်အဓိဋ္ဌာန်ပြုစေကာမူ နောက်တခါမကျင့်ကြံဘဲ ပျက်ကွက်လျှင် အသုံးမဝင်အဓိပ္ပါယ်မရှိသော အဓိဋ္ဌာန်ဖြစ်တော့၏။

ဤအကြောင်းကို ကဝိလက္ခဏာ သတ်ပုံ ကျမ်း၌လည်း "ကြံ့ချိုသဏ္ဍာန် အဓိဋ္ဌာန်၊ ကျင့်ဟန်မြဲသေချာ" ဟူ၍ စပ်ဆိုထား၏၊ အဓိပ္ပါယ်မှာ အဓိဋ္ဌာန်ပြုလိုက်လျှင်ကြံ့ချိုနှင့် သဏ္ဍာန်တူပါစေ၊ကြံ့ချိုဟူသည်တချောင်းတည်းသာရှိ၏၊နှစ်ချောင်းမရှိသို့ဖြစ်၍အဓိဋ္ဌာန်ဟူသည်လည်း ဓိဋ္ဌာန်သည့် အတိုင်းတည်းသာ ဖြစ်ရမည်၊ အပျက်အစီးမရှိရ မြဲမြဲမြံမြံ သေသေချာချာကျင့်ကြံရမည်ဟုဆိုလိုသည်။

အစိဣာန်အမျိုးမျိုးခွဲခြားကာ ရှေးကပြဆိုခဲ့ရာတွင်ပါဝင်သောဥပုသ်အစိဣာန်၊ သင်္ကန်းအစိဣာန်၊ သပိတ်အစိဣာန်တို့မှာ အာပတ် လွတ်ကင်းအောင် လိုက်နာပြုကျင့်ရသော ဝိနည်းပရိယာယ်များဖြစ်၍ ပုဗ္ဗနိမိတ္တအဓိဣာန်၊ အာသီအစိဣာန်၊ ဝတအစိဣာန် ဤသုံးမျိုးတို့၌ မပါဝင်နိုင်ကြ။ ဝသီဘောင်ငါးပါးတွင်ပါဝင်သော အစိဣာန် ဣဒ္ဓိဆယ်ပါးတွင် ပါဝင်သောအဓိဣာန်၊ နိရောဓသမာပတ်၏ ရှေ့သွားဖြစ်သော အဓိဣာန်တို့သည်ကား အာသီသအစိဣာန်များဖြစ်ကုန်၏။

## ဣဒ္ဓိအဓိဋ္ဌာန်

ထို့ပြင် ဝိသုဒ္ဓိမဂ် အဌကထာ ဣဒ္ဓိဝိဓနိဒ္ဒေသမှာ....

၁။ ။အဓိဋ္ဌာနဣဒ္ဓိ
၂။ ။ဝိကုဗ္ဗနဣဒ္ဓိ
၃။ ။မနောမယဣဒ္ဓိ
၄။ ။ဉာဏဝိပ္ဖါရဣဒ္ဓိ
၅။ ။သမာဓိဝိပ္ဖါရဣဒ္ဓိ
၆။ ။အရိယဣဒ္ဓိ
၇။ ။ကမ္မဝိပါကဇဣဒ္ဓိ
၈။ ။ပုညဝန္တဣဒ္ဓိ
၉။ ။ဝိဇ္ဇာမယဣဒ္ဓိ
၁၀။ ။သမ္မာပယောဂဣဒ္ဓိ။

အားဖြင့်ဣဒ္ဓိဆယ်မျိုးရှိကြောင်းကို ပြဆိုထား၏၊ ဣဒ္ဓိပြီးစီးပြည့်စုံစေခြင်း အလိုရှိအပ်သော အရာပြီးစီးပြည့်စုံနိုင်ခြင်းကို ပါဠိလိုဣဒ္ဓိ၊မြန်မာလိုတန်ခိုးဟူ၍ခေါ်၏။

၁။ အဓိဋ္ဌာန ဣဒ္ဓိဟူသည် မိမိတကိုယ်တည်းကိုပင်အရာတထောင် လိုသလောက်ဖြစ်လာပါစေဟူ၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်လိုက်၏၊ ဆောက်တည်လိုက်၏၊ စိတ်၌ စွဲမြဲစွာ ထားလိုက်၏၊ ဆောက်တည်လိုက်တိုင်း မိမိအလိုရှိသမျှ အရာတထောင်နိမ္မိတ ရုပ်ပွားများ အံ့ဩလောက်အောင် ဖြစ်ပွားပြည့်စုံ လာရခြင်း

သည် အဓိဋ္ဌာနဣဒ္ဓိမည်၏၊ (ဤအဓိဋ္ဌာနဣဒ္ဓိသည် မိမိတည်းဟူသော ဣဒ္ဓိရှင်တန်ခိုးရှင်၏ ပင်ကိုယ်မူလရုပ် မပျောက်မကွယ်ဘဲ အလွတ်ပြင်ပမှာ မိမိကိုယ်နှင့် တူ မတူအမျိုးမျိုးသော ပုံကို ဖြစ်စေမှုနှင့်သာ သက်ဆိုင်သော တန်ခိုးဣဒ္ဓိဖြစ်ပေ၏)။

၂။ မိမိကိုယ်ကိုနဂိုအတိုင်းမဟုတ်ဘဲ နဂါးကြီးသဏ္ဌာန်ဖြစ်စေ၊ ဂဠုန်ကြီးသဏ္ဌာန်ဖြစ်စေ ဤသို့စသည်ဖြင့် ပြောင်းလဲဖန်ဆင်းလိုက်ခြင်းသည်ဝိကုဗ္ဗနဣဒ္ဓိမည်၏။ (ဝိ–အထူးထူးအထွေထွေ၊ကုဗ္ဗန–ပြုလုပ်ဖန်ဆင်းခြင်း၊ မိမိကိုယ်ကို နဂိုရုပ် အသွင်သဏ္ဌာန်မှပြောင်း၍ အထူးထူးအထွေထွေ အလိုရှိရာ ပြုလုပ်ဖန်ဆင်းခြင်းဟု ဆိုလိုသည်)။

၃။ မိမိကိုယ်ကိုလည်း တစုံတရာ မပြောင်းဘဲ အလွတ်သက်သက်မှာလည်း မဟုတ်ဘဲ မိမိ၏ကိုယ်အတွင်းမှ ပင်မိမိနှင့်သဏ္ဌာန်တူစွာကိုယ်ငယ်တခု ဖန်ဆင်းခြင်းသည် မနောမယဣဒ္ဓိမည်၏၊

မနောမယ–စိတ်အလိုရှိတိုင်း ပြီးစီးသည်။ (ဤမနောမယဣဒ္ဓိမှာ အဓိဋ္ဌာနဣဒ္ဓိကဲ့သို့ ကိုယ်၏ပြင်ဘက်မှ အရာအမျိုးမျိုးကိုဖန်ဆင်းခြင်းလည်းမဟုတ်၊ဝိကုဗ္ဗနဣဒ္ဓိကဲ့သို့ကိုယ်ကိုအသွင်သဏ္ဌာန်တမျိုး ပြောင်းလဲဖန်ဆင်းခြင်းလည်းမဟုတ်၊ မိမိ၏မူလကိုယ်ကို မူလအတိုင်းထားကာ ထိုအရင်းခံကိုယ်ထဲမှ စိတ်ဖြင့်ပြီးသော မိမိအလိုရှိသလောက်ကိုယ်ငယ်ဘခု ဖန်ဆင်းထုတ်နှုတ်ခြင်းဖြစ်သည်)။

၄။ ဥာဏ်၏အာနုဘော် ပျံ့နှံ့သဖြင့်ဖြစ်ပေါ်လာသော အံ့ဩဖွယ်ရာ ပြည့်စုံမှုအထူးကို ဥာဏဝိပ္ဖါရဣဒ္ဓိဟုခေါ်၏။ ဤဥာဏဝိပ္ဖါရ ဣဒ္ဓိ၏အကြောင်းကိုအရှင်ဗာကုလမထေရ်စသည်တို့၏အစွမ်းဖြင့်သိအပ်၏။

## ဗာကုလမထေရ်အကြောင်း

အင်္ဂုတ္တရနိကာယ၊ တေနိပါတ၊ ဧတဒဂ္ဂဝဂ်အဖွင့်အဋ္ဌကထာ၌အကျယ်လာရှိသော အရှင်ဗာကုလ၏အကြောင်းအရာမှလိုရင်းအကျဉ်းချုပ်ကို ထုတ်နုတ်ပြီး ပြဆိုပေအံ့၊ အရှင်ဗာကုလသည် ကောသမ္ဗီပြည်သူဌေး၏သားဖြစ်၍ ဖွားပြီးလျှင်မကြာမီမင်္ဂလာအခမ်းအနားကျင်းပသောနေ့တွင်ယမုံနာမြစ်ကမ်း၌ကလေးကိုရေချိုးပေးရာ ငါးတကောင်ရောက်လာ၍ အဟပ်အမျိုခံရလေ၏။ မျိုမိသည်နှင့်တပြိုင်နက်ပင် ထိုငါးသည်မရပ်မတည်နိုင်ဝမ်းတွင်း၌ပူလောင်လှသဖြင့် ပြေးသွားလေရာ ဗာရာဏသီပြည်သို့ရောက်၍ တံငါများဖမ်းမိသဖြင့် ဗာရာဏသီပြည်အတွင်းလှည့်လည်ရောင်းချသည်တွင် ဗာရာဏသီသူဌေးကတော်က ကိုယ်တိုင်ဝယ်၍ငါးဝမ်းကိုခွဲသောအခါ တင့်တယ်လှပစွာသော ကလေးကိုရသဖြင့် နဂိုကလည်း သားမရှိသောကြောင့် အလွန်ပင်သားကိုတောင့်တ, နေသူဖြစ်ရာ "ငါ့မှာသားရပြီ"ဟု အလွန်ဝမ်းမြောက်စွာမွေးမြူထား၏။

ကောသမ္ဗီပြည့်ရှင်မိဘတို့က ဤသတင်းကိုကြားသော အခါငါတို့သားဖြစ်သည်။ပြန်၍ပေးရမည်ဟု တောင်းလာကြ၏၊ ဗာရာဏသီသူဌေးကတော်ကလည်း "ငါတို့နှင့်ထိုက်၍ ငါတို့လက်သို့ရောက်လာသည် ပြန်မပေးနိုင်"ဟု ငြင်းဆိုလေသည်။တရားရုံးသို့ရောက်သောအခါတရားသူကြီးများက နှစ်ဦးဆိုင်အဆုံးအဖြတ်ပေးအပ်လေသည်၊ ဤသို့လျှင် သူငယ်မှာ အမိနှစ်ဦး အဖနှစ်ဦး ဖြစ်နေသည်ကိုအစွဲပြု၍"ဗာကုလ"ဟုအမည်မှည့်ကြ၏။(ဗာ—နှစ် ကုလ—အမျိုး၊ အမိနှစ်ဦး အဖနှစ်ဦးစသည်ဖြင့် အမျိုးနှစ်ဦးရှိနေသည်ဟုဆိုလိုသည်)။

ဤသူငယ်ကလေးမှာ ငါးမျိုဟပ်သွားသည်ကို ခံရသော်လည်း တစုံတရာအန္တရာယ် မရှိခြင်းသည် အံ့ဩဘွယ်ရာ ထူးစွာသောအချက်ဖြစ်၏၊ ထိုအထူးသည် ယခုဘဝမှာ မချွတ်ကေန်ရလတံ့သောအရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ပျံ့နှံ့ခြင်းကြောင့် ဖြစ်၏။(ဤဘဝတွင် မချွတ်ကေန်အရဟတ္တမဂ်ဉာဏ်ကို ရစေနိုင်မည့်ရဲရဲတောက်ပါရမီဉာဏ် ပါရှိလာသူဖြစ်၍ ထိုပါရမီဉာဏ်၏ အာနုဘော်ပျံ့နှံ့ခြင်းကြောင့်ဖြစ်သည်ဟူ၍လည်း ဆိုလိုကဆိုနိုင်ပေ၏) ဤတန်ခိုးမျိုးကို ဉာဏဝိပ္ဖါရဣဒ္ဓိဟူ၍ခေါ်သည်။

....၀....

## သံကိစ္စ သာမဏေ အကြောင်း

သံကိစ္စသာမဏေသည်လည်း သာဝတ္ထိပြည် သူကြွယ်သမီး တဦး၏ဝမ်း၌ ပဋိသန္ဓေတည်နေ၍ဖွားမြင်ခါနီးမှ မိခင်ကွယ်လွန်ရာ အလောင်းကိုမီးသင်္ဂြိုဟ်ကြသည်တွင် ကျွမ်းလွယ်စိမ့်သော်ငှာ တံစူးဝါးဖြင့်ထိုး၍ မီးတိုက်ကြကုန်၏။ တံစူးဝါး၏အစွန်းဖြင့် ဝမ်းတွင်းရှိ ကလေး၏မျက်စိအစွန်း တနေရာမှာထိခိုက်သဖြင့် ကလေးငိုသောအခါ ကလေးမသေသေးကြောင်းသိရှိကြ၍ မီးပုံထက်မှအလောင်းကိုချပြီးလျှင် ဝမ်းကိုခွဲကာ ကလေးကိုထုတ်ယူရလေသည်။ ထိုကလေးသည်ခုနှစ်နှစ်အရွယ်တွင် ရှင်ပြု၍ရဟန္တာဖြစ်လေသည်။

ဤသံကိစ္စသာမဏေလောင်း သူငယ်သည်လည်း ယခုဘဝမှာမချွတ်ရလတံ့သောအရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ပျံ့နှံ့ခြင်းကြောင့် မီးသင်္ဂြိုဟ်ရာတွင်အသက်မသေဘဲ ရှိရာ၏။ (ဤဘဝတွင်မချွတ်ကေန် အရဟတ္တမဂ်ဉာဏ်ကို ရစေနိုင်မည့် ရဲရဲတောက် ပါရမီဉာဏ်ပါရှိလာသူဖြစ်၍ ထိုပါရမီဉာဏ်၏အာနုဘော်ပျံ့နှံ့ခြင်းကြောင့်ဖြစ်သည်ဟူ၍လည်း ဆိုလိုနိုင်ပေ၏။

၅။ ။သမာဓိ ဝိပ္ပါရ ဣဒ္ဓိဟူသည်ကား-သမာဓိဟုခေါ်ဆိုအပ်သောဈာန်သမာပတ်ကို ဝင်စားခါနီးဖြစ်စေ၊ ဝင်စားတုန်းဝင်စားဆဲမှာဖြစ်စေ၊ ဝင်စားပြီးစမှာဖြစ်ပေါ်လာသော အံ့သြဖွယ်ရာအထူးသည် သမာဓိအာနုဘော်ပျံ့နှံ့ခြင်းကြောင့် ဖြစ်သော

ပြည့်စုံမှု(တန်ခိုး)မည်၏။ ဤတန်ခိုးအကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အရှင်သာရိပုတြာဝတ္ထုမှစ၍ ဝတ္ထုအများပြထားရာ အရှင်သာရိပုတြာဝတ္ထုတခုမျှ ထုတ်ပြပေအံ့....

## အရှင်သာရိပုတြာအကြောင်း

တနေ့သောအခါ ရှင်သာရိပုတြာသည် အရှင်မဟာမောဂ္ဂလာန်နှင့်အတူ ကပေါတည်မည်သောချောက်၌ သီတင်းသုံးနေတော်မူနေကြစဉ် ဆံပင်ကိုရိတ်ပြီးခါစ လသာသောညဉ့်တည်တွင်လွင်တီးခေါင် (လွင်ပြင်)၌ သမာပတ်ကိုဝင်စား နေတော်မူ၏။ ထိုအခါ ဘီလူးမိုက်တကောင်သည် အဖေါ်ဘီလူးနှင့်လာကြရာအရှင်သာရိပုတြာ၏ ဦးခေါင်းတော် ပြောင်ပြောင်ကိုမြင်လျှင် အလွန်တရာပုတ်ခတ်ချင်သောစိတ် ဖြစ်ပေါ်လာ၍ အဖေါ်ဘီလူးကတားမြစ်သော်လည်း မရဘဲဦးခေါင်းတော်ကို တအားကုန်ပုတ်ခတ်လေ၏။ ဘီလူးပုတ်ခတ်သဖြင့် မြည်ဟီးသောအသံသည်မိုးသံခြိမ်းသံနှင့်အတူ ပြင်းထန်လှ၏။ သို့သော်လည်း မထေရ်မြတ်မှာ ဤဘီလူးမိုက်၏ပုတ်ခတ်ခြင်းကြောင့် တစုံတရာနာကျင်ခြင်းမရှိ၊ ဤသို့ဖြစ်ရခြင်းမှာ ဝင်စားနေသောသမာဓိ၏ တန်ခိုးအာနုဘော်ပျံ့နှံ့ခြင်းကြောင့် ဖြစ်သည်ဟု သိမှတ်အပ်၏။

၆။ ။အရိယဣဒ္ဓိဟူသည်ကား....အရိယာပုဂ္ဂိုလ်များသည်စက်ဆုပ်ဖွယ်ဖြင်သောအာရုံ၌ပင် စက်ဆုပ်ဖွယ် မဟုတ်သောအနေ

ဖြင့်ရှုတော်မူလိုကြက စက်ဆုပ်ဖွယ်မဟုတ်သော အနေဖြင့်ရှုတော်မူနိုင်ကြ၏။စက်ဆုပ်ဖွယ်မဟုတ်သောအာရုံကိုပင် စက်ဆုပ်ဖွယ်အနေဖြင့်ရှုတော်မူလိုကြက စက်ဆုပ်ဖွယ်အနေဖြင့်ထင်မြင်တော်မူနိုင်ကြ၏။ ဤသို့မည်သည့်အာရုံကိုမဆို မိမိနှလုံးသွင်းလိုသည့်အတိုင်းထင်မြင်လာအောင် နှလုံးသွင်းကာရှုတော်မူနိုင်ကြခြင်းသည် အရိယာပုဂ္ဂိုလ်များသာ တတ်စွမ်းနိုင်သော တန်ခိုးဖြစ်၍ ဤတန်ခိုးကို အရိယ ဣဒ္ဓိ = (အရိယာတို့၏တန်ခိုး)ဟူ၍ ခေါ်ဆိုအပ်၏။

၇။ ။ကမ္မဝိပါကဇဣဒ္ဓိ ဟူသည်ကား... ငှက်စသည်တို့၏ ကောင်းကင်မှာ ပျံသွားနိုင်ခြင်း စသည်ပင်ဖြစ်၏ ။ငှက်တို့သည် ကောင်းကင်မှာ ပျံသွားနိုင်အောင် ယခုဘဝ တစုံတရာစီမံအား ထုတ်ခြင်းမရှိ၊ ရှေးကံစီမံလိုက်သော အကျိုးအတိုင်းဖြစ်လာရသော သဘောတရားဟု ဆိုလိုသည်။ နတ်ဗြဟ္မာများ ကမ္ဘာဦး လူများ အချို့သောဝိနိပါတိက အသူရာများ ကောင်းကင်မှာ သွားလာနိုင်ခြင်း စသည်လည်း ကမ္မဝိပါကဇ ဣဒ္ဓိပင်ဖြစ်၏။

၈။ ။ပုညဝန္တ ဣဒ္ဓိ ဟူသည်ကား....စကြာမင်း စသည်တို့၏ ကောင်းကင်၌ သွားနိုင်ခြင်းစသည်ပင်ဖြစ်၏။ ကောင်းမှုထူးရှိသောသူတို့ဖြစ်၍ ကောင်းကင်း၌သွားနိုင်ခြင်း စသောတန်ခိုးရှိသည်ဟု ဆိုလိုသည်။ စကြာမင်းကြီးသွားရာ ကောင်းကင်သို့ လိုက်ပါကြသော စစ်သည်ဗိုလ်ထုဟူသမျှသည်လည်း ပုညဝန္တအစစ်ဖြစ်သော စကြာမင်းကြီးကို အမှီပြု၍ရရှိကြသော တန်ခိုးဟူ၍

ပင်ဆိုအပ်၏။ ဇောတိကသုတ္တေး၊ဇဋိလသုတ္တေး၊ဃောသကသုတ္တေး၊ မေဏ္ဍကသုတ္တေး စသည်တို့၏ စည်းစိမ်းချမ်းသာစု သည်လည်း ပုညဝန္တကုဋ္ဌိပင်ဖြစ်၏။

(ကမ္မဝိပါကဇကုဋ္ဌိနှင့်ပုညဝန္တကုဋ္ဌိတို့ ထူးခြားပုံကား....ယခု ဘဝမှာ တစုံတရာစိမ်အားထုတ်ရခြင်းမရှိဘဲ ရှေးဘဝကံစီမံလိုက် သည့်အတိုင်း ယခုဘဝမွေးကတည်းကပင် ပြည့်စုံလာသော တန်ခိုးကို ကမ္မဝိပါကဇ ကုဋ္ဌိဟု ခေါ်ဆိုသည်။

ပုညဝန္တကုဋ္ဌိမှာ ပု ဟူသည် ကုသိုလ်ကံပင်ဖြစ်သော်လည်း ထိုပုညသည် ရှေးဘဝက ပါလာသောပုသက်သက်မဟုတ်၊ ယခု ဘဝမှာအထောက်အပံ့အဖြစ် အားထုတ်ပြုလုပ် ဆောင်ရွက်အပ် သော အချက်များလည်း ပါဝင်ရသေးသည်။ ဤသို့မွေးက တည်းက ပါလာသည်မဟုတ်ဘဲ ယခုဘဝ တစုံတရာအားထုတ် ပြုလုပ်အပ်သော အထောက်အပံ့အကြောင်းအချက်ရမှ ပြည့်စုံ လာသော တန်ခိုးသည် ပုညဝန္တကုဋ္ဌိမည်၏။ ထင်ရှားအောင် ထပ်၍ပြဆိုရသော်....

စကြာမင်းကြီးမှာ မွေးကတည်းက စကြာရတနာ တခါတည်းပါလာသည်မဟုတ်၊ နောက်မှ ဥပုသ်နှင့်တကွ စကြာ ကျင့်ဝတ်တရားများကို ကျင့်ကြံသဖြင့် စကြာရတနာတည်းဟူ သောအရာဝတ္ထုဆိုက်ရောက်လာရသည်၊သို့ဖြစ်၍စကြာရတနာကို ရခြင်းအကြောင်းမှာ ရှေးကံသက်သက်ကြောင့်မဟုတ်၊ ယခုဘဝ အထောက်အပံ့က ပါနေသည်ကိုလည်းသိအပ်၏၊

၉။ ။ဝိဇ္ဇာမယဣဒ္ဓိဟူသည်ကား-ဝိဇ္ဇာဓိုရ်များ၏ကောင်းကင်၌ သွားနိုင်ခြင်းစသည်တည်း။ (အထူးဖန်တီး ပြုလုပ်ထားသည့် မန္တန်အတတ် ဆေးအတတ်ကြောင့် ပြီးစီးသည့် တန်ခိုးဟုဆိုလိုသည်။)

၁၀။ ။သမ္မာ ပယောဂ ဣဒ္ဓိဟူသည်ကား.... ထိုအမှုကိစ္စကို ကောင်းစွာအားထုတ် ပြုလုပ်မှုကြောင့် ရရှိလာသောပြည့်စုံခြင်းအမျိုးမျိုးပင်တည်း။ (ဤသမ္မာ ပယောဂ ဣဒ္ဓိသည်ကား အရာကျယ်ဝန်းလှ၏။ အမြတ်ဆုံးအားဖြင့် မဂ်ဖိုလ်တရားများ သည်လည်း ကောင်းစွာအားထုတ်မှုအတွက်ကြောင့် ရရှိလာသည်ဖြစ်၍ သမ္မာ ပယောဂဣဒ္ဓိမည်၏၊အလုံးစုံသိမ်းရုံး၍အကျဉ်းဆုံးပေါ်ပြလျှင် နှုတ်မှုပညာ ဟူသမျှ လက်မှုပညာဟူသမျှ ဗေဒင်သုံးပုံသင်ကြားခြင်း ပိဋကသုံးပုံသင်ကြားခြင်း(အယုတ်သဖြင့်) လယ်ထွန်ခြင်း စိုက်ပျိုးခြင်းစသည်တို့ကိုပြု၍ဖြစ်ပေါ်ရရှိလာသော ပြည့်စုံမှုဟူသမျှသည် သမ္မာ ပယောဂဣဒ္ဓိပင်ဖြစ်သည်ဟူ၍ သိအပ်၏။

ဤဣဒ္ဓိဆယ်မျိုးတွင် ပထမဖြစ်သော အဓိဋ္ဌာနဣဒ္ဓိမှာ အဓိဋ္ဌာန်ဟူသည် ပြဆိုခဲ့ပြီးသည့်အတိုင်း အရှင်စူဠပန္ထကမထေရ်ကဲ့သို့ တကိုယ်တည်းကိုပင် အရာတထောင်စသည်ဖြစ်အောင်အဓိဋ္ဌာန်ခြင်း ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာထားခြင်း ဖြစ်သည်၊ ဣဒ္ဓိရှင်မဟုတ်သူ လူသာမန်တို့မှာလည်း ဤကဲ့သို့ဆောက်တည်လျက်ရှိကြသော်လည်း အခြေခံ စျာန်သမာဓိ မရှိသောကြောင့်

ဆောက်တည်ချက်အတိုင်း မပြည့်စုံဘဲ ရှိရသည်၊ ဣဒ္ဓိရှင်တို့မှာမူ အခြေခံစျာန်သမာဓိ အားကြီးလှသောကြောင့် ဆောက်တည်ချက်အတိုင်း ပြည့်စုံပြီးမြောက်လေသည်ဟု ယုံမှားမရှိ မှတ်ယူအပ်၏။

## နိရောဓ ရှေ့သွားအဓိဋ္ဌာန်

နိရောဓသမာပတ်ကို ဝင်စားသောအခါ၌လည်း သမာပတ်ရှစ်ပါးလုံးကို ရရှိသောအနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့ ထိုနိရောဓသမာပတ်ကို ဝင်စားတော့မည်ဆိုလျှင် ဝင်စားခါနီးဆဲဆဲတွင် "ငါသမာပတ်ဝင်စားနေသည့် ရက်အတွင်းမှာ ငါ၏ကိုယ်နှင့် ကင်းကွာလွတ်လပ်သီးခြားတည်ရှိနေသော ပစ္စည်းများ တစုံတရာ အန္တရာယ်ကြောင့် ပျက်စီးခြင်း မရှိပါစေသတည်း၊ သံဃာတော်ကငါ့ကို တောင့်တပါလျှင် သံဃာ့တမန် ရဟန်းမလာရောက်မီသမာပတ်မှထရပါစေသတည်း၊ မြတ်စွာဘုရားက ခေါ်တော်မူလျှင်၊ ခေါ်တော်မူသောခဏ၌ပင် သမာပတ်မှ ထရပါစေသတည်း"

ဤကဲ့သို့အဓိဋ္ဌာန်ပြုပြီး ဆောက်တည်ပြီး စိတ်၌စွဲမြဲထားပြီးမှသမာပတ်ကိုဝင်စားတော်မူကြရသည်။

လိုသို ဝင်စားသောအခါ အဓိဋ္ဌာန်ချက် အတိုင်း သမာပတ်ဝင်စားချိန်အတွင်း ထိုသမာပတ်ရှင်ပုဂ္ဂိုလ်နှင့် ကင်းကွာလွတ်လပ်သီးခြားတည်ရှိနေသော ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့မဖျက်ဆီးနိုင်၊ သမာပတ်ဝင်စားချိန်အတွင်း သံဃာကအလိုရှိလျှင် သံဃာ့တမန် ရဟန်းမလာရောက်မီပင် သမာပတ်မှ

ထနှင့်၏၊ မြတ်စွာဘုရားက ခေါ်တော်မူလျှင် ခေါ်တော်မူသော ခဏာ၌ပင်သမာပတ်မှထတော့၏၊ သမာပတ်ရှင်ပုဂ္ဂိုလ်၏ကိုယ်ခန္ဓာနှင့်ထိစပ်နေသည့် သက်န်းစသောပစ္စည်းတို့မှာ သမာပတ်တန်ခိုးကြောင့်အဓိဋ္ဌာန်မပြုရဘဲပင်ရန်သူမျိုးငါးပါးမဖျက်ဆီးနိုင်။

## စျာန်အဓိဋ္ဌာန်

စျာန်တရားအရာ၌ ဥပမာ ပထမစျာန်ကိုအားထုတ်၍ရလာလျှင် ဝသီဘောငါးမျိုးတို့ဖြင့် ပွားများ လေ့လာရမည့်အကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ စသည်တို့၌ဖွင့်ပြထား၏ဝသီဘောဟူသောစကားမှာဝသီဘာဝဟူသောပါဠိမှသက်ဆင်းလာ၍ "စိုးပိုင်နိုင်ခြင်း" ယူ၍အဓိပ္ပါယ်ထွက်ရှိ၏။ သို့ဖြစ်၍ဝသီဘောငါးမျိုးဟုဆိုလျှင် စိုးပိုင်နိုင်နင်းခြင်း ငါးမျိုးဟုအဓိပ္ပာယ်ပြန်ဆိုရ၏၊ အဋ္ဌမစျာန်ကိုရလျှင် ထိုမိမိရသောပထမစျာန်ကို ငါးဌာန စိုးပိုင်နိုင်နင်းအောင် လေ့လာပွားများရသည်။

ပထမဌာန ပထမအမျိုးမှာ အာဝဇ္ဇနဝသီဟု ခေါ်၏။ ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းခြင်းတည်း၊ ပထမစျာန်ကို ရလာလျှင် ငါ့စျာန်မှာမည်သည့်တရားများပါဝင်သည်၊ မည်သည့်တရား၏လက္ခဏာမည်သို့ရှိသည်ဟု ဆင်ခြင်မှုကိုပြုရသည်၊ ဆင်ခြင်စမှာ

လှုယ်လင့်တကူမထင်လာသေး၊ နှောင့်နှေးရှိနေ၏၊ အကြောင်းကား ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းမှု မရှိသေးသောကြောင့်တည်း၊ ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းသောအခါ လှုယ်လင့်တကူ ထင်မြင်လာ၏၊ထိုအခါအာဝဇ္ဇနဝသီဘော်ပြည့်စုံ၏။

ထို့နောက် ဒုတိယ သမ္မာပဇ္ဇနခေါ်သော ဝသီဘော်ဖြင့် လေ့လာရ၏။ သမ္မာပဇ္ဇန ဝင်စားခြင်း မိမိစိတ် အစဉ်မှာ ဈာန်တို့ဝင်ရောက် ဖြစ်ပွားလာခြင်း (မိမိစိတ် အစဉ်မှာ ဈာန်စိတ်တို့ မပြတ်ဖြစ်ပွားနေသည်ကို ဈာန်ဝင်စားသည်ဟု ခေါ်သည်) ဆင်ခြင်ခြင်းအာဝဇ္ဇန ဝသီဘော်စိုးပိုင်နိုင်နင်းပြီးနောက် ဝင်စားမှု၌ စိုးပိုင်နိုင်နင်းအောင် လေ့လာရသည်။ ရရှိပြီးသော စာပေကို ထပ်တလဲလဲ ရွတ်အာခြင်းဖြင့် စိုးပိုင်နိုင်နင်းလာသကဲ့သို့ မိမိရပြီးသော ဈာန်ကို ထပ်ကာ ထပ်ကာ ဝင်စားခြင်းဖြင့် သမာပဇ္ဇနဝသီဘော် စိုးပိုင်နိုင်နင်းလာနိုင်၏။ မနိုင်နင်းမီ ဝင်စားသော်လည်း လှုယ်ကူစွာဈာန်တို့ မိမိစိတ်အစဉ်မှာ မဖြစ်နိုင်သေး၊ ဝင်စားဖန်များ၍ စိုးပိုင်နိုင်နင်းလာသောအခါ ဝင်စားလိုက်တိုင်း ဈာန်စိတ်တို့ မိမိစိတ်အစဉ်မှာ အလှုယ်တကူနှင့် ဖြစ်ပွားလာကြသည်။ ထိုအခါ သမ္မာပဇ္ဇန ဝသီဘော်ပြည့်စုံပြီဖြစ်၏။

ထို့နောက် တတိယ အဓိဋ္ဌာနခေါ်သော ဝသီဘော်ဖြင့် လေ့လာရ၏။ အဓိဋ္ဌာနဟူသည် ဝင်စားသောအခါ ဈာန်တရားသည် ငါ့စိတ်စဉ်၌ မည်မျှကြာအောင် တည်နေပါစေဟူ၍ အဓိဋ္ဌာန်ရခြင်း ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာ ထားရှိခြင်း

ဖြစ်၏။ မနိုင်နင်းသေးမီ မိမိမှန်းထားသည့် အချိန်ထက်ပို၍ သော်လည်း ဈာန်စိတ်တို့ ဖြစ်နေတတ်၏။ လျော့၍သော်လည်း ဈာန်စိတ်တို့ ဖြစ်နေတတ်၏။ (ဥပမာ) တနာရီခန့် ငါ့စိတ် အစဉ်မှာ ဈာန်တရားများ ဖြစ်ပွား၍ နေပါစေသတည်းဟု အဓိဋ္ဌာန်ပြုသော်လည်း တနာရီမပြည့်မီ ဈာန်စိတ်အစဉ်ပြတ်ချင်ပြတ် သွားမည်၊ တနာရီကျော်မှသော်လည်း ပြတ်ချင်ပြတ်သွားမည်။ ဤသို့ဖြစ်ရခြင်းမှာ ဆောက်တည်မှု အဓိဋ္ဌာန်မှုစိတ်၌ စွဲမြဲထားမှု မနိုင်နင်းသေးသောကြောင့် ဖြစ်၏။ နိုင်နင်းလာသောအခါ မိမိ မှန်းထားသည့် အချိန်အတိုင်း အတိအကျ ဈာန်စိတ်များ ဖြစ်ပွားတည်ရှိ၍ နေ၏။ ထိုသို့ ဈာန်စိတ်ကို မိမိမှန်းထားသည့် အချိန်နှင့်ကိုက် ညီအောင် ဆောက်တည်နိုင် ထားနိုင်သောအခါ အဓိဋ္ဌာနဝသီဘော် ပြည့်စုံပြီဖြစ်၏။

ထို့နောက် စတုတ္ထဝုဋ္ဌာနခေါ်သော ဝသီဘော်ဖြင့်လေ့ လာရ၏။ ဝုဋ္ဌာန ဟူသည် မိမိဝင်စားသော ဈာန်မှထခြင်းတည်း၊ (ဈာန်မှထခြင်းဟူသည် ဈာန်စိတ်အစဉ်ဖြစ်နေရာမှ ထိုဈာန် စိတ်နှင့်မတူသည့် ဘဝင်စိတ်ပြောင်းလဲ ဖြစ်ပွါးလာခြင်းကိုခေါ် သည်။)မိမိရည်မှန်းသည့်အချိန်၌ ဈာန်မှထဖို့ရန် စိုးပိုင်နိုင်နင်းမှု ဝုဋ္ဌာန ဝသီဘော်ဟူခေါ်သည်။

ထို့နောက်ပဉ္စမပစ္စဝေက္ခဏာဝသီဘော်ဖြင့် ဈာန်၌ပါဝင် သော တရားတို့ကို စဉ်းစားဆင်ခြင်မှု၌ လေ့လာနိုင်နင်းအောင် ပွါးများရ၏။ထိုသို့စဉ်းစားဆင်ခြင်ရာ၌လည်း ပဌမအာဝဇ္ဇနဝသီ

ဘော်မှာ ပြခဲ့သည့်အတိုင်း မနိုင်နင်းမီ လွယ်ကူစွာမသင်နိုင် သေး၊နိုင်နင်းလာသောအခါမှ လွယ်ကူစွာထင်နိုင်၏။ (အာဝဇ္ဇနဟူသည် ပစ္စဝေက္ခဏာဝီထိဦးပါသော အာဝဇ္ဇန်းကိုခေါ်၍ ပစ္စဝေက္ခဏာဟူသည် ထိုအာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်ပေါ်သောပစ္စဝေက္ခဏာဇောတို့ကိုခေါ်သည်၊အာဝဇ္ဇန်းမြန်မြန်ဖြစ်ပေါ်အောင် လေ့လာနိုင်နင်းပြီးဖြစ်တော့သည်။ ထို့ကြောင့် အာဝဇ္ဇနဝသီဘော်ပြည့်စုံလျှင် ပစ္စဝေက္ခဏာဝသီဘော်လည်း ပြည့်စုံတော့သည်ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ပြလေသည်)။

ဤသို့လျှင် ရရှိပြီးသောစျာန်တရားကိုဝသီဘော်ငါးပါးဖြင့် လေ့လာရမည်ဟု ပြဆိုရာ၌ ပါဝင်သော အဓိဋ္ဌာန်ဝသီဘော်ဟူသည်မှာ မိမိ ရည်မှန်းသည့်အချိန်အတိုင်း အလျော့အပိုမရှိစေရဘဲ စျာန်စိတ်ကိုမိမိစိတ် အစဉ်၌ထားနိုင်မှု ဖြစ်စေနိုင်မှုဝယ် စိုးပိုင်နိုင်နင်းခြင်းကို ခေါ်ဆို၏ဟု အကျဉ်းချုပ်မှတ်ယူရာ၏။

## မေတ္တာသုတ်လာ မေတ္တာပွားနည်း

မေတ္တာသုတ် ပါဠိတော်မှာ ကမ္မဋ္ဌာန ယောဂီဘော်မှီရဟန်းတို့ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော်မူရာ သံဂါယနာတင် အရှင်မြတ်တို့က သုတ္တနိပါတ ပါဠိ၌ရှင်း၊ သံဂါယနာတင်ထားခဲ့သော ပါဠိတော်ဖြစ်၏။ ပါဠိတော်မှာ

မေတ္တာပွားလိုသောသူသည် မပွားမီကပင် ကြိုတင်၍ ကျင့်ကြံအားထုတ် ပြည့်စုံစေရမည့် တရား (၁၅) ပါးတို့ကို ရှေးဦးစွာ ဟောကြားတော်မူထား၏။ ထိုတရားတို့ကို ပါဠိလို မေတ္တာပုဗ္ဗဘာဂ တရား (၁၅) ပါး မေတ္တာမပိုခင်ရှေးအဖို့က ကြိုတင်ပြည့်စုံစေရမည့် တရား (၁၅) ပါးဟူ၍ ခေါ်ဆို၏။

ထိုတရားတို့မှာ ကောင်းမြတ်သော အကျိုးစီးပွား အရာလိမ္မာသည်ဖြစ်၍ အေးမြငြိမ်းချမ်းလှစွာသော နိဗ္ဗာန်တရားကို ဉာဏ်ဖြင့် သက်ဝင်ကာ နေလိုသောသူသည် ပြုသင့်ပြုထိုက်ရမည့်တရားစုကား....

(၁) ကောင်းမြတ်သော အရာတို့ကိုကျင့်ခြင်းငှါ စွမ်းနိုင်ရမည်။

(၂) ဖြောင့်မတ်သော အကျင့်တရားရှိရမည်။

(၃) တရံတခါမျှ ကောက်ကွေ့ခြင်း မရှိဘဲ ကောင်းကောင်းကြီး ဖြောင့်မတ်ရမည်။

(၄) ပညာရှိတို့ ကောင်းစွာ ဆုံးမလွယ်သူ ဖြစ်ရမည်။

(၅) ကောင်းမြတ်သော အရာတို့၌ နူးညံ့ပျော့ပြောင်းသောသူ ဖြစ်ရမည်။

(၆) မာန်မာနတက်ကြွခြင်း မရှိစေရ။

(၇) မိမိမှာ ထင်ရှားရရှိသော ပစ္စည်းဖြင့်သာ ရောင့်ရဲတင်းတိမ် ကျေနပ်သောသူ ဖြစ်ရမည်။

(၈) သူတပါးတို့ စောင့်ရှောက် မွေးမြူရန် (ပြုစုရန်) လွယ်ကူသောသူ (ကြေးမများသူ) ဖြစ်ရမည်။

(၉) ကျင့်ဝတ္တရားအဘွက် မလိုလားအပ်သည့် အပို ကိစ္စများ နည်းပါးသောသူဖြစ်ရမည်။

(၁၀) ပေါ့ပေါ့လွယ်ကူသော အသက်မွေးခြင်းရှိသူ ဖြစ်ရမည်၊ (ခရီးသွားခါနီး ပစ္စည်းတွေ ပရဗ္ဗရှုပ်ပွေသူမျိုး မဟုတ်ဘဲ၊ ပရိက္ခရာရှစ်ပါးမျှဖြင့်ပင် ငှက်ပျံသွားသည့်အလား ပေါ့ပါးသူ ဖြစ်ရမည်ဟူလို)။

(၁၁) ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသူ ဖြစ်ရမည်။

(၁၂) အပြစ်ကင်းသော အရာတို့၌ရင့်ကျက်သောကောင်းစွာသိမြင် ကျွမ်းကျင်လိမ္မာသော ဉာဏ်ပညာရှိသူ ဖြစ်ရမည်။

(၁၃) ကိုယ်နှုတ် နှလုံးသုံးပါးလုံး ကြမ်းကြုတ်ခြင်း မရှိစေရ။

(၁၄) ဒါယကာ ဒါယိကာမတို့အပေါ်မှာ တွယ်တာငြိကပ်ခြင်းမရှိစေရ၊

(ဤအချက်သည် ရဟန်းများကို ဟောကြားဒေသနာဖြစ်သည့်အတိုင်း ရဟန်းများနှင့်သာ အထူး သက်ဆိုင်၍နေ၏။ လူများမှာလည်း အလားတူ နည်းယူသောအားဖြင့် မိတ်ဆွေတို့အပေါ်မှာ တွယ်တာခင်မင်ခြင်း ငြိကပ်ခြင်း မရှိစေရဟု မှတ်ယူအပ်၏။)

(၁၅) ။ပညာရှိများ စွပ်စွဲကဲ့ရဲ့မည့် အရာမှန်လျှင် တစုံတရာ အနည်းငယ်ကိုမျှ မပြုကျင့်ရ။

ဤတရား(၁၅)ပါးတို့တည်း။

ဤတရား(၁၅)ပါးကို ရှေးဦးစွာပြည့်စုံစေပြီးမှ မေတ္တာ ပို့ရမည့် အခြင်းအရာကို "သုခိနောဝါ ခေမိနောဟောန္တု၊ သဗ္ဗသတ္တာဘဝန္တုသုခိတာ" အစရှိသည်ဖြင့် ဟောကြားတော်မူ သည်။ဤမေတ္တာသုတ်လာ မေတ္တာဘာဝနာပွါးနည်းကို အကျဉ်း ချုပ်၍ မှတ်သားလျှင်....

(က)။ သဗ္ဗသင်္ဂါဟိကမေတ္တာ.... သတ္တဝါ အလုံးစုံကို တခွန်းတည်းဖြင့် နှံ့အောင် ပွါးသောမေတ္တာ၊

(ခ) ဒုကဘာဝနာမေတ္တာ....သတ္တဝါတို့ကို နှစ်စုနှစ်ပုံ ပုံ၍ ပွါးသောမေတ္တာ၊

(ဂ) တိကဘာဝနာမေတ္တာ....သတ္တဝါတို့ကို သုံးစုသုံး ပုံပုံ၍ ပွါးသောမေတ္တာဟူ၍ သုံးမျိုးထွက် လာ၏။

## (က) သဗ္ဗသင်္ဂါဟိကမေတ္တာ

ထိုသုံးမျိုးတို့တွင် သဗ္ဗသင်္ဂါဟိက မေတ္တာပွါးနည်းကို ပါဠိတော်၌"သုခိနောဝါ ခေမိနောဟောန္တု၊ သဗ္ဗသတ္တာဘဝန္တု သုခိတာ"ဟူ၍ ဟောကြားတော်မူ၏။ ဤဟောကြားတော်မူချက် အရ ရှင်းလင်းစွာမေတ္တာပွါးလိုလျှင်—

၁။ ။သဗ္ဗေသတ္တာသုခိနောဝါယော္တ…အလုံးစုံသော သတ္တဝါတို့ ကာယိကသုခနှင့် ပြည့်စုံကြပါစေ။
၂။ ။သဗ္ဗေသတ္တာ ခေမိနောဟောန္တု…အလုံးစုံသော သတ္တဝါတို့ ဘေးရန်ကင်းကြပါစေ။
၃။ ။သဗ္ဗေသတ္တာသုခိသတ္တာဟောန္တု…အလုံးစုံသော သတ္တဝါတို့ စေတသိကသုခနှင့် ပြည့်စုံကြပါစေ။

ဤကဲ့သို့ရွတ်ဆိုပွါးများ နှလုံးထားလျှင် မေတ္တာသုတ်လာ သဗ္ဗသင်္ဂါဟိက မေတ္တာကို ပွါးသည်မည်၏။

## (ခ) ဒုကဘာဝနာမေတ္တာ

ဒုကဘာဝနာမေတ္တာပွါးနည်းနှင့် တိကဘာဝနာမေတ္တာ ပွါးတို့မှာ ပါဠိတော်၌ မကောက်ယူတတ်လျှင် ရှုပ်ထွေး၍နေပေ၏။(ရှုပ်ထွေးနေပုံကို ထပ်၍ ရှုပ်ထွေးမည်စိုး၍ မပြတော့ပြီ)။ ဒုကဘာဝနာမေတ္တာပွါးနည်းမှာ….

၁။ ။တသ- ထာဝရဒုက- ကြောက်ခြင်းရှိမရှိသတ္တဝါ တစုံ။
၂။ ။ဒိဋ္ဌာဒိဋ္ဌဒုက မြင်အပ်မမြင်အပ်သတ္တဝါတစုံ။
၃။ ဒူရ- သန္တိကဒုက-အနီးအဝေး သတ္တဝါတစုံ။
၄။ ။ဘူတ- သမ္ဘဝေသိဒုက- ရဟန္တာနှင့် ပုထုဇဉ် သေက္ခသတ္တဝါတစုံ ဟူ၍ လေးမျိုးရှိရာ-

၁။ ။တသာဝါထာဝရာ အနဝသေသာသဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ–တပ်ခြင်းကြောက်လန့်ခြင်း မကင်းကြသည့် ပုထုဇန်သေက္ခာအရိယာသတ္တဝါ၊ တပ်ခြင်း ကြောက်လန့်ခြင်း ကင်းတော်မူကြသည့် ရဟန္တာ သတ္တဝါအကြွင်းမရှိသော ဤအလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်းပွါးများလျှင်တသ–ထာဝရဒုကဘာဝနာမေတ္တာ စင်စစ်ဖြစ်၏။

၂။ ။ဒိဋ္ဌာဝါ အဒိဋ္ဌာဝါ အနဝသေသာသဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ- မြင်အပ်သောသတ္တဝါ၊မမြင်အပ်သော သတ္တဝါအကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်ဖြာနှစ်ချမ်းသာကြပါစေဟူ၍ နှလုံးသွင်းပွါးများလျှင် ဒိဋ္ဌာဒိဋ္ဌဒုကဘာဝနာမေတ္တာစင်စစ်ဖြစ်၏။

၃။ ။ဒူရာဝါအဝိဒူရာဝါအနဝသေသာ သဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ–ဝေးသောအရပ်၌နေသောသတ္တဝါ၊ နီးကပ်သောအရပ်၌နေသောသတ္တဝါ အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်းပွါးများလျှင် ဒုရ–သန္တက ဒုကဘာဝနာမေတ္တာ စင်စစ်ဖြစ်၏။

၄။ ။ဘူတာဝါ သမ္ဘာဝေသီဝါ အနဝသေသာသဗ္ဗ သတ္တာဘဝန္တုသုခိတတ္တာ ရဟန္တာပုဂ္ဂိုလ်၊ ကြွင်းသောပုထုဇန်

သောက္ခပုဂ္ဂိုလ်(တနည်း- ပဝတ္တိကာလ၌ရောက်ရှိသော သတ္တဝါ၊ ပဋိသန္ဓေကာလ၌ရှိနေကြသောသတ္တဝါ)အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်းပွါးများလျှင်ဘူတ–သမ္ဘဝေသိဒုကဘာဝနာမေတ္တာစင်စစ်ဖြစ်၏။

ဤဆိုအပ်ပြီးသော မေတ္တာဘာဝနာလေးနည်းကို ဒုကဘာဝနာမေတ္တာဟူ၍ ခေါ်ဆို၏။သတ္တဝါတို့ကို နှစ်စုနှစ်ပုံပုံ၍ ပွါးများသောမေတ္တာဟူလို။

(ဂ)တိကဘာဝနာမေတ္တာ

ဤတိကဘာဝနာမေတ္တာပွါးနည်းမှာ–

၁။ ။ဒီဃရဿမဇ္ဈိမတိက- အရှည်အတို အလယ်အလတ်သုံးပုံတစု၊

၂။ ။မဟန္တာဏုကမဇ္ဈိမတိက–အကြီးအငယ် အလယ်အလတ် သုံးပုံတစု၊

၃။ ။ထူလာဏုကမဇ္ဈိမတိက- အဆူအကြုံ အလယ်အလတ် သုံးပုံတစုဟူ၍ သုံးမျိုးရှိရာ–

(၁) ဒီဃာဝါရသာ ဝါမဇ္ဈိမာဝါ အနုဝသေသာ သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ....ရှည်လျားသော ခန္ဓာကိုယ် အတ္တဘောရှိသောသတ္တဝါ၊ တိုတောင်းသော ခန္ဓာကိုယ် အတ္တဘောရှိသောသတ္တဝါ၊ မတိုမရှည်အလယ်အလတ်ခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ အကြွင်းမရှိသော ဤအလုံးစုံသောသတ္တဝါတို့သည်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်းပွားလျှင် ဒီဃရဿမဇ္ဈိမတိက ဘာဝနာ မေတ္တာစင်စစ်ဖြစ်၏။

(၂) မဟန္တဝါ အဏုကာဝါ မဇ္ဈိမာဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ....ကြီးကျယ်သောခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ၊ ငယ်နှောင်းသောခန္ဓာကိုယ် အတ္တဘောရှိသောသတ္တဝါ၊ မကြီးမငယ် အလယ်အလတ်ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ အကြွင်းမရှိသော ဤအလုံးစုံသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာချမ်းသာ ကြပါစေဟူ၍ နှစ်လုံးသွင်းပွားများလျှင် မဟန္တာဏုကမဇ္ဈိမတိက ဘာဝနာမေတ္တာစင်စစ်ဖြစ်၏။

(၃) ထူလာဝါ အဏုကာဝါ မဇ္ဈိမဝါ အနုဝသေသာသဗ္ဗသတ္တာဘဝန္တု သုခိသတ္တာ....

ဆူးဖြိုးသော ခန္ဓာကိုယ်အတ္တဘော ရှိသော သတ္တဝါ၊ ကြုံ့လှီသော ခန္ဓာကိုယ်အတ္တဘောရှိသော သတ္တဝါ၊ မဆူမကြုံအလယ်အလတ် ခန္ဓာကိုယ်အတ္တဘောရှိသော သတ္တဝါ၊ အကြွင်းမရှိသော အလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်းပွားများလျှင် ထူလာဝါအကုက မဇ္ဈိမ တိကဘာဝနာမေတ္တာစင်စစ်ဖြစ်၏။

ဤသို့ဆိုအပ်ပြီးသော မေတ္တာဘာဝနာသုံးနည်းကို တိကဘာဝနာမေတ္တာ ဟူ၍ခေါ်ဆို၏။ သတ္တဝါတို့ကိုသုံးစုသုံးပုံ ပုံ၍ပွားများသောမေတ္တာဟူလို။

ဆိုအပ်ပြီးသည့်....

(က) သဗ္ဗသင်္ဂါဟိက မေတ္တာ၊

(ခ) ဒုကဘာဝနာမေတ္တာ၊

(ဂ) တိကဘာဝနာမေတ္တာ

တို့ကို သူတပါး စီးပွားချမ်းသာ ရောက်ရှိရန် တောင့်တသောမေတ္တာများဖြစ်ကြ၍ ဟိတဘာသုခါ ဂမပနတ္တာ မေတ္တာဟူ၍ခေါ်၏။

သူတပါးတို့ စီးပွားချမ်းသာရောက်ရှိရန် တောင့်တလို လားခြင်းကို ဟိတသုခါ ဂမပတ္တနာ မေတ္တာဟုခေါ်သကဲ့သို့၊ သူတပါးတို့အား အစီးအပွားမဲ့ ဆင်းရဲဒုက္ခမရောက်ရန်တောင့် တခြင်းကို အဟိတဒုက္ခာ နာဂမပတ္တနာ မေတ္တာဟူ၍ခေါ်ဆို၏။

## မုဆိုး၏ မေတ္တာ

အဿတိနိပါတ် (၂) မဟာဟံသဇာတ်၌လည်း ဘုရား လောင်း ဟံသာမင်း၏ခြေကို ကျော့ကွင်းမိသဖြင့် အတိဒုက္ခ ရောက်ရှိရာ စစ်သူကြီးဟံသာမင်း၏ ဟောပြောချက်ဖြင့် မုဆိုး သည် သတိသံဝေဂ ရကာ ဘုရားအလောင်းကိုအသာအယာပွေ့ ယူ၍ ဆင်းရဲဒုက္ခပျောက်ကင်းကြောင်း ကောင်းမြတ်ထက်သန်လှ သောမေတ္တာစိတ်ဖြင့် ယုယပြုစုလေရာ ခြေထောက်မှာ ကျော့ ကွင်းရာမျှမထင်ဘဲ မုဆိုး၏မေတ္တာအာနုဘော်ကြောင့် အကြော အကြောချင်း အသားအသားချင်း အရေအရေချင်း ကောင်းစွာ နေရာတကျဆက်စပ်၍ ခြေထောက်သည် နဂိုရ်ပကတိအတိုင်းဖြစ် လေသည်။

ဤကား မဟာဟံသဇာတ်မှ လိုရင်းမျှသာ ထုတ်ပြခြင်း ဖြစ်၏။ အကျယ်ကို မဟာဟံသဇာတ်ရင်းမှ ယူရာ၏။ အသီတိ နိပါတ် ပဥ္စမစူဠဟံသာဇာတ်၊ ဝီသတိနိပါတ် (၅) ရောဟဏမိ

ဇာတ်၊ (၆) စူဠပဒုမဇာတ်တို့မှာလည်း ဤအတိုင်းပင်လာရှိသည်၊ ဤဇာတ်နိပါတ်တော်လာ အကြောင်းအရာတို့ကို ထောက်ထားကာမေတ္တာ၏ တန်ခိုး အာနုဘော် တော်ကြီး အကြောင်းကိုကောင်းစွာသိလာရ၏။

## မေတ္တာအယောင်ဆောင်ရာဂ

သတိပြုဖွယ်ကောင်းသည်ကား....“ရာဂေါမေတ္တာယနာမ ခေနဝခေတိ။ ။ရာဂတရားသည် မေတ္တာ ယောင်ဆောင်ကာ လှည့်ပတ်တတ်သည်”ဟူ၍နေတ္တိအဋ္ဌကထာ၌ မိန့်ဆိုထားချက်အရ သတ္တဝါအပေါ်မှာ မေတ္တာပွားလိုသောသူသည် မေတ္တာယောင်ဆောင်သည့်ရာဂတရားကို မပွားမိကြရန် အထူးသတိပြုသင့်ပေ၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဖြစ်သော ပရမတ္ထမဉ္ဇူသာ ဋီကာ၌လည်း “အမျက်ဒေါသ၏ငြိမ်းခြင်းသည် မေတ္တာ၏ပြည့်ဆုံခြင်းဖြစ်၍၊ တပ်စွန်းရာဂဖြစ်ပေါ်လာခြင်းသည် မေတ္တာ၏ပျက်ခြင်းဖြစ်သည်”ဟုဖွင့်ထား၏။

အဓိပ္ပါယ်မှာ— မုန်းနေသောသူတယောက်ကို မေတ္တာပွားများလိုက်လျှင် မုန်းခြင်းတည်းဟူသော အမျက်ဒေါသစိတ်ပျောက်၍ အကျိုးလိုလားသည့် မေတ္တာတရားသက်ဝင်လာ၏။ ဤသို့မုန်းခြင်း ပျောက်ငြိမ်းသွားခြင်းသည် မေတ္တာ၏ပြည့်စုံခြင်း

ဖြစ်ပေ၏။ ဤသို့မေတ္တာစစ်စစ်ဖြစ်ပွားနေရာမှ ထိုသူအပေါ်မှာ တွယ်တာချစ်ခင်သော စိတ်ဖြစ်လာလျှင် မေတ္တာအစစ်ပျက်သွားပြီးရာဂကမေတ္တာယောင်ဆောင်၍ လှည့်ပတ်ခံရလေပြီဟုဆိုလို၏၊

ဤမေတ္တာသည် ပါရမီဆယ်ပါးတွင် တပါးပါဝင်သည့်အတိုင်း ဘုရားအလောင်း သုဝဏ္ဏသာမတို့ကဲ့သို့ မိမိနှင့်တွေ့ကြုံသမျှသတ္တဝါတိုင်း မိမိအပေါ်ချစ်ခင်လာသည့်တိုင်အောင် ငါ့မေတ္တာပါရမီ တရားပွားများအားထုတ်ရာ၏။ ဤမေတ္တာတရားသည်ပါရမီဆယ်ပါးတွင် တပါးအပါအဝင်ဖြစ်ရုံမျှမက စျာန်အဘိဉာဏ်ရကြောင်း သမထကမ္မဋ္ဌာန်းပေါင်း လေးဆယ်တို့တွင်လည်းတပါးအပါအဝင်ဖြစ်သည်။

ထို့ကြောင့်ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့သည် မေတ္တာပွားများလျက် ထက်မြက်စူးစိုက်ကာ (ပါဠိလို အပ္ပနာ ဟုခေါ်သော) စျာန်အဘိဉာဏ်တို့ပင်ပေါက်ရောက်တော်မူကြသည်။ ပါရမီကိုဖြည့်ရာ စျာန်အဘိဉာဏ်ကိုပါရရှိပေါက်ရောက်သောထုံးကား တိကနိပါတ် (၄) အဗ္ဘန္တရဝဂ်၊ (၂)သေယျဇာတ်နှင့်စတုက္ကနိပါတ် (၁)ကာလိင်္ဂဝဂ်၊ (၃)ကေရာဇဇာတ်များပင်ဖြစ်သည်။

## ဥပေက္ခာပါရမီ

### ဥပေက္ခာအဓိပ္ပါယ်

ဤဥပေက္ခာဟူသော ပါဠိစကားမှာ သဒ္ဒါနက်အားဖြင့် "သင့်တင့်အောင်ရှုခြင်း" ဟူ၍ မြန်မာပြန် ဆိုရ၏။ သင့်တင့်အောင်ရှုခြင်းဟူသည် ဆင်းရဲမှု ချမ်းသာမှုနှစ်ပါး ကွဲပြားရာမှ မည်သည့်ဖက်သို့မျှ တဘက်သတ်မလိုက်ပါဘဲ ဆင်းရဲမှုနှင့်လည်း သင့်တင့်ချမ်းသာမှုနှင့်လည်း သင့်တင့်လေက်အောင်ရှုခြင်းဟုဆိုသည်၊ ဤကဲ့သို့ရှုခြင်းကိုပင်ရှေးပညာရှိကြီးများက "လျစ်လျူရှုခြင်း"ဟူ၍ မြန်မာပြန်ဆိုခဲ့ကြသည်။

ဤပညာရှိတို့၏စကားအဓိပ္ပါယ်ကိုကောင်းစွာမစဉ်းစားမိက "လျစ်လျူရှုခြင်းဟူသည် အာရုံမပြု ဂရုမပြုဘဲ စွန့်ပစ်ထားလိုက်ခြင်းပင်ဖြစ်သည်" ဟု မှတ်ထင်ပြောဆိုမိတတ်ကြ၏၊ ဤသို့ အာရုံမပြုဘဲ စွန့်ပစ်ထားခြင်းကို ဥပေက္ခာ ခေါ်သည်မဟုတ်၊ ဥပေက္ခာဟူသည် အာရုံပြုရမည်သာဖြစ်၏၊ သို့ရာတွင် ဆင်းရဲမှု အာရုံနှင့်တွေ့လျှင်တမျိုး ချမ်းသာမှုအာရုံနှင့် တွေ့လျှင်တမျိုး ဤကဲ့သို့ထူးထွေကွဲလွဲခြင်းမရှိ၊ သာမညအားဖြင့် တစားတည်းထား၍ရှုမြင်ဆင်ခြင်ခြင်းသာဖြစ်၏။

### ဥပေက္ခာပွားနည်း

ဤဥပေက္ခာကိုပွားများရန်နည်းမှာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ မေတ္တာပွားများနည်းအတိုင်းပင်ဖြစ်၏၊ မေတ္တာပွား

များနည်းမှာကား ပွားများပုံ အချင်းအရာ လေးမျိုး ရှိသည့်အတွက် ငါးရာနှစ်ဆယ့်ရှစ်နည်း ရရှိပေသည်၊ ဥပေက္ခာပွားနည်းမှာမူ "ကမ္မဿက–ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကုန်၏" ဟူ၍ ပွားပုံနည်းတနည်းသာရှိလေသည်။

## ဥပေက္ခာ (၁၀) ပါး

၁။ ။ကောင်းကောင်းဆိုးဆိုး အာရုံခြောက်မျိုးလုံးကိုပင်အာရုံပြုကာ ထိုအာရုံတို့၌ အလယ်အလတ်စားအားဖြင့် နှလုံးသွင်းနိုင်ခြင်းသည် ဆဠင်္ဂရုံဥပေက္ခာ၏ကိစ္စဖြစ်၏။

၂။ ။သတ္တဝါတို့ကို အာရုံပြုကာ သတ္တဝါတို့၏ ချမ်းသာရေးဆင်းရဲရေး၌ လျစ်လျူရှုခြင်းသည်ဗြဟ္မဝိဟာရဥပေက္ခာ၏ကိစ္စဖြစ်၏၊

၃။ ။ဈာန်မဂ်ဖိုလ်တို့ကိုရတို့ရန် အားထုတ်ရာမှာပယ်ရှားအပ်သော နိဝရဏတရားတို့ကို အာရုံယူမှု၌ လျစ်လျူရှုခြင်းသည် ဗောဇ္ဈင်ဥပေက္ခာ၏ ကိစ္စဖြစ်၏။

၄။ ။ဝီရိယ၏အပိုအလိုမရှိ ညီမျှစွာ ဖြစ်ခြင်းသဘောသည်ဝီရိယဥပေက္ခာ၏ကိစ္စဖြစ်၏။

၅။ ။အပိုအလိုမရှိတညီတညွတ်တည်းဖြစ်နေကြသော သဟဇာတ် (ဖြစ်ပေါ်ဖြစ်ဖက်) တရားတို့ကိုချိုး မြှောက်ဖိနှိပ်မှုမပြုဘဲလျစ်လျူရှုခြင်းသည် သင်္ခါရုပေက္ခာ၏ကိစ္စဖြစ်၏။

၆။ ။အာရုံခံစားမှု၌ လျစ်လျူခြင်းသည် ဝေဒနုပေက္ခာကိစ္စဖြစ်၏။

၇။ ။ရုပ်နာမ်တရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တ အားဖြင့် သုံးသပ်စီစစ်မှု၌ လျစ်လျူရှုခြင်းသည် သဘောသည်ဝိပဿနုပေက္ခာ၏ကိစ္စဖြစ်၏။

၈။ ။အညီအမျှ ဖြစ်နေကြသော ယှဉ်ဖေါ်ယှဉ်ဖက် တရားတို့အပေါ်မှာ လျစ်လျူရှုခြင်း သဘောသည်တတြမဇ္ဈတ္တုပေက္ခာ၏ကိစ္စဖြစ်၏။

၉။ ။အလွန်မြတ်သောဈာန်ချမ်းသာ၌ပင် လျစ်လျူရှုခြင်းသဘောသည် ဈာနုပေက္ခာ၏ကိစ္စဖြစ်၏။

၁၀။ ။အလုံးစုံ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့မှ စင်ကြယ်သော လျစ်လျူရှုခြင်း သဘောသည် ပါရိသုဒ္ဓုပေက္ခာ၏ ကိစ္စဖြစ်၏။

## စိတ်အကြောင်း

အာရုံကိုသိတတ်သော သဘောသည် စိတ်....ငါတို့သည် ဟိုဟာကိုသိ၊ သည်ဟာကိုသိနှင့်အချိန်ရှိသမျှ အာရုံတွေကိုသိနေကြ၏၊ထိုသို့သောအာရုံတွေကို သိတတ်သောသဘောကို "စိတ်" ဟုခေါ်သည်"သိ"ဆိုသော်လည်း ဉာဏ်ဖြင့်သိသောအသိမဟုတ်၊ အာရုံကိုရအောင်ယူနိုင်ခြင်းကိုပင် "အသိ"ဟု ခေါ်သည်။

## အာရုံ(၆)ပါး အသိ(၆)မျိုး

| | | |
|---|---|---|
| ၁။ | ။အဆင်းအရောင်ဟူသမျှ | ရူပါရုံ |
| ၂။ | ။အသံဟူသမျှ | သဒ္ဒါရုံ |
| ၃။ | ။အနံ့ဟူသမျှ | ဂန္ဓာရုံ |
| ၄။ | ။အရသာဟူသမျှ | ရသာရုံ |
| ၅။ | ။အတွေ့ဟူသမျှ | ဖောဋ္ဌဗ္ဗာရုံ |
| ၆။ | ။ကြွင်းသောသိဘွယ်ဟူအမျှ | ဓမ္မာရုံ၊ |

ရူပါရုံကိုမြင်သောအခါမြင်သိ၊သိသောစိတ်ဖြစ်၏၊သဒ္ဒါရုံကိုကြားသောအခါ ကြားသိ၊ သိသောစိတ်၊ ဂန္ဓာရုံကိုနံသောမွှေးသောအခါနံသိ၊မွှေးသိ၊ရသာရုံကိုအရသာခံသောအခါ အရသာသိ၊သိသောစိတ်၊တစုံတခုကိုတွေ့ရထိရသောအခါ အတွေ့သိ

သိသောစိတ်၊ကြွင်းသောအကြောင်းအရာတွေကို သိသောအခါ ဆိုင်ရာကိုသိသော စိတ်များဖြစ်ကြလေသည်။ ဤသို့ဆိုင်ရာအာရုံကိုရအောင် ယူနိုင်ခြင်းသည်စိတ်၏သိခြင်းပင်တည်း။

## စိတ်၏အချင်းအရာ

စိတ်သည် အဝေးသို့လည်းသွားနိုင်၏၊ တပါးတည်းသာ လှည့်လည်လေ့ရှိ၏၊ ခန္ဓာကိုယ်ထယ်ဒြပ်လည်းမရှိ ခန္ဓာကိုယ် ဝယ်ဟာဒယလိုဏ်ဂူ၌အများအားဖြင့် ဖြစ်လေ့ရှိ၏ဟု ဓမ္မပဒပါဠိ တော်၌ဟောတော်မူသည်။

ထိုဟောတော်မူသည့်အတိုင်း စိတ်၏အချင်းအရာ ထင်ရှား ပြအုံးမည်။

## "အဝေးလည်းသွား"

စိတ်သည် ခြေဖြင့် လျှောက်သွားသကဲ့သို့ အဝေးရပ် ရောက်အောင်သွားနိုင်သည်မဟုတ်၊ သို့သော် အလွန်ဝေးသော အာရုံကို လှမ်း၍ အာရုံပြုနိုင်ရကား အဝေးရောက်အောင် သွား သကဲ့သို့ထင်ရလေသည်။

ဥပမာ—မန္တလေး၌နေ၍ ရန်ကုန်ရှိ အာရုံများကို အာရုံပြုရာ၌ စိတ်သည် ရန်ကုန်သို့ရောက်သွားသည်မဟုတ်၊မန္တလေးမှာ ဖြစ်လျက်ပင် ရန်ကုန်သို့လှမ်း၍ အာရုံပြုနိုင်သည်။ ထိုသို့ အဝေးအာရုံကို ယူနိုင်သည့်အတွက် "အဝေးလည်းသွား" ဟုဆိုရပေသည်။

## "တပါးထဲလယ်"

စိတ်သည် အလွန်အဖြစ်အပျက်မြန်၏။ လက်ဖျောက်တချက်တီးခန့် အချိန်မှာပင် စိတ်ပေါင်းကုဋေတသိန်းမက ရှေ့နောက်ဆက်၍ဖြစ်ပျက်နိုင်၏။

ထိုမျှလောက် အဖြစ်အပျက်မြန်သည့်အတွက် စိတ်(၂)မျိုး(၃)မျိုး တပြိုင်နက်ဖြစ်၍ အာရုံ(၂)ခု(၃)ခုကို တခါထဲယူနိုင်သည်ဟု ထင်ရလေသည်။ စင်စစ်မှာ(၂)စိတ်(၃) စိတ်ပြိုင်၍ဖြစ်ရိုးမရှိ၊တစိတ်ပြီးမှတစိတ်ဖြစ်၍ အာရုံတခုကိုယူပြီးမှ အခြားအာရုံတခုကို ဆက်၍ယူရလေသည်။

မွှေးကြိုင်စွာ ပန်းနံ့သာခြယ်လှယ်သားသော ဖဲမွေ့ရာပေါ်မှာထိုင်လျက် ချိုချဉ်စားရင်း ကပြသံဆိုသူကို ကြည့်ရှုနားထောင်ရာ၌ အဆင်း—အသံ—အနံ့—အရသာ- အတွေ့အာရုံ(၅)မျိုးလုံး အနီးအပါးတွင်ရှိ၏။

ထိုအခါ၌ စိတ်သည် ထိုအာရုံငါးမျိုးကို တပြိုင်နက်မသိ၊ မိမိအနှစ်သက်ဆုံး အာရုံတခုခုကို စိတ်တမျိုးဖြင့် ရှေးဦးစွာသိပြီးမှ အခြားအခြား အာရုံများကို တခုပြီးတခု ဆက်၍ဆက်၍သိသည်။

ဤသို့လျှင် စိတ်သည် ၂-ပါး၊ ၃--ပါး(အများအပြား) ပြိုင်၍ဖြစ်ရိုးမရှိ၊တခုတည်းသာဖြစ်ရိုးရှိသောကြောင့် "တပါးထဲလယ်"ဟုဆိုရပေသည်။

"လယ်"ဆိုသော်လည်း အဝေးသို့လှည့်လည်သည်မဟုတ် အဝေးအာရုံကို ယူနိုင်သောကြောင့် လယ်လှည့်လည်ဟုဆိုသည်။ အာရုံတခုကိုစိတ်ကယူရာ၌လည်း ထိုအာရုံစိတ်တစိတ်ထဲက အပြီးအစီး သိအောင်မယူနိုင်၊ အာရုံတခုခုကို သိထိုက်သမျှသိအောင် စိတ်ပေါင်းအတော်များစွာ ဆက်ကာဆက်ကာကြည့်ရသည်။

ထိုသို့ဆက်၍ဆက်၍ အတော်များစွာဖြစ်ရသော်လည်း လက်ဖျောက်တချက်တီးအချိန်မှာ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်နိုင်သောကြောင့် လူအပေါင်းတို့ကမြင်- မြင်ခြင်း၊ ကြား ကြားခြင်း၊မွှေး- မွှေးခြင်း၊ထိ-ထိခြင်း သိသည်ဟု မှတ်ထင်ကြလေသည်။

## "ကိုယ်ထည်မရှိ"

စိတ်မှာ အထည်ကိုယ်ဒြပ် အထင်အရှားမရှိ၊ ထို့ကြောင့် စိတ်ကို ဖြူသည်၊မဲသည်၊ပိန်သည်၊ဝသည်ဟု မဆိုနိုင်၊ အာရုံသိနိုင်သောသဘောသတ္တိသာ ထင်ရှားရှိသည်။

# "ဂူအောင်းဘိ"

မြင်သိသိသောစိတ်သည် မျက်လုံးအတွင်းမှာ ဖြစ်၏။

ကြားသိသိသောစိတ်သည် နားအတွင်းမှာဖြစ်၏။

နံသိသိသောစိတ်သည် နှာခေါင်းအတွင်းမှာဖြစ်၏။

အရသာသိသိသောစိတ်သည် လျှာအတွင်းမှာဖြစ်၏။

အတွင်းသိသိသောစိတ်သည် ခန္ဓာကိုယ်ဝယ် ထိမိရာအရပ်တိုင်းမှာဖြစ်၏။ဤသို့လျှင် အချို့ချို့စိတ်များ မျက်လုံးစသောအရပ်၌ဖြစ်သော်လည်း များစွာသော စိတ်တို့ကား ရင်ချိုင့်အတွင်းရှိ ဟာဒယနှလုံးအိမ်မှာဖြစ်ကြသည်။ဤလိုင်ဂူနှင့်တူသောနှလုံးအိမ်မှာ အဖြစ်များသောကြောင့်စိတ်ကို "ဂူအောင်းသည်" ဟုဆိုရလေသည်။

အချုပ်မှာ- စိတ်ဟူသည် ပုံသဏ္ဌာန်မရှိ၊အာရုံကိုရအောင်ယူခြင်း၊အာရုံကိုသိခြင်းသဘော သတ္တိသာတည်း။ထိုကဲ့သို့ အာရုံယူရာ၌ မိမိဖြစ်နိုင်းစဲ့ ဟာဒယလိုင်ဂူအတွင်းမှ တဆံခြည်မျှ အပြင်မထွက်ကြဘဲ အလွန်ဝေးသောအာရုံကို လှမ်း၍ယူနိုင်သည်။

ထိုသို့ယူရာ၌ ၂-စိတ်၃-စိတ် ပြိုင်တူပူးပေါင်း၍မဖြစ် တစိတ်ပြီးမှတစိတ် စီကာစဉ်ကာ ဖြစ်ကြလေသည်။

## "စိတ်ကောင်း စိတ်ဆိုး ရောနှောပုံ"

စိတ်တို့သည် အလွန် အဖြစ်အပျက်မြန်သောကြောင့် ၅–မိနစ်လောက်အတွင်းမှာပင် စိတ်ကောင်းစိတ်ဆိုး (ကုသိုလ်စိတ်–အကုသိုလ်စိတ်)ရောနှောလျက်ဖြစ်တတ်သည်။ နံနက်စောစော အိမ်ပေါ်မှာဘုရားရှိခိုးလျက် ကုသိုလ်စိတ်ဖြစ်နေစဉ် အိမ်အောက်ထပ်မှ ရောင်းဝယ်မှုကိစ္စဖြင့် ခေါ်သံကြား၍ လောဘစိတ်ဖြစ်ရ၏။ဘုရား- အာရုံပြုနေစဉ် မခံချင်ဘွယ်ပြောလာသဖြင့် ဒေါသစိတ်ဖြစ်ရ၏။

ရောင်းမှုဝယ်မှု လောဘကိစ္စပြုတုန်းမှာပင် လှူချင်ဒါန်းချင်သည့်အခါ (လှူမည်ဒါန်းမည်ဟုကြံမိသည့်အခါ) သဒ္ဓါစိတ်ကုသိုလ်စိတ်ဖြစ်၏။ တစုံတခုအလိုမကျ၍ ဒေါသဖြစ်နေတုန်းမှာပင် ဆရာသမား၏ အဆုံးမကို သတိရ၍ သတိစိတ်(ကုသိုလ်စိတ်)ဖြစ်ပြန်၏။

တကျော့ပေမလောဘစိတ်ဖြင့် သမီးခင်ပွန်းစကားပြောနေစဉ် စကားပြောမတွေ့၍ ဒေါသစိတ် ဖြစ်လေရာ၊ တယောက်ယောက်က ကျေနပ်အောင် ချော့သဖြင့် စိတ်ပျော့လာသောကြောင့်လောဘစိတ်ဖြစ်ပြန်၏။

ဤသို့ စသည်ဖြင့် စိတ်တို့ပြောင်းလဲပုံ လျင်မြန်သောကြောင့် စိတ်ဖြစ်တိုင်းဖြစ်တိုင်း မိမိစိတ်ကို (စိတ်ကောင်းလား စိတ်ဆိုးလား)ဟုခွဲခြား၍သိအောင်သတိထားပြီးလျှင် မိမိစိတ်ကို စိတ်ကောင်းများများဖြစ်အောင် ပြုပြင်ကြပါကုန်။

## "ရုပ်ခြင်းကွဲသလို စိတ်ခြင်းကွဲပုံ"

လူ့ဘုံ၌ တယောက်နှင့်တယောက် ရုပ်ချင်း မတူကြသကဲ့သို့ ထို့အတူစိတ်ချင်းလည်း မတူကြချေ၊ ထုံထိုင်းသောရုပ်၊ သွက်လက်သောရုပ်၊ ကွဲပြားသကဲ့သို့ ထုံထိုင်းရိုးအသောစိတ်၊ သွက်သွက်လက်လက် ထက်မြက်သောစိတ်ဟုလည်း ကွဲပြားလျက်ရှိ၏။

ထိုကဲ့သို့ကွဲပြားရာ၌ အလှဘက်-အဘက်ဘက်မှာ အဆင့်ဆင့်သာ၍ ပြိုင်ဘက်ကင်းလောက်အောင်လှသူ- ထက်သူများလည်းရှိ၏။ အဆိုးဘက် အထိုင်းဘက်မှာလည်း အဆက်ဆက်အောက်ကျလျက် တစ္ဆေပြိတ္တာတမျှ ဆိုးဝါးသူများလည်း ရှိကြလေသည်။

ထို့အတူ စိတ်ချင်း ကွဲပြားရာ၌လည်း စိတ်ကောင်း— စိတ်ထက်ဘက်၌ အဆက်ဆက် တန်းတက်ကာ ပြိုင်ဘက်ကင်းလောက်အောင် စိတ်ကောင်းသူ၊ ထက်မြက်သူများရှိကြ၍၊ စိတ်ယုတ်မာဘက် စိတ်ထိုင်းဘက်၌လည်း အဆက်ဆက် ဆိုးဝါးကာ ကြောက်မက်စက်ဆုတ်ဘွယ်ကောင်းအောင် ယုတ်မာသူ သုံးမဖြစ်အောင်ထိုင်းမှိုင်းသူများရှိကြလေသည်။

## ပြင်၍ ရနိုင်ပုံ

တော၌မွေး၍ တောသွေးပါလာသော တောသူတောသားသည် မြို့ကြီးပြကြီးသူတို့၏ ဝတ်စားပုံ နေထိုင်ပုံကို အလုံးစုံအတုယူ၍ ကိုယ်ကျန်းမာရေး စိတ်ချမ်းသာရေးကိုပါ လိုက်စား

ပြီးပုံပြင်လိုက်က မကြာခင်ရုပ်တမျိုးပြောင်းကာ တနှစ် နှစ်နှစ် လောက်ကြာလျှင် ရှေးကတွေ့နေကျလူများပင် အထင်မှား လောက်အောင် ရုပ်အဆင်းပြောင်းလာနိုင်၏။

ဤသို့ရုပ်ပြောင်းရုပ်လွဲနေသဖြင့် အပြင်ခက်သောရုပ်အ ဆင်းသည်ပင် ပြင်တတ်သူပြင်ချင်၍ ပြင်ဆင်နေလိုက်က တမျိုး တဖုံ ပြောင်းနိုင်သေး၏။

အပြောင်းအလွဲအလွန်မြန်၍ အင်မတန်ပြုပြင်လွယ်သော စိတ်ကိုတကယ်ပြင်လိုလျှင် အဘယ်မှာပြင်၍မရရှိဘဲ ရှိမည်နည်း။

နေ့စဉ်နှင့်အမျှ မိမိစိတ်ဖြစ်ပုံကိုသတိထား၍ မတော်မတ ရားသောစိတ်တို့ကို နှိမ်နင်းသွားပါလျှင် မကြာခင်စိတ်ကောင်း ရှိသူဖြစ်ကာ (၂)နှစ် (၃)နှစ်လောက်ကြာသည့်အခါ ကိုယ့်စိတ် ကိုယ်ပင် ကြည်ညိုလာအောင် စိတ်ကောင်းများဖြစ်ပေါ်လာပါ လိမ့်မည်။

## စိတ်ကိုပြင်သင့်သောအကြောင်းများ

မိမိစိတ်နေစိတ်ထားကို ကောင်းအောင်ပြုပြင်ဘို့ရာ အ ကြောင်းများစွာရှိပေသည်။ မိမိစိတ်ထား မကောင်းသေးသော အချက် ယုတ်မာနေသောအချက်များကို မိမိသာအသိဆုံးဖြစ်၏။ ထိုကဲ့သို့စိတ်ဆိုးစိတ်ယုတ်မာရှိသူသည် လောကီဂုဏ်အတွက် အ ထက်တန်း ရောက်နေသော်လည်း စိတ်အနေအထားအားဖြင့် အောက်တန်းစားပင်ဖြစ်၏။

စိတ်နေစိတ်ထား အောက်တန်းစားဖြစ်နေသော ဂုဏ်ကြီးရှင်သည်လည်း နောက်နောင်ဘဝ၌ အောက်ကျနောက်ကျ ဖြစ်ရတော့လတံ့။ ထိုကဲ့သို့တန်းလျော့ရမည့်အရေးကို တွေးမိခြင်းကြောင့်လည်း စိတ်နေစိတ်ထား ကြီးမားမြင့်မြတ်အောင် ပြုပြင်ထိုက်ပေသည်။

စိတ်ဆိုးစိတ်ယုတ်မာရှိသူသည်ကိုယ့်ကိုကိုယ်လည်းမကြည်ညိုနိုင်၊ မိတ်ဆွေချင်း၊ ညီအစ်ကိုမောင်နှမသားချင်း၊ သမီးခင်ပွန်းချင်း၊ ဆရာဒကာချင်း၊ အပေါင်းအသင်းရင်းနှီးသူတို့လည်း သူ၏ယုတ်မာကြောင်းသိကာ ချစ်ခင်နိုင်၊ အားရနိုင်၊ ကြည်ညိုနိုင်ကြမည်မဟုတ်။

ဤသို့ရင်းနှီးသူများ အထင်သေးမည်ကိုစိုး၍လည်း မိမိစိတ်ထားကို ဖြူစင်ဖြောင့်မတ်မြင့်မြတ်အောင် ပြင်ဆင်ထိုက်ကြပေသည်။

ထို့ပြင်.... စိတ်ဆိုးစိတ်ယုတ်မာ ရှိနေသူသည် ဒါနပြုပြု၊ သီလ ဆောက်တည်ဆောက်တည်၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းစီးဖြန်း၊ မည်သည့်ကုသိုလ်လုပ်ငန်း၌မဆို ရိုးသားဖြူစင်လိမ့်မည်ဟူ၍မမှတ်ထင်ထိုက်၊ ထိုစိတ်ရင်းမကောင်းသူ၏ ကုသိုလ်ကံများကားအကျိုးပေးစင်စင်ကြယ်ကြယ်မရှိချေ။

ဤသို့ နောက်နောင်ဘဝအရေးဝယ် ပြုသမျှကုသိုလ်တို့၏အကျိုးပေး မစင်ကြယ်မည်ကို စိုးသောကြောင့်လည်း မိမိစိတ်ကို ဖြူစင်ဖြောင့်မတ်ကောင်းမြတ်အောင် ပြုပြင်ထိုက်ကြပေသည်။

ထို့ပြင် စိတ်ဆိုးစိတ်ယုတ်မာရှိသူသည် ယခုတဘဝသာ ယုတ်မာမည်မဟုတ်၊ ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်ယုတ်မာများ ကတသန္တာန်လုံး(တကိုယ်လုံး)ထုံမွှန်းနေရာကား၊ နောက်နောင် ဘဝပေါင်းများစွာတို့လည်း ဟိတ်ယုတ်အဆက်ဆက် ဓါတ်သတ္တိ ကူးစက်လျက်ရှိသောကြောင့် ထိုသူကို ရင့်မာသောပါရမီရှင်ဟု ဆိုရန်ခဲယဉ်းလေသည်။

ထို့ကြောင့်မိမိကိုယ်ကို ပါရမီရှင်များ၌ စာရင်းမဝင် မည်စိုး၍လည်း ယုတ်မာဆိုးဝါးသောစိတ်များကို အမြန်ပြင်ဆင် ထိုက်ကြပေသည်။ ဤသို့လျှင်စိတ်ကိုကောင်းအောင် ပြုပြင်သင့် သောအကြောင်းတွေများစွာ ရှိလေသည်။

## မိလိန္ဒမင်း စိတ်ပြုပြင်ပုံ

အရှင်နာဂသိန်ထံ ပြဿနာများကို အထိုက်အလျောက် မေးမြန်းပြီးနောက် သာသနာတော်ဝယ် လွန်စွာ အရေးကြီး သော ပြဿနာများကို မေးလျှောက်ဖို့ရန် အကြံဖြစ်လာသည့် အခါ ထိုပြဿနာများကို မမေးသေးဘဲ (၇) ရက်ပတ်လုံး မိမိ စိတ်ကို သမာဓိရအောင် မိလိန္ဒမင်းကြီး၏ ထိန်းသိမ်းစောင့် စည်းနေပုံမှာ သူတော်ကောင်းတိုင်းအတုယူစရာကောင်းလှပေ၏။

စောင့်စည်းပုံကား.... နံနက်စောစောအိပ်ရာမှထပြီးလျှင် ကိုယ်လက်စင်ကြယ်အောင် ရေချိုး၍ ဝတ်ရုံးဝတ်စုံ အဝတ် တန်ဆာများကို ပယ်ရှားပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ဝါ

ကို ဝတ်ဆင်ကာ ဦးခေါင်းမှာလည်း ခေါင်းတုံးအသွင် မှတ်ထင်လောက်အောင် ခေါင်းစွပ်ကို စွပ်လျက် (ရဟန်းမဟုတ်သော်လည်း) ရဟန်းဟု ထင်မှတ်ရလောက်အောင် ကြံဆောင်ဝတ်ဆင်ပြီးနောက် စိတ်၌ စွဲမြဲစွာ (၈) ပါးသောအချက်များကို (၇) ရက်ပတ်လုံး မပျက်မပြားအောင် ဆောက်တည်လေသည်။

ဤ (၈)ပါးသောအချက်များကား....

(၁) ၇ ရက်အတွင်း၌ မင်းကိစ္စကို မပြုတော့ပြီ၊

(၂) ရာဂစိတ်ကိုမဖြစ်အောင် စောင့်စည်းမည်။

(၃) ဒေါသစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

(၄) မောဟစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

(၅) ကျေးတော် ကျွန်တော် အလုပ်သမားအမှုတော်ထမ်းများ အပေါ်၌လည်း စိတ်ကို နှိမ်ချ၍ မာန်မာန မဖြစ်အောင် စောင့်စည်းမည်။

(၆) ကိုယ်မှု နှုတ်မှုများကိုထူးခြားစွာ စောင့်စည်းမည်။

(၇) မြင်ရ ကြားရ တွေ့ရ သိရ သမျှသော အာရုံတို့အတွက် အကုသိုလ် မဖြစ်အောင် မျက်စိ၊ နား စသော ဣန္ဒြေများကို စောင့်စည်းမည်။

(ဂ) အားလုံးသော သတ္တဝါတို့ အပေါ်မှာ မေတ္တာ စိတ်ထားရမည်။

ဤရှစ်ပါးသော အချက်ကို (၇)ရက်လုံးစောင့်သုံးလျက် (၈) ရက်မြောက်နေ့ နံနက်အခါ နံနက်စာ စောစော စား၍ ဣန္ဒြေကြီးမားသော ရဟန်းတော်ကဲ့သို့စက္ခုန္ဒြေ ချုပြီးလျှင်စကား အပြောအဆို ဆင်ခြင်ကာ အရှင်နာဂသိန် ထံသို့ ကြည်လင် ရွှင်ပြ မြေသော စိတ်ဓာတ်ဖြင့် ချဉ်းကပ်လျက် လေးနက်သော ပြဿနာများကို မေးမြန်းလေသည်။

အတုယူဘွယ်။ ။ဤမိလိန္ဒမင်းကြီး၏ ၇ ရက်လုံးလုံး စိတ်ပြု ပြင်ပုံ ကို အတုယူလျက် သူတော်ကောင်းဘက် က အထက်တန်း ရောက်လိုသော အမျိုးသား အမျိုးသမီးများလည်း မိမိတို့ နေအိမ်မှာပင် တနေ့တရက် တမနက် စသည်ဖြင့် ရက်ကို ပိုင်း ခြား၍ မိမိသန္တာန်၌ ဖြစ်လေ့ရှိသော အကု သိုလ်စိတ်များမဖြစ်ရလေအောင် မကြာမကြာ အထူးစောင့်စည်းသင့်ကြသည်။

ဤသို့စောင့်စည်းပါများလျှင်အကုသိုလ်စိတ် အထူးနည်းပါးသော သူတော်စင် အဖြစ်သို့ တက်ရောက်၍ သဒ္ဓါအထူး ပညာအထူးပေါ် ပေါက်လျက် ရက်ပေါင်းအတော်ကြာအောင် ပင် ဖြစ်တတ်သော အကုသိုလ်စိတ်များမဖြစ်ဘဲ ရှိပါလိမ့်မည်။

## စေတသိက် အကြောင်း

စေတသိက်က စိတ်ကိုခြယ်လှယ်ပုံ....စိတ်အကြောင်းပြရာဝယ် "စိတ်ကောင်းစိတ်ဆိုး" ဟုပြခဲ့ပြီး၊ သို့သော် စိတ်သည် အာရုံကိုသိဖို့ရန် ကိစ္စတခုသာရှိသောကြောင့် သူ့ချည်းသက်သက် အကောင်းအဆိုးမကွဲပြားနိုင်ချေ။

စေတသိက်အမျိုးမျိုးနှင့် အတူတကွ ဖြစ်ရသောကြောင့် ထိုစေတသိက်များ၏ အကောင်းအဆိုးယိုက်၍ စိတ်မှာလည်း စိတ်ကောင်းစိတ်ဆိုးဖြစ်ရသည်။ စိတ်ကောင်းစိတ်ဆိုး(၂) မျိုးကွဲဘို့ရန် ယှဉ်ဘက်စေတသိက်များက ခြယ်လှယ်၍ထားကြသည် ဟုဆိုလိုသည်။

ဥပမာ။ ။ရေသည် သူ့ပင်ကိုယ်အနေအားဖြင့် အရောင်တမျိုးတည်းသာရှိသော်လည်း ဆေးနီ ဆေးဝါ ဆေးပြာ ဆေးနက်တို့နှင့်ရောစပ်မိသောအခါ ရေနီ ရေဝါ ရေပြာ ရေနက်ဖြစ်တော့သကဲ့သို့တည်း။ ထို့ကြောင့်စိတ်ကောင်းစိက်ဆိုးဟု ခွဲခြား၍နားလည်ဘို့ရာ စေတသိတ်တို့အကြောင်းကိုလည်း ဆက်လက်လေ့လာသင့်ကြပေသည်။

## စိတ်ကိုမကောင်းအောင်ခြယ်လှယ်သောစေတသိက်များ

(၁) မောဟ
(၂) အဟိရိက
(၃) အနောတ္တပ္ပ
(၄) ဥဒ္ဓစ္စ
(၅) လောဘ
(၆) ဒိဋ္ဌိ
(၇) မာန
(၈) ဒေါသ
(၉) ဣဿာ
(၁၀) မစ္ဆရိယ
(၁၁) ကုက္ကုစ္စ
(၁၂) ထိန
(၁၃) မိဒ္ဓ
(၁၄) ဝိစိကိစ္ဆာ

## မောဟ အကြောင်း

မောဟ ၂ မျိုး ....မသိတတ်ခြင်းသဘောသည် မောဟ တည်း၊ ထို့ကြောင့် "မသိတတ်သိ–မောဟသိလော" ဟု ဆိုခဲ့ သည်။ ထိုမောဟသည်အနုသယမောဟ၊ ပရိယုဋ္ဌာန မောဟဟု (၂)မျိုးရှိလေ၏။ အနုသယဟူသောပါဠိသည် ငြိမ်ဝပ်ခြင်း ကိန်းအောင်းနေခြင်းဟု အဓိပ္ပါယ်ရ၏။

ပရိယုဋ္ဌာနဟူသောပါဠိကား ထကြွခြင်းဟု အဓိပ္ပါယ်ရ ၏။ ထို့ကြောင့်သတ္တဝါတို့သန္တာန်တွင် အစဉ်တစိုက်ပါသော မောဟသည်အနုသယမောဟမည်၏။ တခါတရံစိတ်နှင့်တွဲဘက် ၍ ဖြစ်ပေါ်လာသော မောဟသည် ပရိယုဋ္ဌာနမောဟမည်၏။

## အနုသယမောဟ

အဆိပ်ပင်၌ အဆိပ်သီးကိုသီးစေနိုင်သောဓါတ်သတ္တိပါရှိ သကဲ့သို့ ထို့အတူ သတ္တဝါတို့သန္တာန်၌ သိထိုက်သောတရား များကို မသိအောင်ဖုံးကွယ်တတ်သော ဓါတ်သတ္တိတမျိုးပါရှိ လေသည်။ ၎င်းဓါတ်သတ္တိကို အနုသယမောဟဟုခေါ်၏။

ဤအနုသယမောဟ၏ ဖုံးကွယ်ထားမှုကြောင့် ပုထုဇဉ် တို့သည် အနိစ္စ ဒုက္ခ အနတ္တသဘောကိုလည်း နစ်နစ်နောနောမ သိကြရ၊ သစ္စာလေးပါးကိုလည်း ထိထိမိမိမသိကြရ၊ ပဋိစ္စ သမုပ္ပါဒ်ကိုလည်း တပ်အပ်ထင်ထင် မသိမြင်ကြရချေ။

ဤအနုသယမောဟခေတ်ကို ပုထုဇဉ်တို့ ဉာဏ်ဖြင့်မသတ်နိုင်၊ ယခုကာလ စာပေသင်ဘူး၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည်တို့သိသည်ဟု ဆိုရသော်လည်း သင့်တော်ရုံခန့်မှန်းနိုင်သော အသိမျိုးသာဖြစ်၏၊ ထိုးထိုးထွင်းထွင်း ရှင်းအောင်သိသော အသိမျိုးမဟုတ်ချေ။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သည့်တိုင်အောင် ထိုအနုသယမောဟခေတ်မှာ အဆင့်ဆင့်ပါးလှပ်ရုံသာရှိသေး၏၊ ရဟန္တာအဖြစ်ရောက်မှ အနုသယမောဟခေတ် အကုန်အစင်ပြတ်သည်၊ ထို့ကြောင့်ရဟန္တာမဖြစ်သေးသမျှ ကုသိုလ်ပြုနေတုန်းခဏ၌လည်း အနုသယမောဟခေတ်မှာ ငြိမ်သက်ကိန်းဝပ်လျက်ရှိနေသည်ဟုသာမှတ်။

## ပရိယုဋ္ဌာန မောဟ

စိတ်နှင့်တွဲဘက်၍မောဟထကြွလာသည့်အခါ အကုသိုလ်စိတ် မကောင်းစိတ် ဖြစ်ပြီဟုဆိုရသည်၊ ဤပရိယုဋ္ဌာန မောဟ၏ ဖုံးကွယ်မှုကြောင့် ဒုစရိုက်အကုသိုလ်၏ နောင်ရေးနောင်တာ ခံစားရတော့မည့် မကောင်းကျိုးကိုလည်း မသိကြရ၊ ယခုလောလောဆယ်ယုတ်မာညစ်ညမ်းဆိုးသွမ်းမှုအပြစ်ကိုလည်း မသိကြရ။

ထို့ကြောင့်မောဟဖြစ်ပေါ်လာသည့်အခါ နဂိုရိုက်ပညာ ရှိသူတော်စင်တို့ပင် အပြစ်ကို မမြင်နိုင်တော့ဘဲ ဒုစရိုက်အမှုကို ပြုမိကြလေသည်၊ ဤမောဟသည် အကုသိုလ်စခန်း၌ အလွန်ဆိုး သွမ်းမိုက်မဲသောတရားမျိုးတည်း။ လောက၌မိုက်မဲမှုဟူသမျှဝယ် ဤမောဟသာလျှင် အခြေတည်လျက်ရှိလေသည်။

## ပညာရှင်ကြီး မောဟဖိစီးပုံ

ဟာရိတစ မည်သော ငါတို့ ဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ် များကြွယ်သောစည်းစိမ်ကို စွန့်လွှတ်လျက်တောထွက်၍ ရသေ့လုပ်ပြီးလျှင် ဈာန်အဘိညာဉ်ကို ရလေသည်။ ထို့နောက်မိုးကာလဝယ် ဟိမဝန္တာတော၌ မိုးများသောကြောင့် ဗာရာဏသီပြည်သို့ကြွလာ၍ ဘုရင့်ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူလေသည်။

ထိုဗာရာဏသီပြည့်ရှင်ကား အရှင်အာနန္ဒာ အလောင်း ပါရမီဖြည့်ဘက်ပောင်းပေတည်း။ ထို့ကြောင့်မြင်လျှင်မြင်ခြင်း လွန်မင်းစွာကြည်ညိုရကား ဥယျာဉ်တော်အတွင်းမှာပင် သီတင်း သုံးရန်တောင်းပန်လျှောက်ထား၍ ပစ္စည်းလေးပါးဖြင့်ထောက်ပံ့ လျက်နံနက်တိုင်းနန်းတော်မှာပဲ မိမိကိုယ်တိုင်ဆွမ်းကပ်လေသည်။

အခါတပါး၌ကား တိုင်းပြည်ဝယ်သူပုန်ထသောကြောင့် ဘုရင်ကိုယ်တိုင်နှိမ်နင်းရန် ထွက်ခါနီးမှာ ဆရာရသေ့ကိုမမေ့ ရစ်ဖို့ရန်မိဖုရားအား အတန်တန်မှာပြီးမှ ထွက်သွားလေသည်။

မိဖုရားလည်း အချိန်မှန်မှန်ဆွမ်းပြုစု၍ တခုသောနံနက်မှာမူဆရာတော်ရသေ့မလာနိုင်သေးသည့်အတွက် ကိုယ်လက်သန့်စင်အောင်နံ့သာရေမိုးကောင်းစွာချိုး၍ ချောမွေ့နူးညံ့သော အဝတ်ကိုဝတ်ဆင်ရာ ရသေ့အလာကို စောင့်မျှော်ရင်း သလွန်ပေါ်မှာခဏလဲလျောင်းနေလေသည်။

အလောင်းတော်ရှင်ရသေ့လည်း အဘိညာဉ်သမာပတ်အစွမ်းဖြင့်ကောင်းကင်လမ်းကကြွ၍လာခဲ့ရာ လေသာနန်းတံခါးပေါက်သို့ရောက်သောအခါ လျော်တေခေါ်သော ရသေ့အဝတ်သံကို မိဖုရားကြား၍ ဗြုန်းကနဲထအလိုက်တွင် အမြင်မတော်သောကိုယ်တပိုင်းမှခါးဝတ် လျောကျသွားသည်ကိုမြင်ရ၏။

မူလသန့်ရှင်းသောစိတ်ဓာတ်ဝယ် ကိန်းဝပ်တည်နေသော အနုသယမောဟသည် ရုတ်တရက်ထကြွ၍ ပရိယုဋ္ဌာန မောဟအဖြစ်သို့ရောက်ကာ လောဘတဏှာတွဲဘက်လျက် မိဖုရားလက်ကိုဆွဲပြီးလျှင်သဘက်သရဲပမာ မှားခြင်းကြီးမှားလေသည်။

ဤဝတ္ထု၌ မောဟ၏ မိုက်မဲရမ်းကာမှုကို လေးလေးနက်နက် သတိပြုသင့်ကြပေသည်။ ဤမောဟမျိုးသာ မဝင်လာလျှင် အလောင်းတော် ရှင်ရသေ့သည် ထိုကဲ့သို့ မတရားအမှုကို ဘုရင်ကိုယ်တိုင် ကျေကျေနပ်နပ် ခွင့်ပေးသော်လည်း ပြုနိုင်မည်မဟုတ်။

ယခုသော် မောဟမှောင်ကြီး ဖိစီးကျရောက်ရကား ယခုဘဝအဖြစ် နောင်သံသရာအဖြစ်ကို မမြင်နိုင်တော့သဖြင့် မသင့်

သော အမှုကို ပြုမိရှာလေသည်။ တသက်လုံးအားထုတ်ခဲ့သော ဈာန်အဘိညာဉ် ပညာများလည်း ယခုလို အချက်ထဲ၌ မောဟ အမှောင်ကို မဖျက်ခွဲနိုင်ရုံမျှမက မောဟ၏ ဖိစီးမှုကြောင့် ဈာန် အဘိညာဉ်တို့ကသာ လျှောကျကွယ်ပျောက်ကြ ရလေသည်။

သို့သော် အလောင်းတော် အရှင်ရသေ့ကား မူလ ပါရမီဓာတ်ခံ ရင့်သန်ပြီးဖြစ်သောကြောင့် ဘုရင်ပြန်ရောက်လာ သည့်သအခါ လွန်စွာသံဝေဂဖြစ်၍ လျှောကျသော ဈာန်ကိုပြန်ရ အောင်အားထုတ်ကာလူအများနားနေလို့ ဤအမှုမျိုးဖြစ်ရသည် ဟု နောင်တရလျက် လူသူကင်းကွာဟိမဝန္တာသို့ပြန်ကြွလေသည်။

## မသိတိုင်းမောဟဟု မမှတ်ရ

မသိခြင်းသဘောကို မောဟဟုဆိုသောကြောင့် မသင် ဘူးသော အတတ်၊ မရောက်ဘူးသော အရပ်နှင့် မမှတ်ဘူးသော နာမည်စသည်တို့ကို မသိခြင်းများလည်း မောဟအစစ် အကု သိုလ်ဖြစ်သည်ဟု ထင်မှတ်ကြ၏။

ထိုမသိမျိုးမှာ မသိရုံသက်သက်သာ ဖြစ်၍မောဟအစစ် အကုသိုလ် မဖြစ်ပါ၊ မိမိ၌ မှတ်သားဘူးသော သဘာဝမရှိမှုသာ တည်း၊ ထိုမသိမျိုးမှာ သာမန်လူတွေကို မဆိုထားဘိ၊ ရဟန္တာ များပင် ရှိပါသေးသည်၊

ဘုရားရှင်ကလွဲလျှင် ပဌမတန်း ဉာဏ်တော်ရှင်ဖြစ်သော အရှင် သာရိပုတြာသည်ပင် တပည့်ရဟန်းကလေး တပါး၌ ကမ္မဋ္ဌာန်းအပေးမှားတော် မူခဲ့သေး၏။ ရဟန်းကလေးက ငယ်ရွယ်သူဖြစ်၍ ကာမရာဂ ထကြွချိန်ဟု သဘောပိုက်ကာ အသုဘ ကမ္မဋ္ဌာန်းကို ပေးတော်မူလေရာ ရဟန်းကလေး၏ ဒုစရိုက်အလို နှင့် မတဲ့သောကြောင့် ၄ လလုံးလုံး အားထုတ် သော်လည်း အရိပ်နိမိတ်မျှ မသင်ဘဲ ရှိလေသည်။

ထို့နောက် ဘုရားရှင်ထံ သွားခေါ်မှဘုရားရှင်က စရိုက် နှင့် သင့်မြတ်အောင် ပဒုမ္မာ ကြာပန်းကိုဖန်ဆင်း၍ ပေးတော် မူရာ လှန်စွာနှစ်သက်နေစဉ် မကြာခင် ညှိုးနွမ်းအောင် ဖန်ဆင်း ပြ၍ သံဝေဂ အရမှာ အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်အောင်ဆင် ခြင်၍ ဟောပြသည့်အခါ ရဟန္တာဖြစ်လေ၏။

ဤနေရာတွင် ဘုရားရှင် ဉာဏ်တော်ကြီးပုံနှင့် မောဟ ကင်းပြီးသော အရှင် သာရိပုတြာ၏ အချို့အရာ၌ မသိပုံကို သတိပြုပါ။

ဤသို့လျှင် အရှင် သာရိပုတြာသော်မှ မိမိအရာမဟုတ် သော အချက်များကို မသိနိုင်သောကြောင့် ယခုကာလ မသင် ဘူးသော အတတ်စသည်နှင့် ဉာဏ်ကြီးရှင်တို့အရာကိုမသိခြင်းမှာ မောဟ၏ ကွယ်ကာမှုမဟုတ်၊ မိမိဉာဏ် ပညာ အစွမ်းသတ္တိနံ့မှု သာ ဖြစ်သည်ဟု မှတ်ရ၏။

ဥပမာ.... နေ့လည်ကြောင်တောင် နေရောင်ရှိတုန်းအခါ အကွယ်အကာ မရှိသော အဝေးအရပ်သို့ လှမ်း၍ မမြင်ခြင်းမှာ တစုံတရာ ကာကွယ်မှုကြောင့် မဟုတ်၊ မိမိမျက်စိ၏ အစွမ်းသတ္တိ မရှိခြင်းကြောင့်သာ ဖြစ်သကဲ့သို့တည်း။

## "မောဟအကြမ်းအနု"

ထိုပြခဲ့သော မောဟအစစ်တွင် အကုသိုလ်မှန်း ကုသိုလ်မှန်းကိုမျှ ခွဲခြား၍မရအောင် ဖုံးသောမောဟသည် အတော်ကြမ်းတမ်းထူထဲသောမောဟတည်း။

ရုပ်နာမ်တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တသဘောကိုမသိ- သစ္စာလေးပါးကို အတော်အတန်မျှ မသိ၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းကိုမရိပ်မိသော မောဟမျိုးကား (မောဟအကြမ်းကိုစာလျှင်)အတော်အတန်ပါးလှသော မောဟပေတည်း။

ဤမောဟနှင့်တွဲ၍ဖြစ်သောစိတ်ကို"မောဟစိတ်–အမိုက်စိတ်"ဟုခေါ်၍ ထိုမောဟဓာတ်အားကြီးသူကိုလည်း" လူမိုက်၊ လူမဲ့၊လူမှောင်၊လူပြိန်း၊လူအ၊ လူနု၊ လူရိုင်း။ လူဖျင်း" ဟု ယခုကာလ၌ ခေါ်ဝေါ်ရလေသည်။

"အလောင်းတော်များဖြည့်ဆည်းရမည့်ပါရမီတော်များ"

(က) ဒါန ပါရမီ

ထိုသို့စူးစမ်းဆင်ခြင်တော်မူသောအခါ အလောင်းတော် သုမေဓာရှင်ရသေ့သည် ရှေးရှေးဘုရားအလောင်းတော်တို့ အစဉ် မှီဝဲ အမြဲလေ့လာပွါးများအပ်သည့် ဘုရားဖြစ်ကြောင်းလမ်း ကောင်းကြီးသဖွယ် ဖြစ်သော ဒါနပါရမီကို ပဌမဦးဆုံး မြင် တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....

အမောင်သုမေဓာ-အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗ ညုတဉာဏ်သို့ရောက်ဖို့ရန်(ဘုရားဖြစ်ဖို့ရန်)အလိုရှိပါမူ ဤဒါန ပါရမီကို အစဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် ဒါန ပါရမီနှင့်ပြည့်စုံသူ၏အဖြစ်သို့ ရောက်လေလော့၊ (ဒါနပါရမီကို အထွဋ်အထိပ်ရောက်၍ဖြည့်ကျင့်လော့) ဟူ၍ မိမိကိုယ်ကို မိမိဆုံးမ တော်မူလေသည်။

တဖန်ဆက်၍လည်....

လောကဥ္၌(ရေဖြင့်ဖြစ်စေ၊နို့ဖြင့်ဖြစ်စေ)တစုံတရာဖြင့် ပြည့် နေသော အိုးကိုမှောက်သွန်လိုက်လျှင် ရှိသမျှ ရေအလုံးစုံကိုအ- ကျန်မထား အန်ထုတ်၍ပစ်သကဲ့သို့ ထို့အတူ အယုတ်၊အလတ်၊ အမြတ်ဖြစ်သောအလှူခံပုဂ္ဂိုလ်တို့ကိုမြင်လျှင် မိမိ၌ ပေးလှူရန်ရှိ

သမျှကို အကြွင်းအကျန်မထားပဲ မှောက်သွန်လိုက်သော ဧရာအိုး ပမာ ပေးလှူပါလေလော့ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူပြန် လေသည်။

## (ခ) သီလပါရမီ

သုမေဓာရှင်ရသေ့သည် ဒါနပါရမီကို တွေ့ရှိတွေ့မြင် ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤဒါနပါ ရမီမျှသာမဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်းရှိရဦးမည်၊ထိုတရား များကိုလည်း စူးစမ်းရှာဖွေအံ့.... ဟူ၍ စူးစမ်းဆင်ခြင်တော်မူ သောအခါ ရှေးရှေးဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲ လေ့လာပွားများအပ်သည့် နှစ်ခုမြောက်ဖြစ်သောသီလပါရမီကို မြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်—

အမောင်သုမေဓာ– အသင်သည် အရဟတ္တမဂ်ဉာဏ်သဗ္ဗ ညုတဉာဏ်သို့ ရောက်ဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ဤနှစ်ခု မြောက်သောသီလပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့်ဆောက် တည်ပြီးလျှင် သီလပါရမီနှင့်ပြည့်စုံသူ၏ အဖြစ်ဘိုရောက်အောင် ကြိုးကုတ်အားထုတ်လော့ (သီလပါရမီကို အထွဋ်အထိပ်ရောက် အောင်ဖြည့်ကျင့်လေလော့)ဟူ၍ မိမိကိုယ်ကိုမိမိဆုံးမတော်မူလေ သည်။

တဖန်ဆက်၍လည်း....

လောကဥ္စကောင်းဟုခေါ်သောသားကောင် (စမရီမည်သောသားကောင်)သည် မိမိ၏မြီးဆံ တစုံတခုသောနေရာ၌ ငြိနေသည်ရှိသော် ထိုငြိနေသောနေရာမှာပင် အသက်ကိုအသေခံ၍ မိမိမြီးဆံကိုမပျက်စေပဲ စောင့်ရှောက်သကဲ့သို့၊ ဤအတူအမောင်သုမေဓာသည်လည်း

၁။ ။ပါတိမောက္ခသံဝရ
၂။ ။ဣန္ဒြိယသံဝရ
၃။ ။အာဇီဝပါရိသုဒ္ဓိ
၄။ ။ပစ္စယသန္နိဿိတ

တည်းဟူသော ကုသိုလ်တရားတို့၏ တည်ရာလေးဌာနတို့၌သီလတို့ကို ထက်ဝန်းကျင်ပြည့်စုံအောင် ဖြည့်ကျင့်လေလော့၊ စမရီမည်သောသားကောင်သည် အသက်ပေး၍ မိမိ၏မြီးဆံကို စောင့်ရှောက်သကဲ့သို့၊ အခါခပ်သိမ်း သီလကိုစောင့်ရှောက်လေလော့၊ ဟူ၍မိမိကိုယ်ကို မိမိဆုံးမတော်မူပြန်လေသည်။

(ဂ) နေက္ခမ္မပါရမီ

သုမေဓာရှင်ရသေ့သည် သီလပါရမီကို တွေ့ရှိသိမြင်ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်သို့ပြုဘတ်သော တရားဘို့သည် ဤဒါနနှင့်

သီလပါရမီများသာမဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သောအခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွားများအပ်သည့် သုံးခုမြောက်ဖြစ်သောနေက္ခမ္မပါရမီကို မြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....

အမောင်သုမေဓာ—အသင်သည်အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ရဖို့ရန်အကယ်၍အလိုရှိငြားအံ့....

ဤသုံးခုမြောက်သော နေက္ခမ္မပါရမီကိုအစွဲပြုကာ အစဉ်သဖြင့်ဆောက်တည်ပြီးလျှင် နေက္ခမ္မပါရမီနှင့်ပြည့်စုံသူ၏ အဖြစ်သို့ရောက်အောင် ကြိုးကုတ်အားထုတ်လေလော့(နေက္ခမ္မပါရမီကို အထွဋ်အထိပ်ရောက်အောင် ဖြည့်ကျင့်လေလော့) ဟူ၍မိမိကိုယ်ကိုမိမိဆုံးမတော်မူလေသည်။

တဖန်ဆက်၍လည်း....

ထောင်အိမ်ထဲ၌ အချိန်ကြာမြင့်စွာနေရ ဆင်းရဲဒုက္ခဖြင့် အချိန်ရှိသမျှ အနှိပ်စက်ခံနေရသော ယောကျ်ားသည် ထိုအိမ်၌ နှစ်သက်ခြင်း တပ်မက်ခြင်းကိုမဖြစ်စေပဲ ထိုထောင်အိမ်မှ လွတ်မြောက်ခွင့်ကိုသာလျှင် ရှာမှီးသကဲ့သို့

ဤအတူ အမောင်သုမေဓာသည်လည်း ကာမ၊ ရူပ၊ အရူပဟူသော အလုံးစုံသောဘဝတို့ကို ထောင်အိမ်ကြီးများကဲ့သို့ ပညာဆင်ခြင်ရှုမြင်လေလော့၊ အလုံးစုံသောဘဝတို့မှ လွတ်

မြောက်ဖို့ရန် တောထွက်ခြင်းအမှုကို ရှေးရှုလေလော့ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူပြန်လေသည်။

## (ဃ) ပညာပါရမီ

သုမေဓာရှင်ရသေ့သည် နေက္ခမ္မပါရမီကို တွေ့ရှိသိမြင်ဆင်ခြင်တော်မူပြီးနောက်ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့သည် ဤသုံးပါးမျှလောက်သာမဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကိုရင့်သန်စေနိုင်သောအခြားတရားများလည်းရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသောဘုရားအလောင်းတော်တို့အစဉ်မှီဝဲအမြဲလေ့လာပွားများအပ်သည့်လေးခုမြောက်ဖြစ်သောပညာပါရမီကို မြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....

အမောင်သုမေဓာ အသင်သည် အရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့ ဤလေးခုမြောက်ဖြစ်သော ပညာပါရမီကို အစွဲမြဲပြုကာ အစဉ်သဖြင့်ဆောက်တည်ပြီးလျှင် ပညာပါရမီနှင့်ပြည့်စုံသူ၏အဖြစ်သို့ ရောက်အောင်ကြိုးကုတ်အားထုတ်လေလော့။

(ပညာပါရမီကိုအထွဋ်အထိပ် ရောက်အောင်ဖြည့် ကျင့်လေလော့)ဟူ၍ မိမိကိုယ်ကိုမိမိဆုံးမတော်မူလေသည်။

တဖန်ဆက်၍လည်း....

ဆွမ်းခံလှည့်လည်သော ရဟန်းသည် အယုတ် အလတ်

အမြတ်ဖြစ်သောအိမ်တို့ကို မရှောင်ကြဉ်ပဲ အိမ်စဉ်အိမ်တိုင်းလှည့်လည်ဆွမ်းခံသဖြင့် မျှတ လောကင်သောဆွမ်းကိုရသကဲ့သို့....

ဤအတူ အမောင်သုမေဓာသည်လည်း အခါခပ်သိမ်း အယုတ်အလတ်အမြတ်မခွဲး ပညာရှိသောပုဂ္ဂိုလ်တို့ကိုချဉ်းကပ်၍"အရှင်....ကုသိုလ်တရားကားအဘယ်တရားပါနည်း၊ အကုသိုလ်တရားကား အဘယ်တရားပါနည်း၊ အပြစ်ရှိသော တရားကား အဘယ်တရားပါနည်း၊ အပြစ်မရှိသောတရားကား အဘယ်တရားပါနည်း" ဤသို့အစရှိသောနည်းဖြင့် သိသင့်သမျှအချက်အလက် အနက်အဓိပ္ပါယ်တို့ကိုမေးမြန်းပြီးလျှင် ပညာပါရမီအထွဋ်အထိပ်ရောက်အောင် အားထုတ်ပါလော့။

ယင်းသို့ပညာပါရမီအထွဋ်အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အမောင်အလိုရှိအပ်သည့် အရဟတ္တမဂ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူပြန်လေသည်။

## (င) ဝီရိယပါရမီ

သုမေဓာရှင်ရသေ့သည် ပညာပါရမီကို တွေ့ရှိသိမြင်တော်မူပြီးနောက်....

ဘုရားအဖြစ်ကိုပြုတတ်သောတရားတို့သည် ဤလေးပါးမျှလောက်သာမဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုရင့်သန်စေနိုင်သော အခြားတရားများလည်းရှိရဦးမည်။ ထိုတရားများကိုလည်းစူးစမ်းရှာဖွေအံ့....

စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသောဘုရား အလောင်းတော် အစဉ်မှီဝဲအမြဲလေ့လာ ပွားများအပ်သည့် ငါးခုမြောက်ဖြစ်သောဝီရိယပါရမီကိုမြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....

အမောင်သုမေဓာ အသင်သည် အရဟတ္တမဂ် ဉာဏ်၊သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ရှိဖို့ရန်အကယ်၍ အလိုရှိငြားအံ့၊ဤငါးခုမြောက်ဖြစ်သောဝီရိယပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် ဝီရိယပါရမီနှင့် ပြည့်စုံသူအဖြစ်သို့ရောက်အောင်ကြိုးကုတ် အားထုတ်လေလော့။ (ဝီရိယပါရမီကိုအထွဋ်အထိပ် ရောက်ဖြည့်ကျင့်လေလော့) ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူလေသည်။

(တဖန်ဆက်၍လည်း) သားတို့သေဌ်နင်း ကေသရာဇာမင်းသည် ထိုင်ခြင်း၊ရပ်ခြင်း၊ သွားခြင်းဣရိယာပုထ်တို့၌ အတွန့်မဆုတ်သော ဝီရိယရှိသည်ဖြစ်၍ အခါခပ်သိမ်း ချီပင့်အပ်သော စိတ်နှလုံးရှိသကဲ့သို့)

ဤအတူ အမောင်သုမေဓာသည်လည်း အလုံးစုံဖြစ်လေရာဘဝတို့၌ ဝီရိယကိုမြဲစွာ ချီပင့်လေလော့၊ ဝီရိယ ပါရမီ အထွဋ်အထိပ်သို့ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကိုမိမိဆုံးမတော်မူပြန်လေသည်။

## (၈) ခန္တီပါရမီ

သုမေဓါရှင်ရသေ့သည် ဝိရိယပါရမီကို တွေ့ရှိသိမြင်ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်ကိုပြုတတ်သော တရားတို့သည် ဤငါးပါးမျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်းရှိရဦးမည်။

ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့.... ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသောဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွားများအပ်သည့် ခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို မြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....အမောင်သုမေဓါအသင်သည် အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကို ရောက်ဖို့ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် ထိုခန္တီပါရမီအရာ၌၊တရံတခါ သည်းခံခြင်း၊ တရံတခါသည်းမခံခြင်း၊ အချို့သောသူအားသည်းခံခြင်း၊အချို့သောသူအား သည်းမခံခြင်းဟူ၍ နှစ်ထွေနှင်စား စိတ်မပြားဘဲ ဖြည့်ကျင့်နိုင်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူလေသည်။

တဖန်ဆက်၍လည်း မဟာပထဝီ ဤမြေကြီးသည် စင်ကြယ်မွန်မြတ်သောအရာဝတ္ထုပင်ဖြစ်စေ၊ မစင်မကြယ် ယုတ်ညံ့

သော အရာဝတ္ထုကိုပင်ဖြစ်စေ မိမိအပေါ်သို့ ပစ်ချအပ်သမျှ အလုံးစုံကို မုန်းခြင်းချစ်ခြင်းကို အလျဉ်းမပြု။

သည်းခံ၍သာနေကဲ့သို့ ဤအတူ အမောင်သုမေဓာသည်လည်း ခပ်သိမ်းသောသူတို့ မြတ်နိုးတနာ ပူဇော်သက္ကာရမှု ပြုခြင်း မထေမဲ့မြင်မှုပြုခြင်းတို့ကိုလည်း သည်းခံလေလော့၊ ခန္တီပါရမီ အထွဋ်အထိတ်သို့ရောက်သည်ရှိသော် အမောင် သုမေဓာသည် အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိ ကိုယ်ကိုမိမိ ဆုံးမတော်မူလေသည်။

## (ဆ) သစ္စာပါရမီ

သုမေဓာရှင်ရသေ့သည် ခန္တီပါရမီကို တွေ့ရှိသိမြင် ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤခြောက်ပါးမျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြား တရား များလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့....

ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မပြတ်အမြဲ လေ့လာပွားများအပ်သည့်ခုနစ်ခုမြောက်ဖြစ်သော သစ္စာပါရမီကို မြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....

အမောင်သုမေဓာ— အသင်သည် ဤခုနစ်ခုမြောက်ဖြစ်သော သစ္စာပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့်ဆောက်တည်

ပြီးလျှင်....

"ရံခါမှန်ခြင်း၊ ရံခါမမှန်ခြင်း၊ အချို့သူကိုအမှန်ပြော ခြင်း၊ အချို့သူကိုမမှန်မကန်ပြောခြင်း" ဟူ၍

စကားနှစ်ခွမရှိဘဲ အမှန်စကားတမျိုးတည်းကိုသာ ပြော ဆိုခြင်းတည်းဟူသော သစ္စာပါရမီကို ဖြည့်ကျင့်နိုင်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူလေသည်။

တဖန်ဆက်၍လည်း....

နတ်နှင့်တကွ တလောကလုံး၌ မှန်ကန်စွာသောချိန်ကြိုး သဖွယ်ဖြစ်သည့်သောက်ရှူးကြယ် (သောကြာကြယ်) သည် မိုးဦး အခါ၌သော်၎င်း၊ ဆောင်းဥတု၊ နွေဥတု၊ အခါ၌သော်၎င်း၊ မိမိ သွားမြဲဖြစ်သော ခရီးလမ်းကြောင်းမှ မလွှဲမဖယ်ဘဲသွားမတ်စွာ သာသွားသကဲ့သို့

ဤအတူ... အမောင်သုမေဓာသည်လည်း မှန်ကန်သော သစ္စာသဘောတို့၏ လမ်းကြောင်းသဖွယ်ဖြစ်သော မြင်အပ် သောအရာ၊ ကြားအပ်သောအရာ၊ ရောက်အပ်သောအရာ၊ သိ အပ်သောအရာ၊ မမြင်အပ်သောအရာ၊ မကြားအပ်သောအရာ၊ မရောက်အပ်သောအရာ၊ မသိအပ်သောအရာ၊ ဤရှစ်ပြားသော ခရီးလမ်းမှ မဖယ်မလွှဲလေလင့်။

မြင်အပ်သည့်အရာကို မြင်၏ဟူ၍သာပြောလေ၊ ကြား အပ်သည့်အရာကို ကြား၏ဟူ၍သာပြောလေ၊ ရောက်အပ်သည့် အရာကိုရောက်၏ဟူ၍သာပြောလေ၊ သိအပ်သည့်အရာကိုသိ၏ဟူ ၍သာပြောလေ၊ မမြင်အပ်သည့်အရာကို မမြင်ဟူ၍သာပြော

လေ၊ မကြားအပ်သည့်အရာကို မကြားဟူ၍သာပြောလေ၊ မရောက်အပ်သည့်အရာကို မရောက်ဟူ၍သာပြောလေ၊ မသိအပ်သည့်အရာကို မသိဟူ၍သာပြောလေဟုဆိုလိုသည်။

ယင်းသို့သစ္စာပါရမီအထွင့်အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူပြန်သည်။

ဤ၌မျက်စိဖြင့်မြင်အပ်သောအရာကို မြင်၏ဟူ၍ပြောဆိုမှသစ္စာလမ်းမ၌တည်၍ ပြောသည်မည်၏။

နားဖြင့်ကြားအပ်သောအရာကို ကြား၏ဟူ၍ပြောဆိုမှသာသစ္စာလမ်းမ၌တည်၍ ပြောသည်မည်၏။

နှာခေါင်းနမ်းအပ်သောအရာ လျှာဖြင့်လျက်အပ်သောအရာ၊ ကိုယ်ဖြင့်တွေ့ထိအပ်သောအရာတို့ကိုရောက်အပ်သောအရာဟူ၍ခေါ်၏။

ထိုရောက်အပ်သော အရာကိုရောက်၏ဟူ၍ ပြောဆိုမှသာ သစ္စာလမ်းမ၌တည်၍ ပြောသည်မည်၏။

စိတ်ဖြင့် သိအပ်သောအရာကို သိ၏ဟူ၍ ပြောဆိုမှသာ သစ္စာလမ်းမ၌တည်၍ပြောသည်မည်၏။

မမြင်အပ် မကြားအပ် မရောက်အပ် မသိအပ်သောအရာတို့၌လည်း ထိုနည်းအတူတည်း။ ဤကဲ့သို့သစ္စာလမ်းမ၌ တည်၍ ပြောဆိုခြင်းအကျိုးကို အရိယဝေါဟာရ = (အရိယာသူတော်စင်တို့၏ပြောဆိုခြင်း) ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

## (၉) အဓိဋ္ဌာန် ပါရမီ

သုမေဓာရှင် ရသေ့သည် သစ္စာပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤခုနှစ်ပါးမျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့။

ဟူ၍ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွားများအပ်သည့် ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာန် ပါရမီကိုမြင်တော်မူလေသည်။

ထိုသို့ မြင်တော်မူပြီးလျှင်....

အမောင် သုမေဓာ အသင်သည်ဤ ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာန် ပါရမီကို အစွဲအမြဲပြုကာ ညအစဉ်သဖြင့် ဆောက်တည်ပြီးလျှင် ထိုအဓိဋ္ဌာန် ပါရမီ၌ မတုန်မလှုပ်သည်ဖြစ်၍ ဖြည့်ကျင့်နိုင်သည်ရှိသော် အမောင် သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကိုမိမိ ဆုံးမတော် မူလေသည်။

တဖန်ဆက်၍လည်း....

လောက၌ တုန်လှုပ်ခြင်း မရှိ၊ ပကတိကောင်းစွာတည်သော ကျောက်သားတောင်ကြီးသည် ပြင်းစွာ တိုက်ခတ်လာသော လေတို့ကြောင့် တုန်လှုပ်ခြင်း အလျဉ်းမရှိ၊ မိမိတည်ရာ

ဋ္ဌာနဉ္စသာ ကြံ့ကြံ့တည်သကဲ့သို့ရင်း၊ ဤအတူ အမောင်သုမေဓာသည်လည်း မိမိဆောက်တည်အပ်သော ပါရမီထု ကုသိုလ်မှု၌ မည်သည့်အခါမှာမှ ပျက်ကွက်ဟုန်လုပ်ခြင်း မရှိဘဲ ပြည့်စုံအောင် ဖြည့်ကျင့်လေလော့၊ ယင်းသို့ အဓိဋ္ဌာန် ပါရမီအထွဋ်၌ အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

ဤ၌ အဓိဋ္ဌာန်ဟူသည်....

"ဤအမှု ဤအမှုကို ငါပြုအံ့၊ ဤအချင်းအရာဖြင့် ဖြစ်စေအံ့"

အစရှိသဖြင့် ထိုထိုအမှုပြုဖို့ရန် ထိုထိုအချင်းအရာဖြင့် ဖြစ်ဖို့ရန် စိတ်ကို ထားခြင်း ဆုံးဖြတ်ခြင်းကို ခေါ်ဆိုသည်။

ဥပမာ- အလောင်းတော် တေမိယ မင်းသား၏...

"ငါသည် တောမထွက်ရမခြင်း မဆွံ့ဘဲ ဆွံ့သည့်အယောင်၊ မအဘဲ၊ အသည့်အယောင်၊ နားမပင်းဘဲ၊ ပင်းသည့်အယောင်ပြု၍ နေအံ့၊

"ဟူ၍ ဆွံ့ယောင်၊ အယောင်၊ နားပင်းယောင်ပြုဖို့ရန် စိတ်ကိုထားခြင်း ဆုံးဖြတ်ခြင်းကို အဓိဋ္ဌာန် ဆောက်တည်ချက်ဟူ၍ ခေါ်ဆိုသည်။

## (၈) မေတ္တာ ပါရမီ

သုမေဓာရှင် ရသေ့သည် အဓိဋ္ဌာန် ပါရမီကို တွေ့ရှိသိမြင် ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည်၊ ဤရှစ်ပါးမျှသာ မဟုတ်နိုင်သေး အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုသည်း စူးစမ်းရှာဖွေအံ့။

ဟူ၍စူးစမ်း ဆင်ခြင်တော် မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မပြတ်အမြဲလေ့လာ ပွားများအပ်သည့်ကိုးခုမြောက်ဖြစ်သောမေတ္တာပါရမီကိုမြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်....

အမောင်သုမေဓာ အသင်သည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤကိုးခုမြောက် ဖြစ်သော မေတ္တာပါရမီကို အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် မေတ္တာဘာဝနာအားဖြင့် အခြားသူတို့နှင့် မတူအောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်လော့ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူလေသည်။

တဖန်ဆက်၍လည်း....

လောက၌ရေမည်သည်မှာသူတော်ကောင်းသူယုတ်မာဟူ မျက်နှာမရွေး သုံးချိုးသမျှသောလူတို့ကို အအေးဓာတ်ဖြင့်ပျံ့နှံ့ စေ၍မှုအညစ်အကြေးကိုကင်းဝေးသုတ်သင် စင်ကြယ်စေသကဲ့သို့ ဤအတူ အမောင် သုမေဓာသည်လည်း မိမိအပေါ်၌ အစီးအပွားမလိုလားသူ (ရန်သူ) အစီးအပွားလိုလားသူ (မိတ်ဆွေ)။

ဤနှစ်ထွေသော သူတို့ကိုအညီအမျှ မေတ္တာတရားပွားများလေလော့၊ မေတ္တာပါရမီ အထွဋ်အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ

ဉာဏ်သို့ရောက်လိမ့်မည်၊(ဘုရားဖြစ်လိမ့်မည်)ဟူ၍မိမိကိုယ်ကိုမိမိ ဆုံးမတော်မူလေသည်။

(ည) ဥပေက္ခာပါရမီ

သုမေဓာရှင်ရသေ့သည် မေတ္တာပါရမီကို တွေ့ရှိသိမြင် ဆင်ခြင်တော်မူပြီးနောက်....

ဘုရားအဖြစ်သို့ပြုတတ်သောတရားတို့သည် ဤကိုးပါးမျှ လောက်သာမဟုတ်နိုင်သေး၊အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် ကိုရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်းစူးစမ်းရှာဖွေအံ့ဟူ၍ စူးစမ်းဆင်ခြင်တော် မူသောအခါရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွားများအပ်သည့် ဆယ်ခုမြောက် ဖြစ်သော ဥပေက္ခာပါရမီကိုမြင်တော်မူလေသည်။

ထိုသို့မြင်တော်မူပြီးလျှင်

အမောင်သုမေဓာ အသင်သည် ဤဆယ်ခုမြောက်ဖြစ် သောဥပေက္ခာပါရမီကို အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် အညီအညွှ နှစ်ဖက်ချိန်စက်အပ်သော ချိန်ခွင်လျှာသည်အထက် သို့လည်းမတက်၊ အောက်သို့လည်းမကျ အညီအညွှတည့်မတ်စွာ သာ တည်သကဲ့သို့ အမောင်သုမေဓာသည်လည်း ချမ်းသာမှု ဆင်းရဲမှုတို့မှာ မညီသည့်ဘက်သို့မျှမပါဘဲ ချမ်းသာ၍ လောဘ ဖြစ်လျှင်ချမ်းသာရာဘက်သို့ပါသည်မည်၏၊ ဆင်းရဲ၍ဒေါသဖြစ် လျှင်ဆင်းရဲဘက်သို့ပါသည်မည်၏။

ထိုကဲ့သို့ ချမ်းသာမှုအတွက် လောဘမဖြစ်၊ ဆင်းရဲမှု

အတွက်ဒေါသမဖြစ်ဘဲ အလယ်အလတ်သဘော၌ တည်ရမည်ဟု ဆိုလိုသည်၊ ခိုင်မြဲစွာအလယ်အလတ်သဘော၌ တည်ပါလျှင် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့(ဘုရားအဖြစ်သို့) ရောက်ပေလိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမတော်မူလေသည်။

တဖန်ဆက်၍လည်း အမောင် သုမေဓာ လောကီပမာ အားဖြင့် မဟာ ပထဝီ ဤမြေကြီးသည် မိမိအပေါ် တစုံတယောက်က ပစ်ချအပ်သည့် မစင်ကြယ်သော ဝတ္ထုကို ဖြစ်ပင်ဖြစ်စေ၊ စင်ကြယ်သော ဝတ္ထုကိုပင်ဖြစ်စေ၊ ဤနှစ်ပါးစုံတို့ကို မုန်းခြင်း ချစ်ခြင်း အလျဉ်းမရှိဘဲ လျစ်လျူရှုသကဲ့သို့။

ဤအတူ အမောင်သုမေဓာသည်လည်း ချမ်းသာမှု ဆင်းရဲမှုတို့၌ အခါခပ်သိမ်းပင် ချိန်ခွင်သဖွယ် အလယ်တည့်မတ် မချစ်မမုန်းအောင် ကျင့်သုံးဆောက်တည်ပွားများပါလော၊ ဥပေက္ခာပါရမီ အထွဋ်အထိပ်မြောက် ရောက်လတ်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်၊ ဘုရားဖြစ်လိမ့်မည် ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

## သီလပါရမီ၏ အကျိုးအာနိသင်

သီလသည် စောင့်ထိန်းသူ၏ စိတ်နှလုံးကိုသာယာရွှင်လန်းစေနိုင်ခြင်း စသည်ဖြင့် များစွာသော ဂုဏ်ကျေးဇူးတို့ကို ရစေနိုင်ခြင်း အကျိုးအာနိသင် ရှိ၏။ စသည် ဟူသော စကားဖြင့် စိတ်နှလုံးသာယာ ရွှင်လန်းသောသူမှာ ဝမ်းမြောက်ခြင်း ခေါ်သည့် နုသောပီတိပါမေဇ္ဇဖြစ်၏။ (နုသောပီတိ) နုသောပီတိ

ပါမောဇ္ဇ ဖြစ်သောသူမှာ နှစ်သက်ခြင်း၊ ရင့်သောပီတိပီတိတရား ဖြစ်၏။ပီတိတရား ဖြစ်ပွားသောသူမှာ ကိုယ်စိတ်၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိတရား ဖြစ်၏။ ပဿဒ္ဓိတရား ဖြစ်ပွားသောသူမှာ ကိုယ်စိတ်၏ ချမ်းသာခြင်း သုခဖြစ်၏။ သုခ ဖြစ်သော သူမှာ တည်ကြည်ခြင်း သမာဓိဖြစ်၏။

သမာဓိဖြစ်သော သူမှာ ဟုတ်မှန်တိုင်း သိမြင်နိုင်သော ယထာဘူတဉာဏ်ဖြစ်၏။ ယထာဘူတ ဉာဏ်ဖြစ်သောသူမှာ ဝဋ္ဋဒုက္ခ သံသရာတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒ တည်းဟူသော ဗလဝ ဝိပဿနာဉာဏ် ဖြစ်၏။

ဗလဝ ဝိပဿနာဉာဏ်ဖြစ်သော သူမှာ ဝိမုတ္တိဟုခေါ်ဆိုသော အရဟတ္တဖိုလ်တရား ဖြစ်၏။ အရဟတ္တ ဖိုလ်တရားဖြစ်ဖြစ်သောသူမှာ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဉာဏ်ဖြစ်၍။ ပစ္စဝေက္ခဉာဏ်ဖြစ်သော သူမှာ ခန္ဓာအကြွင်းမရှိပဲ ပရိနိဗ္ဗာန် ခံယူနိုင်၏။ ဤသို့လျှင် ပရိနိဗ္ဗာန် ခံယူသည်အထိ များစွာသော ဂုဏ်ကျေးဇူးတို့ကို ရစေနိုင်ခြင်း အကျိုးရှိသည်။

## သီလ၏ လက္ခဏာ

သီလသည် ကာယကံ စသည်တို့ကို ဖရိုဖရဲ မရှိရအောင် ကောင်းစွာ ထားပေးခြင်း လက္ခဏာရှိ၏။ တနည်း ကုသိုလ်ဟူသမျှတို့၏ မူလအခြေခံ အကြောင်းရင်းဖြစ်ခြင်း လက္ခဏာရှိ၏ ကိုယ်မစောင့်စည်းခြင်း၊နှုတ်မစောင့်စည်းခြင်း အစရှိသော သီလကင်းမဲ့သူ၏ အဖြစ်ကို ဖျက်ဆီးခြင်း သမ္ပတ္တိ ရသရှိ၏။ တနည်း အပြစ်ကင်းသော ဂုဏ်နှင့် ပြည့်စုံခြင်း သမ္ပတ္တိရသရှိ၏။

ပညာရှိ သူတော်ကောင်းတို့ မကဲ့ရဲ့အပ်သော တရားသဘော အနေဖြင့် ဖြစ်ခြင်းကို အပြစ်ကင်းသော ဂုဏ်နှင့် ပြည့်စုံခြင်း ဟု ဆို၏။ ကာယကံမှု စသည်တို့၏ စင်ကြယ်ခြင်းဟု မှတ်ယူအပ်သော အခြင်းအရာပစ္စုပ္ပန်ရှိ၏။ သီလဟူသည် အဘယ်ကဲ့သို့သော တရားမျိုးဖြစ်သနည်း ဟု ပညာရှိ သူတော်ကောင်းတို့ ဆင်ခြင်သောအခါ ထိုပညာရှိ သူတော်ကောင်းတို့၏ ဉာဏ်ဝ၌ သီလဟူသည်ကာယကံမှု၏စင်ကြယ်ခြင်း၊ ဝစီကံမှု၏စင်ကြယ်ခြင်း မနောကံမှု၏ စင်ကြယ်ခြင်းပင် ဖြစ်သည်။

လေးပါးအပြားရှိသော သီလကား....

၁။ ဘိက္ခုသီလ

၂။ ဘိက္ခုနီသီလ

၃။ အနုပသမ္ပန္နသီလ

၄။ ဂဟဋ္ဌသီလ

၁။ ရဟန်း ယောကျ်ားများအတွက် မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်စုနှင့် ရဟန်းမိန်းမ (ဘိက္ခုနီ)တို့အတွက် ပညတ်အပ်သော သိက္ခာပုဒ်များထဲမှ ရဟန်းယောကျ်ားများလည်း စောင့်ရှောက် ထိန်းသိမ်းထိုက်သော သီလစုသည် ဘိက္ခုသီလမည်၏။

၂။ ရဟန်း မိန်းမတို့အတွက် ပညတ်အပ်သော သိက္ခာပုဒ်စုနှင့်ရဟန်းယောကျ်ားများ အတွက် ပညတ်အပ်သော သိက္ခာပုဒ်များထဲမှ ရဟန်းမိန်းမများလည်း စောင့်ရှောက် ထိန်းသိမ်းထိုက်သော သီလစုသည် ဘိက္ခုနီ သီလမည်၏။

၃။ သာမဏေယောကျ်ား သာမဏေမိန်းမများ စောင့်ထိန်း ကျင့်သုံးအပ်သော ဆယ်ပါးသီလသည် အနုပသမ္ပန္နသီလ မည်၏။

၄။ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမတို့ ကျင့်သုံးအပ်သော သီလသည် ဂဟဋ္ဌသီလမည်၏။

## အပ္ပါဒိက မဟာတိဿမထေရ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်အခါ အရှင်သာရိပုတြာကဲ့သို့သော မထေရ်မြတ်ကို မဆိုထားဘဲ၊ သီဟိုဠ်ကျွန်း စိရဂုမ္ဗ အရပ်၌ သီတင်းသုံးနေတော်မူသော မဟာတိဿမထေရ်သည် ငတ်မွတ်ခေါင်းပါးခြင်း ဘေးဆိုက်ရောက်နေသည့် အခါ ခရီးသွားတော်မူစဉ် ဆွမ်းပြတ်သဖြင့်ရင်း၊ ခရီးပန်း နွမ်းနယ်သော ကိုယ်ရှိကာ အားအင်များစွာ ဆုတ်ယုတ်လျော့ပါး၍ အသီးပြည့်နှက်နေသော သရက်ပင်တပင်၏ အရင်း၌ သီတင်းသုံး၍ နေလေ၏။

များစွာသော သရက်သီးတို့သည်လည်း အနီးအပါးထိုထို ဤဤ ကြွေကျကုန်၏။ မထေရ်သည် မည်မျှပင် ဆာလောင်မွတ်သိပ်သော်လည်း ကိုယ်တိုင်ကောက်ယူ သုံးဆောင်ရန် စိတ်ကူးတော် မမူပေ။

ထိုအခါ လူအိုတယောက်သည် မထေရ်မြတ်အနီးသို့ရောက်ရှိလာပြီးလျှင် မထေရ်၏ ပင်ပန်းနွမ်းနယ်ခြင်းကိုသိ၍ သရက်သီးတို့ကို အဖျော်ပြုလုပ်ကာ တိုက်ကျွေးပြီးလျှင် မထေရ်ကို မိမိကျောပေါ်မှာတင်၍ မထေရ်ကြွလိုရာ အရပ်သို့ ပို့ဆောင်

မထေရ်သည်“ဤသူကား သင်၏အဖလည်းမဟုတ်၊ အမိလည်းမဟုတ်၊ ဆွေမျိုးညာတိလည်းမဟုတ်ပါပဲလျက် ဤကဲ့သို့ကျောပိုးဆောင်ယူခြင်းအမှုကို ပြုလုပ်ရှာလေသည်။ ထိုသို့ပြုလုပ်ခြင်းမှာငါ၏ သီလရှိခြင်းကြောင့်သာဖြစ်သည်”ဟုဆင်ခြင်လျက် မိမိကိုယ်ကို သီလသမာဓိမပျက်စေရန်ဆုံးမပြီးလျှင် ကျောပေါ်မှ လိုက်ရင်း ဝိပဿနာကိုပွားများ၍ ထိုကျောပေါ်မှာပင် မဂ်အစဉ်အားဖြင့်တက်ကာ ရဟန္တာအဖြစ်သို့ ရောက်ရှိလေ၏။

## နေက္ခမ ပါရမီ(နိက္ခမနှင့် နေက္ခမ္မ)

(နိက္ခမ-လွတ်မြောက်သောသူ၊ နေက္ခမ္မ- လွတ်မြောက်ခြင်း)

ဤသုံးခုမြောက်ဖြစ်သော ပါရမီကို နိက္ခမပါရမီဟု ပြီးလွယ်စီးလွယ်ပြောတတ်ကြ၏။ပြခဲ့ပြီးသည့်အတိုင်း နိက္ခမမှာ လွတ်မြောက်သောသူ လူဒြပ်ကိုဟော၍ ထိုလူဒြပ်သည် ပါရမီမဖြစ်နိုင်၊ လွတ်မြောက်ခြင်း သဘောတရားသာ ပါရမီဖြစ်နိုင်သည့်အတွက် ပါရမီကို နိက္ခမဟု မခေါ်သင့်၊နေက္ခမ္မဟူ၍သာ ခေါ်သင့်သည်။

လွတ်မြောက်ခြင်းသည်လည်း သံသရာဘဝမှ လွတ်မြောက်ခြင်းကာမမှ လွတ်မြောက်ခြင်းဟူ၍ နှစ်ပါးအပြားရှိ၏။ သံသရာဘဝမှ လွတ်မြောက်ခြင်းမှာ အကျိုးဖြစ်၍ကာမမှလွတ်မြောက်ခြင်းမှ အကြောင်းဖြစ်၏။

ကာမမှလွတ်မြောက်အောင် ဖြည့်ကျင့်နိုင်မှ သံသရာမှ လွတ်မြောက်ခြင်းဖြစ်သည်ဆိုလိုသည်။ ထိုလွတ်မြောက်ခြင်းနှစ်မျိုးတို့တွင် အကျိုးဖြစ်သော(ဘဝမှ) လွတ်မြောက်ခြင်းကို ရည်

ရှုယ်တော်မူ၍ ဘဝသုံးပါးကို နှောင်အိမ်ကြီးနှင့်ပြကာ(ဘဝတော ပရိမုတ္တိယာဘဝသုံးပါးမှ လွတ်မြောက်ရန်ဟူ၍) ဗုဒ္ဓဝင်ပါဠိ တော်၌ ဟောတော်မူသည်။

နေက္ခမ္မပါရမီ တရားတော်

ဒါန၊သီလတို့မှာ ဆိုင်ရာဆိုင်ရာ သီးခြား ဖြစ်သင့်သော ပရမတ္ထတရား ကိုယ်ကိုရကောင်းသကဲ့သို့ နေက္ခမ္မ၌ကား အသီး အခြား ပရမတ္ထတရား ကိုယ်မရကောင်း၊သို့ဖြစ်၍ ကာမနှစ်မျိုးမှ ၎င်း၊ ဘဝသုံးမျိုးမှ၎င်း လွတ်မြောက်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ကုသိုလ်စိတ် စေတသိက်တရားအစုကိုပင် နေက္ခမ္မပါရမီ ခေါ်သည်။

ကာမနှစ်ပါးသော်ကား၊ မဟာနိဒ္ဒေသပါဠိတော်၌ လာ သည့်ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါးတို့တည်း၊ ဘဝသုံးပါး ဟူသည် ဘုံသုံးပါးပင်တည်း။

ကာမ၏အရ ကိလေသာကာမ ဝတ္ထုကာမနှစ်ပါး ရှိသည် တွင် နှစ်သက်ဖွယ်သော အာရုံကို လိုချင်မက်မောတတ်သော ကြောင့် လောဘကိလေသာကို ကိလေသာကာမဟုခေါ်၏။အလို ရှိအပ်သော အရာဝတ္ထုအစုစုကို ဝတ္ထုကာမဟုခေါ်၏။

တော၌နေခြင်း- မျိုး

၁။ ။တစုံတရာ အကြောင်းအကျိုးမသိဘဲ ဉာဏ်ခေနွး မိုက်မဲသောကြောင့် တော၌နေခြင်း။

၂။ ။ငါတော၌ သွားနေလျှင် တောနေပုဂ္ဂိုလ်ဟူ၍ များစွာလျှုဒါန်းကြလိမ့်မည်။ ဤသို့စသည်ဖြင့်

ယုတ်မာသော အလိုဆိုးရှိ၍ တော၌နေခြင်း။
၃။ ။စိတ်ရူးသွပ်သောကြောင့် တော၌နေခြင်း။
၄။ ။ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော အရာဖြစ်သည်ဟူ၍ တော၌နေခြင်း။
၅။ ။အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း အစရှိသည့် တရားအကောင်းတို့ကိုအမှီပြု၍ တော၌ နေခြင်း ဟူ၍တော၌နေခြင်း(၅)မျိုးရှိလေသည်။

## ပညာပါရမီ

### ပညာသုံးမျိုး

၁။ ။စိန္တာမယပညာ
၂။ ။သုတမယပညာ
၃။ ။ဘာဝနာမယပညာ

လောက၌ အယုတ်အမြတ်ဖြစ်သော အမှုကိစ္စအမျိုးမျိုး အတတ်ပညာအမျိုးမျိုးတို့၌ အကျိုးအကြောင်းဖြစ်သင့်သမျှကို (သူတပါးထံမေးမြန်းခြင်း သူတပါးပြောသည်ကို ကြားရခြင်းအလျဉ်းမရှိပဲ)၊မိမိဉာဏ်စွမ်းဖြင့် ကြံစည်ဖြစ်ပေါ်လာသော အသိဉာဏ်ပညာကို စိန္တာမယပညာဟုခေါ်သည်။

ကိုယ်တိုင်ကြံစည်သိမြင်ခြင်းမပြုနိုင်၍ ပညာရှိများထံ မိမိကမေးမြန်း၍ ပြောဟောသည်ကိုဖြစ်စေ၊ မမေးမြန်းပဲအလိုအလျောက် ဟောပြောသည်ကိုဖြစ်စေ ကြားနာရ၍ ဖြစ်ပေါ်လာသောပညာယူသမျှသည် သုတမယပညာဟုခေါ်သည်။

ဘာဝနာမယပညာဟူသည်ကို ထိုစျာန်သမာပတ် လေသမာပတ်ဝင်စားသူတို့၏ သာမပတ်အတွင်း ဖြစ်ပေါ်သော ပညာသည် ဘာဝနာမယပညာဟုခေါ်သည်။

သို့ဖြစ်၍ ပညာပါရမီကိုဆည်းပူးလိုသောသူသည်အထက်တန်းအောက်တန်းမရွေးချယ်ပဲ မိမိမသိသေးသည့် အရာဖြစ်လျှင် ပညာရှိများထံမေး၍ ဆည်းပူးဖြည့်ကျင့်သင့်ပေ၏။

ထို့ကြောင့်ပင်ဗုဒ္ဓဝင်ပါဠိတော်၌ "ပရိပုစ္ဆန္တော ပုဓိဇနံ၊ ပညာပါရမိ တံဂစ္ဆာ" ဟူ၍ဟောဘော်မူလေသည်။

## ဝီရိယပါရမီ

### အလောင်းတော်၏ ဝီရိယ

ဤဝီရိယပါရမီအရာ၌ ကေသရခြင်္သေ့မင်းသည် ဥပမာပြဆိုထားရာ ကေသရခြင်္သေ့တို့၏ သဘောသည် မည်သည့်အခါမျှ ဝီရိယကိုလျော့သည်ဟူ၍မရှိပဲ အမြဲလျှင်အားထုတ်လေ့ရှိပေ၏။ ယုန်သူငယ်ကိုဖမ်းယူသောအခါ သေးငယ်သောသတ္တဝါဖြစ်သည်ဟုဝီရိယကိုလျော့ကာပေါ့ပေါ့ဆဆဖမ်းယူသည်မဟုတ်၊ ဆင်ပြောင်ကြီးကို ဖမ်းယူသောအခါ၌လည်း....

"ဤဆင်ပြောင်ကြီးသည် အကောင်အထည်ကြီးမားလှ၏။ ငါအစွမ်းကို ကြိုးစားအားထုတ်၍ ဖမ်းမှသင့်လျော်မည်"ဟုလို့လဝီရိယကို ပိုမိုအားထုတ်ခြင်းမရှိ၊ ယုန်သူငယ်ကိုဖမ်းသောအခါနှင့် ဆင်ပြောင်ကြီးကိုဖမ်းသောအခါ အားထုတ်ခြင်းလုံ့လဝီရိယသည် အညီအမျှသာဖြစ်သည်။

ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူသော အလောင်းတော်

သည်လည်း ဤကေသရခြသေ့်မင်း၏ နည်းအတိုင်းပင် သာမန်ဖြစ်သောဆောင်ရွက်ဖွယ်ကိစ္စတို့မှာဝိရိယကိုလျော့သောပေါ့ပေါ့လျော့လျော့ ရွက်ဆောင်ခြင်းလည်းမရှိစေရ၊ ကြီးကျယ်ခက်ခဲသောအရေးကိစ္စကျမှလွန်စွာအစွမ်းကုန် ပိုမိုကြိုးစားအားထုတ်ခြင်းလည်းမရှိစေရ၊မိမိ၏ပကတိစွမ်းနိုင်သမျှလုံ့လဝိရိယအတိုင်းသာလျှင် သာမန်ဖြစ်သော ဆောင်ရွက်ဖွယ်ကိစ္စများမှာဖြစ်စေ၊ ကြီးကျယ်ခက်ခဲသော ကိစ္စများမှာဖြစ်စေ၊ အားထုတ်ရမည်ဟု ဆိုလိုသည်။

## အလောင်းတော်ဘဝမှ ဝိရိယအထုံ

ဝိရိယပါရမီကို ဖြည့်ကျင့်တုန်း ဖြည့်ကျင့်ဆဲ ဖြစ်သည့်အလောင်းတော် ဘဝများမှာ ကြီးကြီးငယ်ငယ် ကိစ္စအသွယ်သွယ်တို့၌တညီတည်းဖြည့်ဆည်းခဲ့သော ဝိရိယပါရမီတော်အဟုန်ကြောင့် ဘုရားဖြစ်ပြီးသောအခါ၌ပင် မြတ်စွာဘုရားသည်တဦးတယောက်သော သတ္တဝါကို တရားဟောတော်မူသောအခါသတ္တဝါတဦးတည်းသာဖြစ်သည်ဟူ၍ လုံ့လဝိရိယကို လျော့ချကာပေါ့ပေါ့လျော့လျော့ သာမညအသံဖြင့် တရားဟောသည်မဟုတ်၊ဓမ္မစကြာတရားပွဲကဲ့သို့ ပရိသတ်အလွန်များသော တရားပွဲတို့၌လည်း အစွန်းအဖျားထိပါကြားနာရအောင်ဟုအသံတော်ကိုအထူးကျယ်လောင်အောင် ဝိရိယစိုက်ထုတ်၍ ဟောတော်မူသည်လည်းမဟုတ်၊ တဦးတည်းကိုဟောသောအခါနှင့်အများကိုသောအခါတို့မှာ ညီမျှသောလုံ့လ၊ ညီမျှသော အသံတော်တို့ဖြင့်သာဟောတော်မူသည်။

အင်္ဂါလေးပါးရှိသော ဝိရိယဟူသည်ကား....

(၁) အပေါ်ရေမျှကြွင်းကျန်ခြင်းတပါး။
(၂) အကြောမျှကြွင်းကျန်ခြင်းတပါး။
(၃) အရိုးကြွင်းကျန်ခြင်းတပါး။
(၄) အသားအသွေးအလုံးစုံ ခန်းခြောက်ခြင်းတပါး

အားဖြင့် လေးပါး ဖြစ်လေသည်။ အစားအသောက် စားခြင်းစသည်ကို မပြုသဖြင့် အသားနှင့်အသွေးများအားလုံး ခမ်းခြောက်သွားစေကာမူ ခမ်းခြောက်၍ မသွားတတ်သည့် အပေါ်ရေခွံ အကြော အရိုး ဤသုံးမျိုး ကြွင်းကျန်နေသေး သမျှ လုံ့လကိုငါမလျော့ဟုဆိုလိုသည်။

ဝီရိယတရားသည် ပညာကဲ့သို့ပင် စေတသိက်တရားတပါး ဖြစ်ပေသည်၊ သို့သော် ပညာမှာရှေးကပြခဲ့သောအတိုင်း ကောင်း မြတ်သောတရားချည်းသာဖြစ်သည်။

ဝီရိယမှာကား ပကိဏ်း စေတသိက်မျိုးဖြစ်၍ ကုသိုလ် ဘက်မှာလည်းရောနှောပါဝင်နိုင်သည်၊ အကုသိုလ်ဘက်မှာလည်း ရောနှောပါဝင်နိုင်သည်၊ အဗျာကတ ခေါ် ဝိပါက် ကြိယာဖက် တို့ဘက်မှာလည်းရောနှောပါဝင်ယှဉ်နိုင်ပေသည်။

သို့ဖြစ်၍ဝီရိယသည် ကောင်းမြတ်သော ကုသိုလ်တရား လည်းဖြစ်နိုင်သည်၊ ယုတ်ညံ့သော အကုသိုလ်ရားလည်းဖြစ်နိုင် သည်၊ကုသိုလ် အကုသိုလ်မှအလွတ် အဗျာကတ တရားလည်း ဖြစ်နိုင်ဘည်၊ကောင်းမြတ်မှန်ကန်သော ဝီရိယကို သမ္မာဝါယာမ ဟုခေါ်သည်၊ယုတ်ညံ့သော ဝီရိယကိုမိစ္ဆာဝါယာမဟုခေါ်သည်၊ ဤဝီရိယပါရမီအရာ၌ သမ္မာဝါယာမတရားသာဆည်းပူး မပြည့်ဝ ပြည့်ဝအောင်ဆည်းပူးရမည်၊

## ဤစာအုပ်တွင်

* ဘုရား၊ လက်ဝဲရံ လက်ယာရံ၊ အသီတိရှစ်ကျိပ် တို့၏ ပါရမီဖြည့်ဆည်းခြင်း အကြောင်းရပ်များ။

* ဗုဒ္ဓ -( ကိစ္စပြီးမြောက် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြသော ပုဂ္ဂိုလ် သူမြတ်ကြီးများ။ )

* ရှင်မဟာယသ၊ ဘဒ္ဒဝဂ္ဂီ၊ ဥရုဝေလ၊ ကဿပ တို့၏ ရှေးဘဝ ပါရမီအကြောင်း ပြခြင်း

* ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန် တို့၏ ရှေးပါရမီ အကြောင်း။

* အဓိဋ္ဌာန် နှင့် သစ္စာအထူး။

* ဗာကုလထေရ် အကြောင်း။

* အရှင်သာရိပုတြာ အကြောင်း။

* သံကိစ္စ သာမဏေ အကြောင်း။

* စျာန်၊ အဓိဋ္ဌာန်။

* မိလိန္ဒမင်း စိတ်ပြုပြင်ပုံ။

* တောတောင်ထဲ၌ သမထ အဓိဋ္ဌာန် အကျင့်မြတ် ကျင့်နည်းများ။